ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၈ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

# တရားစီရင်ထုံးများ

၂၀၀၈ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်**

၂၀၀၉ ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၁၀၀၀၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တရားရုံးချုပ်၊ တရားသူကြီးချုပ်၊
# ဒုတိယတရားသူကြီးချုပ်များနှင့် တရားသူကြီးများ

## တရားရုံးချုပ် (နေပြည်တော်)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |
| ၂။ | ဦးထွန်းထွန်းဦး | B.A. (Law); LL.B. | ဒုတိယတရားသူကြီးချုပ် |

## တရားရုံးချုပ် (ရန်ကုန်)

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး | B.Sc.; R.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးခင်မြင့် | Master Mariner (F.G); H.G.P.; R.L.; LL.B.; (Advocate) | တရားသူကြီး |
| ၃။ | ဒေါက်တာတင်အောင်အေး | B.Sc.; B.L.; LL.M.; LL.D. | တရားသူကြီး |
| ၄။ | ဦးမြင့်သိန်း | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၅။ | ဦးချစ်လွင် | B.Sc.; B.L.; (Advocate) | တရားသူကြီး |
| ၆။ | ဦးတင်အေး | B.A.; H.G.P.; R.L. | တရားသူကြီး |
| ၇။ | ဦးဟန်ရှိန် | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |

## တရားရုံးချုပ် (မန္တလေး)

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်လတ် | B.A.; B.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးစန်းတင့်ရီ | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A. (Law); LL.B.; (Advocate) | တရားသူကြီး |
| ၄။ | ဦးစိန်လှိုင် | B.A. (Law); LL.B.; LL.M.; (Advocate) | တရားသူကြီး |
| ၅။ | ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားသူကြီး |
| ၆။ | ဦးကျော်ဝင်း | B.A.(Hons.); H.G.P.; R.L. | တရားသူကြီး |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | |
|---|---|---|
| ၁။ ဦးသိန်းစိုး<br>ဒုတိယတရားသူကြီးချုပ် | **B.Sc.; R.L.; (Advocate)** | ဥက္ကဋ္ဌ |
| ၂။ ဒေါက်တာတင်အောင်အေး<br>တရားသူကြီး | **B.Sc.; B.L.; LL.M.; LL.D.** | အဖွဲ့ဝင် |
| ၃။ ဦးစိန်လှိုင်<br>တရားသူကြီး | **B.A. (Law); LL.B.; LL.M.; (Advocate)** | အဖွဲ့ဝင် |
| ၄။ ဒေါက်တာထွန်းရှင်<br>ဒုတိယရှေ့နေချုပ် | **B.A. (Law); LL.B.; M.A.Business Law (Lond); LL.D. Intl. Law (Ghent, Belgium); F.R.G.S (Lond); A.M.R.Ae.S (Lond); Dip Intl. Law (Lond)** | အဖွဲ့ဝင် |
| ၅။ ဦးမြင့်နိုင်<br>ဒုတိယရှေ့နေချုပ် | **B.A. (Law); LL.B.; (Advocate)** | အဖွဲ့ဝင် |
| ၆။ ဦးစိုးညွန့်<br>ညွှန်ကြားရေးမှူးချုပ် (တရားရေးရာ)<br>တရားရုံးချုပ် | **B.A.; R.L.** | အဖွဲ့ဝင် |
| ၇။ ဦးမြသိန်း<br>ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ)<br>တရားရုံးချုပ် | **B.A.(Law);LL.B.; LL.M.** | အဖွဲ့ဝင် |
| ၈။ ဦးတင်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး | **B.A.(Law);LL.B.** | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၉။ ဦးမျိုးညွန့်<br>တရားရုံးချုပ်ရှေ့နေ | **B.A.; H.G.P.; R.L.; D.B.L.**<br>**(Advocate)** | အဖွဲ့ဝင် |
| ၁၀။ ဒေါ်ခင်လှမြင့်<br>ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>တရားရုံးချုပ် (ရန်ကုန်) | **B.A.(Law); LL.B.** | အဖွဲ့ဝင် |
| ၁၁။ ဦးအောင်ဝင်း<br>ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>တရားရုံးချုပ် (ရန်ကုန်) | **B.A.(Law); LL.B.; LL.M.** | အဖွဲ့ဝင် |
| ၁၂။ ဦးလှအေး<br>ညွှန်ကြားရေးမှူး<br>စီမံနှင့်ဝန်ထမ်းရေးရာဌာန<br>တရားရုံးချုပ် (နေပြည်တော်) | **LL.B.** | အဖွဲ့ဝင် |
| ၁၃။ ဒေါ်သင်းခိုင်<br>ညွှန်ကြားရေးမှူး<br>ဥပဒေလုပ်ထုံးလုပ်နည်းဌာန<br>တရားရုံးချုပ် (နေပြည်တော်) | **B.A.(Law); LL.B.; LL.M.** | အတွင်းရေးမှူး |

“ တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည် ”

( ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရှေ ပါ ၂ )[၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ- ၆၁၆

# မာတိကာ

## စီရင်ထုံးပြုသောပြစ်မှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | က-ဒ |
| ဦးကျော်မျိုးထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁ |
| ဦးချစ်အေး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၁ |
| မောင်ဆန်ဒိတ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၂၀ |
| ဇော်ကိုကို | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၃၀ |
| ဦးဇော်ညီညီထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၃၈ |
| မနာခူး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၄၉ |
| ဦးမြသိန်းပါ ၂ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၅၉ |
| မြင့်လွင်ပါ ၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၆၈ |
| ဦးဝေမင်းဦး | | ပြည်ထောင်စုမြန်မာနိုင်ငံတော် | |
| ဦးဝင်းဇော်ဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၈၄ |
| ဝင်းဘိုပါ ၃ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၀၀ |
| ကိုသက်ဦး | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၀၇ |
| ဒေါ်အိမြတ် | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၁၁၄ |
| ဦးအောင်ငွေ | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော် | ၁၂၁ |
| မောင်အောင်နိုင်ထွန်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၁၂၈ |
| ဦးအောင်ဝင်း | နှင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ | ၁၃၆ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ကက-ကဍ |
| ဦးချစ်ထွေး | နှင့် | ဦးတင်စိုးအောင် | ၁ |
| ဒေါ်ချိုက်သင်း (ခ) | နှင့် | ဒေါ်ခင်ညွန့်ပါ ၆ | ၁၅ |
| ဒေါ်သင်းသင်းနိုင် (၎င်း၏ အထွေထွေကိုယ်စားလှယ်စာ ရသူ ဦးဇော်ဝင်း) | | | |
| ဦးစန်းအောင် | နှင့် | ဦးဇော်မင်းပါ ၂ | ၃၄ |
| ဒေါ်စောစိန် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်ပြုံးလှိုင်) ပါ ၈ | နှင့် | ဦးတိတ်မွန်ပါ ၅ | ၄၈ |
| တန်ချောင်ကီး (ခ) ဦးမင်းလွင် (၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်ခင်နှင်းလွင်) | နှင့် | ဦးနေလင်း | ၆၁ |
| ဒေါ်မမလေးပါ ၁၂ | နှင့် | ဒေါ်သန်းသန်းပါ ၁၅ | ၇၀ |
| ဒေါ်မမလေးပါ ၁၂ | | ဒေါ်ချိုတီပါ ၁၅ | |
| ဦးမြင့်စိုး | နှင့် | ဦးသန်းစိုးပါ ၄ | ၈၄ |
| ဒေါ်အုန်းညွန့်ပါ ၆ | နှင့် | ဒေါ်ချစ်တင်ပါ ၃ | ၉၇ |

# ၂၀၀၈ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

# ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ-

- ကာလစည်းကမ်းသတ်ဥပဒေ
- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ
- ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ
- ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေ

**ယာဉ်မောင်း မြင့်ဦးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ မိုးမြင့်ဦးတို့အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမှု မရှိ၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ပါလျက် အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ။**

**ပြင်ဆင်မှုတွင် အမှန်တကယ် နစ်နာသူများအား ကြားနာခြင်းမရှိဘဲ ၎င်းတို့အား ထိခိုက်စေသည့်အမိန့် ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။**

**ပြင်ဆင်မှုတွင် လျှောက်ထားခံရသူအနေဖြင့် ပါဝင်ခဲ့ရခြင်းမရှိသော နစ်နာသူတစ်ဦးအနေဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလ**

စာမျက်နှာ

**စည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများ လက်စွဲအပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်ပြုသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ သက်သေခံ ၄က/၄ဝ၄၁ ပေါ်မှ တရားမဝင် သက်သေခံပစ္စည်း တစ်စုံတစ်ရာ မတွေ့ရသည့်ပြင် ရှေ့ပြေးယာဉ် အဖြစ် ဆောင်ရွက်ကြောင်း တရားလိုဘက်မှ သက်သေထူနိုင်ခြင်း မရှိ။ အဆိုပါယာဉ်ကိုမောင်းနှင်သူ သက်ရှိလူသားဖြစ်သော မြင့်ဦး နှင့် မိုးမြင့်ဦး (ခ) ယူစွပ်တို့အား အမှုမှလွှတ်ခဲ့ပြီးဖြစ်၍ သက်မဲ့ သက်သေခံပစ္စည်းဖြစ်သည့် ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်း ဆည်းခြင်းမှာ သင့်လျော်မှုမရှိပေ။ ပြစ်မှုမထင်ရှားလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၄) အရ သိမ်းဆည်းခြင်းခံရသူအား ပြန်ပေးရန် အမိန့်ချရမည်ဖြစ်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်မောင်အမှု**[၇] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။ အဆိုပါမူသဘောကို **မောင်ပေါက်စ နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ကိုစံတင်) အမှု**[၁] တွင် လိုက်နာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံး အနေဖြင့် သက်သေခံကားနှင့်ပတ်သက်၍ ပြင်ဆင်မှုဖွင့်လှစ်ခဲ့သော် လည်း အမှန်တကယ် နစ်နာသူများဖြစ်သည့် ဦးကျော်ငြိမ်းလွင်နှင့် ဦးဝင်းဇော်ဦးတို့အားဆင့်ခေါ်၍ ထုချေရှင်းလင်းခွင့်မပေးခဲ့သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါပြဋ္ဌာန်းချက်နှင့် ညီညွတ် မှုမရှိပေ။ တရားရုံးများလက်စွဲအပိုဒ် ၁ဝ၉၁ (၁) တွင် တရားခံမှ တစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံမှ ပစ္စည်းကိုယူခဲ့လျှင် ယင်း ပစ္စည်းကို စီမံခန့်ခွဲသည့်အမိန့်မချမှတ်မီ ထိုသူအား လျှောက်ထားခွင့် ပေးရမည်ဟု

စာမျက်နှာ

ဖော်ပြထားသည်။ ယာဉ်မောင်းဖြစ်သူ မြင့်ဦး (အမှတ် ၃ တရားခံ) နှင့် အခြားတရားခံများသည် တိုက်ရိုက်နစ်နာဆုံးရှုံးမှု ရှိသည့် ပုဂ္ဂိုလ်များမဟုတ်ကြသဖြင့် ယင်းတို့ကို ကြားနာရုံမျှနှင့် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) နှင့် ညီညွတ်သည်ဟု မဆိုသာချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက သက်သေခံ ၄က/၄၀၄၁ ကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုကို ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့သော်လည်း သက်ဆိုင်ရာရဲစခန်းမှ ၁၇-၁၀-၂၀၀၇ နေ့တွင် ကားလက်ရှိဖြစ်သူ (လျှောက်ထားသူ) ဦးဝင်းဇော်ဦးထံမှ လာရောက်သိမ်းဆည်းသွားခြင်းဖြစ်သည်။ အဆိုပါကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတွင် မူလပိုင်ရှင် ဦးကျော်ငြိမ်းလွင်သော်လည်းကောင်း၊ လက်ရှိအမည်ပေါက်ပိုင်ရှင် ဦးဝင်းဇော်ဦးသော်လည်းကောင်း ပြင်ဆင်မှုလျှောက်ထားခံရသူအနေဖြင့် ပါဝင်ခဲ့ရခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိဟု တင်ပြချက်မှာ လက်ခံစဉ်းစားသင့်သော အချက်ဖြစ်သည့်ပြင် မိမိလက်ဝယ်မှ သက်သေခံကားကို ၁၇-၁၀-၂၀၀၇ နေ့တွင် သိမ်းဆည်းခံရသဖြင့် ၂-၁၁-၂၀၀၇ နေ့တွင် ယင်းအမိန့်အပေါ် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲစာပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်ပြုသင့်ပေသည်။

ဦးဝင်းဇော်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၈၄

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို မည်သည့်အခါတွင် ခံစားနိုင်ခွင့်ရှိကြောင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့်ထိုးပြီးနောက် အနီးသို့ရောက်လာသည့် ဦးကြည်မောင်၏ အလုပ်သမားများအား “မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့၊ မဆိုင်သူရှေ့မတိုးနဲ့” ဟုပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့်အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ ငယ်ပါကိုလှီးဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန် စိတ်ပေါ့သွပ်နေသူဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ဆေးစာအား နည်းလမ်းတကျတင်ပြနိုင်ခြင်းမရှိသည့်ပြင် အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကင်းလွတ်ခွင့်ရနိုင်မည်မဟုတ်ပေ။

ကိုသက်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၀၇

စာမျက်နှာ

**ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုမပြုခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှုမမြောက်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် မောင်အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် တစ်လခန့်ပေါင်းသင်းပြီး နှစ်ဖက်မိဘအဆင်မပြေ၍ မသွဲ့သွဲ့ဝင်းသည် ၎င်း၏မိဘများနေအိမ်သို့ပြန်လည်နေထိုင်ကာ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား ကန့်ဘလူမြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်စာချုပ်ပြု လုပ်လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြောင်း၊ လူကြီးမိဘများရှေ့တွင် လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ်ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကိုလိမ်လည်ရယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင်နှင့်မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သောကိစ္စရပ်သာဖြစ်၍ ပြစ်မှုမြောက်သောကိစ္စရပ် မဟုတ်ပေ။

မောင်အောင်နိုင်ထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ... ၁၂၈

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုမြောက်ရန် လိုအပ်ချက်- လယ်ယာမြေကို တူးဖော်လိုက်သဖြင့် မည်သည့်တောင်သူကိုမျှ ရေပေးဝေရေးမထိခိုက်ကြောင်း ပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူမှုမပြုနိုင်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူနိုင်ရန်မှာ တရားခံသည် လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိ တိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ သန့်ရှင်းရေးကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စတစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးကို လျော့ပေါ့စေမည်ဟု သိလျက်နှင့် အကျိုးဖျက်ဆီးမှုကို ပြုလုပ်မှသာ ၎င်းပုဒ်မအရ အရေးယူနိုင်မည်ဖြစ်သည်။

ဝင်းဘိုပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၀၀

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ စွဲဆိုမှု- တိုင်ကြားစွပ်စွဲချက်သည် မှန်ကန်ပြီး အများပြည်သူကောင်းကျိုးအတွက် တိုင်ကြားစွပ်စွဲခြင်းဖြစ်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ၏ ပထမကင်းလွတ်ချက်တွင် အကျုံးဝင်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ မူလရုံးတရားခံနှစ်ဦးသည် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်းပြုပြင်ခြင်းစသည့် လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသူများဖြစ်သည်ဟု ပေါ်ပေါက်သည်။

စာမျက်နှာ

အမှုတွဲပေါ်ပေါက်ချက်အရ တရားခံများ တိုင်ကြားသည့်အချက်သည် ဒေါ်ရွှေရည်၏ လုပ်ငန်းတာဝန်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ၎င်းတို့တိုင်ကြားချက်သည် မမှန်ကန်သော ကြောင်းခြင်းရာပေါ် မူတည်သည်ဟု မဆိုနိုင်ပေ။ ကျောင်းနှင့် ကျောင်းသူ၊ ကျောင်းသား များ၏ ကောင်းကျိုးအတွက် သဘောရိုးဖြင့် တိုင်ကြားသည်ဟု တရားခံ၏ တင်ပြချက်သည် အကြောင်းအကျိုးခိုင်လုံနေသည်။ သို့ဖြစ်၍ မူလ ရုံး တရားခံများက ဒေါ်ရွှေရည်အပေါ် စွပ်စွဲတိုင်ကြားမှု ပြုခြင်းသည် အများပြည်သူအကျိုးအတွက် ပြုလုပ်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်တွင် အကျုံးဝင်သည်။ ဤအခြေအနေတွင် ဦးမြသိန်းနှင့် ဦးပေါစိန်အား တရားရုံးအဆင့်ဆင့်က ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှု၊ ပြစ်ဒဏ်စီရင်ခြင်းသည် ဥပဒေ နှင့်ညီညွတ်မျှတ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဦးမြသိန်းပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၅၉

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သူ တရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခြင်း သည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက် တစ်ကျွန်းဒဏ်ထိုက်သင့်သည့် ပြစ်မှုအမျိုးအစားဖြစ်သည်ကို တွေ့ရ သည်။ မောင်မိုးလေး၏အသက်ကို ရဲစွဲချက်ပုံစံတွင် (၁၇) နှစ်ဟု

ဖော်ပြထားသဖြင့် ၎င်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြထားသောအသက် (၂၁) နှစ်ထက်ငယ်သူဖြစ်သည်မှာ မှန်သော်လည်း ၎င်းကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်သည့်အားလျော်စွာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြထားသောအချက်များနှင့် အကျုံးမဝင်သဖြင့် မူလခရိုင်တရားရုံးက ယင်းပုဒ်မအရ တရားခံအား ခံဝန်ချုပ်ဆိုစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိချေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ မောင်မိုးလေးကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိုက်သင့်သောပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ပေးရမည်ဖြစ်ပေသည်။ မောင်မိုးလေးသည် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂ (ခ) အရ လူငယ်တစ်ဦးဖြစ်သဖြင့် ၎င်းအား ထောင်ဒဏ်ချမှတ် လျှင် ယင်းဥပဒေပုဒ်မ ၇၁ (ခ) အရ (၁၀) နှစ်ထက်ပို၍ ထောင်ဒဏ်ချမှတ်ခြင်း မပြုနိုင်ချေ။ ယင်းပြစ်ဒဏ် အတိုင်းအတာအတွင်း ထောင်ဒဏ်ကို သတ်မှတ်နိုင်သည်။

ဦးအောင်ဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၁၃၆

**ဦးတိုက်လျှောက်ထားမှု- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ လက်ခံပြီး စီရင်ပိုင်ခွင့်ရှိသော မြစ်ကြီးနားမြို့နယ်တရားရုံးက သမ္မာန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးနေ စဉ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် လျှောက်ထားစွဲဆို ရန် ညွှန်ကြားသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်၍ တရားမျှတမှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ မောင်ဆန်ဒိတ် တိုင်တန်းချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ စစ်ဆေးဆောင်ရွက်ခဲ့ပြီး တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ အရေးယူစစ်ဆေးခဲ့ရာ တရားခံပြသက်သေအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ စွဲဆိုသည့် အမှုသည်လည်း သမ္မာန်မှုဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင် စွဲဆိုရန် အတွက် မူလတရားရုံးက ညွှန်ကြားရန်မှာလည်း တရားစီရင်ရေး လုပ်ငန်းအဆင့်များစွာ ကျော်လွန်ခဲ့ပြီးဖြစ်သည်။ စာမျက်နှာ

မြစ်ကြီးနားမြို့နယ်တရားရုံးက အမှုအားစစ်ဆေးရာတွင် တရားမျှတမှု အမှန်တကယ်ကင်းမဲ့ကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ဤအခြေအနေတွင် တရားရုံးချုပ် (မန္တလေး) က တရားလို မောင်ဆန်ဒိတ်စွဲဆိုသောအမှုအား စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် စွဲဆိုစေရန် တရားလိုအားညွှန်ကြားရန် မူလမြစ်ကြီးနားမြို့နယ်တရားရုံးအား ညွှန်ကြားသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်သည်၊ တရားမျှတမှန်ကန်သည်ဟု မဆိုနိုင်ပေ။

မောင်ဆန်ဒိတ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၂၀

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇- အမှုမှအပြီးအပြတ်လွှတ်ခဲ့သော တရားခံထံမှ သိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ပြည်သူ့ဘဏ္ဍာအဖြစ်**

**သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မျှတမှုရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ မူလရုံးက သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ချမှတ်သောအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်သောအမိန့်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က) အရ ချမှတ်သောအမိန့်မဟုတ် သကဲ့သို့ တရားခံပြေးမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ ချမှတ်သည့်အမိန့်မျိုးလည်း မဟုတ်ပေ။

သက်သေခံဆိုင်ကယ်အား ဇော်ကိုကိုမှ ရှာဖွေပုံစံ သက်သေခံ (ဂ) ဖြင့် ပေးအပ်ထားသည်။ သက်သေခံဆိုင်ကယ်သည် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသော ပစ္စည်းဖြစ်သည်ဟု မပေါ်ပေါက်ပေ။ သက်သေခံဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် ပစ္စည်းဖြစ်သည်ဟုလည်း မယူဆနိုင်ပေ။ တရားခံဇော်ကိုကိုအား တရားရုံးချုပ်က အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးလည်း ဖြစ်သည်။

တရားခံအား ပြစ်မှုကျူးလွန်ခြင်းမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်သည့် အမှုတွင် သက်သေခံပစ္စည်းအား ပစ္စည်းပေးအပ်သူ တရားခံသို့ ပြန်ပေးရန်သာဖြစ်ပေသည်။

ဇော်ကိုကို နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၃၀

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃- ပြစ်မှုဆိုင်ရာ အထွေထွေမှု (တရားခံပြေးမှု) တွင် သက်သေခံ ပစ္စည်းနှင့်စပ်လျဉ်း၍ အပြီးသတ်စီမံခန့်ခွဲသည့် အမိန့် ချမှတ်ထားခြင်းသည် မှန်ကန်မှုရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်သောအမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့်မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရားရုံးက သင့်သည်ထင်မြင်သည့်အမိန့် ချခွင့်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သို့ဖြစ်၍ မူလမှုသည် ပြစ်မှုဆိုင်ရာ အထွေထွေမှု (တရားခံပြေးမှု) ဖြစ်၍ တရားခံများအပေါ် အမှု စစ်ဆေးစီရင်မှုမပြုရသေးခြင်း၊ ယာဉ်အမှတ်၊ ၄က/၈၃၉၅ သည် သစ်သယ်ရာတွင် ပါဝင်ပတ်သက်နေကြောင်း သက်သေမကင်းဖွယ်ရာ ညွှန်ပြနေသည့်အချက်များရှိနေခြင်း၊ ယာဉ်မောင်း ကိုကိုလှိုင်က အချင်းဖြစ်ကားကို သကြ်န်ရက်အတွင်း ခြံစောင့်အားခွင့်တောင်း၍ ခေတ္တလာထားကြောင်း ထွက်ချက်သည် ယုတ္တိမတန်ခြင်း၊ အယူခံ တရားလိုသည် အချင်းဖြစ်ကားကို ဝယ်ယူပိုင်ဆိုင်သူဖြစ်ကြောင်း တင်ပြချက်သည် သံသယဖြစ်ဖွယ်ရာရှိခြင်းတို့ကြောင့် သက်သေခံ ယာဉ်အမှတ်၊ ၄က/၈၃၉၅ နှင့်စပ်လျဉ်း၍ အပြီးအပြတ်စီမံခန့်ခွဲ ခြင်းပြုရန်မသင့်ဟု သဘောရရှိသည်။

ဦးဇော်ညီညီထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၃၈

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က- အမှုဆက်လက်စစ်ဆေးမည်ဆိုပါက ပြစ်မှုဆိုင်ရာတရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာရောက်သည့် အခြေအနေတွင် တရားရုံးချုပ်က အမှုတွဲချေဖျက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားရုံး၏ ဆောင်ရွက်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ မတရား မမျှတမှု မဖြစ်စေရန်အတွက်လည်းကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကိုကျင့်သုံး၍ သင့်လျော်သည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

ဒေါ်အီမတ် စွဲဆိုထားသော တာချီလိတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၂၀၀၇ ကို ဆက်လက်စစ်ဆေးမည်ဆိုလျှင်လည်း ရာဇဝတ်တရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာရောက်နိုင်သည့် အခြေအနေတွင် တရားရုံးချုပ်က ယင်းအမှုအားချေဖျက်သည့်အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်။

ဒေါ်အီမတ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ၁၁၄

**၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃- မြန်မာ့စီးပွားရေးဘဏ်မှ ငွေချေးယူရာတွင် အပေါင်အာမခံပစ္စည်းအဖြစ် အပ်နှံထားသည့်ပစ္စည်းသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်**

**စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အများနှင့် သက်ဆိုင်သောပစ္စည်းဖြစ် မဖြစ်။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ပေါင်နှံခြင်းဆိုသည်မှာ ငွေကြေး သို့မဟုတ် ကြွေးမြီနှင့်စပ်လျဉ်း၍ တာဝန်မကင်းဖြစ်လာနိုင်မည့်ပြုလုပ်မှုအတွက် အပေါင်အာမခံပစ္စည်းပေါ်တွင် ခံစားခွင့်ရှိသည့် အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြစ်သည်။ ပေါင်နှံသူပိုင်ရှင်သည် ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်နှင့် အကျိုးသက်ဆိုင်မှု ခံစားခွင့်စသည့် အခွင့်အရေးများ ရှိရာ ပေါင်နှံခြင်းအားဖြင့် အပေါင်ခံသူထံ အပေါင်ပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှုခံစားခွင့်ကို လွှဲပြောင်းပေးသော်လည်း ပေါင်နှံသူသည် အပေါင်အာမခံပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်ကိုမူ လက်လွှတ်ခြင်းမရှိပေ။ ထို့ကြောင့် အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသည် ပေါင်နှံသူ ဦးကျော်မျိုးထွန်း၏ အပေါင်အာမခံပစ္စည်းများတွင် ပိုင်ဆိုင်ခွင့်မရှိပေ။ အပေါင်အာမခံပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှု ခံစားခွင့်သာရှိသည်။

အပေါင်အာမခံပစ္စည်းသည် မြန်မာ့စီးပွားရေးဘဏ်ပိုင် ပစ္စည်းမဟုတ်သောကြောင့် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ အရ အပေါင်အာမခံပစ္စည်းသည် အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။

ဦးကျော်မျိုးထွန်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁

**ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသော မော်တော်ယာဉ်ကို ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည် ခွဲခြားခြင်းမပြုဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းအဖြစ် သတ်မှတ်သင့်ခြင်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်အား အရေးယူခြင်းမှာ ပြစ်မှုကျူးလွန်သောပစ္စည်းနှင့် ဆက်သွယ်ပတ်သက်မှုအပေါ် အရေးယူခြင်းဖြစ်သည်။ ထိုသို့ အရေးယူရာတွင် ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည်ဟု ခွဲခြားရန်မဖြစ်နိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အချင်းဖြစ်မော်တော်ယာဉ်သည် သတ္တုတွင်းဝန်ကြီးဌာနပိုင်ဖြစ်သည်။ ယေဘုယျအားဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြင့် ထူးခြားမှု မရှိဟု ယူဆနိုင်သော်လည်း ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို သက်ဆိုင်ရာဌာနသို့ ပြန်ပေးလိုက်ခြင်းသည် အပြစ်ကိုကင်းလွတ်ခွင့်ပေးသကဲ့သို့ ဖြစ်နိုင်သည်။ မသမာသည့် ဝန်ထမ်းများက ၎င်းတို့တာဝန်ယူရသည့် မော်တော်ယာဉ်နှင့် မမှန်မကန် ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်သွား မည်။ အများပြည်သူကလည်း မိမိပိုင်ယာဉ်များနှင့် သယ်ဆောင်ခြင်း မပြုစေဘဲ ဌာနပိုင်ယာဉ်များကို ငှားရမ်း၍သော်လည်းကောင်း၊ ကားမောင်းသူများနှင့် ညှိနှိုင်း၍သော်လည်းကောင်း တရားမဝင်ပစ္စည်းများကို သယ်ဆောင်သည့် အလေ့အထဖြစ်ပေါ်သွားပေမည်။ သို့ဖြစ်၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည် ခွဲခြားသတ်မှတ်ခြင်းမပြုဘဲ ပြစ်မှုကျူးလွန်

ရာတွင် အသုံးပြုသောပစ္စည်းအဖြစ်သတ်မှတ်၍ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းကသာလျှင် ပိုမိုကောင်းမွန်ပေမည်။ စာမျက်နှာ

ဦးချစ်အေး　နှင့်　ပြည်ထောင်စုမြန်မာနိုင်ငံတော်　၁၁

**ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်း သက်သေထင်ရှားခြင်းမရှိသည့် သက်သေခံပစ္စည်းအား သံသယဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ဤအမှုတွင် (ည/၈၅၂၂) ကားပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား ၂ ချောင်း တင်ဆောင်ထားကြောင်း သံသယကင်းစွာဖြင့် ကောက်ယူဆုံးဖြတ်ရန် ခိုင်မာသော သက်သေခံအထောက်အထားမရှိသောကြောင့် သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်သည် အချင်းဖြစ်ထင်းပုံဆိပ်ကမ်းသို့ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်ရန် ရောက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ပါက ထင်ကြေးဖြင့် အပြစ်ပေးသည့်သဘောသက်ရောက်ပေသည်။

ဦးအောင်ငွေ　နှင့်　ပြည်ထောင်စုမြန်မာနိုင်ငံတော်　၁၂၁

**၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ - သစ်တောဦးစီးဌာန၏ တရားဝင်ခွဲစိတ်ခွင့်အရ ရောင်းချခဲ့သော သစ်များအား သယ်ယူခွင့်မျှောစာမပါဘဲ သယ်ယူ**

**လာခြင်းသည် နိုင်ငံပိုင်စွည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းပြုရာ ရောက် မရောက်နှင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အပြစ်ပေးရန် သင့်၊ မသင့်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ ယင်းသစ်များမှာ ပြည်ခရိုင်သစ်တော ဦးစီးဌာနမှ လေလံရောင်းချသော တရားဝင်သစ်လုံးများမှ ပြန်လည်ခွဲစိတ် ခွင့်ပါမစ်ဖြင့် ခွဲစိတ်ထားသော တရားဝင်သစ်လုံးများဖြစ်ကြောင်း၊ တရားခံ ဦးခင်အောင်နှင့် ခံပြသက်သေ ဦးလှသိန်း၊ ဦးရဲမြင့်ဇော်၊ ဦးကျော်မြင့်မောင်၊ သစ်စက်ပိုင်ရှင်များက ထောက်ခံ၍ ပေါက်ခေါင်း သစ်တောဦးစီးမှူး ဦးဝင်းမြင့်ကလည်း သက်သေခံ (င) ရှာဖွေပုံစံပါ တရားခံဘက်မှ တင်ပြသောသစ်တောဌာနမှ ဘေပြေစာများ၊ သစ်ခွဲခွင့်ပြုမိန့်များမှာ ၄င်းတို့ပေါက်ခေါင်းမြို့နယ်၊ သစ်တော ဦးစီးဌာန နှင့် သက်ဆိုင်ရာတို့၏ စာရွက်စာတမ်းများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ကြောင့် မူလအမှုစစ် ခရိုင်တရားရုံးက သက်သေခံ ပျဉ်းကတိုး သစ်များသည် ဦးခင်အောင်ရောင်းလိုက်သော သစ်ခွဲသားများအဖြစ် လက်ခံခဲ့သည်။ သို့သော် တရားခံမြင့်လွင်၊ ကျော်သီဟတို့သည် သက်ဆိုင်ရာ သစ်တောဌာန၏ သယ်ယူခွင့် မျှောစာ မပါရှိကြောင်းမှာ ပေါ်ပေါက်ပြီးဖြစ်သည်။ ထို့ကြောင့် တရားခံ ကျော်သီဟသည် ပျဉ်းကတိုးခွဲသားများကို ဦးခင်အောင်ထံမှ ဝယ်ယူလာကြောင်း ပေါ်ပေါက်သဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းမဟုတ်ကြောင်းမှာ မြင်သာ ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ထို့ကြောင့် တရားခံမြင့်လွင်၊ ယာဉ်မောင်း

နှင့် ကျော်သီဟသစ်ပိုင်ရှင်တို့အား ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ ဖြင့် အပြစ်ပေးမည့်အစား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၄၂ (ခ) အရ ကျူးလွန်ကြောင်းထင်ရှားသဖြင့် ယင်းဥပဒေပုဒ်မ ၄၂ အရ ပြစ်ဒဏ်ချမှတ်ခြင်းက ပိုမို၍သင့်တော်သည်ဟု သုံးသပ်ရရှိသည်။ စာမျက်နှာ

<ins>မြင့်လွင်ပါ ၃</ins> နှင့် <ins>ပြည်ထောင်စုမြန်မာနိုင်ငံတော်</ins> ၆၈
ဦးဝေမင်းဦး ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်သော်လည်း အခြား ခိုင်လုံသည့် အထောက်အထား မရှိပါက ပေးအပ်သော ပစ္စည်းကို ပေးအပ်သူ၏ လက်ဝယ်ထားရှိသည်ဟု ကောက်ယူရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သော အမှုမျိုးတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏ အဓိကပင်မ ကျောရိုးဖြစ်သော်လည်း ဤအမှုတွင် မနာခူးသည် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်ခြင်းမှတစ်ပါး မနာခူး၏နေအိမ်ဆိုင်အဝင် အဝတွင် တွေ့ရှိရသော ဘိန်းသေတ္တာသည် မနာခူးက ဘိန်းသေတ္တာ ဟုသိလျက်နှင့် လက်ဝယ်ထားရှိသည့် ပစ္စည်းဖြစ်သည်ဟုလည်း ကောင်း၊ မနာခူး၏ စီမံမှုအောက်တွင်ရှိသည့် ပစ္စည်းဖြစ်သည်ဟု လည်းကောင်း ကောက်ယူနိုင်ရန် ခိုင်လုံသည့်ပတ်ဝန်းကျင် သက်သေခံ အထောက်အထားများမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ မနာခူး၏ ဆိုင် အဝင်အဝတွင် ဘိန်းသေတ္တာကို တွေ့ရှိရသော်လည်း ဘိန်း သေတ္တာဖြစ်ကြောင်း မနာခူးသိရှိနိုင်သည့် အခြေအနေရှိသည်ဟု

(ဒ) ညွှန်းချက်

မပေါ်ပေါက်၍ မနာခူးသည် ဘိန်းစိမ်းများကို လက်ဝယ်ထား စာမျက်နှာ ရှိသူဖြစ်သည်ဟု မဆိုနိုင်ပေ။

မနာခူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၄၉

+ ၂၀၀၈
ဖေဖော်ဝါရီလ
၂၅ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့၏ရှေ့တွင်**

**ဦးကျော်မျိုးထွန်း**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃- မြန်မာ့စီးပွားရေးဘဏ်မှ ငွေချေးယူရာတွင် အပေါင်အာမခံပစ္စည်းအဖြစ် အပ်နှံထားသည့်ပစ္စည်းသည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။ ပေါင်နှံခြင်းဆိုသည်မှာ ငွေကြေး သို့မဟုတ် ကြွေးမြီနှင့်စပ်လျဉ်း၍ တာဝန်မကင်းဖြစ်လာနိုင်မည့်ပြုလုပ်မှုအတွက် အပေါင်အာမခံပစ္စည်းပေါ်တွင် ခံစားခွင့်ရှိသည့် အကျိုးသက်ဆိုင်မှုကို

---

* ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၅။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၇(ခ) တွင် ချမှတ်သော၂၄-၅-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

လွှဲပြောင်းခြင်းဖြစ်သည်။ ပေါင်နှံသူပိုင်ရှင်သည် ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်နှင့် အကျိုးသက်ဆိုင်မှု ခံစားခွင့်စသည့် အခွင့်အရေးများ ရှိရာ ပေါင်နှံခြင်းအားဖြင့် အပေါင်ခံသူထံ အပေါင်ပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှုခံစားခွင့်ကို လွှဲပြောင်းပေးသော်လည်း ပေါင်နှံသူသည် အပေါင်အာမခံပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်ကိုမူ လက်လွှတ်ခြင်းမရှိပေ။ ထို့ကြောင့် အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသည် ပေါင်နှံသူ ဦးကျော်မျိုးထွန်း၏ အပေါင်အာမခံပစ္စည်းများတွင် ပိုင်ဆိုင်ခွင့်မရှိပေ။ အပေါင်အာမခံပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှု ခံစားခွင့်သာရှိသည်။

အပေါင်အာမခံပစ္စည်းသည် မြန်မာ့စီးပွားရေးဘဏ်ပိုင်ပစ္စည်း မဟုတ်သောကြောင့် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ အရ အပေါင်အာမခံပစ္စည်းသည် အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးသန်းညွန့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်ကျင်စန်း<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

မိတ္ထီလာခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃/၂၀၀၆ တွင် တရားခံ ကျော်မျိုးထွန်းအား ၁၉၆၃ ခုနှစ်၊ အများ

နှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် (၁၀) နှစ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ကျော်မျိုးထွန်းက မကျေနပ်၍ မန္တလေးတိုင်းတရားရုံးတွင် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၉/၂၀၀၇ ဖြင့် အယူခံဝင်ရောက်ရာ အကျဉ်းနည်းပလပ်ခံရသည်။ ဆက်လက်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၇ (ခ)/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ရာ ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ်၏အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၀၁/၂၀၀၇ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ယင်းလျှောက်ထားမှုကို အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> “မြန်မာ့စီးပွားရေးဘဏ်မှ တရားခံ ဦးကျော်မျိုးထွန်းက ငွေချေးယူရာတွင် အပေါင်အာမခံပစ္စည်းအဖြစ် ပိုင်ဆိုင်မှုအထောက်အထားများ အပ်နှံထားရှိသော ပစ္စည်းအချို့ လျော့နည်းပျောက်ဆုံး ခြင်းအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားခံ ဦးကျော်မျိုးထွန်းအား ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ် မှန်ကန်ခြင်းရှိ မရှိ။”

အမှုမှာ ဝမ်းတွင်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်နေ ဦးကျော်မျိုးထွန်းသည် ၂၉-၆-၁၉၉၉ ရက်နေ့က ပုဂ္ဂလိကချေးငွေကျပ်သိန်း (၁၀၀) တိတိကို မြန်မာ့စီးပွားရေးဘဏ်ခွဲမှချေးယူပြီး ၂၄-၈-၂၀၀၅ ရက်နေ့ထိ ချေးငွေတိုးရင်းပေါင်း ၄၁၂၄၆၅၈ဝိ/၀၅ါး အား ပေးဆပ်ခြင်းမပြုသည့်ပြင် ချေးငွေအတွက် အာမခံပေးခဲ့သည့် အာမခံပစ္စည်းများဖြစ်သော မြေနှင့် မြေပေါ်ရှိအဆောက်အအုံ

အပါအဝင် စက်ပစ္စည်းများသည် မူလနေရာတွင် မရှိတော့သဖြင့် ဦးကျော်မျိုးထွန်းအား အရေးယူပေးရန် ဝမ်းတွင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မန်နေဂျာ ဦးကြည်မြင့်က ဝမ်းတွင်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို ဦးကျော်မျိုးထွန်း၏ ရှေ့နေက ဦးကျော်မျိုးထွန်းသည် မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ်သိန်း (၁၀၀) ကို ချေးယူရာတွင် ၄င်းပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းများလည်းအပ်နှံ၍ လက်မှဲ့အပေါင်ဖြင့် ငွေချေးယူခဲ့ကြောင်း၊ ချေးငွေမပေးဆပ်နိုင်သဖြင့် မြန်မာ့စီးပွားရေးဘဏ်က ဦးကျော်မျိုးထွန်းအပေါ် မန္တလေးတိုင်းတရားရုံးတွင် တရားစွဲဆိုရာ အပေါင်ဒီကရီရရှိထားပြီး ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ဦးကျော်မျိုးထွန်းသည် ပြစ်မှုတစ်ခုဖြင့် ထောင်ဒဏ်ကျခံနေစဉ် အပေါင်အာမခံပစ္စည်းများအနက် အဆောက်အအုံတစ်လုံးနှင့် စက်ယန္တန်း၊ လက်ယန္တန်းများ လျော့နည်းပျောက်ဆုံးခဲ့ခြင်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် အပြစ်ပေးခဲ့ကြောင်း၊ အပေါင်အာမခံပစ္စည်းသည် ဘဏ်ပိုင်ပစ္စည်းမဟုတ်၍ အများနှင့်သက်ဆိုင်သောပစ္စည်းမဟုတ်သောကြောင့် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းသည် မှန်ကန်ခြင်းမရှိ၍ ဦးကျော်မျိုးထွန်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် မန္တလေးခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့ကြသည့် တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များကို ပယ်ဖျက်ပြီး အမှုမှအပြီးအပြတ်လွှတ်ပေးရန် လျှောက်ထားသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး

မှ ညွှန်ကြားရေးမှူးက ဦးကျော်မျိုးထွန်းသည် ချေးငွေများပြန်လည်ပေးဆပ်မှုမရှိခြင်း၊ အပေါင်ပစ္စည်းများကို မရိုးမဖြောင့်သောအကြံဖြင့် ရွှေ့ပြောင်းထားခြင်းတို့ကြောင့် အများပိုင် (နိုင်ငံပိုင်) ငွေများကို လိမ်လည်၍ အလွဲသုံးစားပြုရာရောက်သောကြောင့် အပေါင်အာမခံပစ္စည်းအချို့ လျော့နည်းပျောက်ဆုံးခြင်းအပေါ် ဦးကျော်မျိုးထွန်းအား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်ခြင်းရှိမရှိဆိုသော ပြဿနာကို ဖြေဆိုရန်မလိုအပ်၍ အထူးအယူခံအားပလပ်ပေးရန် လျှောက်လဲသည်။

အမှုတွင် အဓိက စဉ်းစားဆုံးဖြတ်ရန်ပြဿနာမှာ အယူခံတရားလို ဦးကျော်မျိုးထွန်းက မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲမှ ငွေကျပ်သိန်း (၁၀၀) ချေးယူရာတွင် အပေါင်အာမခံပစ္စည်းအဖြစ်ဘဏ်သို့အပ်နှံခဲ့သည့်ပစ္စည်းများသည် မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲပိုင်သော (သို့မဟုတ်) ယင်းဘဏ်ကအသုံးပြုရန် လွှဲပြောင်းပေးထားသောပစ္စည်းဟုတ် မဟုတ်ပင်ဖြစ်သည်။

အမှုတွဲပါသက်သေခံ အထောက်အထားများအရ မူလရုံးတရားခံ (အယူခံတရားလို) ဦးကျော်မျိုးထွန်းသည် မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲမှ ငွေကျပ်သိန်း (၁၀၀) ချေးယူရာတွင် ၎င်းပိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်း အဆောက်အအုံများ၏ ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများကို အပေါင်အာမခံပစ္စည်းအဖြစ်အပ်နှံ၍ ငွေချေးယူခဲ့ခြင်း၊ စက်ယန္တရားနှင့် လက်ယန္တရားများကိုလည်း အပေါင်အာမခံအဖြစ်ထားရှိခြင်း၊ ဘဏ်ချေးငွေနှင့် အတိုးကို ပြန်လည်ပေးဆပ်မှုမပြုခြင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသည် ဦးကျော်မျိုးထွန်းအပေါ် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၇၆/၂၀၀၅ တွင် အပေါင်ဒီကရီရရှိထား

ပြီး တရားမဇာရီမှုအမှတ် ၃၉ (အမ်)/၀၄ ဖွင့်လှစ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ တရားခံ ဦးကျော်မျိုးထွန်းသည် အခြားပြစ်မှုတစ်ခုဖြင့် ထောင်ဒဏ်ကျနေစဉ် အပေါင်အာမခံပစ္စည်းများအနက် စက်ယက္ကန်းစင် (၁၈) စင်၊ လက်ယက္ကန်းစင် (၇၀) နှင့် အဆောက်အအုံတစ်ခုတို့ လျော့နည်းပျောက်ဆုံးခြင်းတို့ ထင်ရှားပေါ်ပေါက်သည်။

ဤသို့ အပေါင်အာမခံပစ္စည်းအချို့ လျော့နည်းပျောက်ဆုံးခြင်းသည် ပေါင်နှံသူ ဦးကျော်မျိုးထွန်းက အများနှင့်သက်ဆိုင်သော ပစ္စည်းကို အလွဲသုံးစားပြုခြင်းဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းရှိ မရှိ စိစစ်သုံးသပ်ရန်ဖြစ်သည်။

အမှုတွင် ပေါင်နှံသူက အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသို့ အပေါင်အာမခံ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏ အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်း၊ ပေါင်နှံသူက ချေးငွေကို ကိုယ်တိုင်ပေးဆပ်ရန် တာဝန်ယူခြင်း၊ ပစ္စည်းကို အပေါင်ခံသူအား လက်ရောက်ပေးအပ်မှုမရှိခြင်း၊ ချေးငွေကို ပေးဆပ်ခြင်းမရှိက အပေါင်ပစ္စည်းကို ရောင်းချရန်သဘောတူခြင်းနှင့် မှတ်ပုံတင်အပေါင်စာချုပ် (သက်သေခံ-က) ပြုလုပ်ခြင်းတို့ကြောင့် ပေါင်နှံသူ ဦးကျော်မျိုးထွန်းက အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ်သိန်း (၁၀၀) ချေးယူရာတွင် လက်မဲ့အပေါင်ဖြင့် ငွေချေးယူခဲ့ကြောင်း ပေါ်လွင်ထင်ရှားသည်။

ပေါင်နှံခြင်းပြုရာတွင် ပေါင်နှံသူနှင့် အပေါင်ခံသူတို့၏ အခွင့်အရေးနှင့် တာဝန်များကို ပစ္စည်းလွှဲပြောင်းခြင်းဥပဒေတွင် တိတိကျကျ ပြဋ္ဌာန်းထားသည်။

ပေါင်နှံခြင်းနှင့်စပ်လျဉ်း၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ပေါင်နှံခြင်းဆိုသည်မှာ ချေးငှားသည့်အနေဖြင့် ပေးထား

သည့် သို့မဟုတ် ပေးထားရန်ရှိသည့်ငွေကိုဖြစ်စေ၊ ရှိရင်း ကြွေးမြီ သို့မဟုတ် တင်ရန်ရှိသည့် ကြွေးမြီများကိုဖြစ်စေ၊ ပေးဆပ်ရန်သော်လည်းကောင်း၊ ငွေကြေးနှင့်စပ်လျဉ်း၍ တာဝန်မကင်းဖြစ်လာနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်စေရန်သော်လည်းကောင်း၊ သီးခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် ခံစားထိုက်သည့်အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းပေးခြင်းဖြစ်သည်။”

သို့ဖြစ်ရာ ပေါင်နှံခြင်းဆိုသည်မှာ ငွေကြေး သို့မဟုတ် ကြွေးမြီနှင့်စပ်လျဉ်း၍ တာဝန်မကင်းဖြစ်လာနိုင်မည့်ပြုလုပ်မှုအတွက် အပေါင်အာမခံပစ္စည်းပေါ်တွင် ခံစားခွင့်ရှိသည့် အကျိုးသက်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြစ်သည်။ ပေါင်နှံသူပိုင်ရှင်သည် ပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်နှင့် အကျိုးသက်ဆိုင်မှုခံစားခွင့်စသည့် အခွင့်အရေးများရှိရာ ပစ္စည်းကို ပေါင်နှံခြင်းအားဖြင့် အပေါင်ခံသူထံ အပေါင်ပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှုခံစားခွင့်ကို လွှဲပြောင်းပေးသော်လည်း ပေါင်နှံသူသည် အပေါင်အာမခံပစ္စည်းပေါ်တွင် ပိုင်ဆိုင်ခွင့်ကိုမူ လက်လွှတ်ခြင်းမရှိပေ။

ထို့ကြောင့် အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသည် ပေါင်နှံသူ ဦးကျော်မျိုးထွန်း၏ အပေါင်အာမခံပစ္စည်းများတွင် ပိုင်ဆိုင်ခွင့်မရှိပေ။ အပေါင်အာမခံပစ္စည်းပေါ်တွင် အကျိုးသက်ဆိုင်မှုခံစားခွင့်သာရရှိသည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၆၇ မှ ပုဒ်မ ၇၇ ထိ အပေါင်ခံသူ၏ အခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ (၁) အရ အခြားနည်းဆန့်ကျင်သည့် ပဋိညာဉ်မရှိလျှင် အပေါင်ခံသူသည် အပေါင်ချေးငွေပေးဆပ်ရန် အချိန်ကျရောက်ပြီးနောက် အပေါင်ချေးငွေပေးဆပ်ခြင်းမပြုမီ

တရားစွဲဆိုခွင့်ရှိသည်။ ပေါင်နှံသူ၏ မတရားပြုမှု သို့မဟုတ် ပျက်ကွက်မှုကြောင့် အာမခံပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လက်လွတ်ဆုံးရှုံးခဲ့လျှင် အပေါင်ခံသူသည် အပေါင်ချေးငွေအတွက် တရားစွဲဆိုခွင့်ရှိသည်။

ထို့ကြောင့် ပေါင်နှံသူ ဦးကျော်မျိုးထွန်းက အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသို့ ချေးငွေအတွက် အပေါင်အာမခံပစ္စည်းများအပ်နှံခြင်း၊ အပေါင်ခံအာမခံပစ္စည်းများအပေါ် လုပ်ပိုင်ခွင့်ကို အထူးကိုယ်စားလှယ်စာဖြင့် လွှဲအပ်ခြင်းပြုကာမျှဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲသည် အပေါင်အာမခံပစ္စည်းများ၏ ပိုင်ရှင်တစ်ဦးဖြစ်မလာနိုင်ပေ။ သို့ဖြစ်၍ အပေါင်အာမခံပစ္စည်းသည် မြန်မာ့စီးပွားရေးဘဏ်ပိုင်ဆိုင်သော (သို့) ယင်းဘဏ်သို့ အသုံးပြုရန် လွှဲပြောင်းပေးထားသောပစ္စည်းဖြစ်ကြောင်း မပေါ်ပေါက်ပေ။

အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ-၂။ အများနှင့်သက်ဆိုင်သောပစ္စည်းဆိုသည်မှာ-

(က) တပ်မတော်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေးအစိုးရ၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်တစ်ဦးဦး၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေတစ်ခုခုအရ ဖွဲ့စည်းထားသည့်ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြားအဖွဲ့တစ်ခုခု၊ သို့တည်းမဟုတ်

(ဂ) သမဝါယမအသင်းတစ်ခုခု၊ သို့တည်းမဟုတ်

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံ၊ တော်လှန်ရေး

အစိုးရက အမိန့်ကြော်ငြာစာဖြင့် ကြေညာသော-

(၁) အသင်းများ၊ မှတ်ပုံတင်အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု၊

(၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၆ အရ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အသင်းတစ်ခုခု၊

(၃) ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့ တစ်ခုခု၊ သို့တည်းမဟုတ်

(၄) အခြားအဖွဲ့အစည်းတစ်ခုခု၊ ပိုင်ဆိုင်သည့် သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်သည့် သို့တည်းမဟုတ် သိမ်းဆည်းထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် သို့တည်းမဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

ဤအမှုတွင် အပေါင်အာမခံပစ္စည်းသည် မြန်မာ့စီးပွားရေးဘဏ်ပိုင် ပစ္စည်းမဟုတ်သောကြောင့် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၂ အရ အပေါင်အာမခံပစ္စည်းသည် အများနှင့်သက်ဆိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။

သို့ဖြစ်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းဘဏ်ခွဲမှ ငွေချေးယူရာတွင် အပေါင်အာမခံပစ္စည်းအဖြစ် အပ်နှံထားသောပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုအတွက် ပေါင်နှံသူ ဦးကျော်မျိုးထွန်းသည် အများနှင့်သက်ဆိုင်သောပစ္စည်းများ အလွဲသုံးစားပြုမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်ခြင်း မရှိပေ။

ပေါင်နှံ့သူ ဦးကျော်မျိုးထွန်း၏ လက်ဝယ်ရှိ အပေါင်အာမခံပစ္စည်းများသည် အပေါင်ခံသူ မြန်မာ့စီးပွားရေးဘဏ်က အကျိုးသက်ဆိုင်ခွင့်ရှိသောပစ္စည်းဖြစ်သည်။ တစ်နည်းအားဖြင့် ယင်းပစ္စည်းများသည် မြန်မာ့စီးပွားရေးဘဏ်က ဦးကျော်မျိုးထွန်းသို့ ယုံမှတ်အပ်နှံထားသောပစ္စည်းများဖြစ်ပေရာ ယင်းပစ္စည်းစီမံခန့်ခွဲပိုင်ခွင့်ကို ဘဏ်၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ထိုသို့ ဘဏ်၏သဘောတူညီချက်မရှိဘဲ ဆောင်ရွက်ခြင်းကြောင့် အပေါင်အာမခံပစ္စည်းအချို့ လျော့နည်းပျောက်ဆုံးခြင်းအတွက် ပစ္စည်းလက်ရှိဖြစ်သူ ပေါင်နှံ့သူ ဦးကျော်မျိုးထွန်းပေါ်တွင် တာဝန်ရှိသည်။

ဤအခြေအနေတွင် အပေါင်အာမခံပစ္စည်းအချို့ လျော့နည်းပျောက်ဆုံးမှုအတွက် ဦးကျော်မျိုးထွန်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ ပြစ်ဒဏ်ထိုက်သင့်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုသည်။ ဦးကျော်မျိုးထွန်းအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် မိတ္ထီလာခရိုင်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များအားပယ်ဖျက်ပြီး ဦးကျော်မျိုးထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ ထောင်ဒဏ် (၅) နှစ် (ငါးနှစ်) တိတိ ချမှတ်လိုက်သည်။

ချုပ်ရက်များရှိပါက ထောင်ဒဏ်မှ ထုတ်နုတ်ကျခံစေရမည်။

\+ ၂၀၀၈
မေလ
၁၆ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့၏ရှေ့တွင်**

**ဦးချစ်အေး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသော မော်တော်ယာဉ်ကို ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည် ခွဲခြားခြင်းမပြုဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းအဖြစ် သတ်မှတ်သင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်အား အရေးယူခြင်းမှာ ပြစ်မှုကျူးလွန်သောပစ္စည်းနှင့် ဆက်သွယ်ပတ်သက်မှုအပေါ် အရေးယူခြင်းဖြစ်သည်။ ထိုသို့ အရေးယူရာတွင် ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည်ဟု ခွဲခြားရန်မဖြစ်နိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ အချင်းဖြစ်မော်တော်ယာဉ်သည်

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၃။
\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၉ (ခ) တွင် ချမှတ်သော ၂၁-၈-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏ အမိန့်ကို အထူးအယူခံမှု။

သတ္တုတွင်းဝန်ကြီးဌာနပိုင်ဖြစ်သည်။ ယေဘုယျအားဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဖြင့် ထူးခြားမှုမရှိဟု ယူဆနိုင်သော်လည်း ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို သက်ဆိုင်ရာဌာနသို့ ပြန်ပေးလိုက်ခြင်းသည် အပြစ်ကိုကင်းလွတ်ခွင့်ပေးသကဲ့သို့ ဖြစ်နိုင်သည်။ မသမာသည့် ဝန်ထမ်းများက ၎င်းတို့တာဝန်ယူရသည့် မော်တော်ယာဉ်နှင့် မမှန်မကန် ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်သွားမည်။ အများပြည်သူကလည်း မိမိပိုင်ယာဉ်များနှင့် သယ်ဆောင်ခြင်း မပြုစေဘဲ ဌာနပိုင်ယာဉ်များကို ငှားရမ်း၍သော်လည်းကောင်း၊ ကားမောင်းသူများနှင့် ညှိနှိုင်း၍သော်လည်းကောင်း တရားမဝင်ပစ္စည်းများကို သယ်ဆောင်သည့် အလေ့အထဖြစ်ပေါ်သွားပေမည်။ သို့ဖြစ်၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည် ခွဲခြားသတ်မှတ်ခြင်းမပြုဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းအဖြစ်သတ်မှတ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကသာလျှင် ပိုမိုကောင်းမွန်ပေမည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးစိုးဝင်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဦးအောင်မြင့်<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့ |

ပဲခူးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၆၂/၂၀၀၄ တွင် တရားခံ ဦးအုန်းကြည်ပါ ၂ ဦးအပေါ် အများနှင့်သက်ဆိုင်သော

ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန်နှင့် သက်သေခံ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့်တွင် သက်သေခံ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၃) သတ္တုတွင်းလုပ်ငန်း၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု) ဦးချစ်အေးက ကျေနပ်မှုမရှိသဖြင့် ပဲခူးတိုင်းတရားရုံးနှင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုများ တင်သွင်းခဲ့သော်လည်း ပလပ်ခြင်းခံရသဖြင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ပြုရန်အတွက် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၂၃၈/၂၀၀၇ ဖြင့် လျှောက်ထားခဲ့ရာ အောက်ပါပြဿနာကို ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အစိုးရဌာနပိုင် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမိန့်သည် မှန်ကန်မျှတမှုရှိ မရှိ၊ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာနသို့ ပြန်လည်ပေးအပ်စေသည့်အမိန့်သည် မှန်ကန်မျှတမှုရှိ မရှိ။"

အမှုမှာ ၄-၅-၂၀၀၄ ရက်နေ့ ညနေ (၃း၀၀) နာရီအချိန်ခန့်တွင် ပဲခူးမြို့၊ စစ်ဆေးရေးဂိတ်တွင် အမှတ် (၃) သတ္တုတွင်းဝန်ကြီးဌာနပိုင်၊ ယာဉ်အမှတ် ၉/၇၀၂၈ အား ရပ်တန့်စစ်ဆေးရာ ကျွန်းတံခါးရွက်ကြမ်း (၁၄၉) ချပ်၊ (၂. ၁၈) တန်အား တရားဝင်အထောက်အထားများတင်ပြနိုင်ခြင်းမရှိဘဲ လက်ဝယ်ထား သယ်ဆောင်လာသည့် ကိုယ်စားလှယ် ဦးလှရှိန်နှင့် ယာဉ်မောင်း ဦးအုန်းကြည်၊ ယာဉ်နောက်လိုက် ဦးအောင်ငွေးတို့အပေါ် သစ်တောဦးစီးဌာနမှ

ဦးစီးအရာရှိ ဦးအောင်သူက ဥပဒေအရ အရေးယူပေးရန် အမှုဖွင့်တိုင်ကြားသောအမှုဖြစ်သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ စွဲဆိုသောအမှုများသည် တစ်မှုနှင့်တစ်မှု အမှုဖြစ်စဉ်သဘောသဘာဝချင်း တူညီမှုမရှိကြောင်း၊ ယခုအမှုမှ ဖမ်းဆီးရမိသောပစ္စည်းမှာ ကျွန်းတံခါးချပ် (၁၄၉) ချပ်ဖြစ်ကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ၄င်းပိုင်ယာဉ်များနှင့်ပတ်သက်၍ ဥပဒေစည်းကမ်းများနှင့်အညီသွားလာရန် ဌာနတွင်းညွှန်ကြားချက်များ အကြိမ်ကြိမ်ထုတ်ပြန်ထားကြောင်း၊ ယာဉ်အမှတ်၊ ၉/၇၀၂၈ သည် သတ္တုတွင်းဝန်ကြီးဌာနပိုင်ယာဉ်ဖြစ်ပြီး လမ်းခရီး၌ ယာဉ်မောင်း၏ပြုမူဆောင်ရွက်မှုကို ဌာနအနေဖြင့် မသိရှိပါကြောင်း၊ ယာဉ်မောင်း၏ ဆောင်ရွက်မှုကို ပိုင်ရှင်မသိရှိပါက သက်ဆိုင်ရာယာဉ်များအား ပိုင်ရှင်သို့ပြန်ပေးကြောင်း၊ **ဦးပါလေးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] တွင် ထုံးဖွဲ့ခဲ့ပြီး ထိုမူသဘောကို **ဒေါ်နန်းလူ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၂] နှင့် **ဦးလှစိန် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၃] တွင် လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကိုခွင့်ပြုပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော ယာဉ်အမှတ်၊ ၉/၇၀၂၈ အား အမှတ် (၃) သတ္တုတွင်းဝန်ကြီးဌာန

---

**(၁) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၂**
**(၂) ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၅၁**
**(၃) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၆**

သို့ ပြန်လည်ပေးအပ်သင့်ပါကြောင်း လျှောက်ထားသည်။

နိုင်ငံတော်ဘက်မှလိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ၊ ညွှန်ကြားရေးမှူးက သက်သေခံယာဉ်အမှတ်၊ ဇ/၇၀၂၈ သည် သတ္တုတွင်းဝန်ကြီးဌာနပိုင်ဖြစ်ကြောင်း၊ ယာဉ်မောင်း၏ဆောင်ရွက်မှုကြောင့် မှုခင်းဖြစ်ပွားခဲ့ရခြင်းသာဖြစ်ပြီး ဌာနအနေဖြင့် သိရှိခြင်းမရှိကြောင်းဖြင့် တရားရုံးအဆင့်ဆင့်သို့ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လျှောက်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ တရားရုံးများအနေဖြင့် သက်သေခံပစ္စည်းအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မှန်ကန်ပါကြောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သောယာဉ်ဖြစ်ပါက အစိုးရဌာန သို့မဟုတ် ပုဂ္ဂလိကဟူ၍ ခွဲခြားကျင့်သုံးရန် သင့်မြတ်မှုမရှိကြောင်း၊ နစ်နာသူအစိုးရဌာနအနေဖြင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သာ ကုစားခြင်းက ပိုမိုဆီလျော်မှုရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

မူလရုံးအမှုတွဲအားစိစစ်ရာတွင် ပေါ်ပေါက်ချက်များအရ အချင်းဖြစ်နေ့ နံနက် (၁၀) နာရီခန့်တွင် ပဲခူးမြို့မြောက်ဘက်အဝင် ကလိသစ်တောနှင့် သစ်တောထွက်ပစ္စည်း ရှာဖွေစစ်ဆေးရေးဂိတ်သို့ ရောက်ရှိလာသော တရားခံ ဦးအုန်းကြည်မောင်းနှင်သည့် တီအီး ၁၁ အမျိုးအစား၊ အမှတ် (၃) သတ္တုတွင်းဝန်ကြီးဌာနပိုင် ယာဉ်အမှတ် ဇ/၇၀၂၈ ယာဉ်အား ကျွန်းတံခါးရွက် (၁၄၉) ချပ်ကို တရားမဝင် တင်ဆောင်သယ်ယူလာကြောင်း၊ တာဝန်ရှိသူများက ရှာဖွေစစ်ဆေးတွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း ထင်ရှားပေါ်လွင်နေပြီး အဆိုပါ ကျွန်းတံခါးရွက် (၁၄၉) ချပ်နှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာကိုလည်း တရားခံဖြစ်သူ ယာဉ်မောင်း ဦးအုန်းကြည်က တင်ပြနိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်

တွေ့ရှိရသည်။ သို့ဖြစ်၍ မူလခရိုင်တရားရုံးက တရားခံ ဦးအုန်းကြည် နှင့် ဦးလှရိုန်တို့အပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားတွေ့ရှိ ဆုံးဖြတ် ကာ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ရုံ မျှမက သက်သေခံကျွန်းတံခါးရွက် (၁၄၉) ချပ်ကို ပဲခူးသစ်တောဦးစီး ဌာနသို့ လွှဲပြောင်းပေးအပ်စေပြီး တရားမဝင်ကျွန်းတံခါးရွက်များအား တင်ယူသယ်ဆောင်လာသော ယာဉ်အမှတ်၊ ၉/၇၀၂၈ ယာဉ်ကို လည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။

အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ ကျွန်း တံခါးရွက်ကြမ်း (၁၄၉) ချပ် (၂. ၁၈) တန် တင်ဆောင်ထားသော မော်တော်ယာဉ်အမှတ်၊ ၉/၇၀၂၈ သည် အမှတ် (၃) သတ္တုတွင်း ဝန်ကြီးဌာနပိုင် မော်တော်ယာဉ်ဖြစ်ကြောင်း အငြင်းမပွားချေ။ ယင်း မော်တော်ယာဉ်၏ ယာဉ်မောင်းသည် မူလရုံးတရားခံ ဦးအုန်းကြည် ဖြစ်၍ ၄င်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ ယာဉ်မောင်းဝန်ထမ်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာမော်တော်ယာဉ်ကို မောင်းနှင်ရန် တာဝန်ပေးထားသောဝန်ထမ်း (မူလရုံးတရားခံ ဦးအုန်းကြည်) က ဌာနဆိုင်ရာစည်းကမ်းချက်များကိုဖောက်ဖျက်၍ တရားမဝင်ကျွန်း တံခါး ရွက်ကြမ်းများကို တင်ဆောင်သည့်ပြစ်မှုကိုကျူးလွန်ခဲ့သဖြင့် ၄င်းအား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။

အမှုတွင် အဓိကစိစစ်သုံးသပ်ရမည့်အချက်များမှာ မော်တော် ယာဉ်ပေါ်တွင် တရားမဝင်ပစ္စည်းတင်ဆောင်မှုကို မော်တော်ယာဉ် ပိုင်ရှင် (သက်ဆိုင်ရာဌာန) က မသိရှိခဲ့သဖြင့် မော်တော်ယာဉ်ပိုင်ရှင်

(သက်ဆိုင်ရာဌာန) တွင် တာဝန်မရှိနိုင်ပါဆိုသော တင်ပြချက်ဖြစ်သည်။ အမှုဖြစ် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရာတွင် ဖော်ပြပါ ပြဿနာမှာလည်း အငြင်းပွားလေ့ရှိကြောင်း တွေ့ရှိရသည်။

မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် သယ်ယူပို့ဆောင်ရေးပြုလုပ်ကြသူတိုင်းသည် တရားမဝင်သောပစ္စည်းများကို တင်ဆောင်ခွင့်မရှိကြောင်း သိရှိကြပြီးဖြစ်သည်။ ယာဉ်ကို စီးလုံးငှားသူထံသို့ သို့မဟုတ် ယာဉ်မောင်းထံသို့ လွှဲအပ်လိုက်သဖြင့် ယာဉ်ပေါ်တွင် မည်သည့်ပစ္စည်း သယ်ဆောင်သွားသည်ကို ယာဉ်ပိုင်ရှင်မသိနိုင်ဟု ထုချေတင်ပြခြင်းဖြစ်သည်။ ယာဉ်ကိုငှားယူသူ သို့မဟုတ် ယာဉ်ကိုမောင်းနှင်သူ ပိုင်ရှင်တို့အကြားတွင် တည်ရှိနေသော အခွင့်အရေးနှင့် တာဝန်များကို စိစစ်ရန်လိုသည်။ ယာဉ်ကို ငှားယူ သုံးစွဲသူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကို လက်ရှိထားသုံးစွဲသူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာမည့် တာဝန်များကို ကျခံရမည်ဖြစ်သည်။ ၎င်းတို့၏ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးပြစ်အားလုံးကို ၎င်းတို့က တာဝန်ယူရမည်ဖြစ်သည်။ တရားမဝင်ပစ္စည်းကို တင်ဆောင်သဖြင့် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရပါက ပိုင်ရှင်တွင်ဖြစ်ပေါ်လာသော စီးပွားရေးဆိုင်ရာနစ်နာမှုကို ယာဉ်မောင်းသူများသာ တာဝန်ယူရမည်ဖြစ်သည်။

ယာဉ်ပိုင်ရှင်နှင့် ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းသူတို့အကြားတည်ရှိသော ပဋိညာဉ်မှာ တရားမကြောင်းနှင့်သက်ဆိုင်သော ပဋိညာဉ်ဖြစ်သည်။ ယာဉ်ပိုင်ရှင်၏ နစ်နာမှုမှာ တရားမကြောင်းနှင့်သာ သက်ဆိုင်သည်။ တရားမကြောင်းအရ နစ်နာမှုကို တရားမကြောင်းဖြင့်သာ ဖြေရှင်းရမည်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုတွင်

ဖြေရှင်းပေးနိုင်မည် မဟုတ်ပေ။

သက်သေခံ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာတွင် မော်တော်ယာဉ်မှာ အမှုနှင့်သက်ဆိုင်ခြင်းရှိ မရှိဆိုသည့်အချက်ကိုသာ စိစစ်ခြင်းဖြစ်သည်။ ယာဉ်ကို မည်သို့သုံးစွဲသည်ဆိုသောအချက်အား ယာဉ်ပိုင်ရှင်ကသိခဲ့ခြင်းရှိ မရှိဆိုသည့်အချက်ကို အဓိကစိစစ်ခြင်းမဟုတ်ပေ။ **ဦးကျော်ကျော် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု**[၄] ကို ကြည့်ပါ။

သို့ဖြစ်၍ အချင်းဖြစ်သက်သေခံ မော်တော်ယာဉ်သည် ပြစ်မှုကျူးလွန်ရာတွင် သုံးစွဲခဲ့ကြောင်း သက်သေခံချက်များအရ ထင်ရှားပေါ်ပေါက်နေသည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် သာမန်ပုဂ္ဂလိကဖြစ်ရပ်ကဲ့သို့ ပိုင်ရှင်မသိပါဟု အကြောင်းပြရုံဖြင့် အလွယ်တကူ လက်ခံခွင့်ပြုရန်မဟုတ်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဝင်းမြင့်အောင်အမှု**[၅] တွင် လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

အမှတ် (၃) သတ္တုတွင်းဝန်ကြီးဌာနမှ ယာဉ်မောင်း တရားခံ ဦးအုန်းကြည်အား တရားရုံးမှ ဥပဒေနှင့်အညီ ပြစ်ဒဏ်ပေးပြီးဖြစ်သည်။

သို့ဖြစ်ရာ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသော ယာဉ်အား အရေးယူခြင်းမှာ ပြစ်မှုကျူးလွန်သောပစ္စည်းနှင့်ဆက်နွယ်ပတ်သက်မှုအပေါ် အရေးယူခြင်းဖြစ်သည်။ ထိုသို့အရေးယူရာတွင် ပုဂ္ဂလိကပိုင်သည်၊ ဌာနကပိုင်သည်ဟု ခွဲခြားရန်မဖြစ်နိုင်ပေ။ ပြစ်မှုကျူးလွန်သူတရားခံအား ပြစ်ဒဏ်ပေးလျှင် ၎င်းမောင်းနှင်သောကားမှာလည်း တရားဥပဒေနှင့်မညီသော တစ်နည်းအားဖြင့် တားမြစ်ထားသော

**(၄) ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၀**
**(၅) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၅**

သက်သေခံပစ္စည်းကို တွေ့ရှိကြောင်း ပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ဆောင်ရွက်ရမည်ဖြစ်သည်။

အချင်းဖြစ်မော်တော်ယာဉ်သည် သတ္တုတွင်းဝန်ကြီးဌာနပိုင် ဖြစ်သဖြင့် ထပ်မံ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် လိုအပ်မှု ရှိ မရှိ ဆက်လက်စိစစ်ရပေမည်။ ယေဘုယျအားဖြင့်စဉ်းစားလျှင် နိုင်ငံတော်ပိုင်ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းဖြင့် ဘာမျှထူးခြားမှုမရှိနိုင်ဟုယူဆနိုင်သော်လည်း ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များကို သက်ဆိုင်ရာဌာနသို့ ပြန်ပေး လိုက်ခြင်းသည် အပြစ်ကိုကင်းလွတ်ခွင့်ပေးသကဲ့သို့ ဖြစ်နိုင်သည်။ မသမာသည့်ဝန်ထမ်းများက ၎င်းတို့တာဝန်ယူရသည့် မော်တော်ယာဉ် များနှင့် မမှန်မကန်ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်သွားမည်။ အများပြည်သူကလည်း မိမိပိုင်ယာဉ်များနှင့် သယ် ဆောင်ခြင်းမပြုစေဘဲ ဌာနပိုင်ယာဉ်များကိုငှားရမ်း၍သော်လည်း ကောင်း၊ ကားမောင်းသူများနှင့် ညှိနှိုင်း၍သော်လည်းကောင်း တရားမဝင်ပစ္စည်းများကို သယ်ဆောင်သည့်အလေ့အထ ဖြစ်ပေါ် သွားပေမည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော် ယာဉ်ကို ပုဂ္ဂလိကပိုင်သည်၊ ဌာနပိုင်သည် ခွဲခြားသတ်မှတ်ခြင်းမပြု ဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းအဖြစ် သတ်မှတ်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းကသာလျှင် ပိုမိုကောင်းမွန်ပေ သည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် အစိုးရဌာန ပိုင်မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း ခဲ့သည့်အမိန့်သည် မှန်ကန်မျှတမှုရှိကြောင်းဖြေဆို၍ ဤအထူးအယူခံ မှုကို ပလပ်လိုက်သည်။

+ ၂၀၀၈
ဩဂုတ်လ
၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့၏ရှေ့တွင်**

**မောင်ဆန်ဒိတ်**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**ဦးတိုက်လျှောက်ထားမှု- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ လက်ခံပြီး စီရင်ပိုင်ခွင့်ရှိသော မြစ်ကြီးနားမြို့နယ် တရားရုံးက သမ္မာန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးနေစဉ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် လျှောက်ထားစွဲဆိုရန် ညွှန်ကြားသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်၍ တရားမျှတမှုကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ မောင်ဆန်ဒိတ် တိုင်တန်းချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ စစ်ဆေးဆောင်ရွက်ခဲ့ပြီး တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ အရေးယူစစ်ဆေးခဲ့ရာ တရားခံ

---
* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂။
\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၄၈ (ခ) တွင် ချမှတ်သော ၁၀-၉-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

ပြသက်သေအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ စွဲဆိုသည့် အမှုသည်လည်း သမ္မာန်မှုဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင် စွဲဆိုရန်အတွက် မူလတရားရုံးက ညွှန်ကြားရန်မှာလည်း တရားစီရင်ရေးလုပ်ငန်း အဆင့်များစွာ ကျော်လွန်ခဲ့ပြီးဖြစ်သည်။

မြစ်ကြီးနားမြို့နယ်တရားရုံးက အမှုအားစစ်ဆေးရာတွင် တရားမျှတမှု အမှန်တကယ်ကင်းမဲ့ကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ဤအခြေအနေတွင် တရားရုံးချုပ် (မန္တလေး) က တရားလို မောင်ဆန်ဒိတ်စွဲဆိုသောအမှုအား စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် စွဲဆိုစေရန် တရားလိုအားညွှန်ကြားရန် မူလမြစ်ကြီးနားမြို့နယ်တရားရုံးအား ညွှန်ကြားသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်သည်၊ တရားမျှတမှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကိုကိုလေး<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးပို<br>တရားရုံးချုပ်ရှေ့နေ |

မြစ်ကြီးနားမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၈၂၅/၂၀၀၆ တွင် တရားလို မောင်ဆန်ဒိတ်က ဦးမိုသီလား (လ်)

၂၀၀၈
မောင်ဆန်ဒိတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အပေါ် ဦးတိုက်လျှောက်ထား တရားစွဲဆိုရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ ဦးမိုသီလား (လ်) အပေါ် အရေးယူပြီး အမှုအားစစ်ဆေးနေစဉ် တရားခံ၏ရှေ့နေမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ အရ အမှုကိုစစ်ဆေးစီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် လျှောက်ထားစွဲဆိုရန်အတွက် ညွှန်ကြားပေးပါရန် လျှောက်ထားခဲ့ရာ ပလပ်ခြင်းခံရသည်။

ယင်းအမိန့်ကို တရားခံ ဦးမိုသီလား (လ်) က မြစ်ကြီးနားခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု ၂/၂၀၀၇၊ ကချင်ပြည်နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၆/၂၀၀၇ တို့ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၄၈ (ခ)/၂၀၀၇ ဖြင့် ဆက်လက်လျှောက်ထားသည်။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က တရားလို မောင်ဆန်ဒိတ် စွဲဆိုသောအမှုအား စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် စွဲဆိုရန်အတွက် တရားလိုအားညွှန်ကြားရန် မူလမြစ်ကြီးနားမြို့နယ်တရားရုံးအား ညွှန်ကြားလိုက်သည်ဟု အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်ကို မူလရုံးတရားလို မောင်ဆန်ဒိတ်က မကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၀၃/၂၀၀၇ ကိုတင်သွင်းခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> “ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် အမှုကို စီရင်ပိုင်ခွင့်ရှိကြောင်း ချမှတ်ထားသည့် မြစ်ကြီးနားမြို့နယ်တရားရုံး၊ မြစ်ကြီးနားခရိုင်တရားရုံးနှင့် ကချင်ပြည်နယ်တရားရုံးတို့၏ အမိန့်များအား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်

ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုတခြင်းရှိ မရှိ။"

မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်၊ အမှတ် ၂၇ နေ မောင်ဆန်ဒိတ်သည် ပြင်ဦးလွင်မြို့ ၄ ရပ်ကွက်၊ အမှတ် ၁၄ နေ ဆန်ဂျနားကူမာရီနှင့် ၉-၅-၂၀၀၅ ရက်နေ့တွင် အိမ်ထောင်ပြုပြီး မြစ်ကြီးနားရှိ မောင်ဆန်ဒိတ်၏နေအိမ်တွင် အကြင်လင်မယားအဖြစ် နေထိုင်ပေါင်းသင်းခဲ့ရာ သားတစ်ဦးမွေးဖွားခဲ့သည်။ လင်မယားနှစ်ဦး ကြား ပြဿနာတစ်စုံတစ်ရာမရှိဘဲ နေထိုင်လျက်ရှိစဉ် ၁၄-၇-၂၀၀၆ နေ့တွင် ဆန်ဂျနားကူမာရီ၏ဖခင် ဦးမိုသီလား (လ်) မှ မြစ်ကြီးနားသို့ ရောက်ရှိလာပြီး ၁၇-၇-၂၀၀၆ နေ့တွင် မောင်ဆန်ဒိတ်မရှိခိုက် ၎င်းနေအိမ်မှ ဇနီးနှင့်ကလေးကို ပြင်ဦးလွင်မြို့သို့ ဦးမိုသီလား (လ်) က ခေါ်ဆောင်သွားသည့်အပြင် ဇနီးနှင့်ကလေးအား တွေ့ဆုံနိုင်ရန် အတွက် အဆက်အသွယ်အမျိုးမျိုးပြုလုပ်၍ ညှိနှိုင်းသော်လည်းမရ သဖြင့် ပြင်ဦးလွင်သို့ကိုယ်တိုင်သွားရောက်ခေါ်ဆောင်ခဲ့ရာ ဇနီးဖြစ်သူ ဆန်ဂျနားကူမာရီနှင့် သားတို့အား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တားဆီး ပိတ်ပင်ထားသဖြင့် ဦးမိုသီလား (လ်) အား အရေးယူပေးရန် မောင်ဆန်ဒိတ်က ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုဖြစ်သည်။ မူလ ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးချက်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ ရဲစခန်း၏ စုံစမ်းစစ်ဆေး တင်ပြချက်များအရ ဦးမိုသီလား (လ်) အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ အရေးယူဆောင်ရွက်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက မူလတရားရုံးသည် ဦးတိုက် လျှောက်လွှာပါအချက်များအရ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိပြီး တရားရုံးချုပ် (မန္တလေး) သည် ဦးတိုက်လျှောက်လွှာပါ အချက်အရမဟုတ်ဘဲ သက်သေထွက်ဆိုချက်များအပေါ်အခြေပြု၍ မြစ်ကြီးနားမြို့နယ်

တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာမရှိကြောင်း ဆုံးဖြတ်ခြင်းသည် လျော်ကန်သင့်မြတ်မှုမရှိကြောင်း၊ အကယ်၍ စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတွင်မဟုတ်ဘဲ မှားယွင်းစစ်ဆေးခဲ့လျှင် ထိုစစ်ဆေးခြင်း သည် တရားမျှတမှု အမှန်တကယ်ကင်းမဲ့ကြောင်း မပေါ်ပေါက်ဘဲ တရားခံပြသက်သေများ စစ်ဆေးရန်အဆင့်သို့ ရောက်ရှိနေသည့် ဤအမှုအား ပြင်ဦးလွင်တရားရုံးသို့ တရားစွဲဆိုရန်ညွှန်ကြားခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၁ နှင့် ညီညွတ်မှုမရှိကြောင်း၊ သမ္မာန်မှုစစ်ဆေးနည်းအရ စစ်ဆေးနေသောအမှုအား ပိတ်သိမ်းခဲ့ရသည့်အတွက် တရားခံအား အပြီးအပြတ်လွှတ်ရာရောက်ရှိသွားကြောင်း၊ ဤအမှုအား ချေဖျက်ရန်မသင့်ကြောင်း တရားရုံးချုပ် (မန္တလေး) တစ်ပါးထိုင် ဆုံးဖြတ်ချက်ကို တရားရုံးချုပ် (မန္တလေး) တစ်ပါးထိုင်ကပင် အမှုအား ချေဖျက်သည့်အမိန့် ထပ်မံချမှတ်ခြင်းသည် တရားစီရင်ရေးဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းနှင့် မြစ်ကြီးနား မြို့နယ်တရားရုံးတွင် အမှုကိုစီရင်ပိုင်ခွင့်ရှိကြောင်း ချမှတ်ထားသော တရားရုံးအဆင့်ဆင့်၏အမိန့်အား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မျှတခြင်းမရှိသောကြောင့် ဤအထူးအယူခံမှုအား လက်ခံပြီး တရားရုံးချုပ် (မန္တလေး) ၏ အမိန့်အား ပယ်ဖျက်ပေးပါရန် လျှောက်လဲသည်။

အယူခံတရားခံ၏ရှေ့နေက တရားရုံးချုပ် (မန္တလေး) က သက်သေထွက်ချက်များအပေါ် အခြေပြု၍ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာမရှိကြောင်း ချမှတ်သောအမိန့်သည် ဥပဒေအရ မှန်ကန်မျှတကြောင်း၊ တရားရုံးချုပ်သည် မိမိထံ အပ်နှင်းထားသော ပြင်ဆင်မှုအာဏာကိုကျင့်သုံး၍ မူလရုံး၊ ခရိုင်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့၏အမိန့်များကို ပယ်ဖျက်ခြင်း

သည် ဥပဒေအရမှန်ကန်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ တွင် နယ်နိမိတ်စီရင်ပိုင်ခွင့်နှင့်ပတ်သက်၍ တိကျစွာပြဋ္ဌာန်းထားပြီး မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စွဲဆိုထားသောအမှုသည် အမိန့်ချမှတ်ပြီးခြင်းမရှိသေး၍ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် စစ်ဆေးခွင့်မရှိကြောင်း ချမှတ်ခဲ့သော တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်သည် ဥပဒေအရ မှန်ကန်မှုတသောကြောင့် အထူးအယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက အမှုတွင် သက်သေထွက်ချက်များအရ အချင်းဖြစ်ပြဿနာသည် ပြင်ဦးလွင်တွင်စတင်ဖြစ်ပွားသည်ဟု တွေ့ရှိရကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ အရ ပြစ်မှုကျူးလွန်ရာ နယ်မြေအတွင်း စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက စုံစမ်းစစ်ဆေးရမည်ဖြစ်၍ ပြစ်မှုကျူးလွန်ရာနယ်မြေဒေသဖြစ်သည့် ပြင်ဦးလွင်မြို့နယ်တရားရုံးတွင်စစ်ဆေးရန် ချမှတ်သောအမိန့်သည် ဥပဒေနှင့်ညီညွတ်၍ အရေးယူလောက်သည့်ပြဿနာ ပေါ်ပေါက်မှုမရှိသောကြောင့် ဤအထူးအယူခံမှုအား ပလပ်ပေးရန် လျှောက်လဲသည်။

မူလရုံး တရားလို မောင်ဆန်ဒိတ်က မြစ်ကြီးနားမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားရာတွင် အောက်ပါအတိုင်း ဖော်ပြလျှောက်ထားခဲ့သည်-

> (၁၇-၇-၂၀၀၆) ရက်နေ့တွင် ကျွန်တော်နေအိမ်တွင် မရှိခိုက် ကျွန်တော်၏ဇနီးနှင့် ကလေးကို အတင်းအဓမ္မ ခေါ်ဆောင်သွားပါသည်။ ထိုနေ့မှစ၍ ဇနီးသည်နှင့် အဆက်အသွယ်အမျိုးမျိုးပြုလုပ်ခြင်း၊ ကြားဝင်လူကြီးများ စေ့စပ်ဖျန်ဖြေသော်လည်း ဇနီးသည်၏ဖခင်မှာ ညှိနှိုင်းမရပါ။

၂၀၀၈
မောင်ဆန်ဒိတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ထို့ကြောင့် (၃-၁၀-၂၀၀၆) ရက်နေ့တွင် ကျွန်တော်ကိုယ်တိုင် ပြင်ဦးလွင်သို့သွား၍ ဇနီးသည်ကိုခေါ်ရာ ထည့်ပေးခြင်းမရှိသည့်ပြင် ဇနီးနှင့်ကလေးကိုလည်း ပေးမတွေ့ပါ။ ဇနီးသည်မှာလည်း ကျွန်တော်နှင့်အတူ ပေါင်းသင်းနေထိုင်လိုသော်လည်း ဖခင်ဖြစ်သူမှ တားဆီးပိတ်ပင်ထား၍ ဇနီးသည်၏ ဆန္ဒမပြည့်ဝပါ။ ဇနီးသည်အား တားဆီးပိတ်ပင်ထားသူ ဦးမိုသီလား (လ်) ကို အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်သည်။

တိုင်တန်းချက်ကို အရေးယူရန် လျှောက်ထားရာတွင် တရားရုံး၏ လုပ်ပိုင်ခွင့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

ပုဒ်မ ၂၀၁ (၁) တိုင်တန်းချက်ကိုရေးသား၍ အရေးယူရန် လျှောက်ထားရာတွင် ထိုအမှုကိုအရေးယူခွင့်မရှိသည့် ရာဇဝတ်တရားသူကြီးသည် ထိုတိုင်တန်းချက်ကို ဆိုင်ရာတရားရုံးသို့ တင်သွင်းရန် ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးပြီးလျှင် တိုင်တန်းချက်ကို တိုင်တန်းသူသို့ ပြန်လည်ပေးအပ်ရမည်။

သို့ဖြစ်ရာ စစ်ဆေးအရေးယူဆောင်ရွက်ခွင့်မရှိသည့် ရာဇဝတ်တရားသူကြီးထံသို့ တိုင်တန်းချက်ကို ရေးသားလျှောက်ထားလာပါက အဆိုပါ ရာဇဝတ်တရားသူကြီးက အမှုအား အရေးယူဆောင်ရွက်ခြင်းမပြုမီ တိုင်တန်းချက်တွင် သက်ဆိုင်ရာတရားရုံးသို့ တိုင်ကြားရန် ထပ်ဆင့်လက်မှတ်ရေးထိုးပြီး တိုင်တန်းသူအား ပြန်ပေးရန်ဖြစ်သည်။

ယခုအမှုတွင် မြစ်ကြီးနားမြို့နယ်တရားရုံး အမှုစစ်တရားသူကြီးသည် တိုင်တန်းချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တိုင်တန်းသူအား စစ်ဆေးခြင်း၊ ပုဒ်မ ၂၀၂ အရ တိုင်တန်း

ချက်မှန် မမှန် ရဲအရာရှိက စုံစမ်းစစ်ဆေးအစီရင်ခံစေခြင်းတို့ ပြုလုပ်ပြီးနောက် တိုင်တန်းခံရသူ ဦးမိုသီလား (လ်) အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ အရေးယူကြောင်း အမိန့်ချမှတ်ခဲ့သည်။ သမ္မာန်မှုစစ်ဆေးနည်းအရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၂ နှင့်အညီ တရားခံအား ပြစ်မှုထင်ရှားစီရင်ခြင်းပြုထိုက် မပြုထိုက်ကို မေးမြန်းစစ်ဆေးပြီးနောက် တရားလို၊ တရားလိုပြသက်သေနှင့် တရားခံကိုပင် စစ်ဆေးပြီး၍ တရားခံပြသက်သေကိုပင် စစ်ဆေးရန် အဆင့်သို့ ရောက်ရှိနေပေသည်။

အမှုတွင် မြစ်ကြီးနားမြို့နယ်တရားရုံးက မောင်ဆန်ဒိတ်၏ တိုင်တန်းချက်အပေါ် အရေးယူဆောင်ရွက်ခြင်း၊ အမှုအားစစ်ဆေးခြင်း ပြုလုပ်ရာတွင် တရားမျှတမှုကင်းမဲ့သွားကြောင်း ပေါ်ပေါက်ခြင်း မရှိပေ။ ယင်းသို့ပေါ်ပေါက်ခဲ့ကြောင်းလည်း ဦးမိုသီလား (လ်) တို့ဘက်က တင်ပြမှုမရှိချေ။

တိုင်တန်းချက်အရ ဦးမိုသီလား (လ်) သည် ၎င်း၏သမီးဖြစ်သူ မဆန်ဂျနားကူမာရီအား မြစ်ကြီးနားမြို့သို့လာရောက်ခေါ်ယူရာတွင် မောင်ဆန်ဒိတ်မရှိခိုက် မောင်ဆန်ဒိတ်သဘောမတူဘဲ ခေါ်ဆောင်သွားခဲ့သည်ဟု တွေ့ရသည်။

အိမ်ထောင်သည်ဇနီး/ခင်ပွန်းတို့သည် မိမိတို့ဇနီး/ခင်ပွန်း၏ သဘောတူခွင့်ပြုချက်မရှိလျှင် မည်သည့်နေရာ/မည်သူ့ထံသို့မျှ သွားလာနေထိုင်ခွင့်မရှိသည်မှာ သဘာဝကျပြီး မျှတသောအိမ်ထောင်သည်ဇနီး/ခင်ပွန်းတို့၏ ကျင့်ဝတ်စည်းကမ်းပင်ဖြစ်သည်။

သို့ဖြစ်ရာ မောင်ဆန်ဒိတ်သဘောမတူဘဲ မောင်ဆန်ဒိတ်မရှိခိုက် ဦးမိုသီလား (လ်) က မဆန်ဂျနားကူမာရီနှင့် သားငယ်အား မြစ်ကြီးနားမှ ပြင်ဦးလွင်သို့ခေါ်ဆောင်ပြီး အဆက်အသွယ်ပြုလုပ်ခွင့် မပြုခြင်း၊ လင်မယားတစ်ဦးနှင့်တစ်ဦး တွေ့ခွင့်မပြုခြင်းတို့သည်

မတရားတားဆီးချုပ်နှောင်နိုင်ရေးအတွက် မြစ်ကြီးနားမြို့မှ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း ညွှန်ပြနေပေသည်။

တရားရုံးချုပ်က ဤအမှုကို စီရင်ခွင့်အာဏာရှိသော တရားရုံးသို့ သွားရောက်တိုင်ကြားစေသင့်သည်ဟု ထင်မြင်ပါက တရားရုံးချုပ်သည် တိုင်တန်းသူအား သက်ဆိုင်ရာ စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးသို့သွားရောက်တိုင်ကြားစေရန် ညွှန်ကြား သည့်အမိန့်ကို ချမှတ်ရန်သာရှိပေသည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အောက်ပါအတိုင်း အမိန့် ချမှတ်သည်-

> တရားလို ဦးဆန်ဒိတ် စွဲဆိုသောအမှုအား စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးတွင် စွဲဆိုစေရန်အတွက် တရားလို အားညွှန်ကြားရန် မူလမြစ်ကြီးနားမြို့နယ်တရားရုံးအား ညွှန်ကြားလိုက်သည်။

ဤအမိန့်သည် အမှုအားပိတ်သိမ်းခြင်းမဟုတ်သကဲ့သို့ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်သည့်အမိန့် မဟုတ်ပေ။ ထို့အတူ အမှုအား ချေဖျက်သည့်အမိန့်လည်း မဟုတ်ပေ။ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးသို့ သွားရောက်တိုင်တန်းရန် မြစ်ကြီးနား မြို့နယ်တရားရုံးက တိုင်တန်းချက်အပေါ်တွင် ထပ်ဆင့်ရေးသား လက်မှတ်ရေးထိုးပြီး တိုင်တန်းသူ မောင်ဆန်ဒိတ်အား ၎င်း၏ တိုင်လျှောက်လွှာကို ပြန်ပေးရန်ဖြစ်သည်။ မောင်ဆန်ဒိတ်သည် တိုင်တန်းချက်ကို ပြန်လည်ရယူပြီး ပြင်ဦးလွင်မြို့နယ်တရားရုံးသို့ တိုင်လျှောက်ရန် ဖြစ်သည်။ သို့ဖြစ်၍ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် မောင်ဆန်ဒိတ် တိုင်တန်းခဲ့သောအမှုသည် မောင်ဆန်ဒိတ်က ပြင်ဦးလွင်မြို့နယ်တရားရုံးသို့ တိုင်လျှောက်သည့်အခါ ပြင်ဦးလွင်

မြို့နယ်တရားရုံး၏ အမှုအဖြစ် ဆက်လက်အရေးယူ ဆောင်ရွက်သွားရန်သာရှိပေသည်။

သို့သော် မူလမြစ်ကြီးနားမြို့နယ်တရားရုံးက ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မောင်ဆန်ဒိတ် တိုင်တန်းချက်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ စစ်ဆေးဆောင်ရွက်ခဲ့ပြီး တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ အရ အရေးယူစစ်ဆေးခဲ့ရာ တရားခံပြသက်သေအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ စွဲဆိုသည့်အမှုသည်လည်း သမ္မာန်မှုဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၁ (၁) အရ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတွင် စွဲဆိုရန်အတွက် မူလတရားရုံးက ညွှန်ကြားရန်မှာလည်း တရားစီရင်ရေးလုပ်ငန်းအဆင့်များစွာ ကျော်လွန်ခဲ့ပြီဖြစ်သည်။

မြစ်ကြီးနားမြို့နယ်တရားရုံးက အမှုအား စစ်ဆေးရာတွင် တရားမျှတမှု အမှန်တကယ်ကင်းမဲ့ကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိပေ။

ဤအခြေအနေတွင် တရားရုံးချုပ် (မန္တလေး) က တရားလို မောင်ဆန်ဒိတ် စွဲဆိုသောအမှုအား စီရင်ပိုင်ခွင့်ရှိသော ပြင်ဦးလွင်မြို့နယ်တရားရုံးတွင်စွဲဆိုစေရန် တရားလိုအားညွှန်ကြားရန် မူလမြစ်ကြီးနားမြို့နယ်တရားရုံးအား ညွှန်ကြားသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်သည် တရားမျှတမှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်ရာ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် အမှုကို စီရင်ပိုင်ခွင့်ရှိကြောင်း ချမှတ်ထားသည့် မြစ်ကြီးနားမြို့နယ်တရားရုံး၊ မြစ်ကြီးနားခရိုင်တရားရုံးနှင့် ကချင်ပြည်နယ်တရားရုံးတို့၏အမိန့်များအား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မျှတခြင်းရှိသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ တရားရုံးချုပ် (မန္တလေး) ၏ အမိန့်ကိုပယ်ဖျက်လိုက်သည်။

+ ၂၀၀၈
ဒီဇင်ဘာလ
၃ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးဟန်ရှိန်တို့၏ရှေ့တွင်**

**ဇော်ကိုကို**

**နှင့်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇- အမှုမှအပြီးအပြတ် လွှတ်ခဲ့သော တရားခံထံမှ သိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မျှတမှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးက သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ချမှတ်သောအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်သောအမိန့်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က) အရ ချမှတ်သောအမိန့်မဟုတ်

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၉။
+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၉(ခ) တွင် ချမှတ်သော ၂၄-၁၀-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

သကဲ့သို့ တရားခံပြေးမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ ချမှတ်သည့်အမိန့်မျိုးလည်း မဟုတ်ပေ။

သက်သေခံဆိုင်ကယ်အား ဇော်ကိုကိုမှ ရှာဖွေပုံစံ သက်သေခံ (ဂ) ဖြင့် ပေးအပ်ထားသည်။ သက်သေခံဆိုင်ကယ်သည် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသော ပစ္စည်းဖြစ်သည်ဟု မပေါ်ပေါက်ပေ။ သက်သေခံဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် ပစ္စည်းဖြစ်သည်ဟုလည်း မယူဆနိုင်ပေ။ တရားခံ ဇော်ကိုကိုအား တရားရုံးချုပ်က အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးလည်း ဖြစ်သည်။

တရားခံအား ပြစ်မှုကျူးလွန်ခြင်းမရှိသဖြင့် အမှုမှအပြီး အပြတ်လွှတ်သည့် အမှုတွင် သက်သေခံပစ္စည်းအား ပစ္စည်းပေးအပ်သူ တရားခံသို့ ပြန်ပေးရန်သာဖြစ်ပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးဝင်းမြင့် |
| | | တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သင်းသင်းမြ |
| | | ညွှန်ကြားရေးမှူး |
| | | ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးအောင်သန်း |
| | | တရားရုံးချုပ်ရှေ့နေ |

အမရပူရမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆၂/၂၀၀၆ တွင် တရားခံ ဇော်ကိုကိုအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ

၂၀၀၈
ဇော်ကိုကို
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

၃၆၆ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်ကျခံစေရန် ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန်နှင့် သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဇော်ကိုကိုကမကျေနပ်၍ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၇/၂၀၀၇ ကိုလည်းကောင်း၊ ခင်စန္ဒာပြည့်က အမရပူရမြို့နယ်တရားရုံး၏ အမိန့်ကိုမကျေနပ်၍ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀၂/၂၀၀၇ ကိုလည်းကောင်း အသီးသီးတင်သွင်းခဲ့ရာ ပလပ်ခဲ့သည်။ ဇော်ကိုကိုက မန္တလေးတိုင်းတရားရုံး၏ အမိန့်ကိုမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၉ (ခ)/၂၀၀၇ ကို တင်သွင်းရာ ဇော်ကိုကိုအား အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီး ဇော်ကိုကို၏ သက်သေခံဆိုင်ကယ်နှင့်စပ်လျဉ်း၍ အောက်ရုံးများကချမှတ်သောအမိန့်အပေါ် ဝင်ရောက်စွက်ဖက်ရန် စောလွန်းနေသေးကြောင်း အမိန့်ချမှတ်ခဲ့သည်။ ဇော်ကိုကိုက သက်သေခံဆိုင်ကယ်နှင့်စပ်လျဉ်းသည့် အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၂၅/၂၀၀၈ ကို လျှောက်ထားရာ အောက်ပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်-

> " တရားခံ ဇော်ကိုကိုအား အမှုမှအပြီးအပြတ်လွှတ်ခဲ့သော်လည်း ၄င်းထံမှသိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်မှုတခြင်းရှိ မရှိ။"

အမှုမှာ ၁၄-၂-၂၀၀၆ ရက်နေ့ ၁၂း၀၀ နာရီခန့်က ခင်စန္ဒာပြည့်သည် ရတနာပုံတက္ကသိုလ်ကျောင်း စာသင်ခန်းမှ

၂၀၀၈
ဇော်ကိုကို
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ထွက်လာရာ လမ်းမပေါ်အရောက်တွင် မျိုးမျိုးနှင့် ဇော်ကိုကိုတို့သည် ဆိုင်ကယ်နှင့်ရောက်ရှိလာပြီး ကျူရှင်ဆရာမနှင့် မိတ်ဆက်ပေးမည်ဟု ပြောဆိုကာ သိပ္ပံလမ်းရှိ အိမ်တစ်အိမ်သို့ခေါ်ဆောင်သွားပြီး ဇော်ကိုကိုသည် ခင်စန္ဒာပြည့်နှင့် မျိုးမျိုးကိုထားခဲ့ကာ ဆိုင်ကယ်ဖြင့် ပြန်သွားကြောင်း၊ မျိုးမျိုးသည် ခင်စန္ဒာပြည့်အား အခန်းထဲသို့ခေါ် ဆောင်ပြီး သားမယားအဖြစ်ပြုကျင့်ခဲ့သောကြောင့် အတင်းအဓမ္မ ခိုးယူပေါင်းသင်းသူ မျိုးမျိုးနှင့် ခိုးယူရန်အားပေးသူ ဇော်ကိုကိုတို့အား အရေးယူပေးပါရန် ခင်စန္ဒာပြည့်က အမရပူရရဲစခန်းတွင် တိုင်ကြား ရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အယူခံတရားလို ဇော်ကိုကို သည် ပြစ်မှုထင်ရှားခြင်းမရှိသဖြင့် စွပ်စွဲထားသည့်အမှုမှ အပြီးအပြတ် လွတ်ခံရသူဖြစ်ခြင်း၊ သက်သေခံပစ္စည်းဆိုင်ကယ်သည် ဇော်ကိုကို အမည်ပေါက်ပိုင်ဆိုင်ပြီး ဇော်ကိုကိုထံမှပင် သိမ်းဆည်းခဲ့ခြင်း၊ ယင်း ဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောဆိုင်ကယ်ဟု မှတ်ယူ၍မရခြင်း၊ သက်သေခံဆိုင်ကယ်နှင့်ပတ်သက်၍ အဓိက တရားခံပြေး မျိုးမျိုးနှင့်သော်လည်းကောင်း၊ အခြားတစ်စုံတစ်ဦးနှင့် သော်လည်းကောင်း ဆက်နွယ်ပတ်သက်မှု၊ ပိုင်ဆိုင်မှုအငြင်းပွားစရာ မရှိခြင်းတို့ကြောင့် ပိုင်ရှင်ဖြစ်သူ အယူခံတရားလို ဇော်ကိုကိုထံသို့ ပြန်ပေးရမည်ဖြစ်ကြောင်းနှင့် သက်သေခံဆိုင်ကယ်အား ဘဏ္ဍာ အဖြစ်သိမ်းဆည်းထားသည့် တရားရုံးအဆင့်ဆင့်၏ အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားလို ဇော်ကိုကိုသို့ သက်သေခံဆိုင်ကယ် အား ပေးအပ်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲသည်။

အမှတ် (၂) အယူခံတရားခံ၏ရှေ့နေက အမှုတွင် အဓိက တရားခံ မျိုးမျိုးသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဤအမှုနှင့် ဆက်စပ်သောအမှုသည် မပြီးမပြတ်ဘဲရှိနေသေးကြောင်း၊ ယခုအမှု

တွင် အဓိကတရားခံ မျိုးမျိုးသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် သက်သေခံဆိုင်ကယ်နှင့်ပတ်သက်၍ အောက်ရုံးကချမှတ်သည့်အမိန့် အပေါ် ဝင်ရောက်စွက်ဖက်ရန် စောလွန်းနေသေးကြောင်း တရားရုံး ချုပ် (မန္တလေးရုံးထိုင်) က သုံးသပ်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၇ နှင့် ပုဒ်မ ၅၂၀ တို့နှင့် ညီညွတ်သည့်အတွက် အထူးအယူခံခုံရုံးဖြင့် ကြားနာလောက်သည့် ဥပဒေဆိုင်ရာပြဿနာ ပေါ်ပေါက်ခြင်းမရှိ၍ ဤအယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲ သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး မှ ညွှန်ကြားရေးမှူးက အမှုတွင် အယူခံတရားလို ဇော်ကိုကိုအား အမှုမှအပြီးအပြတ်လွှတ်ပြီးဖြစ်သော်လည်း အချင်းဖြစ်နေ့က ခင်စန္ဒာပြည့်အား တရားခံပြေး မျိုးမျိုးမှ ဖြားယောင်းသွေးဆောင် လိမ်လည်ပြီး ခေါ်ယူရာတွင် အသုံးပြုခဲ့သည့်ဆိုင်ကယ်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းဖြစ်သည်ဟု ပေါ်လွင်ကြောင်း၊ တရားခံပြေး မျိုးမျိုးနှင့်စပ်လျဉ်း၍ အမှုမှာမပြီးပြတ်သေးသဖြင့် ဇော်ကိုကိုအား အမှုမှအပြီးအပြတ်လွှတ်ခဲ့သော်လည်း ၎င်းထံမှသိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား ပြန်လည်ပေးအပ်ခြင်းမပြုဘဲ သက်သေခံ ဆိုင်ကယ်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် စောလွန်းနေသေးကြောင်း၊ ချမှတ်သည့် တရားရုံးချုပ်၏အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၆ (က) အရ ချမှတ်သည့်အမိန့်ဖြစ်ပြီး ဥပဒေနှင့်မညီညွတ် ဟု မဆိုနိုင်သောကြောင့် အယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲ သည်။

အမှုတွဲပေါ်ပေါက်ချက်အရ မျိုးမျိုးက ခင်စန္ဒာပြည့်အား အခန်းထဲသို့ခေါ်ဆောင်ပြီး သားမယားအဖြစ်ပြုကျင့်ကြောင်း၊ မျိုးမျိုး

၂၀၀၈
ဇော်ကိုကို
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

က ခင်စန္ဒာပြည့်အား အတင်းအဓမ္မခိုးယူပေါင်းသင်းရာတွင် ဇော်ကိုကိုက ခိုးယူရန်အားပေးကြောင်း စွပ်စွဲသည့်အမှုတွင် တရားခံ မျိုးမျိုးသည် ထွက်ပြေးတိမ်းရှောင်နေ၍ တရားခံပြေးမှုဖွင့်လှစ်ခဲ့ပြီး တရားခံ ဇော်ကိုကိုအား မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆ နှင့် ၃၇၆/၁၁၄ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ သက်သေခံမော်တော်ဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပြီး ယင်းအမိန့်အား မန္တလေးတိုင်းတရားရုံးက ဆက်လက်အတည်ပြုခဲ့သည်ဟု တွေ့ရှိရသည်။

သို့သော် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၉ (ခ)/၂၀၀၇ တွင် "ဇော်ကိုကိုသည် မျိုးမျိုးနှင့် ခင်စန္ဒာပြည့်တို့အား မျိုးမျိုးတို့အဆောင်သို့ပို့ပေးခဲ့ကြောင်း၊ မျိုးမျိုးက ခင်စန္ဒာပြည့်အား အဆောင်သို့ပြန်ပို့ရန် ဇော်ကိုကို၏ဆိုင်ကယ်ကိုယူ၍ စီးသွားကြောင်း၊ မျိုးမျိုးက ဆိုင်ကယ်လာယူရန် တာကိုကိုထံဖုန်းဖြင့် အကြောင်းကြား၍ တာကိုကိုနှင့် အောင်သူရကျော်တို့သည် ဇော်ဂျီအင်းတည်းခိုခန်းသို့ သွားရောက်ဆိုင်ကယ်ယူပြီး ထိုနေ့ည ၈း၀၀ နာရီတွင် ဇော်ကိုကိုထံသို့ ဆိုင်ကယ်ကိုပြန်ပေးကြောင်း၊ ဇော်ကိုကိုနှင့်ပတ်သက်၍ တရားလိုဘက်က တင်ပြသော သက်သေခံချက်များ ခိုင်မာမှုမရှိကြောင်း သုံးသပ်ပြီး မူလတရားရုံး နှင့် တိုင်းတရားရုံးတို့က ဇော်ကိုကိုအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ပြီး အမှုမှအပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ သက်သေခံဆိုင်ကယ်သည် မျိုးမျိုးနှင့် ခင်စန္ဒာပြည့်တို့ ဇော်ဂျီအင်းတည်းခိုခန်းသို့ သွားရောက်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်ဖြစ်ကြောင်း ပေါ်ပေါက်သည့်တိုင် ဇော်ကိုကိုသည် မျိုးမျိုးမှ အကူအညီတောင်းသဖြင့် ၎င်း၏ဆိုင်ကယ်အား မျိုးမျိုးကို ငှားရမ်းရခြင်းဖြစ်သည်။ ဇော်ကိုကိုသည် ဆိုင်ကယ်ဖြင့် မျိုးမျိုးတို့အား လိုက်ပို့

၂၀၀၈
ဇော်ကိုကို
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ခြင်းသည် ပြစ်မှုကျူးလွန်ရန်အတွက် လိုက်ပါပို့ဆောင်ခြင်း မဟုတ်ပေ။ သို့ဖြစ်၍ သက်သေခံဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် ပစ္စည်းဖြစ်သည်ဟု မယူဆနိုင်ပေ။

မူလရုံးက သက်သေခံဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သောအမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ ချမှတ်သောအမိန့်ဖြစ်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က) အရ ချမှတ်သောအမိန့်မဟုတ်သကဲ့သို့ တရားခံပြေးမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ ချမှတ်သည့် အမိန့်မျိုးလည်း မဟုတ်ပေ။

သက်သေခံဆိုင်ကယ်အား ဇော်ကိုကိုမှ ရှာဖွေပုံစံသက်သေခံ (ဂ) ဖြင့် ပေးအပ်ထားသည်။ သက်သေခံဆိုင်ကယ်သည် ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသောပစ္စည်းဖြစ်သည်ဟု မပေါ်ပေါက်ပေ။ သက်သေခံဆိုင်ကယ်သည် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် ပစ္စည်းဖြစ်သည်ဟုလည်း မယူဆနိုင်ပေ။ တရားခံ ဇော်ကိုကိုအား တရားရုံးချုပ်က အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးလည်းဖြစ်သည်။

တရားခံအား ပြစ်မှုကျူးလွန်ခြင်းမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်သည့်အမှုတွင် သက်သေခံပစ္စည်းအား ပစ္စည်းပေးအပ်သူ တရားခံသို့ ပြန်ပေးရန်သာဖြစ်ပေသည်။

"အမှုမှအပြီးအပြတ်လွှတ်ခြင်းခံရသူထံမှ သက်သေခံပစ္စည်းကို သိမ်းဆည်းခဲ့သဖြင့် ၎င်းသည် သက်သေခံပစ္စည်းကို လက်ဝယ်ရထိုက်သူဖြစ်သည့်အားလျော်စွာ ၎င်းလက်ဝယ်သို့ ပေးအပ်ရမည်ဖြစ်ကြောင်း" **စောရွှေညွန့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဦးမြိုင်) အမှု**[၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

**(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၃၂၅**

၂၀၀၈
ဇော်ကိုကို
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဤအခြေအနေတွင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က တရားခံ ဇော်ကိုကိုအား အမှုမှအပြီးအပြတ်လွှတ်ခဲ့သော်လည်း ၎င်းထံမှ သိမ်းဆည်းထားသည့် သက်သေခံဆိုင်ကယ်အား အပ်ပေးသူ ဇော်ကိုကိုထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကို ဆက်လက်အတည်ပြုခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်းမရှိပေ။

ထို့ကြောင့် ဤအယူခံအားခွင့်ပြုသည်။ သက်သေခံဆိုင်ကယ်အား ဇော်ကိုကိုသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
ဩဂုတ်လ
၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့်
ဦးတင်အေးတို့၏ရှေ့တွင်**

**ဦးဇော်ညီညီထွန်း
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ***

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃- ပြစ်မှုဆိုင်ရာ အထွေထွေမှု (တရားခံပြေးမှု) တွင် သက်သေခံ ပစ္စည်းနှင့်စပ်လျဉ်း၍ အပြီးသတ်စီမံခန့်ခွဲသည့် အမိန့် ချမှတ်ထားခြင်းသည် မှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်သောအမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့်မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရားရုံးက သင့်သည်ထင်မြင်သည့်အမိန့် ချခွင့်ရှိသည်။

---

*** ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၅။**

**+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈၀ (ခ) တွင် ချမှတ်သော ၈-၁၀-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး ရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

**ထပ်မံဆုံးဖြတ်ချက်**။ ။ သို့ဖြစ်၍ မူလမှုသည် ပြစ်မှုဆိုင်ရာ အထွေထွေမှု (တရားခံပြေးမှု) ဖြစ်၍ တရားခံများအပေါ် အမှု စစ်ဆေးစီရင်မှုမပြုရသေးခြင်း၊ ယာဉ်အမှတ်၊ ၄က/၈၃၉၅ သည် သစ်သယ်ရာတွင် ပါဝင်ပတ်သက်နေကြောင်း သက်သေမကင်းဖွယ်ရာ ညွှန်ပြနေသည့်အချက်များရှိနေခြင်း၊ ယာဉ်မောင်း ကိုကိုလှိုင်က အချင်းဖြစ်ကားကို သကြ်န်ရက်အတွင်း ခြံစောင့်အားခွင့်တောင်း၍ ခေတ္တလာထားကြောင်း ထွက်ချက်သည် ယုတ္တိမတန်ခြင်း၊ အယူခံ တရားလိုသည် အချင်းဖြစ်ကားကို ဝယ်ယူပိုင်ဆိုင်သူဖြစ်ကြောင်း တင်ပြချက်သည် သံသယဖြစ်ဖွယ်ရာရှိခြင်းတို့ကြောင့် သက်သေခံ ယာဉ်အမှတ်၊ ၄က/၈၃၉၅ နှင့်စပ်လျဉ်း၍ အပြီးအပြတ်စီမံခန့်ခွဲ ခြင်းပြုရန်မသင့်ဟု သဘောရရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးကျော်မြိုင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

စဉ့်ကူးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၃၇/၂၀၀၆ တွင် တရားခံ ရဲထွန်း၊ ကျော်ဆန်း၊ အပ်ချန်၊ အပ်တီနှင့် ရှောက်လီတို့အား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က)၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုစစ်ဆေးခဲ့ပြီး ၄င်းတို့အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရ ဝရမ်း ထုတ်ဆင့်၍ ကျွန်းခွဲသားများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း

စေရန်နှင့် သက်သေခံကား (၁၀) ဘီးယာဉ်အမှတ်၊ ၄က/၈၃၉၅ နှင့် (၁၂) ဘီးယာဉ်အမှတ်၊ ၆ခ/၆၁၀၉ ယာဉ် (၂) စီးအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ သက်သေခံကားအမှတ်၊ ၄က/၈၃၉၅ အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်အပေါ် ဦးဇော်ညီညီထွန်းက မကျေနပ်၍ ပြင်ဦးလွင်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၀/၂၀၀၇၊ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၈/၂၀၀၇၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈၀ (ခ)/၂၀၀၇ တို့ဖြင့် ပြင်ဆင်မှုအသီးသီး ဝင်ရောက်ရာ ပလပ်ခြင်းခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၅၇/၂၀၀၈ ကိုတင်သွင်းခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်-

"(၁) တရားရုံးချုပ် (မန္တလေးရုံးထိုင်) က အချင်းဖြစ် ၄က/၈၃၉၅ မော်တော်ယာဉ်ပေါ်တွင် ကျွန်းခွဲသားများ တင်ဆောင်ထားခြင်းမရှိပါဘဲလျက် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် သစ်တောဥပဒေပုဒ်မ ၄၇ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းရှိ မရှိ၊

(၂) တရားခံပြေးမှုဖြစ်သော ပြစ်မှုဆိုင်ရာအထွေထွေမှုတွင် သက်သေခံပစ္စည်း မော်တော်ယာဉ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့်အညီ ပစ္စည်းသိမ်းဆည်းခြင်းခံရသူဖြစ်သော လျှောက်ထားသူ ဦးဇော်ညီညီထွန်းအား ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် တရားရုံးချုပ်

(မန္တလေးရုံးထိုင်) က ချမှတ်ခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ။"

အမှုမှာ သစ်တောဦးစီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးခင်မောင်ရီ ဦးဆောင်သော စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သောအဖွဲ့သည် လက်ပံလှရဲစခန်းမှူး၊ လက်ပံလှ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌတို့နှင့် အတူ ၁၁-၄-၂၀၀၆ ရက်နေ့ ၂ နာရီအချိန်ခန့်က ပင်လယ်ကြီးဘီနယ် အတွင်း မန္တလေး-မိုးကုတ်ကားလမ်း အနောက်ဘက် ဦးရဲထွန်းခြံဝင်း အတွင်းမှ ၁၀ ဘီးယာဉ်အမှတ်၊ ၄က/၈၃၉၅ နှင့် ဦးသန်းဌေးခြံဝင်း အတွင်းမှ တရားမဝင်ကျွန်းခွဲသား (၃၈၁) ချောင်း၊ (၂၃. ၇၆၆၂) တန်၊ ၁၂ ဘီးယာဉ်အမှတ်၊ ၆ခ/၆၁၀၉ ပေါ်မှ ကျွန်းခွဲသား (၂၁၃) ချောင်း၊ (၁၃. ၁၇၅၆) တန် ဖမ်းဆီးရမိသဖြင့် ပိုင်ရှင်ဦးရဲထွန်းအား အရေးယူပေးရန် စဉ့်ကူးမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစောလုက အမှုဖွင့်တိုင်ကြားရာ ဦးရဲထွန်း၊ ကျော်ဆန်း၊ အပ်ချုန်၊ အပ်တီ၊ ရှောက်လီတို့အပေါ် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က)၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲဆို တင်ပို့သောအမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက တရားလိုပြသက်သေများ၏ ထွက်ချက်အရ အချင်းဖြစ်သည့် ၁၁-၄-၂၀၀၆ ရက်နေ့ည ၈ နာရီ ခန့်က မန္တလေးတိုင်းမှ သစ်တောအထူးအရာရှိ ဗိုလ်မှူးခင်မောင်ရီ ဦးဆောင်သည့်အဖွဲ့သည် စဉ့်ကူးမြို့နယ်၊ ရွာတော်လေးကျေးရွာရှိ ဦးရဲထွန်း၏ခြံသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ခြံအတွင်း၌ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်တစ်စီး ရပ်ထားသည်ကိုတွေ့ရပြီး ယာဉ် ပေါ်၌ မည်သည့်ပစ္စည်းမျှတင်ဆောင်ထားသည်ကို မတွေ့ရကြောင်း၊ ခြံအတွင်းမှ စပါးခွံအိတ်များတွေ့ရကြောင်း၊ ယင်းခြံမှပြန်လည်

ထွက်ခွာလာရာ ဦးရဲထွန်း၏ခြံနှင့် တစ်မိုင်ခန့်ဝေးသည့် ဦးသန်းဌေး၏ ခြံအနီးအရောက်တွင် သစ်ချသည့်အသံများကြား၍ ဝင်ရောက်စစ်ဆေးရာ ခြံအတွင်းတွင် တရားမဝင်ကျွန်းသစ်ခွဲသား (၃၈၁) ချောင်း စုပုံထားသည်ကိုလည်းကောင်း၊ ခြံအတွင်းတွင် ရပ်ထားသည့် ၆ခ/၆၁၀၉ (၁၂) ဘီးယာဉ်ပေါ်မှ ကျွန်းသစ်ခွဲသား (၂၁၃) ချောင်း တင်ထားသည်ကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ ကိုကိုလှိုင် (လိုပြ-၈) ၏ ထွက်ချက်အရ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်သည် သင်္ကြန်နားရက်ဖြစ်၍ ဦးရဲထွန်း၏ ခြံစောင့်ဖြစ်သူ ကျော်ဆန်းလင်း (လိုပြ-၃) ထံ ခွင့်ပန်၍ ယင်းခြံတွင် ထားရှိရာမှ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်သည် ဥပဒေနှင့်မလွတ်ကင်းသော လုပ်ရပ်တစ်စုံတစ်ရာ လုပ်ဆောင်ထားကြောင်း မတွေ့ရှိရကြောင်း၊ အချင်းဖြစ်ယာဉ်သည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်မဟုတ်ကြောင်း၊ ကျော်ဆန်းလင်း (လိုပြ-၃) နှင့် ဝင်းခိုင်တို့၏ သစ်တောအရာရှိ ရှေ့ထွက်ချက် (သက်သေခံ-ဂ နှင့် ဃ) များအရ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်ဖြင့် တရားမဝင်ကျွန်းသစ်များ မကြာခဏသယ်ယူသည်ဟုဆိုသော်လည်း ယင်းထွက်ချက်အား ထောက်ခံသည့် အထောက်အထား မရှိကြောင်း၊ စပါးခွံအိတ်များသည် သစ်သယ်ယူသည့်အခါ အပေါ်မှဖုံးအုပ်ရန် ဖြစ်သည်ဆိုသည့် စွပ်စွဲချက်အား ထည့်သွင်းစဉ်းစားလျှင်ပင် ယင်းအဆင့်သည် ပြင်ဆင်သည့်အဆင့်သာရှိကြောင်း၊ သစ်တောဥပဒေ ပုဒ်မ ၄၇ (ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရန် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်ဖြစ်ရန် လိုအပ်သောကြောင့် သစ်သယ်ယူရန် ပြင်ဆင်သည့်အဆင့်သာရှိသည့် အခြေအနေတွင် ၄က/၈၃၉၅ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် သစ်တောဥပဒေပုဒ်မ ၄၇ (ခ) နှင့် ညီညွတ်မှုမရှိကြောင်း

လျှောက်လဲသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ်တရားရုံးတွင် စွဲဆိုမှုသည် ပြစ်မှုဆိုင်ရာအထွေထွေမှုဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ သက်သေခံပစ္စည်းအား စီမံခန့်ခွဲသည့်အမိန့်မချမှတ်နိုင်ဘဲ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရသာ အမိန့်ချမှတ်နိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ ပိုင်ဆိုင်ခွင့်ရှိသူကိုသိရလျှင် ထိုသူအား ပစ္စည်းကို ပြန်ပေးရန်ဖြစ်ကြောင်း၊ ယခုအမှုတွင် လျှောက်ထားသူ ဦးဇော်ညီညီထွန်းသည် ၄က/၈၃၉၅ အားပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသဖြင့် ဦးဇော်ညီညီထွန်းသို့ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသောကြောင့် တရားရုံးအဆင့်ဆင့်က သက်သေခံ ၄က/၈၃၉၅ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားလို ဦးဇော်ညီညီထွန်းသို့ ပြန်လည်ပေးအပ်သည့်အမိန့်ကို ချမှတ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ဉာဏ်ကြားရေးမှူးက တရားလိုပြသက်သေထွက်ချက်များအရ ဦးသန်းဌေးခြံအတွင်းမှ ကျွန်းသစ်တင်ထားသည့် ယာဉ်အမှတ်၊ ၆ခ/၆၁၀၉ နှင့် ကျွန်းသစ်ခွဲသား (၃၆. ၉၄၀) တန်ကိုလည်းကောင်း၊ ဦးရဲထွန်းခြံဝင်းမှ ယာဉ်အမှတ်၊ ၄က/၈၃၉၅ ကိုလည်းကောင်း သိမ်းဆည်းရမိပြီး သစ်ပိုင်ရှင်သည် ဦးရဲထွန်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးသန်းဌေး၏ခြံစောင့်ဖြစ်သူ ဝင်းနိုင်နှင့် ဦးရဲထွန်း၏ခြံစောင့်ဖြစ်သူ ကျော်ဆန်းလင်းတို့၏ သစ်တောအရာရှိထံထွက်ဆိုချက်အရ ဦးသန်းဌေး ထောင်မကျမီက ၎င်း၏ခြံကို ဦးရဲထွန်းထံ အပ်ပေးခဲ့ကြောင်း၊ ဦးရဲထွန်းသည် ဦးသန်းဌေး၏ခြံတွင် ၉-၄-၂၀၀၆

ရက်နေ့နှင့် ၁၁-၄-၂၀၀၆ ရက်နေ့ညများတွင် ယာဉ်အမှတ်၊ ၆ခ/၆၁၀၉ ဖြင့် ကျွန်းသစ်များလာချခဲ့ကြောင်း၊ ၄က/၈၃၉၅ ဖြင့် တရားမဝင်ကျွန်းသစ်များ မကြာခဏသယ်ယူဘူးကြောင်း၊ သယ်ယူသည့် သစ်များပေါ်တွင် စပါးခွံအိတ်များဖုံး၍ သယ်ယူဘူးကြောင်း၊ ဦးရဲထွန်း သည် ၉-၄-၂၀၀၆ ရက်နေ့က သစ်ကိုဖုံးထားရန် စပါးခွံအိတ်များ လာထားကြောင်းပေါ်ပေါက်၍ တရားခံ ဦးရဲထွန်းသည် ၄င်းစောင့် ရှောက်ရသည့် ဦးသန်းဌေးခြံသို့ အချင်းဖြစ်ကျွန်းသစ်ခွဲသားများကို လာရောက်ထားရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ ဦးရဲထွန်းခြံဝင်း အတွင်းမှ တွေ့ရှိသိမ်းဆည်းရမိသည့် စပါးခွံအိတ်များမှာလည်း ကျွန်းသစ် သယ်ယူရာတွင် သစ်များအပေါ်မှဖုံးရန်ဖြစ်ကြောင်း ပေါ်ပေါက်ပြီး ဦးရဲထွန်းခြံအတွင်းရပ်ထားသည့် ၄က/၈၃၉၅ သည် ကျွန်းသစ်များ သယ်ဆောင်ရန် ရောက်ရှိရပ်ထားခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်သေခံ တရားမဝင်ကျွန်းသစ် များနှင့်အတူ သိမ်းဆည်းရမိသည့်ယာဉ်များသည် ပြစ်မှုကျူးလွန် ရာတွင် အသုံးပြုသည့်ယာဉ်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ အယူခံတရားလို ဦးဇော်ညီညီထွန်းသည် ဦးရဲထွန်းထံမှ ၄က/၈၃၉၅ မော်တော်ယာဉ်ကို ဝယ်ယူထားကြောင်း၊ အရောင်းအဝယ်စာချုပ်ကို တင်ပြသော်လည်း ယာဉ်ပိုင်ရှင်စာအုပ်တွင် ဦးရဲထွန်း၏အမည်ကိုသာ ဖော်ပြထားပြီး အယူခံ တရားလို ဦးဇော်ညီညီထွန်းသည် ကား၏ ဝိုးတက်၊ ဆီစာအုပ်၊ ပရီမီယံ ကြေးနှင့် အခွန်ပြေစာတို့ကို တင်ပြခြင်း မရှိ၍ ဦးရဲထွန်းထံမှ ဦးဇော်ညီညီထွန်းက ဝယ်ယူသည်ဆိုခြင်းမှာ သံသယဖြစ်ဖွယ်ရာရှိကြောင်း၊ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ အချင်းဖြစ်ကားကို ဦးဇော်ညီညီထွန်း သို့ ပြန်မပေးဘဲ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းသည့်အမိန့်သည် ဥပဒေနှင့်ညီညွတ်၍ အထူးအယူခံမှုအား ပလပ်ရန်လျှောက်လဲသည်။

အမှုတွင် တရားလို ဦးစောလု (လိုပြ-၁)၊ ဒုရဲအုပ်လှိုင်ဦး (လိုပြ-၂)၊ ရဲအရာခံခင်မောင်ဦး (လိုပြ-၃)၊ ဒုတပ်ကြပ် ခင်မောင်ရင် (လိုပြ-၄)၊ ဦးမောင်ရီ (လိုပြ-၅) တို့ထွက်ချက်အရ သစ်တောဦးစီးဌာန၊ အထူးအရာရှိ ဗိုလ်မှူးခင်မောင်ရီ ဦးဆောင်သည့်အဖွဲ့သည် စဥ့်ကူးမြို့နယ်၊ ပင်လယ်ကြီးဘီနယ်အတွင်း ရှောင်တခင်စစ်ဆေးရာ စဥ့်ကူးမြို့နယ်၊ ရွာတော်ကျေးရွာရှိ ဦးရဲထွန်း၏ခြံဝင်းအတွင်းမှ ၄က/၈၃၉၅ (၁၀) ဘီး ယာဉ်တစ်စီးရပ်ထားကြောင်း၊ ယာဉ်ပေါ်၌ မည်သည့်ပစ္စည်းမျှ တင်ဆောင်ထားခြင်းမရှိကြောင်း၊ ဦးရဲထွန်းခြံ အတွင်းမှ စပါးခွံအိတ် (၃၄) အိတ်တွေ့ရှိရကြောင်း၊ ဦးရဲထွန်းခြံနှင့် တစ်မိုင်ခန့်ဝေးသည့် ဦးသန်းဌေး၏ခြံအတွင်းတွင် ရပ်ထားသည့် ၆ခ/၆၁၀၉ (၁၂) ဘီးယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား (၂၁၃) ချောင်း၊ (၁၃. ၁၇၅) တန်နှင့် ခြံဝင်းအတွင်းတွင် တရားမဝင်ကျွန်း သစ်ခွဲသား (၃၈) ချောင်း၊ (၂၃. ၇၆၆) တန်တို့ တွေ့ရှိရမိကြောင်း ထင်ရှားပေါ်ပေါက်သည်။

ဦးသန်းဌေး၏ခြံစောင့်ဖြစ်သူ ဝင်းနိုင်နှင့် ဦးရဲထွန်းခြံစောင့် ဖြစ်သူ ကျော်ဆန်းလင်းတို့၏ သစ်တောအရာရှိထံ ထွက်ဆိုချက် (သက်သေခံ- ဂ နှင့် ဃ) တို့အရ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်ဖြင့် တရားမဝင်သစ်များ မကြာခဏသယ်ဘူးကြောင်း၊ ဦးရဲထွန်းခြံဝင်း အတွင်းရှိ စပါးခွံအိတ်များသည် ၉-၄-၂၀၀၆ ရက်နေ့က ခြံဝင်းအတွင်း သို့ ရောက်ရှိလာပြီး သစ်သယ်ယူသည့်အခါ အပေါ်မှဖုံးအုပ်ရာတွင် အသုံးပြုရန်ဖြစ်ကြောင်း၊ ထောင်ဒဏ်ကျခံနေရသူ ဦးသန်းဌေး၏ ခြံကို ဦးရဲထွန်းက စောင့်ရှောက်ပေးရကြောင်း၊ ဦးရဲထွန်းသည် ကျွန်းခွဲသားများကို ဦးသန်းဌေးခြံသို့ ၉-၄-၂၀၀၆ နှင့် ၁၁-၄-၂၀၀၆ ရက်နေ့များတွင် ၆ခ/၆၁၀၉ ယာဉ်ဖြင့် လာရောက်ချခဲ့ကြောင်း ပေါ်ပေါက်သည်။

သက်သေခံအထောက်အထားများအရ တရားမဝင်ကျွန်းသစ်များသည် ဦးရဲထွန်းနှင့်ပတ်သက်လျက်ရှိကြောင်း ပေါ်ပေါက်နေသောကြောင့် ဦးရဲထွန်း၏ခြံအတွင်း ရောက်ရှိနေသည့်ယာဉ်အမှတ်၊ ၄က/၈၃၉၅ (၁၀) ဘီးယာဉ်ပေါ်တွင် တရားမဝင်ကျွန်းသစ်တင်ဆောင်ထားသည်ကို မတွေ့ရှိရသော်လည်း ၄င်းယာဉ်သည် ဦးသန်းဌေးခြံအတွင်းရှိ တရားမဝင်ကျွန်းသစ်များကို သယ်ယူရန်အတွက် ဦးရဲထွန်းထံသို့ ရောက်ရှိနေခြင်းဖြစ်သည်ဟု ကောက်ယူနိုင်သည်။

ဦးရဲထွန်း၏ခြံစောင့် ကျော်ဆန်းလင်းအား ခွင့်တောင်းပြီးသင်္ကြန်ရက်အတွင်းတွင် ၄က/၈၃၉၅ ကို ထားရှိခဲ့ကြောင်း ကိုကိုလှိုင် (လိုပြ-၈) ၏ ထွက်ချက်သည် အကြောင်းယုတ္တိခိုင်မာခြင်းမရှိဘဲ သံသယဖြစ်ဖွယ်ရှိသည်။

အယူခံတရားလို ဦးဇော်ညီညီထွန်းက အချင်းဖြစ်ကား ၄က/၈၃၉၅ ကို ဦးရဲထွန်းထံမှ ဝယ်ယူကြောင်း၊ အရောင်းအဝယ်စာချုပ်တင်ပြသည်။ သို့သော် ၄က/၈၃၉၅ သည် ဒေါ်မိမိရွှေ (ခ) ရွှေမြင့်အမည်ဖြင့် မှတ်ပုံတင်ထားသည်။ ဒေါ်မိမိရွှေထံမှ ဦးရဲထွန်းကဝယ်ယူပြီး ဦးရဲထွန်းထံမှ ဦးဇော်ညီညီထွန်းက တစ်ဆင့်ဝယ်ယူကြောင်း၊ အယူခံတရားလိုဘက်မှ တင်ပြသော်လည်း အယူခံတရားလိုသည် မော်တော်ယာဉ်အမည်ပေါက်ပိုင်ရှင် မဟုတ်ခြင်း၊ တရားခံပြေးဦးရဲထွန်းထံမှ ဝယ်ယူထားခြင်းတို့ကြောင့် အချင်းဖြစ်ကားကို ဦးဇော်ညီညီထွန်း ဝယ်ယူပိုင်ဆိုင်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရာဖြစ်သည်။

ဤအမှုတွင် တရားခံ ဦးရဲထွန်း၊ ကျော်ဆန်းလင်း၊ အပ်ချန်၊ အပ်တီနှင့် ရှောက်လီတို့သည် ထွက်ပြေးတိမ်းရှောင်နေ၍ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က)၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပုဒ်မ ၅၁၂ အရ ပြစ်မှုဆိုင်ရာအထွေထွေမှုဖွင့်လှစ် ဆောင်ရွက်ခဲ့ရသည့် အမှုဖြစ်သည်။ တရားစွဲအဖွဲ့အစည်းသည် ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံ ၅ ဦးအား တရားရုံးရှေ့သို့တင်ပို့ပေးနိုင်ခြင်းမရှိ၍ သက်သေခံပစ္စည်းများကို တရားရုံးရှေ့သို့တင်ပို့သော်လည်းအမှုမှာ မပြီးမပြတ်ဘဲဖြစ်နေပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်သောအမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့်မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရားရုံးက သင့်သည်ထင်မြင်သည့်အမိန့်ချမှတ်ခွင့်ရှိသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> **ပုဒ်မ ၅၂၃ (၁)**။ ပုဒ်မ ၅၁ အရ ရယူသည့်ပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း အဆိုရှိသောပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကိုဖြစ်စေ၊ တွေ့ရှိရသည့်အခြေအနေကို ထောက်ရှု၍ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကိုဖြစ်စေ၊ မည်သည့်ရဲအရာရှိကမဆို သိမ်းဆည်းသည့်အကြောင်းကို ရာဇဝတ်တရားသူကြီးတစ်ဦးထံ ချက်ချင်းအစီရင်ခံရမည်။ ၎င်းရာဇဝတ်တရားသူကြီးကလည်း အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အကြောင်း သို့မဟုတ် ပစ္စည်းလက်ရှိထားခွင့်ရှိသူသို့ ပေးအပ်ရန်အကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည်ထင်မြင်သည့်အမိန့်ကို မိမိချမှတ်ရမည် သို့မဟုတ် အဆိုပါသူအား စိစစ်ရှာဖွေနိုင်ခြင်းမရှိလျှင် အဆိုပါပစ္စည်း

ကို ထိန်းသိမ်းထားရန်နှင့် တင်ပြရန်အကြောင်းများနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်ရမည်။

သို့ဖြစ်၍ မူလမှုသည် ပြစ်မှုဆိုင်ရာအထွေထွေမှု (တရားခံပြေးမှု) ဖြစ်၍ တရားခံများအပေါ် အမှုစစ်ဆေးစီရင်မှုမပြုရသေးခြင်း၊ ယာဉ်အမှတ်၊ ၄က/၈၃၉၅ သည် သစ်သယ်ရာတွင် ပါဝင်ပတ်သက်နေကြောင်း သက်သေမကင်းဖွယ်ရာ ညွှန်ပြနေသည့်အချက်များရှိနေခြင်း၊ ယာဉ်မောင်း ကိုကိုလှိုင်က အချင်းဖြစ်ကားကို သကြံန်ရက်အတွင်း ခြံစောင့်အားခွင့်တောင်း၍ ခေတ္တလာထားကြောင်း ထွက်ချက်သည် ယုတ္တိမတန်ခြင်း၊ အယူခံတရားလိုသည် အချင်းဖြစ်ကားကို ဝယ်ယူပိုင်ဆိုင်သူဖြစ်ကြောင်း တင်ပြချက်သည် သံသယဖြစ်ဖွယ်ရာရှိခြင်းတို့ကြောင့် သက်သေခံယာဉ်အမှတ်၊ ၄က/၈၃၉၅ နှင့်စပ်လျဉ်း၍ အပြီးအပြတ်စီမံခန့်ခွဲခြင်းပြုရန်မသင့်ဟု သဘောရရှိသည်။

ထို့ကြောင့် တရားရုံးအဆင့်ဆင့်က သက်သေခံယာဉ်အမှတ်၊ ၄က/၈၃၉၅ အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကိုပယ်ဖျက်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ (၁) အရ အချင်းဖြစ်သက်သေခံယာဉ်အမှတ်၊ ၄က/၈၃၉၅ အား စဉ့်ကူးမြို့နယ်တရားရုံးတွင် ထိန်းသိမ်းထားစေရန် အမိန့်ချမှတ်သည်။

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

+ ၂၀၀၈
ဒီဇင်ဘာလ
၃ ရက်

### တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးဟန်ရှိန်တို့၏ရှေ့တွင်

**မနာခူး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်သော်လည်း အခြားခိုင်လုံသည့် အထောက်အထား မရှိပါက ပေးအပ်သောပစ္စည်းကို ပေးအပ်သူ၏ လက်ဝယ်ထားရှိသည်ဟု ကောက်ယူရန်မသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သော အမှုမျိုးတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏ အဓိကပင်မ ကျောရိုးဖြစ်သော်လည်း ဤအမှုတွင် မနာခူးသည် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်ခြင်းမှတစ်ပါး မနာခူး၏နေအိမ်ဆိုင်အဝင် အဝတွင် တွေ့ရှိရသော ဘိန်းသေတ္တာသည် မနာခူးက ဘိန်းသေတ္တာ ဟုသိလျက်နှင့် လက်ဝယ်ထားရှိသည့် ပစ္စည်းဖြစ်သည်ဟုလည်း

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၅။

\+ ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၈ (ခ) တွင် ချမှတ်သော ၁၄-၅-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

ကောင်း၊ မနာခူး၏ စီမံမှုအောက်တွင်ရှိသည့် ပစ္စည်းဖြစ်သည်ဟု လည်းကောင်း ကောက်ယူနိုင်ရန် ခိုင်လုံသည့်ပတ်ဝန်းကျင် သက်သေခံ အထောက်အထားများမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ မနာခူး၏ ဆိုင် အဝင်အဝတွင် ဘိန်းသေတ္တာကို တွေ့ရှိရသော်လည်း ဘိန်း သေတ္တာဖြစ်ကြောင်း မနာခူးသိရှိနိုင်သည့် အခြေအနေရှိသည်ဟု မပေါ်ပေါက်၍ မနာခူးသည် ဘိန်းစိမ်းများကို လက်ဝယ်ထား ရှိသူဖြစ်သည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးစန်းလွင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

လွိုင်လင်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄/၂၀၀၇ တွင် တရားခံ မောင်ကြည် (ခ) ကြည်စိန်နှင့် မနာခူး တို့အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ အလုပ်နှင့် ထောင်ဒဏ် (၁၉) နှစ်စီ၊ နန်းကြာမုံအပေါ် ယင်းဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ အလုပ်နှင့်ထောင်ဒဏ် (၁၉) နှစ် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မနာခူးနှင့် နန်းကြာမုံက မကျေနပ်၍ ရှမ်းပြည်နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၁/၂၀၀၇ တင်သွင်းရာ ပလပ်ခံရသည်။ မနာခူးက တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှု ဆိုင်ရာပြင်ဆင်မှုအမှတ် ၈၈ (ခ)/၂၀၀၈ ဖြင့် ပြင်ဆင်မှုဝင်ရောက်

၂၀၀၈
မနာခူး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ရာတွင်လည်း ပလပ်ခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၅၆/၂၀၀၈ ဖြင့် လျှောက်ထားရာ အောက်ပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ကြားနာဆုံးဖြတ်နိုင်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့ပါသည်-

"အမှုတွဲတွင်ပေါ်ပေါက်နေသော သက်သေခံချက်များအရ မနာခူးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ။"

အမှုမှာ ၂၄-၂-၂၀၀၇ ရက်နေ့ ၁၁း၄၅ နာရီခန့်က တောင်ကြီးမူးယစ် (အထူး) အဖွဲ့နှင့် မိုင်းရှူးတပ်ဆွယ်မှ ရဲအုပ်ဌေးလွင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းရှူးမြို့၊ ရပ်ကွက် (၂)၊ ရွှေဟသ်ာဈေးလမ်းနှင့် မယ်ဇလီလမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မြို့ထဲဘက်မှ ဆိုင်ကယ်နှင့်ရောက်ရှိလာသူ မောင်ကြည်အားရှာဖွေရာ ၄င်းဝတ်ဆင်ထားသော ဘောင်းဘီဘယ်ဘက်အိတ်ကပ်အတွင်းမှ အစိမ်းရောင်ကျွတ်ကျွတ်အိတ်အတွင်းတွင် အပြာရောင်ပလပ်စတစ်အိတ်ငယ်များဖြင့်ထည့်ထားသည့် ဒဗလျူဝိုင်စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း (၁၁၄၈) ပြား သိမ်းဆည်းရမိပြီး ယင်းဆေးများအား နန်းကြာမုံထံမှရရှိကြောင်း ဖော်ထုတ်ချက်အရ တရားခံ နန်းကြာမုံအိမ်သို့သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာမတွေ့ရှိရကြောင်း၊ ယင်းဆေးများကို မနာခူးထံမှ ရရှိကြောင်း၊ နန်းကြာမုံ၏ ထွက်ဆိုချက်အရ မနာခူးနေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ်ဈေးဆိုင်အတွင်းမှ သစ်သားသေတ္တာအတွင်းတွင် ဘိန်းစိမ်း (၃) ထုပ်၊ စုစုပေါင်း အလေးချိန် ၄. ၈၉၉ ကီလိုဂရမ် တွေ့ရှိရမိသဖြင့် ၄င်းတို့ (၃) ဦးအား အရေးယူပေးပါရန် ရဲအုပ်ဌေးလွင်က

မိုင်းရှူးရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှု ဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အမှုတွင် အချင်းဖြစ်ဘိန်း သေတ္တာကို မနာခူးဆိုင်သို့ လူတစ်ဦးလာထားစဉ် မနာခူးသည် ဆိုင်တွင်မရှိဘဲ ကြက်ဆူခင်းသို့ သွားရောက်နေကြောင်း၊ လူတစ်ဦးနှင့် (၁) တရားခံ မောင်ကြည်တို့ ဝမ်လွယ်ရွာသို့ စတင်ရောက်ရှိသည်မှ မနာခူးဆိုင်တွင် မနာခူးမရှိခိုက် သေတ္တာကိုထားသွားခြင်းအား တရားခံဘက်မှ အခိုင်အမာ တင်ပြထွက်ဆိုနိုင်ကြောင်း၊ မနာခူး၏ ဆိုင်စောင့် မနာရှဲက သေတ္တာအား ဝလူမျိုးတစ်ဦးလာထားသည်ဟု ပြောပြခဲ့ကြောင်း၊ မနာခူးသည် ဆိုင်သို့ပြန်ရောက်ပြီး ၁၅ မိနစ်ခန့် အကြာတွင် ရှာဖွေသည့်အဖွဲ့က ၎င်း၏ဆိုင်သို့ လာရောက်ရှာဖွေ သည့်အခါမှသာ ဘိန်းသေတ္တာရောက်ရှိသည်ကို မနာခူးသိရှိရ ကြောင်းကို ရှာဖွေသည့်အဖွဲ့တွင်ပါလာသည့် ရဲတပ်ကြပ်မြင့်လွင်နှင့် ရဲတပ်သားဇော်မင်းလေးတို့ ထွက်ချက်အရ ထင်ရှားပေါ်ပေါက် ကြောင်း၊ မနာခူးသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျော်စော သတင်းမရှိဘဲ ၎င်း၏ခင်ပွန်းနှင့် ယောက္ခမများကိုယ်တိုင် ဘိန်းခင်း ဖျက်ဆီးရေးတွင် အာဏာပိုင်အဖွဲ့နှင့် တက်ကြွစွာဆောင်ရွက်နေသူ ဖြစ်ကြောင်း၊ တရားခံဖြစ်သူ ဝလူမျိုး အိုက်နှက်အား သက်ဆိုင်ရာ ရဲအဖွဲ့မှစုံစမ်းရာတွင် သံလွင်ကမ်းခြေဘက်သို့ဆင်းသွား၍ ရှာဖွေ ဖမ်းဆီးမှုမပြုနိုင်ကြောင်း ပေါ်ပေါက်နေသဖြင့် သက်သေခံဘိန်း သေတ္တာသည် မနာခူးနှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း၊ မနာခူး၏ အစီအမံဖြင့်သော်လည်းကောင်း၊ ဘိန်းဖြစ်သည်ဟုသိလျက်နှင့် သော်လည်းကောင်း လက်ဝယ်ထားခြင်းမဟုတ်ကြောင်း ထင်ရှား ပေါ်ပေါက်နေသောကြောင့် မနာခူးအား တရားရုံးအဆင့်ဆင့်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ

ဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ပေးပါရန် လျှောက်ထားသည်။

နိုင်ငံတော်ဘက်မှလိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ဤအမှုတွင် တရားခံ မနာခူး၏ဈေးဆိုင်မှ သစ်သားသေတ္တာတစ်လုံးတွင် ဘိန်းစိမ်း (၃) ထုပ်၊ အလေးချိန် စုစုပေါင်း ၄. ၈၉၉ ကီလိုဂရမ်တွေ့ရှိခဲ့ကြောင်း အငြင်းမပွားပေါ်ပေါက်ကြောင်း၊ မနာခူး၏ဆိုင်စောင့်ဖြစ်သူ မနာရှဲ (လိုပြ-၁၂) က သေတ္တာလာထားစဉ် လူတစ်ဦးနှင့်အတူ မောင်ကြည်ပါလာကြောင်း ထွက်ဆိုသော်လည်း မြကြာမုံ၊ ဦးလုံးလူ၊ ဦးကျဟီးစသည့် ခံပြသက်သေများ၏ ထွက်ချက်အရ မောင်ကြည်မပါဟုပေါ်ပေါက်ကြောင်း၊ မနာခူးက ရဲများရှာဖွေချိန်တွင် ဘိန်းသေတ္တာကိုတွေ့သည့်အခါမှ ၎င်းပစ္စည်းမဟုတ်ကြောင်း၊ ၎င်းမသိကြောင်း ငြင်းကွယ်ခြင်းသည် ယုတ္တိမတန်ကြောင်း၊ ၎င်း၏ဆိုင်အတွင်းတွင် မိမိပစ္စည်းမဟုတ်သော ယင်းသေတ္တာကို အလွယ်တကူမြင်တွေ့နိုင်သော အနေအထားရှိပါလျက် မသိဟုငြင်းကွယ်ခြင်းသာဖြစ်ကြောင်း၊ မူလရုံး (၁) တရားခံ မောင်ကြည်ထံမှ မူးယစ်ဆေးဝါးများတွေ့ရှိရပြီး ယင်းဆေးများကို နန်းကြာမုံထံမှဝယ်ယူကြောင်း မောင်ကြည်၏ဖော်ထုတ်ချက်အရ နန်းကြာမုံအားစစ်ဆေးရာ နန်းကြာမုံ၏ဖော်ထုတ်ချက်အရ တရားခံ မနာခူး၏ဈေးဆိုင်တွင်းမှ သက်သေခံဘိန်းသေတ္တာကို တွေ့ရှိကြောင်း ထင်ရှားပေါ်ပေါက်သောကြောင့် မနာခူးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခဲ့သော တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်သောကြောင့် အယူခံမှုအားပလပ်ပေးပါရန် လျှောက်ထားသည်။

အမှုတွင် ဦးသန်းဝေ (လိုပြ-၁)၊ ဦးဆန်းဦး (လိုပြ-၂)၊ ဒုရဲအုပ်

ရွှေသာထွန်း (လိုပြ-၃)၊ တပ်ကြပ်ကြီးဌေးနိုင်ဦး (လိုပြ-၄) နှင့် ရဲအုပ်ဌေးလွင် (လိုပြ-၇) တို့၏ ထွက်ချက်အရ မောင်ကြည် (ခ) ကြည်စိန် ဝတ်ဆင်ထားသော ဘောင်းဘီအိတ်ကပ်အတွင်းမှ ဒဗလျူဝိုင်စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၈ ပြား တွေ့ရှိရကြောင်း ထင်ရှားပေါ်ပေါက်သည်။ မောင်ကြည်၏ဖော်ထုတ်ချက်အရ မိုင်းရှူးမြို့နယ်၊ ဝမ်လွယ်ရွာနေ နန်းကြာမုံနေအိမ်သို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ တွေ့ရှိရမခြင်းမရှိကြောင်း ပေါ်ပေါက်သည်။ နန်းကြာမုံ၏ဖော်ထုတ်ချက်အရ မနာခူး၏နေအိမ်သို့ သွားရောက်ရာ မနာခူး၏နေအိမ် ဈေးဆိုင်အဝင်အဝတွင် ဘိန်းစိမ်း (၃) ထုပ်၊ အလေးချိန် ၄. ၈၉၉ ထည့်ထားသည့် သစ်သားသေတ္တာတစ်လုံးကို တွေ့ရှိရမိခဲ့သည်။ ရှာဖွေပုံစံသက်သေခံ (ခ) တွင် မနာခူးက လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့သော် မနာခူးက အချင်းဖြစ်နေ့ နံနက် ၆ နာရီမှစ၍ နေ့လည် ၁ နာရီခန့်ထိ ၎င်းသည် ခင်ပွန်းဖြစ်သူ ဦးကျော်ဇောမူး (ခံပြ-၁၁) နှင့်အတူ လားဟူရဲမှစိုက်ပျိုးထားသော ကြက်ဆူခြံတွင် သွားရောက်နေကြောင်း၊ ဆိုင်ကိုညီမ မနာရှဲ (ခံပြ-၁၂) အား စောင့်ခိုင်းခဲ့ကြောင်း၊ ၎င်းသည် နေအိမ်သို့ပြန်ရောက်ပြီး မကြာမီရဲများမှ လာရောက်ရှာဖွေရာတွင် နေအိမ်ဆိုင်အဝင်အဝတွင် ဘိန်းသေတ္တာကိုတွေ့ရသည်ဟု သိရှိရကြောင်း၊ ထိုအခါမှ မနာရှဲ (ခံပြ-၁၂) အား မေးမြန်းရာ သေတ္တာကို ဝလူမျိုးတစ်ဦးလာထားသည်ဟု ပြောပြသိရှိရကြောင်း၊ ဘိန်းသေတ္တာသည် ၎င်း၏ပစ္စည်း မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ မနာရှဲ (ခံပြ-၁၂) က ၎င်းသည် မနာခူး၏ ဆိုင်ကိုစောင့်နေစဉ် ဝလူမျိုးတစ်ဦးက သေတ္တာကို ခေတ္တလာထားခြင်းဖြစ်ကြောင်း၊ ရှမ်းစကားဖြင့်ပြောသည်ကို ကြားသိရကြောင်း၊ ရှာဖွေသည့်အဖွဲ့မှ ရဲတပ်ကြပ်မြင့်လွင် (ခံပြ-၇) နှင့် ရဲတပ်သားဇော်မင်းလေး

(ခံပြ-၇) တို့က ထွက်ဆိုထားသည်။ မနာရှဲ (ခံပြ-၁၂) က အချင်းဖြစ်နေ့ နံနက်တွင် သေတ္တာလာထားသူနှင့် ရဲကားပေါ်တွင် ပါရှိလာသော မောင်ကြည်တို့သည် ထော်လာဂျီပေါ်မှ သေတ္တာတစ်လုံး ယူဆောင်ဆင်းလာပြီး ၎င်းတို့၏ဆိုင်အနီးတွင်ရပ်၍ စကား ပြောခဲ့ကြသဖြင့် မှတ်မိကြောင်း ထွက်ဆိုသည်။ ထော်လာဂျီမောင်းသူ ဦးဒါရီ (ခံပြ-၁၀) က ၎င်း၏ထော်လာဂျီဖြင့် ဝလူမျိုးတစ်ဦးနှင့် ရှမ်းတရုတ်တစ်ဦးတို့ သေတ္တာတစ်လုံးဖြင့် လိုက်ပါခဲ့ကြောင်း၊ ၎င်း၏ထော်လာဂျီသည် မနာခူးဆိုင်ရှေ့တွင်ပျက်သွား၍ ထိုသူနှစ်ဦးသည် ကားပေါ်မှ ဆင်းသွားပြီး မနာခူးဆိုင်အနီးတွင် စကားပြောပြီး အောက်ဖက်သို့ ဆက်သွားသည်ကို မြင်တွေ့ကြောင်း ထွက်ဆိုခဲ့သည်။

မောင်ကြည် (ခံပြ-၁) ကလည်း ၎င်းနှင့်ဝလူမျိုး အိုက်နှက်တို့သည် သံလွင်ကမ်းခြေတွင် သစ်လုပ်ငန်းလုပ်ကြောင်း၊ အိုက်နှက်က သစ်အကြွေးများသွားရောက်တောင်းရာ ပိုက်ဆံမရလာဘဲ ဘိန်းစိမ်းနှင့် ရာမဆေးပြားများ ပေးလာကြောင်း၊ ၎င်းတို့သည် ငွေလိုနေ၍ ဆေးပြားများနှင့် ဘိန်းများကိုယူပြီး မိုင်းရှူးဘက်သို့ ထွက်လာခဲ့ကြောင်း၊ ဝမ်လွယ်ရွာတွင် နန်းကြာမုံဆိုင်၌ ခေါက်ဆွဲစားပြီး ၎င်းက မမြဝင်းနှင့်အတူ ဆေးပြားများရောင်းရန် မိုင်းရှူးသို့ ဆိုင်ကယ်ဖြင့်သွားခဲ့ကြောင်း၊ အိုက်နှက်အားသေတ္တာနှင့်အတူ နန်းကြာမုံဆိုင်တွင်စောင့်နေရန် မှာကြားခဲ့ကြောင်း၊ ၎င်းအား ရဲများမှ ဖမ်းဆီးသည့်အခါ ရိုက်နှက်စစ်မေး၍ နန်းကြာမုံဆိုင်တွင် ဘိန်းသေတ္တာနှင့် ဝတစ်ဦးရှိသေးကြောင်းကို ပြောပြခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ နန်းကြာမုံ (ခံပြ-၂) ကလည်း ၎င်း၏ဆိုင်သို့ လူတစ်ဦးနှင့် ယခင်ကဆိုင်ကယ်ပြေးဆွဲ၍ ခင်မင်ရင်းနှီးခဲ့သူ မောင်ကြည်တို့ ခေါက်ဆွဲလာစားကြောင်း၊ မောင်ကြည်က မမြဝင်းဆိုင်ကယ်နှင့် လိုက်သွားပြီး ၎င်းနှင့်ပါလာသူ လူတစ်ဦးသည် ဆိုင်တွင်ကျန်ရစ်

ကြောင်း၊ ထိုသူက သေတ္တာကို ဆိုင်တွင်ခေတ္တထားခဲ့မည်ဟုပြောရာ မိုင်းရှူးသို့ ဈေးသွားဝယ်မည်ဖြစ်၍ မနာခူးဆိုင်တွင် သွားရောက်ထားရန်ပြောကြားခဲ့ကြောင်း ထွက်ဆိုသည်။ နန်းကြာမုံ၏ဖခင် ဦးလုံးလူ (ခံပြ-၅) ကလည်း နန်းကြာမုံဆိုင်တွင် လူတစ်ဦးသေတ္တာတစ်လုံးနှင့် ထိုင်နေသည်ကိုမြင်တွေ့ကြောင်း ထွက်ဆိုသည်။ ဦးကျဟီး (ခံပြ-၆) ကလည်း နန်းကြာမုံဆိုင်မှ မနာခူးဆိုင်သို့ လူတစ်ဦးသေတ္တာ ထမ်းသွားသည်ကို မြင်တွေ့ကြောင်း ထောက်ခံထွက်ဆိုသည်။

မောင်ကြည် (ခံပြ-၁) ၏ ထုတ်ဖော်ချက်အရ ရဲအဖွဲ့မှ နန်းကြာမုံ (ခံပြ-၂) နှင့် မနာခူး (ခံပြ-၃) တို့ နေအိမ်သို့သွားရောက်ရှာဖွေသော်လည်း ဒဗလျူဝိုင်ဆေးပြားများ မတွေ့ရှိရကြောင်း ပေါ်ပေါက်သည်။ နန်းကြာမုံနေအိမ်မှ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ မတွေ့ရှိရကြောင်းလည်း ပေါ်ပေါက်သည်။ မနာခူးနှင့် နန်းကြာမုံတို့သည် မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ကျော်စောသတင်းရှိသူများဖြစ်သည်ဟု အမှုတွဲတွင် မတွေ့ရှိရပေ။ မနာခူး၏ခင်ပွန်း ကျော်ဇောမူး (ခံပြ-၁၁) သည် နိုင်ငံတော်မှ ဘိန်းခင်းများအား ဖျက်ဆီးရာတွင် ဒေသခံအာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ မနာခူးနှင့် နန်းကြာမုံတို့သည် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ မောင်ကြည်နှင့် ဆက်စပ်ပတ်သက်သူများဖြစ်ကြောင်း အမှုတွဲတွင် ပေါ်ပေါက်ခြင်းမရှိပေ။

လက်ဝယ်ထားရှိခြင်းဖြင့် ပြစ်ဒဏ်ထိုက်သောအမှုမျိုးတွင် ရှာဖွေပုံစံပါ ဖော်ပြချက်များသည် အမှု၏အဓိကပင်မကျောရိုးဖြစ်သော်လည်း ဤအမှုတွင် မနာခူးသည် ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးအပ်ခြင်းမှတစ်ပါး မနာခူး၏နေအိမ်ဆိုင်အဝင်အဝတွင် တွေ့ရှိရသော ဘိန်းသေတ္တာသည် မနာခူးက ဘိန်းသေတ္တာဟုသိလျက်နှင့် လက်ဝယ်ထားရှိသည့် ပစ္စည်းဖြစ်သည်ဟုလည်းကောင်း၊ မနာခူး

၏ စီမံမှုအောက်တွင်ရှိသည့် ပစ္စည်းဖြစ်သည်ဟုလည်းကောင်း ကောက်ယူနိုင်ရန် ခိုင်လုံသည့်ပတ်ဝန်းကျင် သက်သေခံ အထောက်အထားများမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ မနာခူး၏ ဆိုင်အဝင်အဝတွင် ဘိန်းသေတ္တာကိုတွေ့ရှိရသော်လည်း ဘိန်းသေတ္တာဖြစ်ကြောင်း မနာခူးသိရှိနိုင်သည့် အခြေအနေရှိသည်ဟု မပေါ်ပေါက်၍ မနာခူးသည် ဘိန်းစိမ်းများကို လက်ဝယ်ထားရှိသူဖြစ်သည်ဟု မဆိုနိုင်ပေ။

" လျှောက်ထားသူ၏အိမ်တွင် ဘိန်းကိုတွေ့ရှိရသော်လည်း ဒေါ်ရာဂျာနှင့် မဒေါ်န်းတို့ထွက်ချက်အရ ဖမ်းမိသည့်ဘိန်းမှာ ဒေါ်ရာဂျာ၏ဘိန်းဖြစ်ကြောင်း ထင်ရှားသည်။ ယင်းဘိန်းများ အိမ်မှာရှိကြောင်း လျှောက်ထားသူသိခဲ့သည်ဟု သက်သေအထောက်အထား လုံးဝမရှိပေ။ သို့ဖြစ်၍ လျှောက်ထားသူသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်မှုကျူးလွန်သည်ဟု မဆိုနိုင်ပေ။" ဟု **ကရင်လ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

ဤအခြေအနေတွင် အမှုတွင်ပေါ်ပေါက်နေသော သက်သေခံချက်များအရ မနာခူးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ဖြေဆိုလိုက်သည်။

ဤအထူးအယူခံမှုတွင် နန်းကြာမုံသည် အယူခံဝင်ရောက်ခြင်းမရှိပေ။ သို့သော် နန်းကြာမုံနှင့် မနာခူးတို့သည် ပြစ်မှုဆိုင်ရာ

**(၁) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁**

အမှုကြီးတစ်မှုတည်းတွင် အတူပူးတွဲစွဲဆိုခံရသူများဖြစ်ကြသည်။ လွိုင်လင်ခရိုင်တရားရုံးနှင့် ရှမ်းပြည်နယ်တရားရုံးတို့က နန်းကြာမှုံသည် ဒဗလျူဝိုင်ဆေးပြားများအား ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်းပြုသည့် မောင်ကြည်ကို အားပေးကူညီမှုပြုခဲ့သည်ဟု ကောက်ယူသုံးသပ်၍ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ အပြစ်ရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သော်လည်း ယင်းကောက်ယူဆုံးဖြတ်ချက်ကို ထောက်ခံသော သက်သေခံ အထောက်အထား မရှိကြောင်း တွေ့ရသည်။

သို့ဖြစ်၍ နန်းကြာမှုံက တရားရုံးချုပ်သို့ အထူးအယူခံဝင်ရောက်ခြင်းမရှိသော်လည်း နန်းကြာမှုံအပေါ် ပြစ်မှုထင်ရှားစီရင်သည့် အမိန့်အားဝင်ရောက်စွက်ဖက်ပြီး နန်းကြာမှုံနှင့်စပ်လျဉ်း၍ ဤအမှု၌ အမိန့်ချမှတ်သင့်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြုသည်။ တရားရုံးအဆင့်ဆင့်က မနာခူးအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က) အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် တရားရုံးအဆင့်ဆင့်က နန်းကြာမှုံအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်အားပယ်ဖျက်ပြီး အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
စက်တင်ဘာလ
၂၉ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

## တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့၏ရှေ့တွင်

ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ စွဲဆိုမှု- တိုင်ကြားစွပ်စွဲချက်သည် မှန်ကန်ပြီး အများပြည်သူကောင်းကျိုးအတွက် တိုင်ကြားစွပ်စွဲခြင်းဖြစ်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ၏ ပထမကင်းလွတ်ချက်တွင် အကျုံးဝင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ မူလရုံးတရားခံနှစ်ဦးသည် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်းပြုပြင်ခြင်းစသည့် လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသူများဖြစ်သည်ဟု ပေါ်ပေါက်သည်။ အမှုတွဲပေါ်ပေါက်ချက်အရ တရားခံများ တိုင်ကြားသည့်အချက်သည်

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၉။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၄၃ (ခ) တွင် ချမှတ်သော ၂၈-၁၂-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်ရွှေရည်၏ လုပ်ငန်းတာဝန်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ၎င်းတို့တိုင်ကြားချက်သည် မမှန်ကန်သော ကြောင်းခြင်းရာပေါ် မူတည်သည်ဟု မဆိုနိုင်ပေ။ ကျောင်းနှင့် ကျောင်းသူ၊ ကျောင်းသားများ၏ ကောင်းကျိုးအတွက် သဘောရိုးဖြင့် တိုင်ကြားသည်ဟု တရားခံ၏ တင်ပြချက်သည် အကြောင်းအကျိုးခိုင်လုံနေသည်။ သို့ဖြစ်၍ မူလ ရုံး တရားခံများက ဒေါ်ရွှေရည်အပေါ် စွပ်စွဲတိုင်ကြားမှုပြုခြင်းသည် အများပြည်သူအကျိုးအတွက် ပြုလုပ်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်တွင် အကျုံးဝင်သည်။ ဤအခြေ အနေတွင် ဦးမြသိန်းနှင့် ဦးပေါစိန်အား တရားရုံးအဆင့်ဆင့်က ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှု၊ ပြစ်ဒဏ်စီရင်ခြင်းသည် ဥပဒေ နှင့်ညီညွတ်မျှတ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးပို<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ကိုယ်တိုင် (မလာ) |

နွားထိုးကြီးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၀/၂၀၀၇ တွင် တရားခံ ဦးမြသိန်းနှင့် ဦးပေါစိန်တို့အပေါ် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ အလုပ်မဲ့ထောင်ဒဏ် (၁) နှစ်စီ ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးမြသိန်းနှင့် ဦးပေါစိန်တို့က မကျေနပ်

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

၍ မြင်းခြံခရိုင်တရားရုံးနှင့် မန္တလေးတိုင်းတရားရုံးသို့ အယူခံ/ပြင်ဆင်မှုများလျှောက်ထားရာ အကျဉ်းနည်းပလပ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၄၃ (ခ)/ ၂၀၀၇ ဖြင့်တင်သွင်းရာ ပလပ်ခဲ့သဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာအထွေထွေ (အထူး) အမှတ် ၇၂/ ၂၀၀၈ ကိုလျှောက်ထားရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

" အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ လျှောက်ထားသူများဖြစ်သည့် ဦးမြသိန်းနှင့် ဦးပေါစိန်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ အလုပ်မဲ့ထောင်ဒဏ် (၁) နှစ်စီချမှတ်သည့် မူလမြို့နယ်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုသည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်သည် မျှတမှန်ကန်မှုရှိ မရှိ။"

အမှုမှာ နွားထိုးကြီးမြို့နယ်၊ ဇေဒိတ်ကျေးရွာအုပ်စု၊ တက်စီကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်ရွှေရည်အား ၄င်းရွာနေ ဦးမြသိန်းနှင့် ဦးပေါစိန်တို့က မဟုတ်မမှန်လုပ်ကြံ၍ ပညာရေးဝန်ကြီးဌာနသို့တိုင်တန်းခဲ့သဖြင့် မန္တလေးတိုင်းပညာရေးမှူးရုံးမှ စစ်ဆေးခြင်းကိုခံရ၍ ဒေါ်ရွှေရည်၏ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းသဖြင့် မဟုတ်မမှန်တိုင်ကြားသူ ဦးမြသိန်းနှင့် ဦးပေါစိန်တို့အား အရေးယူပေးရန် ဒေါ်ရွှေရည်က ဦးတိုက်လျှောက်ထားသောအမှုဖြစ်သည်။

အယူခံတရားလိုများ၏ရှေ့နေက အမှုတွင်ပေါ်ပေါက်ချက်အရ တရားလိုဘက်မှတင်ပြသည့် သက်သေခံချက်များတွင် ဆရာမဒေါ်ရွှေရည်အပေါ် အယူခံတရားလို ဦးမြသိန်းနှင့် ဦးပေါစိန်တို့တိုင်ကြားချက်များသည် မမှန်ကန်ကြောင်း သာမန်နှုတ်သက်သေခံ

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ချက်သာရှိကြောင်း၊ မူလရုံးတရားခံများနှင့် တရားခံပြသက်သေများ၏ ထွက်ချက်အရ ဒေါ်ရွှေရည်သည် ကျောင်းမှန်မှန်မတက်ခြင်း၊ အလှူရှင် ဦးအောင်ချို၊ ဒေါ်တင်တင်လှိုင်တို့လှူဒါန်းသည့် စာအုပ်များကို ကျောင်းသားများသို့ ရောင်းစားခြင်း၊ ကျောင်းသားများနှင့် ပတ်သက်သည့် ၎င်း၏လုပ်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် တလွဲအသုံးပြုခြင်း၊ ဒေါ်ရွှေရည်ဦးဆောင်၍ ကျေးရွာပိုင်အရာတော်မြေကို မမြင့်သန်းသို့ ရောင်းချခြင်းတို့ပေါ်ပေါက်၍ မူလရုံးတရားခံများ (အယူခံတရားလိုများ) ၏ တိုင်တန်းချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ရှင်းလင်းချက် (၄) ပထမခြွင်းချက်အရ ပြစ်မှုမမြောက်ကြောင်း၊ မူလရုံးသည် တရားလိုပြသက်သေများ၏ ထွက်ချက်များကိုသာ တစ်ဖက်သတ်သုံးသပ်ပြီး မူလရုံးတရားခံ (အယူခံတရားလို) များအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းကြောင့် မူလရုံး အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်သည် မှုတမှန်ကန်ခြင်းမရှိကြောင်း ဖြေဆို၍ အထူးအယူခံမှု အားလက်ခံကာ အယူခံတရားလိုများအား အမှုမှအပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက တရားလိုဘက်မှ သက်သေခံချက်များအရ တက်စီမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရည်သည် သင်ကြားရေးကို ကြိုးစားဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ဝန်ထမ်းများ နှင့် အဆင်ပြေ၍ ကျောင်းစည်းကမ်းပိုင်းတွင် ကောင်းမွန်ခြင်း၊ ဒေါ်ရွှေရည်၏ခင်ပွန်းသည် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ပြီး ဝန်ထမ်းကို ၎င်း၏စီးပွားရေးလုပ်ငန်းတွင် ခိုင်းစေမှုမရှိခြင်း၊ ကျောင်းသားများထံမှ အလှူငွေအမျိုးမျိုး ကောက်ခံမှုမပြုခြင်း၊ ရန်ပုံငွေ၊ အလှူငွေများကို စာရင်းရှင်းတမ်းတွင် ရှင်းလင်း

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ခြင်း၊ ကျောင်းနယ်နိမိတ်နှင့်ကပ်လျက်မြေအား ကျောင်းအကျိုး ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ရယက ဥက္ကဋ္ဌများနှင့်အတူ ရောင်းချ ခဲ့ခြင်း၊ ရောင်းရငွေကို အလွဲသုံးစားမှုမရှိခြင်း၊ ကျောင်းအတွက်လှူဒါန်း သောစာအုပ်ကို ကျောင်းသားများသို့ရောင်းချသည်ဟု တရားခံဘက်မှ တိကျစွာထွက်ဆိုနိုင်ခြင်းမရှိခြင်းတို့ကြောင့် ဦးမြသိန်းနှင့် ဦးပေါစိန် တို့သည် ဒေါ်ရွှေရည်အပေါ် မမှန်မကန်စွပ်စွဲချက်များဖြင့် ပညာရေး ဝန်ကြီးထံ တင်ပြတိုင်ကြားခဲ့ကြောင်း၊ ဒေါ်ရွှေရည်၏ အသရေကို နစ်နာစေတန်ရာသည်ကိုသိလျက် တိုင်ကြားခဲ့ကြောင်း ပေါ်ပေါက် ကြောင်း၊ တရားခံများ၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်၊ တတိယကင်းလွတ်ချက်တို့နှင့် အကျုံးမဝင် ကြောင်း၊ တရားခံပြသက်သေများတွင် အချို့မှာ စစ်ဆေးရေးအဖွဲ့ က စစ်ဆေးစဉ်ထွက်ဆိုခြင်းမဟုတ်ဘဲ တရားရုံးရှေ့မှ ပြောင်းလဲ ထွက်ဆိုခြင်း၊ အချို့သည် ဒေါ်ရွှေရည်အား မကျေနပ်သူများဖြစ်ခြင်း၊ တစ်ချို့မှာတစ်ဆင့်ကြားချက်အရ ထွက်ဆိုခြင်း၊ တရားခံပြသက်သေ များ၏ ထွက်ဆိုချက်များသည် ဦးမြသိန်း၊ ဦးပေါစိန်တို့တိုင်တန်းချက် နှင့် သက်ဆိုင်မှုမရှိခြင်း၊ မူလရုံးတရားခံများ၏ ပြုမူချက်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်နှင့် တတိယ ကင်းလွတ်ချက်တို့နှင့် အကျုံးမဝင်ခြင်းတို့ကြောင့် တရားခံများအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှုပြစ်ဒဏ်စီရင်ခဲ့သည့် မူလ ရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့် ၏ အမိန့်တို့သည် ဥပဒေနှင့်ညီညွတ်၍ အထူးအယူခံမှုအား ပလပ် သင့်ကြောင်း လျှောက်လဲသည်။

အယူခံတရားခံ ဒေါ်ရွှေရည်သည် ရုံးခေါ်စာအတည်ဖြစ် သော်လည်း ရုံးရှေ့သို့လာရောက်လျှောက်လဲခြင်း မရှိပေ။

အမှုတွင် တက်စီကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီး

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်ရွှေရည်သည် (၁) ကျောင်းပညာသင်ကြားရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စများကို လုံးဝစိတ်ဝင်စားမှုမရှိဘဲ ၎င်း၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများသာ လုပ်ကိုင်နေခြင်း၊ (၂) တပည့်ကျောင်းသားများထံမှ အကြောင်းအမျိုးမျိုးပြကာ အလှူခံခြင်း၊ ငွေကောက်ခံခြင်း၊ (၃) ကျောင်းရန်ပုံငွေ၊ အလှူငွေများကို မည်သည့်အခါကမျှ ၎င်းလုပ်သက်ကာလတစ်လျှောက်လုံး အစည်းအဝေးစာရင်းရှင်းတမ်းများနှင့် ရှင်းလင်းတင်ပြခြင်းမရှိဘဲ ကိုယ်ကျိုးအတွက်သုံးခြင်း၊ (၄) ကျောင်းနယ်မြေ နယ်နိမိတ်နှင့်ကပ်လျက်တည်ရှိသော ကျေးရွာ ရယကရုံးတည်ဆောက်ရန် ရည်ရွယ်ထားသည့် ရွာပိုင်မြေအား ၎င်း၏သဘောဆန္ဒနှင့် (၅) သိန်းဖြင့် ရောင်းချကာ ကိုယ်ကျိုးအတွက်သုံးစွဲခြင်းတို့ပြုလုပ်သည်ကို တွေ့ရှိရသဖြင့် လိုအပ်သလို စိစစ်အရေးယူပေးပါရန်နှင့် ကျေးရွာပညာရေးတိုးတက်ရေးကိုသာ အမှန်တကယ် ဂရုပြုဆောင်ရွက်နိုင်မည့် ကျောင်းအုပ်တစ်ဦး အမြန်ဆုံးလဲလှယ်ပေးရန် ဦးမြသိန်းနှင့် ဦးပေါစိန်တို့က ပညာရေးဝန်ကြီးဌာနသို့ တိုင်ကြားခဲ့သည်မှာ အငြင်းမပွားပေါ်ပေါက်ပါသည်။ တိုင်စာအပေါ် တိုင်းပညာရေးမှူးမှ စုံစမ်းစစ်ဆေးပြီး ဆရာမကြီးသည် စီးပွားရေးကောင်းသူဖြစ်၍ ပုဂ္ဂိုလ်ရေးအမြင်မကြည်လင်မှုကြောင့် တိုင်ကြားခြင်းဖြစ်ကြောင်းသုံးသပ်၍ ဆရာမကြီးအား အရေးယူအပြစ်မပေးသင့်ကြောင်း တင်ပြခဲ့သည်။

ယင်းတိုင်စာအရ ဆရာမကြီး ဒေါ်ရွှေရည်တွင် ဂုဏ်သိက္ခာညှိုးနွမ်းစေကြောင်း ဆရာမကြီးကတင်ပြပြီး တိုင်စာပါအချက်များမမှန်ကန်ကြောင်း သက်သေ ဦးစိန်ထွန်း (လိုပြ-၂)၊ ဦးအုန်းလှိုင် (လိုပြ-၃)၊ ဦးညွန့်သောင်း (လိုပြ-၄)၊ ခင်မာစန်း (လိုပြ-၅)၊ မအေးအေးခိုင် (လိုပြ-၆)၊ ဦးယဉ်ထွေး (လိုပြ-၇) တို့အား တင်ပြထွက်ဆိုခဲ့သည်။

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ထို့အတူ တရားခံများကလည်း ၎င်းတို့တိုင်ကြားချက်မှန်ကန်ကြောင်း ကျေးရွာပညာရေးတိုးတက်စေလို၍ တိုင်ကြားခြင်းဖြစ်ကြောင်းကို သက်သေများပြသခဲ့ရာ ဆရာမကြီး၏ကုန်စုံဆိုင်တွင် အရက်သောက်ဘူးသူ ကိုဝင်းလွင် (ခံပြ-၃)၊ ကျောင်းမြေကွက်ဝယ်ခဲ့သူ မမြင့်သန်း (ခံပြ-၄)၊ ကျောင်းသို့လှူသည့် ဗလာစာအုပ်ကို ပိုက်ဆံပေးဝယ်ယူခဲ့ရသူ မဆန်းဝင်း (ခံပြ-၅)၊ ဒေါ်လှရင် (ခံပြ-၆)၊ ကျောင်းမြေကွက်ရောင်းသည်ကို မကျေနပ်သူ ဦးခို (ခံပြ-၇)၊ ဦးအောင်ငြိမ်း (ခံပြ-၉)၊ ဦးကျော်လှိုင် (ခံပြ-၁၇)၊ ဦးမောင်မောင် (ခံပြ-၁၈)၊ သားသမီးများကို စာမလိုက်နိုင်ကြောင်းပြောပြီး ကျောင်းထုတ်ခံရသည့် ဒေါ်မြလွင် (ခံပြ-၁၀)၊ ဒေါ်ခင်အေး (ခံပြ-၁၁)၊ ဒေါ်ညို (ခံပြ-၁၂)၊ ဒေါ်မြစိန် (ခံပြ-၁၃)၊ ဒေါ်စန်းတင့် (ခံပြ-၁၄)၊ ဒေါ်ညို (ခံပြ-၁၆) တို့ကိုလည်းကောင်း ကျောင်းဆရာ၊ ဆရာမများ ကျောင်းမှန်မှန်တက် မတက်၊ တက်စီမူလတန်းကျောင်းသို့ သွားရောက်စစ်ဆေးရာ ဒေါ်ရွှေရည် ကျောင်းမတက်ကြောင်း၊ ယခင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဟောင်း ဦးမြင့်ဆွေ (ခံပြ-၁၉) ကိုလည်းကောင်း သက်သေအဖြစ် တင်ပြထွက်ဆိုသည်။ တရားခံဘက်မှ ခုခံတင်ပြချက်အား တရားလိုမှ ခိုင်မာစွာချေဖျက်နိုင်ခြင်းမရှိပေ။ သို့ဖြစ်ရာ တိုင်းပညာရေးမှူးရုံးမှ စစ်ဆေးစဉ်က မထွက်ဆိုဘဲ တရားရုံးရှေ့တွင် ကျမ်းကျိန်ထွက်ဆိုခဲ့သော တရားခံပြသက်သေများ၏ ထွက်ချက်ကို ယုံကြည်လက်ခံရပေမည်။ တက်စီမူလတန်းကျောင်းသည် မူလတန်းလွန်ကျောင်းဖြစ်သော်လည်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရည်သည် အတန်းကြီးများကို မသင်ကြားဘဲ မူလတန်းကိုသာ ပညာသင်ကြားကြောင်း၊ ဒေါ်ရွှေရည်သည် တောင်သူလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်းနှင့် ထော်လာဂျီလုပ်ငန်းတို့ကို လုပ်ကိုင်သူဖြစ်ကြောင်း၊ အစီရင်ခံ

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

စာနှင့် သက်သေထွက်ချက်များအရ ပေါ်ပေါက်သဖြင့် လုပ်ငန်းများကို ခင်ပွန်းသည်က ပြုလုပ်သည်ဆိုသော်လည်း ဆရာမကြီး ဒေါ်ရွှေရည်သည် ကျောင်းလုပ်ငန်းများကို စိတ်မဝင်စားဘဲ ၎င်း၏ စီးပွားရေးလုပ်ငန်းများကိုသာ စိတ်ဝင်စားကြောင်း၊ တစ်ခါတစ်ရံ ကျောင်းမတက်ကြောင်း၊ တရားခံ၏ထုချေချက်သည် အမှုတွင် လျော့ကန်သောသံသယဖြစ်စေသည်။ ကျောင်းနယ်နိမိတ်မြေနှင့် ကပ်လျက်ရှိသည့် ရွာပိုင်မြေအား ရောင်းချခြင်းသည် ဒေါ်ရွှေရည် တစ်ဦးတည်းသဘောဖြင့် ရောင်းချခြင်းမဟုတ်သော်လည်း ဒေါ်ရွှေရည်ဦးဆောင်၍ ရောင်းချကြောင်း၊ ရောင်းချသည်ကို ရွာသားအချို့သဘောမတူကြောင်း၊ ယခုအခါ ရွာမြေအဖြစ် ပြန်လည် သိမ်းယူပြီးဖြစ်သည်ဟုပေါ်ပေါက်သည်။

တိုင်းပညာရေးမှူးရုံးမှ စစ်ဆေးရာတွင် ဆရာဦးယဉ်ထွေးသည် ကျောင်းသူကျောင်းသားများထံမှ ဝါဆိုသင်္ကန်းဆက်ကပ်လှူကြေး၊ ဆရာကန်တော့ပွဲကြေး၊ အားကစားကြေး၊ အမ်အာစီကြေး၊ ကျောင်းဗလာစာအုပ်များအတွက် ငွေများကောက်ခံသည်ဟုထွက်ဆိုပြီး ရုံးရှေ့တွင် ဌာနကသတ်မှတ်သည့်ငွေကြေးမှလွဲပြီး တစ်ခြားငွေကြေးကောက်ခံခြင်းမရှိကြောင်း ထွက်ဆိုခဲ့၍ ကျောင်းတွင်အမျိုးမျိုးသော ငွေကြေးကောက်ခံမှုများရှိခဲ့သည်ဟုကား ကောက်ယူနိုင်ပါသည်။ ကျောင်းသို့လှူဒါန်းသောစာအုပ်များကို ရောင်းချခြင်းမရှိဘဲ ကျောင်းသားများအား မည်သို့မည်ပုံခွဲဝေပေးကြောင်း၊ တရားလိုဘက်မှ ခိုင်ခိုင်မာမာတင်ပြနိုင်ခြင်းမရှိ၍ လှူဒါန်းသောစာအုပ်များကို ကျောင်းသားများအား ရောင်းချကြောင်း၊ တရားခံဘက်မှ တင်ပြချက်သည် မှန်ကန်နိုင်ဖွယ်ရှိသည်။

မူလရုံးတရားခံ (၂) ဦးသည် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်၊ လမ်းပြုပြင်ခြင်းစသည့် လူမှုရေးလုပ်ငန်းများကို

၂၀၀၈
ဦးမြသိန်းပါ ၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

စိတ်ပါဝင်စားစွာ လုပ်ကိုင်နေကြသူများဖြစ်သည်ဟု ပေါ်ပေါက်သည်။ အမှုတွဲပေါ်ပေါက်ချက်အရ တရားခံများ တိုင်ကြားသည့်အချက်သည် ဒေါ်ရွှေရည်၏လုပ်ငန်းတာဝန်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ၎င်းတို့တိုင်ကြားချက်သည် မမှန်ကန်သော ကြောင်းခြင်းရာပေါ် မူတည်သည်ဟု မဆိုနိုင်ပေ။ ကျောင်းနှင့် ကျောင်းသူ၊ ကျောင်းသား များ၏ ကောင်းကျိုးအတွက် သဘောရိုးဖြင့် တိုင်ကြားသည်ဟု တရားခံ၏တင်ပြချက်သည် အကြောင်းအကျိုးခိုင်လုံနေသည်။ သို့ဖြစ်၍ မူလရုံးတရားခံများက ဒေါ်ရွှေရည်အပေါ် စွပ်စွဲတိုင်ကြား မှုပြုခြင်းသည် အများပြည်သူအကျိုးအတွက် ပြုလုပ်ခြင်းဖြစ်၍ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်တွင် အကျုံးဝင်သည်။

ဤအခြေအနေတွင် ဦးမြသိန်းနှင့် ဦးပေါစိန်အား တရားရုံး အဆင့်ဆင့်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ ပြစ်မှုပြစ်ဒဏ်စီရင် ခြင်းသည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ ဦးမြသိန်း နှင့် ဦးပေါစိန်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀ အရ အလုပ်မဲ့ ထောင်ဒဏ် (၁) နှစ်စီချမှတ်ခဲ့သည့် မူလရုံးအမိန့်နှင့် ယင်းအမိန့် အား အတည်ပြုခဲ့ကြသည့် တရားရုံးအဆင့်ဆင့်တို့၏အမိန့်အား ပယ်ဖျက်ပြီး အမှုမှအပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
သြဂုတ်
၅ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေး
၏ရှေ့တွင်

မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *
ပြည်ထောင်စုမြန်မာနိုင်ငံတော်

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ - သစ်တောဦးစီးဌာန၏ တရားဝင်ခွဲစိတ်ခွင့်အရ ရောင်းချခဲ့သော သစ်များအား သယ်ယူခွင့်မျှောစာမပါဘဲ သယ်ယူလာခြင်းသည် နိုင်ငံပိုင်စွည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းပြုရာ ရောက်မရောက်နှင့် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အပြစ်ပေးရန်သင့်၊ မသင့်။

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၀၄(ခ)၊ ၂၀၅(ခ)။
+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၀ နှင့် ပြင်ဆင်မှုအမှတ် ၉၆၅ တို့တွင် ချမှတ်သော ၃၁-၁-၂၀၀၈ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

**ဆုံးဖြတ်ချက်**။ ။ ယင်းသစ်များမှာ ပြည်ခရိုင်သစ်တော ဦးစီးဌာနမှ လေလံရောင်းချသော တရားဝင်သစ်လုံးများမှ ပြန်လည်ခွဲစိတ်ခွင့်ပါမစ်ဖြင့် ခွဲစိတ်ထားသော တရားဝင်သစ်လုံးများဖြစ်ကြောင်း၊ တရားခံ ဦးခင်အောင်နှင့် ခံပြသက်သေ ဦးလှသိန်း၊ ဦးရဲမြင့်ဇော်၊ ဦးကျော်မြင့်မောင်၊ သစ်စက်ပိုင်ရှင်များက ထောက်ခံ၍ ပေါက်ခေါင်းသစ်တောဦးစီးမှူး ဦးဝင်းမြင့်ကလည်း သက်သေခံ (င) ရှာဖွေပုံစံပါ တရားခံဘက်မှ တင်ပြသောသစ်တောဌာနမှ ဘေပြေစာများ၊ သစ်ခွဲခွင့်ပြုမိန့်များမှာ ၄င်းတို့ပေါက်ခေါင်းမြို့နယ်၊ သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာတို့၏ စာရွက်စာတမ်းများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ကြောင့် မူလအမှုစစ် ခရိုင်တရားရုံးက သက်သေခံ ပျဉ်းကတိုးသစ်များသည် ဦးခင်အောင်ရောင်းလိုက်သော သစ်ခွဲသားများအဖြစ် လက်ခံခဲ့သည်။ သို့သော် တရားခံမြင့်လွင်၊ ကျော်သီဟတို့သည် သက်ဆိုင်ရာ သစ်တောဌာန၏ သယ်ယူခွင့်မျှောစာ မပါရှိကြောင်းမှာ ပေါ်ပေါက်ပြီးဖြစ်သည်။ ထို့ကြောင့် တရားခံကျော်သီဟသည် ပျဉ်းကတိုးခွဲသားများကို ဦးခင်အောင်ထံမှ ဝယ်ယူလာကြောင်း ပေါ်ပေါက်သဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းမဟုတ်ကြောင်းမှာ မြင်သာပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ထို့ကြောင့် တရားခံမြင့်လွင်၊ ယာဉ်မောင်းနှင့် ကျော်သီဟသစ်ပိုင်ရှင်တို့အား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ ဖြင့် အပြစ်ပေးမည့်အစား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၄၂ (ခ) အရ ကျူးလွန်ကြောင်းထင်ရှားသဖြင့် ယင်းဥပဒေပုဒ်မ ၄၂ အရ ပြစ်ဒဏ်ချမှတ်ခြင်းက ပိုမို၍သင့်တော်သည်ဟု

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သုံးသပ်ရရှိသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးခင်မောင်လွင် တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်မိမိရှိန် လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး |

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၂၇/၀၇ တွင် တရားခံမြင့်လွင်၊ ဌေးလွင်၊ ကျော်သီဟတို့အား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန်၊ တရားခံ ဦးခင်အောင်အား အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီး သက်သေခံယာဉ်အမှတ်၊ ၃ခ/၃၉၀၈ ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေ၊ သစ်တောဌာနသို့အပ်နှံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုချမှတ်ခဲ့သောအမိန့်အပေါ် လျှောက်ထားသူ မြင့်လွင်၊ ဌေးလွင်၊ ကျော်သီဟတို့ (၃) ဦးက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုအယူခံမှုအမှတ် ၁၆၀/၀၇ ဖြင့် အယူခံဝင်ခဲ့ရာ ရန်ကုန်တိုင်း တရားရုံးက အယူခံမှုကို ပလပ်ခဲ့သည့်အတွက် လျှောက်ထားသူ မြင့်လွင် ပါ (၃) ဦးက ဤရုံးသို့ဤပြင်ဆင်မှု အမှတ် ၂၀၄ (ခ)/၀၈ ကို တင်သွင်းသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးအမိန့်မှ သက်သေခံယာဉ် ၃ခ/၃၉၀၈ ကားကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်သောအမိန့်အပေါ် လျှောက်ထားသူ ဦးဝေမင်းဦးက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုပြင်ဆင်မှုအမှတ်

၉၆၅/၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ ရန်ကုန်တိုင်းတရားရုံးက ပြင်ဆင်မှုကို ပလပ်ခဲ့သည့်အတွက် လျှောက်ထားသူက ပြင်ဆင်မှု အမှတ် ၂၀၅ (ခ)/၀၈ ကို တင်သွင်းသည်။

အမှုမှာ ၂၀-၈-၂၀၀၈ နေ့ နေ့လည် ၁၁ နာရီအချိန်ခန့်တွင် မှော်ဘီမြို့အဝင် သစ်တောဂိတ်တွင် တာဝန်ထမ်းဆောင်နေသော သစ်တောအထူး အရာရှိ ဗိုလ်မှူးလှမိုးအောင်၊ ဗိုလ်ကြီး ကျော်မျိုးထွေး နှင့် တောအုပ်ကြီး ဦးအောင်လွင်တို့ ဦးစီးသောအဖွဲ့သည် ရန်ကုန် ပြည်လမ်းအတိုင်း ပြည်ဘက်မှ မောင်းနှင်လာသော မော်တော်ယာဉ် အမှတ်၊ ၃ခ/၃၉၀၈ အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်ပျဉ်းကတိုးသစ်ခွဲသား ၆၈၁ ချောင်း (၁၉. ၅၀၆) တန် တင်ဆောင်လာကြောင်း တွေ့ရှိရပြီး သစ်နှင့်ပတ်သက်သော တရားဝင်စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်း မရှိသည့်အတွက် မှော်ဘီမြို့နယ်၊ သစ်တောဦးစီးအရာရှိ ဦးကျော်ညဏ်က တရားလိုပြုလုပ်တိုင်တန်းရာမှ အရေးယူသောအမှု ဖြစ်သည်။

ဖော်ပြပါအယူခံမှုနှင့် ပြင်ဆင်မှုတို့သည် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၇/၀၇ ၏ အမိန့်တစ်ရပ်တည်းမှ ပေါ်ပေါက်လာသောအမှုများဖြစ်၍ ဆုံးဖြတ်ရန်ပြဿနာမှာလည်း တူညီသည်။ ထို့ကြောင့်ဤအမိန့်သည် ထိုအမှုများနှင့် သက်ဆိုင်စေ ရမည်။

လျှောက်ထားသူများ၏ ရှေ့နေက သက်သေထွက်ချက်များ နှင့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအရ အချင်းဖြစ်သစ်ခွဲသားများသည် ပြည်ခရိုင်သစ်တောဦးစီးဌာနက တရားဝင်ချပေးသော ပါမစ်များအရ ပျဉ်းကတိုး (၅၈) လုံးကို ပေါက်ခေါင်းသစ်တောဦးစီးမှူး လိုပြ (၆) ဦးဝင်းမြင့်၏ တရားဝင်

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သစ်ခွဲမိန့်များအရ သစ်ကုန်သည်ဦးခင်အောင်က သစ်စက် (၃) စက်တွင် တရားဝင်ခွဲစိတ်ခဲ့သော သစ်များနှင့်ပေါက်ခေါင်းမြို့ ပေါ်ရှိ အမှတ် (၈၃) သစ်စက်မှ လေလံဆွဲဝယ်ခဲ့သော သစ်ခွဲသားများဖြစ်ကြောင်း ပေါ်ပေါက်၍ သစ်ကုန်သည် ဦးခင်အောင်က လျှောက်ထားသူ ကျော်သီဟသို့အထက်ပါ သစ်စက်များတွင်ပင် စာချုပ်နှင့် ရောင်းချခဲ့ကြောင်း၊ ကျော်သီဟက ထိုသစ်များကို ကိုမြင့်လွင်၏ မော်တော်ယာဉ်နှင့် ရန်ကုန်သို့ သယ်ဆောင်လာရာတွင် မျှောစာ အချိန်မီမရသည့်အတွက် မျှောစာမပါဘဲသယ်လာစဉ် အဖမ်းခံရကြောင်း၊ လိုပြသက်သေများ ထွက်ချက်အရ ပေါ်ပေါက်ပြီး တရားခံများက သစ်ခွဲသားများနှင့်ပတ်သက်သော စာရွက်စာတမ်းများကို အမှုစုံစမ်းစစ်ဆေးစဉ်ကပင် သက်သေခံ (င) ရှာဖွေပုံစံဖြင့် တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ မူလခရိုင်တရားရုံးတော်က သစ်ကုန်သည် တရားခံ ဦးခင်အောင် ပိုင်သစ်များသည် တရားဝင်သစ်ခွဲသားများဖြစ်ကြောင်း၊ ယင်းသစ်ခွဲသားများကို ကျော်သီဟသို့ စာချုပ်နှင့်ရောင်းချခဲ့ကြောင်း လက်ခံသုံးသပ်၍ ဦးခင်အောင်ကိုအမှုမှ အပြီးလွှတ်ခဲ့ပြီးပါလျက် ဦးခင်အောင်ထံမှ စာချုပ်နှင့်ဝယ်လာကြောင်း ပေါ်ပေါက်ပြီး ဖြစ်ပါကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူ ငွေးလွင်သည် ယာဉ်နောက်လိုက်တစ်ဦးသာဖြစ်၍ မော်တော်ယာဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းခိုင်းသမျှ လုပ်ပေးရသူသာဖြစ်ကြောင်း၊ ထို့ပြင် သစ်တောအရာရှိများ ထွက်ချက်အရ ပျဉ်းကတိုးသစ်ခွဲသားများသည် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်နှင့် ပြင်ပပုဂ္ဂိုလ်များ၊ ကုန်သည်များကအဆင့်ဆင့် ရောင်းဝယ်ခွင့်ရှိကြောင်းလည်း ပေါ်ပေါက်ပြီး၊ အချင်းဖြစ် သစ်ခွဲသားများမှာ တရားဝင်သစ်ခွဲသားများသာဖြစ်ပြီး မျှောစာမပါဘဲသယ်ဆောင် လာကြောင်းသာ ပေါ်ပေါက်သည့်အတွက် တရားခံများအပေါ် သစ်တောဥပဒေအရသာ ပြစ်ဒဏ်

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

စီရင်သင့်ကြောင်း၊ မော်တော်ယာဉ်အမှတ်၊ ၃ခ/၃၉၀၈ ၏ပိုင်ရှင် ဦးဝေမင်းဦးသည် ယာဉ်ပိုင်ရှင် အနေဖြင့် ယာဉ်ပေါ်တွင် တရားမဝင်ပစ္စည်းများ တင်ဆောင်ခြင်း မပြုရန် ယာဉ်မောင်းကို ပိတ်ပင်တားမြစ်ထားပြီး ပြည်မြို့မှ ပဲအိတ်များကိုသာ ရန်ကုန်သို့ တင်ပို့ရန် မော်တော်ယာဉ်ကို ပေးအပ်ထားခြင်းဖြစ်ပါ၍ အချင်းဖြစ်ပစ္စည်းများသယ်ဆောင်ခြင်းနှင့် ပတ်သက်၍ ယာဉ်ပိုင်ရှင်က တစ်စုံတစ်ရာပတ်သက်ခြင်းမရှိကြောင်း၊ ထို့ပြင်တရားဝင်ပျဉ်းကတိုးသစ်ခွဲသားများကိုသာ သယ်ဆောင်လာကြောင်း အမှုတွင်ပေါ်ပေါက်ပြီးဖြစ်ပါ၍ အချင်းဖြစ်မော်တော်ယာဉ်အား ယာဉ်ပိုင်ရှင်လျှောက်ထားသူသို့ ပြန်ပေးသင့်ကြောင်း၊ ထို့ကြောင့် မူလခရိုင်တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး ပြင်ဆင်မှုလျှောက်ထားသူ (တရားခံများ) အပေါ် ၁၉၉၂ ခုနှစ် သစ်တောဥပဒေအရ ထိုက်သင့်သလို စီရင်ပေးပါရန်နှင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်အား ယာဉ်ပိုင်ရှင်လျှောက်ထားသူသို့ ပြန်ပေးစေသည့်အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ နိုင်ငံတော်အတွက်လိုက်ပါသော ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက တရားလိုမှော်ဘီမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကျော်ညဏ်က သစ်တောဌာန၊ အထူးအရာရှိ ဗိုလ်မှူးလှမိုးအောင်၊ ဗိုလ်ကြီးကျော်မျိုးထွေးနှင့် မိမိအပါအဝင် သစ်တောဝန်ထမ်းများက ၂၀-၈-၂၀၀၆ နေ့က ၁၁း၄၅ နာရီခန့်တွင် ပြည်ဘက်မှ ရန်ကုန်သို့ မောင်းနှင်လာသော ၃ခ/၃၉၀၈ ဟီးနိုး ၁၀ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာတွင် ယာဉ်ပေါ်တွင် ပျဉ်းကတိုးခွဲသား ၆၈၁ ချောင်း (၁၉. ၅၀၆) တန် တင်ဆောင်လာသည်ကိုတွေ့ရပြီး ယာဉ်မောင်း

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မြင့်လွင်အား စစ်ဆေးချက်အရ တရားဝင်သယ်ဆောင်ခွင့်၊ တရားဝင်တံဆိပ်အမှတ်အသား အထောက်အထားတင်ပြနိုင်ခြင်း မရှိကြောင်း၊ သစ်ပိုင်ရှင်မှာ ဦးခင်အောင်ဖြစ်ပြီး တန်ဖိုးကျပ် ၁၄၆၂၉၅၀/- တန်ဘိုးရှိကြောင်း၊ လိုပြ (၃) ဦးသန်းဦး နှင့် လိုပြ (၄) ဝေမင်းဦးတို့မှာ သားအဖဖြစ်ကြပြီး အခင်းဖြစ်ကား ၃ခ/၃၉၀၈ ကို ဝေမင်းဦးအမည်ဖြင့် ပိုင်ဆိုင်ပြီး ကားကို ယာဉ်မောင်းဦးမြင့်လွင်သို့ သက်သေခံ (၁) ကားငှားရမ်းခြင်းသဘောတူစာချုပ်ဖြင့် ငှားရမ်းထားကြောင်း၊ ယာဉ်နောက်လိုက်မှာ ဌေးလွင်ဖြစ်ကြောင်း၊ အခင်းဖြစ်ကားမှာ တရားမဝင်သစ်များတင်ဆောင်၍ မှော်ဘီသစ်တောဂိတ်တွင် ဖမ်းဆီးခြင်းခံရကြောင်းကို ကြားသိရကြောင်း၊ ယင်းသို့ သစ်များတင်ဆောင်သည်ကို ယာဉ်ပိုင်ရှင်မသိဟု ထွက်ဆိုကြောင်း၊ လိုပြ (၆) ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးမှူး ဦးဝင်းမြင့်က တရားဝင်ခွဲစိတ်သည့် သစ်ခွဲသားများကို အခြားသူများသို့ ပြန်လည်ရောင်းချခွင့်ရှိကြောင်း၊ မြို့နယ်ကျော်သယ်ယူမည်ဆိုပါက သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ တင်ပြ၍ သယ်ယူခွင့်မျှောစာ အထောက်အထားရယူမည်ဖြစ်သည်ဟု ထွက်ဆိုကြောင်း၊ တရားခံ မြင့်လွင်က တရားဝင်သစ်တင်ရန်ဆို၍ အငှားလိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပိုင်ရှင် ကျော်သီဟကိုယ်တိုင် ကြီးကြပ်၍သစ်များတင်ဆောင်ပြီး သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပြသပြီးနောက် မျှောစာယူပြီး သစ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများ အပါအဝင် မျှောစာနှင့်အတူလိုက်လာမည်ပြော၍ ယုံကြည်သဖြင့် တင်ခဲ့ခြင်းဖြစ်ကြောင်း၊ မှော်ဘီမြို့အဝင် သစ်တောဂိတ်တွင် အဖမ်းခံရစဉ်က သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများတောင်းရာ သစ်ပိုင်ရှင်မှ နောက်ကလိုက်လာမည်ဟု ပြောခဲ့ကြောင်း၊ ထိုစဉ်ကသစ်နှင့်ပတ်သက်၍ စာရွက်စာတမ်း တစ်စုံတစ်ရာ ပြသနိုင်ခြင်း

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မရှိဆိုက မှန်ကြောင်းထွက်ဆို၍ တရားခံ‌ဌေးလွင်က ၄င်းမှာ ယာဉ်နောက်လိုက်သာဖြစ်ကြောင်း၊ တရားခံကျော်သီဟက ပေါက်ခေါင်းမြို့ပေါ်မှ သစ်စက်ပိုင်ရှင် ဦးခင်အောင်ထံမှ တရားဝင် သစ်ခွဲသားများဝယ်ယူပြီး သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ကို ဦးခင်အောင်က ပေးခဲ့ကြောင်း၊ ယာဉ်မောင်း ကိုမြင့်လွင်ကို တရားဝင်သစ်များ သယ်မည်ပြောကာ ကားငှားခဲ့ပြီး ကားပေါ်သို့ သစ်များတင်ပြီး မျှောစာထုတ်ရန်သစ်တောဦးစီးရုံးသို့သွားရာ သစ်တောဦးစီးမှူး ခရီးသွားနေ၍ ညတွင်ပြန်ရောက်မည်ဟု သိရ၍ ကိုမြင့်လွင်အား ကားဖြေးဖြေးမောင်းသွားရန်နှင့် မျှောစာယူပြီး လိုက်လာမည်ဟုမှာလိုက်ကြောင်း၊ သစ်တောဦးစီးမှူး ပြန်ရောက် မလာ၍ မျှောစာမရခဲ့ကြောင်း၊ နောက်နေ့တွင် ကိုမြင့်လွင် ကားနောက်လိုက်ခဲ့ရာအဖမ်းခံရသည်ဟုသိရသည်ဟု ထွက်ဆို ကြောင်း၊ ဦးခင်အောင်က တရားဝင်ရောင်းချသော လေလံသစ်များ၊ ခွဲစိတ်ခွင့်ပြုသောသစ်များကို စာရွက်စာတမ်းအထောက်အထား များဖြင့် ကျော်သီဟသို့ရောင်းချခဲ့ကြောင်း၊ ကျော်သီဟက ဝယ်ထား သောသစ်များကိုသယ်ဆောင်သွားရာ သစ်သယ်ယူခွင့် မျှောစာ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ မျှောစာပြုလုပ်ရန် သစ်တောဦးစီးဌာနသို့ လိုက်သွားစဉ် သစ်သယ်သည့်ကား အဖမ်းခံရခြင်းဖြစ်သည်ဟု ထွက်ဆိုကြောင်း၊ ထို့ကြောင့် အခင်းဖြစ်ကား ၃ခ/၃၉၀၈ ပေါ်တွင် ပျဉ်းကတိုးသစ်များကို သယ်ယူခွင့်စာရွက်စာတမ်း တစ်စုံတစ်ရာ ပါရှိခြင်းမရှိဘဲ တရားမဝင် လက်ဝယ်ထားရှိသယ်ယူလာခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍တရားခံ မြင့်လွင်၊ ဌေးလွင် နှင့် ကျော်သီဟတို့အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန်၊ သက်သေခံယာဉ်၊ ၃ခ/၃၉၀၈

ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်ခဲ့သောအမိန့်သည် မှားယွင်းခြင်းမရှိကြောင်း၊ ရန်ကုန်တိုင်းတရားရုံးကလည်း မူလရုံးအမိန့်ကို အတည်ပြုထားဆဲဖြစ်ပါ၍ လျှောက်ထားသူများ၏ လျှောက်လွှာများကို ပလပ်သင့်ကြောင်း တင်ပြလျှောက်ထားသည်။

အမှုတွင် တရားလိုဦးကျော်ညဏ် (မှော်ဘီမြို့နယ် သစ်တောဦးစီးမှူး ) နှင့် လိုပြ (၇) တောအုပ်ကြီး ဦးအောင်လွင်တို့က ထိုယာဉ်အမှတ်၊ ၃ခ/၃၉၀၈ ဟီးနိုး ၁၀ ဘီးကားယာဉ်ပေါ်တွင် တရားမဝင်ပျဉ်းကတိုးခွဲသား ၆၈၁ ချောင်း (၁၉. ၅၀၆) တန်အား သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရ၍ ယာဉ်မောင်း ဦးမြင့်လွင်၏ထွက်ချက်အရ ထိုသစ်ခွဲသားများ၏ ပိုင်ရှင်မှာ ပေါက်ခေါင်းမြို့နေ ဦးခင်အောင်ဖြစ်ကြောင်း၊ ယာဉ်နောက်လိုက်မှာ ငွေးလွင်ဖြစ်သည်ဟုထွက်ဆိုခဲ့သည်။ လိုပြ (၆) ဦးဝင်းမြင့်က အမှုတွင် သိမ်းဆည်းထားသော စာရွက်စာတမ်းများအနက် ဦးစီးဌာနရုံး ပေါက်ခေါင်းမြို့ ခေါင်းစဉ်ပါ ခွဲမိန့်များဖြင့် ခွင့်ပြုထားသည့်သစ်များကို သက်ဆိုင်ရာ တရားဝင်ဝယ်ယူခွင့် ရရှိထားသော၊ တရားဝင်ခွင့်ပြုထားသောစက်များတွင် ခွဲစိတ်ခွင့်ပြုထားပြီး ထိုတရားဝင်ခွဲစိတ်ရရှိသော သစ်များကို သက်ဆိုင်ရာတာဝန်ရှိသူက စစ်ဆေးလက်မှတ် ရေးထိုးထားပြီး အခြားသူများသို့ပြန်လည် ရောင်းချခွင့်ရှိကြောင်း၊ မြို့နယ်ကျော်သယ်ယူမည်ဆိုလျှင် သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ တင်ပြ၍ သယ်ယူခွင့်မျှောစာ အထောက်အထား ရယူရကြောင်း၊ ယခု ဖမ်းဆီးထားသောသစ်များကို မမြင်တွေ့ရသဖြင့် အဆိုပါသစ်များသည် ပေါက်ခေါင်းမြို့နယ် အတွင်းမှ တရားဝင် ခွင့်ပြုချက်ရရှိသော သစ်ဟုတ်သည် မဟုတ်သည်ကို ၎င်းအနေဖြင့် မပြောပြနိုင်ကြောင်း ထွက်ဆို၍ တရားခံများရှေ့နေပြန်လှန်မေးတွင် တရားခံ ဦးခင်အောင်သည်

ပေါက်ခေါင်းတွင် လုပ်ကိုင်သူတစ်ဦးဖြစ်၍ ပြည်ခရိုင် သစ်တော ဦးစီးဌာနကချပေးသည့် သစ်လုံးများကို ပေါက်ခေါင်းမြို့နယ်အတွင်း သစ်စက်များ၌ တရားဝင်ခွဲစိတ်ခွင့် ထုတ်ပေးထားကြောင်း၊ ဦးမြင့်အောင် သစ်စက်သို့ ခွဲမိန့်အမှတ် ၇/၀၆-၀၇ အရ ပျဉ်းကတိုး သစ် ၁၂ လုံးနှင့် ၆/၂၀၀၆-၂၀၀၇ ဖြင့် ပျဉ်းကတိုးသစ်လုံး ၃၄ လုံး ခွဲမိန့်ချထားပြီး ဦးလှသိန်းသစ်စက်သို့ ၁၆-၂-၂၀၀၆ နေ့စွဲဖြင့် ပျဉ်းကတိုးသစ် ၁၂ လုံးကို အမိန့်အမှတ် ၂၃ အရ ခွဲစိတ်ခွင့် ချပေးခဲ့ကြောင်း၊ ထိုသစ်လုံး ၅၈ လုံးကို သစ်စက် ၃ စက်မှ ခွဲစိတ်ပါက တန်အားဖြင့် ၂၁ တန်ကျော်ရရှိနိုင်ကြောင်း၊ လေလံသစ် ၁၀ တန်ခန့် ကို အမှတ် ၈၃ သစ်စက်မှ လေလံပစ်ခဲ့သည်ကို သစ်စက်မန်နေဂျာ ဦးစံလင်းက သစ်လုံးပြေစာပေါ်တွင် လက်မှတ်ရေးထိုးထားကြောင်း၊ ဦးခင်အောင်က ထိုသစ်စက် ၃ စက်မှ သစ်ခွဲသားများနှင့် လေလံသစ်များကိုဝယ်ယူပြီး ကိုကျော်သီဟသို့ ပေါက်ခေါင်းမြို့နယ် အတွင်း စာချုပ်စာတမ်းဖြင့် ရောင်းချခဲ့သည်ကိုတော့မသိကြောင်း၊ အထက်ပါသစ်စက်များမှ သယ်ဆောင်လာသောသစ်များမှာ မော်ဘီမြို့နယ်တွင်ဖမ်းဆီးရမိသော သစ်များဖြစ်နိုင်သည်ဆိုလျှင် ဖြစ်နိုင်ကြောင်း၊ ၎င်း၏မြို့နယ်အတွင်း သစ်လုံးများ ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်းစသည်ဖြင့် တိုင်တန်းမှုမရှိဆိုကမှန်ကြောင်း ထွက်ဆိုခဲ့သည်။ လိုပြ (၈) ဦးဆန်းဦးလတ်က ဦးခင်အောင်သည် တရားဝင်ဝယ်ယူထားသော ပျဉ်းကတိုးခွဲသား များကို ၁၃-၈-၂၀၀၆ နေ့က ဦးကျော်သီဟသို့ရောင်းချပြီး စာရွက်စာတမ်းများကိုပါ လွှဲအပ် ပေးခဲ့သည်ကိုသိကြောင်း၊ အရောင်းအဝယ်ပြုလုပ်သော စာချုပ်တွင် ၎င်းမှသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရောင်းချ သောသစ်ခွဲသားတန်ချိန်မှာ ၂၂ တန်ခန့်ဖြစ်ကြောင်း ထွက်ဆိုသည်။

လိုပြ (၉) ဒုရဲအုပ် သိန်းသန်းဝင်းက တရားခံ ခင်အောင်မှ

ပျဉ်းကတိုးခွဲသားများအား တရားဝင်ခွင့်ပြုမိန့်ဖြင့် ခွဲထားသော သစ်များဖြစ်၍ ကျော်သီဟထံရောင်းချထားကြောင်း၊ ကျော်သီဟက ဝယ်ယူခဲ့သော စာချုပ်နှင့် သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ပေးအပ်၍သိမ်းဆည်းခဲ့ကြောင်း၊ သက်သေခံကားနှင့် သစ်ခွဲသားများကို သိမ်းဆည်းစဉ်က သစ်ခွဲသားများ သယ်ဆောင်ခြင်းအတွက် တရားဝင်စာရွက်စာတမ်းများမပါရှိသဖြင့် အရေးယူခဲ့ကြောင်းထွက်ဆိုသည်။

လိုပြ (၄) ဦးသန်းဦး နှင့် လိုပြ (၅) ဦးဝေမင်းဦးတို့သားအဖက ယာဉ်အမှတ်၊ ၃ခ/၃၉၀၈ ၏ ယာဉ်ပိုင်ရှင်မှာ ဦးဝေမင်းဦးဖြစ်ကြောင်းနှင့် ယင်းကားအား ဦးမြင့်လွင်မှမောင်းနှင်ပြီး ပြည်မြို့တွင် ပဲ၊ နှမ်း တင်ဆောင်ပြေးဆွဲစေခဲ့ကြောင်း၊ တရားမဝင်သစ်များ တင်ဆောင်ခြင်းနှင့်ပတ်သက်၍ ၎င်းအနေဖြင့် မသိရကြောင်း၊ ဦးမြင့်လွင်တို့ သက်သေခံ (၁) စာချုပ်ဖြင့် တရားမဝင်ပစ္စည်းတင်ဆောင်ခြင်းမပြုရန် ငှားရမ်းထားခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသည်။

တရားခံ မြင့်လွင်က ယာဉ်ပိုင်ရှင် ကိုဝေမင်းဦးနှင့် သက်သေခံ (၁) စာချုပ်ပြုလုပ်ကာ ယာဉ်မောင်းအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉-၈-၂၀၀၆ နေ့က ပြည်မြို့၊ ရတနာမိုးကားဂိတ်မှ ပဲအိတ်များတင်ရန်အတွက် ဂိတ်ထိုးထားစဉ် ပဲအိတ်များ အဆင်သင့်မရှိ၍ တရားခံ ကျော်သီဟရောက်လာပြီး ပေါက်ခေါင်းမှ တရားဝင်ပါမစ်သစ်များကို ရန်ကုန်သို့တင်ဆောင်လိုကြောင်း၊ သစ်များနှင့်ပတ်သက်သော တရားဝင်စာရွက်စာတမ်းများနှင့် သစ်စက်ပိုင်ရှင် ဦးခင်အောင်ထံမှ စာချုပ်စာတမ်းနှင့်ဝယ်ထားကြောင်း ပြောသဖြင့် ပေါက်ခေါင်းမြို့သို့လိုက်ပါခဲ့ပြီး ကျော်သီဟ၏ ကြီးကြပ်မှုဖြင့် အဆိုပါသစ်များကို တင်ခဲ့ကြောင်း၊ သစ်ပိုင်ရှင် ကျော်သီဟက

သစ်နှင့်ပတ်သက်၍ မျှော်စာယူမည်ဖြစ်ကြောင်း၊ သစ်တောရုံးသို့ ထွက်သွားပြီး မကြာမီပြန်ရောက်လာကာ သစ်တောဦးစီး ခရီးထွက်သွား၍ နောက်နေ့မှမျှော်စာယူပြီး နောက်ကလိုက်လာမည့်ကားကို စောင့်မောင်းရန်ပြောသဖြင့် ထိုနေ့ညနေ ၆ နာရီ၊ ၇ နာရီခန့်တွင် ကားထွက်ခဲ့ကြောင်း၊ အင်းမတွင် ထမင်းစားနေစဉ် ဦးသန်းအေး (ခ) ဦးလှထွန်းကားလည်း ရောက်လာသဖြင့် ထမင်းစားပြီး ကား၂ စီး ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြကြောင်း၊ နောက်နေ့မနက် ၁၁ နာရီတွင် မှော်ဘီမြို့ အဝင်၌အဖမ်းခံရကြောင်း၊ ဖမ်းဆီးသူများက သစ်များနှင့်ပတ်သက်၍ စာရွက်စာတမ်းများ တောင်းရာ ၎င်းမှစာရွက်စာတမ်းနှင့် သစ်ပိုင်ရှင်နောက်က လိုက်လာမည်ဟု ပြောခဲ့ကြောင်းနှင့် ၎င်းမှာအပြစ်မရှိဟု ထုချေ ထွက်ဆိုသည်။ တရားခံ ငွေးလွင်က ၎င်းမှာ ယာဉ်နောက်လိုက်ဖြစ်၍ ယာဉ်မောင်းခိုင်းသည့်ကိစ္စကိုသာ ဆောင်ရွက်ပေးရသူဖြစ်၍ အပြစ်မရှိဟုထုချေသည်။ တရားခံ ကျော်သီဟက ၎င်းသည်ဦးခင်အောင်ထံမှ တရားဝင်ခွဲစိတ်ထားသော သစ်များအဖြစ် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့သော အချင်းဖြစ်သစ်များကို သယ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အခင်းဖြစ်နေ့က သစ်မျှော်စာကို သစ်တောဦးစီးမှူးထံ သွားတောင်းခံခဲ့ရာ သစ်တောဦးစီးမှူး ပြန်မလာ၍ မျှော်စာ မရခဲ့ကြောင်း၊ မျှော်စာမပါဘဲ သယ်ယူလာခြင်းဖြစ်သော်လည်း သစ်များမှာ တရားဝင်သစ်ခွဲသားများဖြစ်၍ အပြစ်မရှိကြောင်း၊ သက်သေခံ (င) ရှာဖွေပုံစံအမှတ်စဉ် (၁) မှ (၄) ထိ စာရွက်စာတမ်း များကို ၎င်းမှရဲသို့ပေးအပ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ တရားခံ ဦးခင်အောင်မှ ပြည်ခရိုင်သစ်တောဦးစီးဌာနမှချပေးသော ပျဉ်းကတိုးသစ် စုစုပေါင်း ၅၈ လုံးနှင့် တရားဝင်ပါမစ်များကို သစ်ကုန်သည် ဦးရဲမြင့်ဇော်ထံမှတစ်ဆင့်ဝယ်ယူခဲ့ပြီး ပေါက်ခေါင်း

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

မြို့နယ်သစ်တောဦးစီးဌာနသို့ ခွဲမိန့်တောင်းခံခွဲစိတ်ပြီး ရရှိသော ပျဉ်းကတိုးခွဲသား ၂၁. ၈၀၉၀ တန်အား သက်သေများရှေ့တွင် ခွဲစိတ်ခဲ့သောသစ်စက် နှင့် သစ်ဆိုင်တွင်ပင် အရောင်းအဝယ်စာချုပ် သက်သေခံ (င) ရှာဖွေပုံစံပါ အမှတ်စဉ် (၅) ဖြင့် ကျော်သီဟသို့ သစ်များနှင့်ပတ်သက်သော ဘေ၊ ဘောက်ချာများ၊ သစ်ခွဲမိန့်များ တို့ကိုပါ တစ်ပါတည်းပေးအပ်ခဲ့ကြောင်း၊ သစ်များရောင်းချပြီး တောင်ပေါ်သို့ ခရီးထွက်ခဲ့ကြောင်း၊ ၂ ပတ်ခန့်ကြာပြီးမှ ပေါက်ခေါင်း သို့ပြန်ရောက်မှ ယင်းသစ်များကို ကျော်သီဟ သယ်သွားစဉ် အဖမ်းခံရသည်ဟု ကြားသိရကြောင်း၊ ၎င်းအနေဖြင့် တရားဝင် ပါမစ်သစ်များကိုသာ ဝယ်ယူပြီး တရားဝင်ခွဲစိတ်၍ ပေါက်ခေါင်း မြို့နယ်အတွင်း တရားဝင်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသစ်များ သယ်ဆောင်သည့်ကိစ္စနှင့်ပတ်သက်၍ ၎င်းမှာ တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိ၍ အပြစ်မရှိကြောင်း၊ မှော်ဘီဂိတ်တွင် အဖမ်းခံရသောသစ်များမှာ ကျော်သီဟ၏သစ်များသာဖြစ်ကြောင်း ထုချေထွက်ဆိုသည်။ ခံပြ (၅) ဦးလှသိန်းက တရားဝင်သစ် ၁၂ လုံး ကို ၎င်း၏သစ်စက်တွင် ဦးခင်အောင်က ခွဲစိတ်ခွင့်အမိန့် ၂၃ အရ ခွဲစိတ်ခဲ့ကြောင်း၊ ထိုသစ်စက်တွင် ဦးခင်အောင်က ခွဲစိတ် ခွင့်အမိန့် ၂၃ အရ ခွဲစိတ်ခဲ့ပြီးသော ထိုသစ်များကို ၎င်း၏သစ်စက်တွင်ပင် ဦးခင်အောင်က ကျော်သီဟကို စာချုပ်စာတမ်းဖြင့် ရောင်းချခဲ့ကြောင်း ထောက်ခံထွက်ဆိုသည်။

ခံပြ (၆) ဦးရဲမြင့်ဇော်က သက်သေခံ (င) ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော ပြည်ခရိုင်သစ်တောဌာနမှ သစ်လုံး ၅၈ လုံးကို ၎င်းမှ ဦးခင်အောင်သို့ ရောင်းချခဲ့ကြောင်း၊ ဦးခင်အောင်က ပေါက်ခေါင်းသစ်တောဦးစီးဌာနမှ သစ်ခွဲမိန့်တောင်းခံပြီး ခွဲစိတ် ကြောင်း၊ ရရှိသောသစ်ခွဲသားများကို ကိုကျော်သီဟသို့ ရောင်းခဲ့

ကြောင်း၊ ကျော်သီဟက ရန်ကုန်သို့သယ်သွားစဉ် အဖမ်းခံရကြောင်း သိရှိပါသည်ဟုထွက်ဆိုသည်။

လိုပြ (၇) ဦးကျော်မြင့်မောင်က ၎င်း၏သစ်စက်တွင် ဦးခင်အောင်က ပျဉ်းကတိုးသစ် ၃၄ လုံးကို ခွဲစိတ်မိန့်ဖြင့် ခွဲစိတ်ခဲ့ကြောင်း၊ ယင်းခွဲသားများကို ကျော်သီဟသို့ရောင်းခဲ့ရာ နောက်တစ်နေ့တွင် သစ်ဝယ်သူကျော်သီဟက ၁၀ ဘီးကားဖြင့် ဝယ်ယူသွားရာ မှော်ဘီတွင်အဖမ်းခံရသည်ဟု သိရကြောင်းထွက်ဆိုသည်။

အထက်ပါသက်သေခံချက်များ၊ ထွက်ချက်များအရ မှော်ဘီသစ်တောဂိတ်တွင် ယာဉ်မောင်း မြင့်လွင်မောင်းနှင်၍ ယာဉ်နောက်လိုက် ဌေးလွင်ပါရှိသော ယာဉ်အမှတ်၊ ၃၁/၃၉၀၈ ယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးသစ်ခွဲသား ၆၈၁ ချောင်း (၁၉. ၅၀၆) တန်ကို တရားဝင်သယ်ဆောင်ခွင့်ပါမစ် မျှောစာမပါဘဲ သယ်ယူလာခြင်းမှာ ပေါ်ပေါက်ပြီးဖြစ်သည်။ ယင်းသစ်များမှာ ပြည်ခရိုင်၊ သစ်တောဦးစီးဌာနမှ လေလံရောင်းချသော တရားဝင်သစ်လုံးများမှ ပြန်လည်ခွဲစိတ်ခွင့်ပါမစ်ဖြင့် ခွဲစိတ်ထားသော တရားဝင်သစ်လုံးများဖြစ်ကြောင်း၊ တရားခံ ဦးခင်အောင်နှင့် ခံပြသက်သေ ဦးလှသိန်း၊ ဦးရဲမြင့်ဇော်၊ ဦးကျော်မြင့်မောင်၊ သစ်စက်ပိုင်ရှင်များကထောက်ခံ၍ ပေါက်ခေါင်းသစ်တောဦးစီးမှူး ဦးဝင်းမြင့်ကလည်း သက်သေခံ (င) ရှာဖွေပုံစံပါ တရားခံဘက်မှ တင်ပြသော သစ်တောဌာနမှ ဘေပြေစာများ၊ သစ်ခွဲခွင့်ပြုမိန့်များမှာ ၎င်းတို့ပေါက်ခေါင်းမြို့နယ်၊ သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာတို့၏ စာရွက်စာတမ်းများဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ကြောင့် မူလအမှုစစ်ခရိုင်တရားရုံးက သက်သေခံ ပျဉ်းကတိုးသစ်များသည် ဦးခင်အောင်ရောင်းလိုက်သော သစ်ခွဲသားများအဖြစ် လက်ခံခဲ့သည်။

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သို့သော် တရားခံမြင့်လွင်၊ ကျော်သီဟတို့သည် သက်ဆိုင်ရာ သစ်တောဌာန၏ သယ်ယူခွင့်မျှောစာ မပါရှိကြောင်းမှာ ပေါ်ပေါက်ပြီးဖြစ်သည်။ ထို့ကြောင့် တရားခံ ကျော်သီဟသည် ပျဉ်းကတိုးခွဲသားများကို ဦးခင်အောင်ထံမှ ဝယ်ယူလာကြောင်း ပေါ်ပေါက်သဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းမဟုတ်ကြောင်းမှာ မြင်သာပေသည်။

ထို့ကြောင့် တရားခံ မြင့်လွင်၊ ယာဉ်မောင်းနှင့် ကျော်သီဟ သစ်ပိုင်ရှင်တို့အား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ ဖြင့် အပြစ်ပေးမည့်အစား ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၂ (ခ) အရ ကျူးလွန်ကြောင်း ထင်ရှားသဖြင့် ယင်းဥပဒေပုဒ်မ ၄၂ အရ ပြစ်ဒဏ်ချမှတ်ခြင်းက ပိုမို၍သင့်တော်သည်ဟု သုံးသပ်ရရှိသည်။

တရားခံ ဌေးလွင် (ကားစပယ်ယာ) သည် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ အရ ပြစ်မှုထင်ရှားကြောင်း မတွေ့ရ၍ ၎င်းနှင့်ပတ်သက်သော ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းကို ပယ်ဖျက်ရန် သာရှိသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြုပြီး တရားခံဌေးလွင်အား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ချမှတ်ခဲ့သော ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ်-၂၇/၀၇ ပါ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော ရန်ကုန်တိုင်းတရားရုံး၏ ပြစ်မှုအယူခံမှုအမှတ် ၁၆၀/၀၇ ပါအမိန့်များကို ပယ်ဖျက်ပြီး တရားခံဌေးလွင်အား အမှုမှအပြီးအပြတ်လွှတ်လိုက်သည်။

၂၀၀၈
မြင့်လွင်ပါ ၃
ဦးဝေမင်းဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ကျန်တရားခံ မြင့်လွင်နှင့် ကျော်သီဟတို့အသီးသီးအား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ချမှတ်ခဲ့သော ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ်-၂၇/၀၇ ပါအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ရန်ကုန်တိုင်းတရားရုံး၏ ပြစ်မှုအယူခံမှုအမှတ် ၁၆၀/၀၇ ပါအမိန့်များကို ပယ်ဖျက်ပြီး တရားခံ မြင့်လွင်နှင့် ကျော်သီဟတို့သည် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၂ ကို ကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်စီ ကျခံစေရန် ပြင်ဆင်မိန့်ချမှတ်လိုက်သည်။ တရားခံများကျခံပြီးသောချုပ်ရက်များကို ဤပြစ်ဒဏ်မှ ထုတ်နုတ်ခံစားစေ။

သက်သေခံယာဉ်၊ ၃ခ/၃၉၀၈ နှင့်ပတ်သက်၍မူ တင်ဆောင်လာသော ပျဉ်းကတိုးသစ်များမှာ တန်ချိန်အားဖြင့် များပြားလွန်းသည်ကို တွေ့ရသည့်အတွက် တရားခံများ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်းထင်ရှားသည်။ ထို့ကြောင့် ယင်းသက်သေခံယာဉ်၊ ၃ခ/၃၉၀၈ နှင့်ပတ်သက်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ချမှတ်ခဲ့သော ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၇/၀၇ ပါ အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော ရန်ကုန်တိုင်းတရားရုံး၏ ပြင်ဆင်မှုအမှတ် ၉၆၅/၀၇ ပါအမိန့်များကို ဆက်လက်အတည်ပြုသည်။ ထို့ကြောင့် ဦးဝေမင်းဦး လျှောက်ထားသော ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၀၅(ခ)/၀၈ ကို ပလပ်သည်။

+ ၂၀၀၈
နိုဝင်ဘာလ
၅ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့်
ဦးကျော်ဝင်းတို့၏ရှေ့တွင်

ဦးဝင်းဇော်ဦး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

ယာဉ်မောင်း မြင့်ဦးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ မိုးမြင့်ဦးတို့အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမှု မရှိ၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ပါလျက် အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ။

ပြင်ဆင်မှုတွင် အမှန်တကယ် နစ်နာသူများ အား ကြားနာခြင်းမရှိဘဲ ၎င်းတို့အား ထိခိုက်စေ သည့်အမိန့် ချမှတ်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့် ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိခြင်း။

ပြင်ဆင်မှုတွင် လျှောက်ထားခံရသူအနေဖြင့်

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၇။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၄၃(ခ) တွင် ချမှတ်သော ၂၀-၁၂-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန် ရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

၂၀၀၈
ဦးဝင်းဇော်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

**ပါဝင်ခဲ့ရခြင်းမရှိသော နစ်နာသူတစ်ဦးအနေဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲအပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်ပြုသင့်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ သက်သေခံ ၄က/၄၀၄၁ ပေါ်မှ တရားမဝင်သက်သေခံပစ္စည်း တစ်စုံတစ်ရာ မတွေ့ရသည့်ပြင် ရွှေ့ပြေးယာဉ်အဖြစ် ဆောင်ရွက်ကြောင်း တရားလိုဘက်မှ သက်သေထူနိုင်ခြင်းမရှိ။ အဆိုပါယာဉ်ကိုမောင်းနှင်သူ သက်ရှိလူသားဖြစ်သော မြင့်ဦးနှင့် မိုးမြင့်ဦး (ခ) ယူစွပ်တို့အား အမှုမှလွှတ်ခဲ့ပြီးဖြစ်၍ သက်မဲ့သက်သေခံပစ္စည်းဖြစ်သည့် ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှာ သင့်လျော်မှုမရှိပေ။ ပြစ်မှုမထင်ရှားလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၄) အရ သိမ်းဆည်းခြင်းခံရသူအား ပြန်ပေးရန် အမိန့်ချရမည်ဖြစ်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမောင်မောင်အမှု**[၃] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။ အဆိုပါမူသဘောကို **မောင်ပေါက်စ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ကိုစံတင်) အမှု**[၁] တွင် လိုက်နာဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးအနေဖြင့် သက်သေခံကားနှင့်ပတ်သက်၍ ပြင်ဆင်မှုဖွင့်လှစ်ခဲ့သော်လည်း အမှန်တကယ် နစ်နာသူများဖြစ်သည့် ဦးကျော်ငြိမ်းလွင်နှင့် ဦးဝင်းဇော်ဦးတို့အားဆင့်ခေါ်၍ ထုချေရှင်းလင်းခွင့်မပေးခဲ့သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်

မှုမရှိပေ။ တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) တွင် တရားခံမှ တစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံမှ ပစ္စည်းကိုယူခဲ့လျှင် ယင်း ပစ္စည်းကို စီမံခန့်ခွဲသည့်အမိန့်မချမှတ်မီ ထိုသူအား လျှောက်ထားခွင့် ပေးရမည်ဟု ဖော်ပြထားသည်။ ယာဉ်မောင်းဖြစ်သူ မြင့်ဦး (အမှတ် ၃ တရားခံ) နှင့် အခြားတရားခံများသည် တိုက်ရိုက်နစ်နာဆုံးရှုံးမှု ရှိသည့် ပုဂ္ဂိုလ်များမဟုတ်ကြသဖြင့် ယင်းတို့ကို ကြားနာရုံမျှနှင့် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) နှင့် ညီညွတ်သည်ဟု မဆိုသာ ချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက သက်သေခံ ၄က/၀၄၁ ကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုကို ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့သော်လည်း သက်ဆိုင်ရာရဲစခန်းမှ ၁၇-၁၀-၂၀၀၇ နေ့တွင် ကားလက်ရှိဖြစ်သူ (လျှောက်ထားသူ) ဦးဝင်းဇော်ဦးထံမှ လာရောက်သိမ်းဆည်းသွားခြင်းဖြစ်သည်။ အဆိုပါကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတွင် မူလပိုင်ရှင် ဦးကျော်ငြိမ်းလွင်သော်လည်းကောင်း၊ လက်ရှိအမည်ပေါက်ပိုင်ရှင် ဦးဝင်းဇော်ဦးသော်လည်းကောင်း ပြင်ဆင်မှုလျှောက်ထားခံရသူအနေဖြင့် ပါဝင်ခဲ့ရခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိဟု တင်ပြချက်မှာ လက်ခံစဉ်းစားသင့်သော အချက်ဖြစ်သည့်ပြင် မိမိ လက်ဝယ်မှ သက်သေခံကားကို ၁၇-၁၀-၂၀၀၇ နေ့တွင် သိမ်းဆည်း ခံရသဖြင့် ၂-၁၁-၂၀၀၇ နေ့တွင် ယင်းအမိန့်အပေါ် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်ပတ်သက်၍ ကာလ စည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲစာပိုဒ်

၇၆၆ တို့အရ လက်ခံခွင့်ပြုသင့်ပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးအောင်သန်းစိုး<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဦးအောင်မြင့်<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့ |

ပြည်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆/၂၀၀၄ တွင် တရားခံ ဝင်းခိုင်ပါ ၆ ဦးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စွဲဆို၍ တရားခံ ဝင်းခိုင်၊ စိုးနိုင်၊ ဇော်လင်းမောင် (ခ) ကာဆင်နှင့် ထွန်းဇော်ဝင်းတို့အား ယင်းဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင် ဒဏ် (၁၀) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မြင့်ဦးနှင့် မိုးမြင့်ဦး (ခ) ယူစွပ်တို့အား အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ အချင်းဖြစ်အမှုတွင်ပါဝင်သော သက်သေခံ မော်တော်ယာဉ်အမှတ်၊ ၁က/၈၂၃၂ ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သော်လည်း မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) နှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခဲ့ခြင်းမရှိသဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၆ (က)/၂၀၀၆ ဖွင့်လှစ်ပြီး သက်သေခံ မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို သက်သေခံ မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ ၏ ပိုင်ရှင် ဦးဝင်းဇော်ဦးက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ

ပြင်ဆင်မှုအမှတ် ၈၄၃ (ခ)/၂၀၀၇ ဖြင့် တင်သွင်းခဲ့ရာ ပလပ်ခြင်းခံရသဖြင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၉/၂၀၀၈ ဖြင့် လျှောက်ထားခဲ့ရာ အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"၁။ မူလမှုရှိ သက်သေခံကား ၄က/၄၀၄၁ ၏ ယာဉ်မောင်း မြင့်ဦးနှင့် အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသူ ဝင်းမြင့်ဦးတို့အား ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့်အမိန့် အတည်ဖြစ်နေပါလျက် အဆိုပါ ၄က/၄၀၄၁ မော်တော်ယာဉ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်သည်ဟု တိုင်းတရားရုံးက ပြင်ဆင်မှုတွင် သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန်အမိန့်ချမှတ်ခဲ့ခြင်းနှင့် ယင်းအမိန့်ကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းသည် ဥပဒေများနှင့်ညီညွတ်မှန်ကန်မှုရှိ မရှိ။

၂။ မူလမှု၌ သက်သေခံကား ၄က/၄၀၄၁ မော်တော်ယာဉ်ကို ပိုင်ရှင်ဖြစ်သူ ဦးကျော်ငြိမ်းလွင်သို့ ပြန်လည်ပေးအပ်ထားကြောင်း ပေါ်လွင်ပါလျက် ပြင်ဆင်မှုတွင် ဦးကျော်ငြိမ်းလွင်ကိုလည်းကောင်း၊ အချင်းဖြစ်ကား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းဇော်ဦးကိုသော်လည်းကောင်း၊ ကြားနာခြင်းမရှိဘဲ ၎င်းတို့အား ထိခိုက်စေသည့်ကားကို ဘဏ္ဍာသိမ်းဆည်းစေရန် ချမှတ်သည့်အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိ မရှိ။

၂၀၀၈
ဦးဝင်းဇော်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

၃။ ပြင်ဆင်မှုတွင် လျှောက်ထားခံရသူအတွက် ပါဝင်ခဲ့ရခြင်းမရှိသဖြင့် အဆိုပါ ပြင်ဆင်မှုတွင် ချမှတ်သည့် အမိန့်အပေါ် နစ်နာသူတစ်ဦးအနေဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူက ကျမ်းကျိန်လွှာဖြင့် တင်ပြသည့်အချက်များကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲအပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်မပြုခြင်းသည် မှန်ကန်မျှတမှုရှိ မရှိ။

အမှုမှာ ၄-၁၁-၂၀၀၃ ရက်နေ့ (၀၇း၃၀) နာရီတွင် အမှတ် (၃) ထောက်လှမ်းရေးတပ်ဆွယ်မှူး တပ်ကြပ်ကြီးမြင့်နိုင်၊ အင်းမရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းမရေပြောစားသောက်ဆိုင်ရှေ့၌ တရားမဝင်ကျွန်းခွဲသား (၄. ၇၅၄၂) တန်ခန့် သယ်ဆောင်လာသော မော်တော်ယာဉ်အမှတ်၊ ၁က/၈၂၃၂ ကောင်တာ အဖြူရောင် (၆) ဘီးတပ်ယာဉ်ကို ရှေ့ပြေးယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရုဖ်) အဖြူရောင်ကားနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဝင်းခိုင်၊ စိုးနိုင်၊ မြင့်ဦး၊ မိုးမြင့်ဦး (ခ) ယူစွပ်၊ ဇော်လင်းမောင် (ခ) ကာဆင်၊ ထွန်းဇော်ဝင်းတို့အား အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်သည်။

အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေမှ လျှောက်ထားသည်မှာ အခင်းဖြစ်ပွားစဉ်က အယူခံတရားလိုထံမှ သိမ်းဆည်းသွားခဲ့သော မော်တော်ယာဉ်ပေါ်တွင် လိုက်ပါသွားကြသူများအဖြစ် အမှုတွင် တရားစွဲဆိုတင်ပို့ခဲ့သည့် ယာဉ်မောင်း မြင့်ဦး (အမှတ် ၃

တရားခံ) နှင့် မိုးမြင့်ဦး (ခ) ယူစွပ် (အမှတ် ၄ တရားခံ) တို့သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိသဖြင့် တရားသေလွှတ်ခဲ့သော်လည်း အမှုတွင်ပါဝင်ပတ်သက်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိပါဘဲနှင့် အယူခံတရားလိုအနေဖြင့် တရားဝင်ပိုင်ဆိုင်လျက်ရှိသည့် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းသည် မှန်ကန်မျှတခြင်းမရှိကြောင်း၊ တရားခံအား အမှုမှအပြီးအပြတ်လွှတ်ပြီးဖြစ်ပါက သက်သေခံပစ္စည်းကို လက်ဝယ်ထားသူထံ ပြန်လည်ပေးအပ်ရမည်ဟု **မောင်ပေါက်စ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ကိုစံတင်) အမှု**[၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားပါကြောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးသည် အခင်းဖြစ် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ် ခြင်းမပြုမီ မူလပိုင်ရှင်ဖြစ်သူ ဦးကျော်ငြိမ်းလွင်ကိုဖြစ်စေ၊ လက်ရှိ ပိုင်ရှင်ဖြစ်သူ လျှောက်ထားသူ ဦးဝင်းဇော်ဦးကိုဖြစ်စေ၊ ကြားနာခွင့် မပြုခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (က) အရ ကုစား၍မရသည့် နည်းလမ်းမကျသည့် မှားယွင်းပျက်ကွက်မှုဖြစ်ကြောင်း၊ လျှောက်ထားသူ၏ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း ၃၁-၇-၂၀၀၆ ရက်နေ့က အမိန့်ချမှတ်ခဲ့သော်လည်း ၁၇-၁၀-၂၀၀၇ ရက်နေ့တွင် လာရောက်သိမ်းဆည်းခြင်းဖြစ်၍ လျှောက်ထားသူအပေါ် နစ်နာစေသည့် ဆောင်ရွက်ချက် စတင်သည့်နေ့မှာ ၁၇-၁၀-၂၀၀၇ ရက်နေ့ကဖြစ်ကြောင်း၊ ၃၁-၇-၂၀၀၆ ရက်နေ့တွင် ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက အခင်းဖြစ် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းကြောင်းကို လျှောက်ထားသူ

---

**(၁) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၇**

အနေဖြင့် မည်သို့မျှမသိနိုင်ကြောင်း၊ အခင်းဖြစ်ယာဉ်ကို စတင်သိမ်းဆည်းသည့်နေ့မှ (၁၅) ရက်အကြာ ၂-၁၁-၂၀၀၇ ရက်နေ့တွင် တရားရုံးချုပ် (ရန်ကုန်မြို့) သို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းအပေါ် သုံးသပ်ပါက အယူခံတရားလိုသည် လုံ့လဝါယမ စိုက်ထုတ်ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ပါကြောင်း၊ ဤပြစ်မှုဆိုင်ရာအထူးအယူခံမှုကိုလက်ခံ၍ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက အခင်းဖြစ် မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ်၊ ရန်ကုန်မြို့၏ အမိန့်ကိုပယ်ဖျက်ကာ အခင်းဖြစ် မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ ကို အယူခံတရားလိုသို့ ပြန်လည်ပေးစေသည့်အမိန့်ကို ပြင်ဆင်ချမှတ်ပေးပါရန် လျှောက်ထားသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ၊ ညွှန်ကြားရေးမှူးက အမှုတွင် ယာဉ်အမှတ်၊ ၄က/၄၀၄၁ နှင့် ပတ်သက်၍ စုပါရှဖ်ယာဉ်မောင်း မြင့်ဦးမှာ ကားငှားသူ လေးငယ် နောက်ကလိုက်ခဲ့ကြောင်း၊ ရှေ့ပြေးယာဉ်အဖြစ် ဖမ်းဆီးစဉ်က ယာဉ်ပေါ်တွင် ကုလား (၃) ဦးနှင့် မြင့်ဦးပါလာရာ ယာဉ်မောင်းကို နောက်ခန်းတွင်ထိုင်ခိုင်းပြီး ထောက်လှမ်းရေးရုံးသို့မောင်းစဉ် သစ်တင်ကားနှင့်ဆက်စပ်သူများ တစ်ပါတည်းပါသွားသည်မှာ ပေါ်ပေါက်ကြောင်း၊ လေးငယ်သည် သစ်လုပ်ငန်းလုပ်ကိုင်ပြီး မိုးမြင့်ဦး၏ညီ ဂျမားနှင့် အဆက်အသွယ်ရှိကြောင်း၊ မြင့်ဦး မောင်းသည့်ကားကိုငှားရမ်း၍ ပြည်မြို့သို့လိုက်ပါသွားသည်မှာ ထင်ရှားပေါ်ပေါက်လျက်ရှိကြောင်း၊ အမှုတွင် သက်သေခံကား ၄က/၄၀၄၁ ကို တရားခံ မြင့်ဦး၊ ဝင်းနိုင်နှင့် စိုးနိုင်တို့က သက်သေခံ (က) ရှာဖွေပုံစံဖြင့် ပေးအပ်ထားကြောင်း၊ ထိုကားကို တရားခံ မြင့်ဦးက မောင်းနှင်အသုံးပြုခဲ့ကြောင်းမှာ

ပေါ်ပေါက်ပါကြောင်း၊ ရှာဖွေသက်သေ ဦးရဲနိုင်နှင့် ဦးထွန်းထွန်းတို့၏ ထွက်ဆိုချက်အရ သစ်တင်ကားကို ဖမ်းဆီးစဉ်ကပင် ၄က/၄၀၄၁ ကို ထောက်လှမ်းရေးက ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း၊ သစ်ပိုင်ရှင် မိုးမြင့်ဦး၊ ဂျမား၊ လေးငယ်နှင့်အဖွဲ့သည် ကားကိုငှားရမ်းပြီး သစ်များ ချောမောစွာ သယ်ဆောင်နိုင်ရေးအတွက် အသုံးပြုကြောင်း မြင်သာ၍ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၆ (က)/၂၀၀၆ ကိုခွင့်ပြုပြီး၊ သက်သေခံ ၄က/၄၀၄၁ ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း၊ တရားရုံးချုပ်က စူပါရှဖ်ဘင်ကားကို လက်ဝယ် သိမ်းဆည်းခံရသူမှာ မူလရုံးတရားခံ မြင့်ဦးဖြစ်ပြီး လျှောက်ထားသူ ဝင်းဇော်ဦးမှာ အမှုတွင် တရားလို၊ တရားခံအဖြစ် မပါဝင်သော်လည်း သက်သေခံကားကို သိမ်းယူခြင်းခံရသူမဟုတ်သဖြင့် **ဦးကျော်ကျော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၂] စီရင်ထုံးအရ ကြားနာရန်မလိုသဖြင့် ဦးဝင်းဇော်ဦးအား ကြားနာခြင်းမပြုဘဲ သက်သေခံကားနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်ခြင်းမရှိကြောင်း ဆုံးဖြတ်ထားပါကြောင်း၊ သို့ပါ၍ ဤပြစ်မှုဆိုင်ရာ အထူးအယူခံမှုတွင် အရေးယူလောက်သောပြဿနာ ပေါ်ပေါက်ခြင်းမရှိသဖြင့် ပလပ်သင့်ပါကြောင်း လျှောက်ထားသည်။

အချင်းဖြစ် တရားမဝင်ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသော ကားများအား ဖမ်းဆီးသည့်အမှုသည် ၄-၁၁-၂၀၀၃ နေ့တွင် ဖြစ်ပွားခဲ့ပြီး၊ ၄က/၄၀၄၁ (စူပါရှဖ်) မော်တော်ယာဉ်ကို သစ်များ တင်ဆောင်ထားသည့် ၁က/၈၂၃၂ မော်တော်ယာဉ်နှင့်အတူ သက်သေခံ (က) ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော်လည်း အချင်းဖြစ်

---

(၂) ၂၀၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၀

မော်တော်ယာဉ်များကို အမှတ် (၃) ထောက်လှမ်းရေးတပ်ဖွဲ့သို့ ထောက် (၄) ပုံစံဖြင့် အပ်နှံထားခဲ့ပြီး၊ ထောက်လှမ်းရေးတပ်ဖွဲ့မှ ၁၅-၂-၂၀၀၄ နေ့တွင် ၄က/၄၀၄၁ (စူပါရှဖ်) ကားကို ယာဉ်ပိုင်ရှင် ဦးကျော်ငြိမ်းလွင်အား ထောက် (၄) ပုံစံဖြင့် ပြန်လည်ထုတ်ပေးခဲ့ကြောင်း မူလအမှုတွင် တွေ့ရှိရသည်။

မူလအမှုကို ပြည်ခရိုင်တရားရုံးသို့ ၉-၄-၂၀၀၄ နေ့တွင် တရားစွဲဆိုတင်ပို့ခဲ့ရာ သက်သေခံကားဖြစ်သည့် ၄က/၄၀၄၁ (စူပါရှဖ်) မော်တော်ယာဉ်သည် ရုံးရှေ့တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ ထောက်လှမ်းရေးတပ်ဖွဲ့က ဦးကျော်ငြိမ်းလွင်သို့ ပြန်လည်ထုတ်ပေးထားသဖြင့် ယင်းကားကို ဦးကျော်ငြိမ်းလွင်က ရောင်းချခဲ့သောကြောင့် ၂၀၀၄ ခုနှစ်၊ မတ်လတွင် ဦးကိုကိုဆိုသူထံမှ အယူခံတရားလို ဦးဝင်းဇော်ဦးက ကာလပေါက်ဈေးဖြင့်ဝယ်ယူကာ ကျသင့်သည့် အမြတ်ခွန်ကိုထမ်းဆောင်၍ မိမိအမည်ပေါက်ပြုလုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်အထိ ယာဉ်သက်တမ်းတိုးပြုလုပ်၍ လက်ရှိထားခဲ့ရာမှ ၁၇-၁၀-၂၀၀၇ နေ့တွင် အင်းမရဲစခန်းမှ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံး၏ ၃၁-၇-၂၀၀၆ နေ့တွင် ချမှတ်သော ပြင်ဆင်မှုအမိန့်အရ အချင်းဖြစ်ကားကို လာရောက်သိမ်းခဲ့သဖြင့် အပ်နှံပေးခဲ့ရခြင်းဖြစ်သည်။ ယင်းအမိန့်အပေါ် တရားရုံးချုပ်သို့ နစ်နာသူအနေဖြင့် ဦးဝင်းဇော်ဦးက ၂-၁၁-၂၀၀၇ နေ့တွင် ပြင်ဆင်မှုတင်သွင်းခဲ့ရာ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲအပိုဒ် ၇၆၆ အရ ကျမ်းကျိန်လွှာပြုလုပ်၍ လျှောက်ထားခဲ့သော်လည်း တရားရုံးချုပ်က ခိုင်မာလုံလောက်သည့် တင်ပြချက်မဟုတ်ဟု သုံးသပ်ကာ ခွင့်ပြုခဲ့ခြင်းမရှိဘဲ တိုင်းတရားရုံး၏သက်သေခံကား အမှတ်၊ ၄က/၄၀၄၁ ကို ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့်အမိန့်ကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

(၆) ဘီးတပ်ယာဉ်ကို ရွှေ့ပြေးယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) အဖြူရောင်ကားနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဝင်းခိုင်၊ စိုးနိုင်၊ မြင့်ဦး၊ မိုးမြင့်ဦး (ခ) ယူစွပ်၊ ဇော်လင်းမောင် (ခ) ကာဆင်၊ ထွန်းဇော်ဝင်းတို့အား အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲတင်ပို့ခဲ့သောအမှုဖြစ်သည်။

မူလမှုအား လေ့လာစိစစ်ရာ အချင်းဖြစ်သည့် ၄-၁၁-၂၀၀၃ ရက်နေ့ (၀၇း၃၀) နာရီခန့်တွင် အင်းမရေပြာစားသောက်ဆိုင်ရှေ့၌ တရားမဝင်ကျွန်းခွဲသား (၄) တန်ခန့် တင်ဆောင်လာသော ကောင်တာအဖြူရောင် (၆) ဘီးတပ် မော်တော်ယာဉ်အမှတ်၊ ၁က/၈၂၃၂ ယာဉ်ကို ယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) အဖြူရောင်ကားနှင့်အတူတွေ့ရှိရ၍ အမှတ် (၃) ထောက်လှမ်းရေးတပ်ဆွယ်မှူး တပ်ကြပ်ကြီးမြင့်နိုင်၊ အင်းမရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဖမ်းဆီးအရေးယူခဲ့ရာတွင် သစ်တင်ထားသည့် မော်တော်ယာဉ်အမှတ်၊ ၁က/၈၂၃၂ ၏ ယာဉ်မောင်း ဝင်းခိုင်၊ ယာဉ်နောက်လိုက် စိုးနိုင်တို့အား အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး သစ်တင်ကားအမှတ်၊ ၁က/၈၂၃၂ မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သော်လည်း မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) အဖြူရောင်ကား၏ ယာဉ်မောင်း မြင့်ဦးနှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ မိုးမြင့်ဦး (ခ) ယူစွပ်တို့အား မူလရုံးက အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီး ၄က/၄၀၄၁ (စူပါရစ်ဖ်) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့်ချမှတ်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ ၏ ယာဉ်မောင်း

မြင့်ဦးနှင့် ယာဉ်ပေါ်တွင်လိုက်ပါခဲ့သူ မိုးမြင့်ဦး (ခ) ယူစွပ်တို့အပေါ် မူလရုံးက အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်အပေါ် ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့ခြင်းမရှိသော်လည်း ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) သက်သေခံ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ မူလရုံးက စီမံခန့်ခွဲသည့် အမိန့်ချမှတ်ခဲ့ခြင်းမရှိသည့်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၁) အရ ပြင်ဆင်မှု (က) ဖွင့်လှစ်ခဲ့ပြီး အဆိုပါ သက်သေခံ မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ (စူပါရစ်ဖ်) အား ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းကြောင်း အမိန့်ချမှတ်ခဲ့သည်။

ယခုအမှုတွင် အဓိကစဉ်းစားရမည့်အချက်မှာ သက်သေခံ မော်တော်ယာဉ်သည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်ဟုတ် မဟုတ်ကို အဓိကစဉ်းစားရမည်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းဟုသတ်မှတ်လျှင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရမည်။ သက်သေခံ ၄က/၄၀၄၁ ပေါ်မှ တရားမဝင် သက်သေခံပစ္စည်း တစ်စုံတစ်ရာ မတွေ့ရသည့်ပြင် ရှေ့ပြေးယာဉ်အဖြစ် ဆောင်ရွက်ကြောင်း တရားလို ဘက်မှ သက်သေထူနိုင်ခြင်းမရှိ။ အဆိုပါယာဉ်မောင်းနှင်သူမှာလည်း မြင့်ဦးနှင့် မိုးမြင့်ဦး (ခ) ယူစွပ်တို့ဖြစ်ပြီး ၄င်းတို့အပေါ် ပြစ်မှုထင်ရှား မတွေ့ရှိရသဖြင့် အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်ရာ သက်သေခံ ပစ္စည်းဖြစ်သည့် ယာဉ်အမှတ်၊ ၄က/၄၀၄၁ မှာ ပြစ်မှုကျူးလွန်ရာ တွင် အသုံးပြုသောပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်တော့ချေ။ ပြစ်မှုမထင်ရှားလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၄) အရ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပြန်ပေးရန် အမိန့်ချရ မည်ဖြစ်ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့်**

**ဦးမော်မောင်အမှု**[၃] တွင် လမ်းညွှန်းထုံးဖွဲ့ထားသည်။ အဆိုပါ မူသဘောကို **မောင်ပေါက်စ နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ကိုစံတင်)အမှု**[၁] တွင် လိုက်နာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ထို့ကြောင့် ပထမပြဿနာဖြစ်သော မူလမှုရှိ သက်သေခံ ကားအမှတ်၊ ၄က/၄၀၄၁ ၏ ယာဉ်မောင်း မြင့်ဦးနှင့် အဆိုပါ ယာဉ် ပေါ်တွင်လိုက်ပါလာသူ မိုးမြင့်ဦးတို့အား ပြစ်မှုကျူးလွန်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့်အမိန့် အတည်ဖြစ်နေပါလျက် အဆိုပါ ၄က/၄၀၄၁ မော်တော်ယာဉ်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်သည်ဟု တိုင်းတရားရုံး က ပြင်ဆင်မှုတွင်သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ခြင်းနှင့် ယင်းအမိန့်ကို တရားရုံးချုပ်က အတည်ပြုခဲ့ခြင်း သည် ဥပဒေများနှင့် ညီညွတ်မှန်ကန်မှုမရှိကြောင်း ဖြေဆိုလိုက်သည်။

ဒုတိယပြဿနာကို စိစစ်ရမည်ဆိုလျှင် အချင်းဖြစ်စူပါရှဖ် ယာဉ်အမှတ်၊ ၄က/၄၀၄၁ ကို ၄-၁၁-၂၀၀၃ ရက်နေ့တွင် သက်သေခံ (က) ရှာဖွေပုံစံအရ အမှုဖြင့်သိမ်းဆည်းခဲ့သည်ဟု တွေ့ရှိရသော်လည်း ယင်းအမှုအား တရားစွဲဆိုတင်ပို့ခဲ့သည့် ၉-၄-၂၀၀၄ ရက်နေ့မတိုင်မီ ၁၅-၂-၂၀၀၄ ရက်နေ့ကတည်းက အမှတ် (၃) ထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဗိုလ်ကြီးထက်ချစ်ဆွေက မူလ ပိုင်ရှင် ဦးကျော်ငြိမ်းလွင်ကို ထောက် (၄) ပုံစံဖြင့် ပြန်လည်ထုတ်ပေး ခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။

အချင်းဖြစ်ကားမှာ တရားရုံးသို့ ရှာဖွေပုံစံဖြင့်အပ်နှံခဲ့ပြီး တရားရုံးမှ သက်သေခံ (က) အဖြစ် လက်ခံခဲ့ပြီးဖြစ်သည်။ အမှုနှင့် စပ်လျဉ်းသောပစ္စည်းကို ရဲကရှာဖွေပုံစံနှင့်သိမ်းဆည်းခဲ့ပြီး ဥပဒေနှင့်

**(၃) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၈၀**

အညီ စီမံခန့်ခွဲခြင်းမပြုသေးလျှင် ယင်းပစ္စည်းကို တရားရုံးသို့တင်ပို့ခြင်းမပြုသော်လည်း အမှုပြီးဆုံးသောအခါ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ (၁) အရ စီမံခန့်ခွဲနိုင်သည်။ ထိုမူသဘောကို **ဦးပိတ်ကောင်း၊ ဒေါ်ခင်ခင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၄]၊ **ဦးသိန်းလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂အမှု**[၅] တွင် လိုက်နာဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးအနေဖြင့် သက်သေခံကားနှင့်ပတ်သက်၍ ပြင်ဆင်မှုဖွင့်လှစ်ခဲ့သော်လည်း အမှတ် (၃) ထောက်လှမ်းရေးတပ်ဖွဲ့မှ ထောက် (၄) ပုံစံဖြင့် ထုတ်ပေးထားသူကား၏မူလပိုင်ရှင် ဦးကျော်ငြိမ်းလွင်အားဖြစ်စေ၊ အမှန်တကယ်နစ်နာသူဖြစ်သည့် ဦးဝင်းဇော်ဦးအားဖြစ်စေ ဆင့်ခေါ်၍ ထုချေရှင်းလင်းခွင့်မပေးခဲ့သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပေ။ တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) တွင် တရားခံမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံမှ ပစ္စည်းကိုယူခဲ့လျှင် ယင်းပစ္စည်းကို စီမံခန့်ခွဲသည့်အမိန့်မချမှတ်မီ ထိုသူအား လျှောက်ထားခွင့်ပေးရမည်ဟု ဖော်ပြထားသည်။

ယာဉ်မောင်းဖြစ်သူ မြင့်ဦး (အမှတ် ၃ တရားခံ) နှင့် အခြားတရားခံများသည် တိုက်ရိုက်နစ်နာဆုံးရှုံးမှုရှိသည့် ပုဂ္ဂိုလ်များမဟုတ်ကြသဖြင့် ယင်းတို့ကို ကြားနာရုံမျှနှင့် တရားရုံးများလက်စွဲအပိုဒ် ၁၀၉၁ (၁) နှင့် ညီညွတ်သည်ဟု မဆိုသာချေ။

ထို့ကြောင့် ဒုတိယပြဿနာဖြစ်သော မူလမှု၌ သက်သေခံကားအမှတ်၊ ၄က/၄၀၄၁ မော်တော်ယာဉ်ကို ပိုင်ရှင်ဖြစ်သူ

---

**(၄) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈၆**

**(၅) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊စာ ၇၉**

ဦးကျော်ငြိမ်းလွင်သို့ ပြန်လည်ပေးအပ်ထားကြောင်း ပေါ်ပေါက်ပါလျက် ပြင်ဆင်မှုတွင် ဦးကျော်ငြိမ်းလွင်ကိုသော်လည်းကောင်း၊ အချင်းဖြစ်ကားလက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းဇော်ဦးကို သော်လည်းကောင်း ကြားနာခြင်းမရှိဘဲ ၎င်းတို့အား ထိခိုက်စေသည့် ကားကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်ခဲ့သည့်အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း ဖြေဆိုလိုက်သည်။

ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက သက်သေခံ ၄က/ ၄၀၄၁ ကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုကို ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့သော်လည်း သက်ဆိုင်ရာရဲစခန်းမှ ၁၇-၁၀-၂၀၀၇ နေ့တွင် ကားလက်ရှိဖြစ်သူ (လျှောက်ထားသူ) ဦးဝင်းဇော်ဦးထံမှ လာရောက်သိမ်းဆည်းသွားခြင်းဖြစ်သည်။ အဆိုပါ ကားနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတွင် မူလပိုင်ရှင် ဦးကျော်ငြိမ်းလွင်သော်လည်းကောင်း၊ လက်ရှိအမည်ပေါက်ပိုင်ရှင် ဦးဝင်းဇော်ဦးသော်လည်းကောင်း ပြင်ဆင်မှုလျှောက်ထားခံရသူအနေဖြင့် ပါဝင်ခဲ့ရခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိသဖြင့် ၃၁-၇-၂၀၀၆ နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းကို သိရှိနိုင်ခြင်းမရှိဟု တင်ပြချက်မှာ လက်ခံစဉ်းစားသင့်သော အချက်ဖြစ်သည့်ပြင် မိမိလက်ဝယ်မှ သက်သေခံကားကို ၁၇-၁၀-၂၀၀၇ နေ့တွင် သိမ်းဆည်းခံရသဖြင့် ၂-၁၁-၂၀၀၇ နေ့တွင် ယင်းအမိန့်အပေါ် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်ပတ်သက်၍ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲစာပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်ပြုသင့်ပေသည်။

ဤအမှုတွင် ကာလစည်းကမ်းသတ်ကိစ္စကို စဉ်းစားရာတွင်

သက်ဆိုင်ရာအမှုသည်များအား လျှောက်ထားတင်ပြခွင့်ပြုခဲ့ကြောင်း တွေ့ရှိရသည်။ အလားတူ ကာလစည်းကမ်းသတ်ကျော်လွန်မှုများကို တရားရုံးများက လက်ခံဆောင်ရွက်ခဲ့သော ရှေးအစဉ်အလာများလည်း အထင်အရှားရှိခဲ့ကြောင်း တွေ့ရှိရသည်။ အကြောင်းပြချက်များ ခိုင်လုံသဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို လက်ခံဆောင်ရွက်ခဲ့လျှင်လည်း ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်သောအကြောင်းလည်း မတွေ့ရပေ။

ထို့ကြောင့် ပြင်ဆင်မှုတွင် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့ရခြင်းမရှိသဖြင့် အဆိုပါ ပြင်ဆင်မှုတွင် ချမှတ်သည့်အမိန့်အပေါ် နစ်နာသူတစ်ဦးအနေဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူက ကျမ်းကျိန်လွှာဖြင့် တင်ပြသည့်အချက်များကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ နှင့် တရားရုံးများလက်စွဲအပိုဒ် ၇၆၆ တို့အရ လက်ခံခွင့်မပြုခြင်းသည် မှန်ကန်မျှတမှုမရှိကြောင်း တတိယပြဿနာကို ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာအထူးအယူခံမှုကိုခွင့်ပြု၍ ပဲခူးတိုင်း (အနောက်ပိုင်း) တရားရုံးက သက်သေခံ မော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် တရားရုံးချုပ် (ရန်ကုန်) ၏အမိန့်တို့ကို ပယ်ဖျက်ကာ သက်သေခံမော်တော်ယာဉ်အမှတ်၊ ၄က/၄၀၄၁ ကို အယူခံတရားလို ဦးဝင်းဇော်ဦးထံသို့ ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
နိုဝင်ဘာလ
၂၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဦးတင်အေးနှင့် ဦးသက်ထွန်းတို့၏ရှေ့တွင်**

**ဝင်းဘိုပါ ၃**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုမြောက်ရန် လိုအပ်ချက်- လယ်ယာမြေကို တူးဖော်လိုက်သဖြင့် မည်သည့်တောင်သူကိုမျှ ရေပေးဝေရေးမထိခိုက်ကြောင်း ပေါ်ပေါက်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူမှုမပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူနိုင်ရန်မှာ တရားခံသည် လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိတိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ သန့်ရှင်းရေးကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စတစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးကို လျော့ပေါ့စေမည်ဟု သိလျက်နှင့် အကျိုးဖျက်ဆီးမှုကို ပြုလုပ်မှသာ ဤပုဒ်မအရ

---

***   ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၇။**

**+   ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂၄(ခ) တွင် ချမှတ်သော ၂၈-၁၂-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

အရေးယူနိုင်မည်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးထိန်လင်း
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

အမရပူရမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၈၁/၂၀၀၇ တွင် ၁။ တရားခံ ဦးခင်မောင်၊ ၂။ တရားခံ ဦးညိုမောင် တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ငွေဒဏ်ကျပ် တစ်သောင်းစီပေးဆောင်စေရန်နှင့် ၃။ တရားခံကျော်ကျော်လှိုင်၊ ၄။ တရားခံ အောင်မင်းသန်း၊ ၅။ တရားခံ ဝင်းဘိုတို့အပေါ် ယင်း ဥပဒေပုဒ်မ ၄၃၀ အရ ထောင်ဒဏ် (၃) နှစ်စီ ချမှတ်ခဲ့သည်။ တရားခံ ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့က ယင်းအမိန့်ကို မကျေနပ်၍ မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၈၁/၂၀၀၇ ဖြင့် အယူခံဝင်ရောက်ခဲ့ရာ ပလပ်ခြင်းခံရသည်။ ယင်း အမိန့်ကိုမကျေနပ်၍ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၃၇၅/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ ပလပ်ခြင်းခံရ သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၂၄ (ခ)/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ တရားခံ ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားတွေ့ရှိသည့်အမိန့်ကို အတည်ပြုပြီး ထောင်ဒဏ် (၃) နှစ်အစား ထောင်ဒဏ် (၂) နှစ်စီ ကျခံစေရန်

ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဝင်းဘိုပါ (၃) ဦးမှ မကျေနပ်၍ အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၃၈/၂၀၀၈ ဖြင့် လျှောက်ထားခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံ ခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " အမှုတွဲတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှန်ကန်မှုရှိ မရှိ။"

အမှုမှာ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်းနှင့်အဖွဲ့သည် အမရပူရမြို့နယ်၊ ဒေါင်းရွေးကျေးရွာအုပ်စု၊ မယ်တော်စုကျေးရွာ၊ ကွင်းအမှတ် (၅၆၈) ကွင်းမှ မြေများကို မြေသယ်ကားကြီးများနှင့် သယ်ယူနေကြောင်း သတင်းအရ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ တောင်သူ ဦးခင်မောင်နှင့် ဦးညိုမောင်တို့ထံမှ မြေများကို ကားတစ်စီးလျှင် တစ်ခေါက် (၅၀၀ိ/-) နှုန်းဖြင့် အခကြေးငွေပေး၍ သယ်ယူနေသည့် ယာဉ်မောင်း ကျော်ကျော်လှိုင် မောင်းနှင်သည့် ဟီးနိုးကားယာဉ် အမှတ်၊ စ/၉၂၁၃၊ ယာဉ်မောင်း ဝင်းဘို မောင်းနှင်သည့် ဒေါ့ဂျစ် ယာဉ်အမှတ်၊ ဆ/၈၃၄၅ နှင့် ယာဉ်မောင်း အောင်မင်းသန်း မောင်းနှင်သည့် ထော်လာဂျီယာဉ်အမှတ်၊ ဂ၅/၄၅၂၆ တို့အား တွေ့ရှိရသဖြင့် မြေရောင်းချသူ ဦးခင်မောင်နှင့် ဦးညိုမောင်၊ မြေသယ် ယူသူ ကျော်ကျော်လှိုင်၊ အောင်မင်းသန်းနှင့် ဝင်းဘိုတို့အား အရေးယူပေးပါရန် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဦးလှသိန်းကို (မြေတိုင်းစာရေး) က မြစ်ငယ်ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြား ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးတရားလိုနှင့် တရားလို

ပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ မူလရုံးတရားခံ (အယူခံတရားလိုများ) တို့၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုမြောက်စေသော ပြုလုပ်မှုရှိသည်ဟု ကောက်ယူနိုင်သည့် အထောက်အထားမရှိကြောင်း၊ အယူခံတရားလိုများသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ ကို တစ်နည်းနည်းဖြင့်ချိုးဖောက်၍ ပြစ်မှုမြောက်စေသည့်လုပ်ရပ်ရှိသည်ဟု မပေါ်ပေါက်ကြောင်းနှင့် မူလတရားရုံးက မူလရုံးတရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏ အမိန့်တို့သည် မှန်ကန်မှုမရှိသဖြင့် ယင်းအမိန့်များကိုပယ်ဖျက်ကာ အယူခံတရားလိုများ (မူလရုံးတရားခံများ) အား အမှုမှအပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ လယ်ပိုင်ရှင် ဦးခင်မောင်နှင့် ဦးညိုမောင်တို့က ၄င်းတို့၏လယ်မြေမှ မြေများကိုနုတ်၍ ကားသမားများဖြစ်ကြသော ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အားရောင်းချရာ ကျော်ကျော်လှိုင်၊ အောင်မင်းသန်းနှင့် ဝင်းဘိုတို့က ကားများဖြင့်မြေများကို သယ်ယူခဲ့ကြသည်ဟု အငြင်းမပွားပေါ်ပေါက်ကြောင်း၊ ယင်းသို့ပြုလုပ်မှုကြောင့် လယ်ယာမြေမှ အပေါ်ယံမြေဆီမြေနှစ်များမရှိ၍ မိုးစပါးနှုန်းအထွက်မပြည့်မီခြင်း၊ အနီးအနားမှလယ်မြေများ ရေရရှိမှုလျော့ပါးခြင်း၊ လမ်းများပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းပေါ်ပေါက်သဖြင့် မူလရုံးက တရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်နှင့် ယင်းအမိန့်အား အဆင့်ဆင့်အတည်ပြုခဲ့ကြသည့် တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သဖြင့် ဤအထူးအယူခံမှုအား ပလပ်သင့်ကြောင်း လျှောက်လဲ

သည်။

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ အမရပူရမြို့နယ်၊ ဒေါင်းရွှေကျေးရွာအုပ်စု၊ မယ်တော်စုကျေးရွာ (၅၆၈) ကွင်းမှ လယ်မြေများကို လယ်ပိုင်ရှင် ဦးခင်မောင် (ခံပြ-၁) နှင့် ဦးညိုမောင် (ခံပြ-၂) တို့သည် ကားတစ်ခေါက်လျှင် ငွေကျပ် ၅၀၀/- နှုန်းရယူပြီး ယာဉ်မောင်း ကျော်ကျော်လှိုင် (ခံပြ-၃)၊ ယာဉ်မောင်း အောင်မင်းသန်း (ခံပြ-၄) နှင့် ယာဉ်မောင်း ဝင်းဘို (ခံပြ-၅) တို့ထံ ရောင်းချခဲ့ကြောင်းပေါ်ပေါက်ပါသည်။ ထိုသို့ လယ်မြေများကို တရားခံတောင်သူ ၂ ဦးက တူးဖော်ရောင်းချရာတွင် မြေ ၈ လက်မခန့်ထိ တူးဖော်ခဲ့ကြောင်းပေါ်ပေါက်သည်။ တရားလိုပြ သက်သေ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်း (လိုပြ-၆) နှင့် အမရပူရမြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ မြေတိုင်း (၄) ဦးလှသိန်းကို (လိုပြ-၁) တို့အား တရားခံများက ပြန်လှန်စစ်မေးရာတွင် လယ်ပိုင်ရှင် ဦးခင်မောင်နှင့် ဦးညိုမောင်တို့၏ လယ်မြေများသည် ကုန်းမြင့်လယ်ဖြစ်၍ နွေစပါး စိုက်၍မရကြောင်း၊ မြေကိုတူးဖော်လိုက်သဖြင့် မြေနိမ့်သွားပြီး နွေစပါးများ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဦးညိုမောင်နှင့် ဦးခင်မောင်တို့၏ လယ်မြေများကို တူးဖော်နှိမ့်လိုက်သဖြင့် မည်သည့်တောင်သူကိုမျှ ရေပေးဝေရေးမထိခိုက်ကြောင်း ပေါ်ပေါက်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

မည်သူမဆို လယ်ယာလုပ်ကိုင်ခြင်းကိစ္စအတွက်ဖြစ်စေ၊ လူများ၊ သို့တည်းမဟုတ် ပိုင်ရှင်ရှိတိရစ္ဆာန်များ စားသောက်ခြင်းကိစ္စအတွက်ဖြစ်စေ၊ သန့်ရှင်းရေးအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်ငန်းအတွက်ဖြစ်စေ၊ ရေရရှိရေးလျော့ပါးစေသော ပြု

၂၀၀၈
ဝင်းဘိုပါ ၃
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လုပ်မှုကို သို့မဟုတ် ထိုသို့လျော့ပါးစေတန်ရာသည်ကို မိမိသိသော ပြုလုပ်မှုကိုပြုလုပ်ခြင်းဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင်၊ ထိုသူကို ငါးနှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ အရေးယူနိုင်ရန်မှာ တရားခံသည် လယ်ယာလုပ်ကိုင်ခြင်းကိစ္စ၊ ပိုင်ရှင်ရှိတိရစ္ဆာန်များ စားသောက်ခြင်းကိစ္စ၊ သန့်ရှင်းရေးကိစ္စ၊ ကုန်ထုတ်လုပ်ငန်းကိစ္စ တစ်ခုခုနှင့်ပတ်သက်၍ ရေရရှိရေးကို လျော့ပါးစေမည်ဟုသိလျက်နှင့် အကျိုးဖျက်ဆီးမှုကိုပြုလုပ်မှသာ ဤပုဒ်မအရ အရေးယူနိုင်မည် ဖြစ်သည်။

ဤအမှုတွင် တရားခံများ၏ပြုလုပ်မှုကြောင့် လယ်ယာလုပ်ငန်းကိစ္စတွင် ရေရရှိရေးကို လျော့ပါးစေသည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ မူလရုံးတရားခံများအပေါ် ပြစ်မှုထင်ရှားစီရင်ရန် သက်သေခံအထောက်အထား တစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရသည်။

" ခိုင်လုံသောသက်သေခံ အထောက်အထားပြရန်မှာ တရားလို၏တာဝန်သာဖြစ်သည်။ တရားလိုပြသက်သေထွက်ချက်များအရ ပြစ်မှုထင်ရှားစေသော သက်သေခံအထောက်အထားမရှိသဖြင့် စွဲချက်တင်ပြီး ပြစ်မှုထင်ရှားစီရင်လျက် ပြစ်ဒဏ်ပေးလိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်" ဟု **ဦးကျော်ရှင်ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အမှု**[၁] တွင် လမ်းညွှန်းဆုံးဖြတ်ထားသည်။

သို့ဖြစ်၍ အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ

---

**(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆**

လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း ဖြေဆိုသည်။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ တရားရုံးအဆင့်ဆင့်က အယူခံတရားလိုများဖြစ်ကြသည့် ဝင်းဘို၊ အောင်မင်းသန်းနှင့် ကျော်ကျော်လှိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၀ အရ ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
သြဂုတ်လ
၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့၏ရှေ့တွင်**

**ကိုသက်ဦး**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်** *

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို မည်သည့်အခါတွင် ခံစားနိုင်ခွင့်ရှိကြောင်း။**

**ဆုံးဖြတ်ချက်။** ။ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့်ထိုးပြီးနောက် အနီးသို့ရောက်လာသည့် ဦးကြည်မောင်၏ အလုပ်သမားများအား "မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့၊ မဆိုင်သူရှေ့မတိုးနဲ့" ဟုပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့်အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည်

---

*** ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄။**

**+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၉(ခ) တွင် ချမှတ်သော ၉-၁၀-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

မိမိ၏ ငယ်ပါကိုလှီးဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန် စိတ်ပေါ့သွပ် နေသူဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ဆေးစာအား နည်းလမ်းတကျတင်ပြနိုင်ခြင်းမရှိသည့်ပြင် အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကင်းလွတ် ခွင့်ရနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးမြင့်သွင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

မိတ္ထီလာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၆၇၆/၀၆ တွင် တရားခံ ကိုသက်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ ထောင်ဒဏ် (၅) နှစ်၊ ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် (၂) နှစ်သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အား တရားခံ ကိုသက်ဦးကမကျေနပ်၍ မိတ္ထီလာခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂/၂၀၀၇ တင်သွင်းရာ ပလပ်ခြင်းခံရသည်။ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၃၆/၂၀၀၇

ကို ဆက်လက်လျှောက်ထားရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ ထောင်ဒဏ် (၃) နှစ်၊ ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် (၁) နှစ် ပြစ်ဒဏ် နှစ်ရပ်အား တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ ကိုသက်ဦးကမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၉ (ခ)/၂၀၀၇ ကို လျှောက်ထားရာ ပလပ်ခြင်းခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် အတွက် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၃၁/၂၀၀၈ ကို လျှောက်ထားရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည် ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

"အမှုတွဲပါသက်သေခံချက်များအရ တရားခံ သက်ဦး၏ ပြုလုပ်မှုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ် ချက်ကို ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းမရှိဘဲ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းရှိ မရှိ။"

အမှုမှာ ၁-၁၂-၂၀၀၆ ရက်နေ့ ၁၇း၄၅ နာရီခန့်က မိတ္ထီလာ မြို့၊ အောင်ဆန်းနယ်မြေ၊ ကျောက်စူးရပ်ရှိ ဦးကြည်မောင်၏ နေအိမ် ခြံဝင်းအတွင်းသို့ တောင်ဘက်ခြံနေ ကိုသက်ဦးဆိုသူက ဝင်ရောက် ပြီး ဘာမျှမပြောမဆိုဘဲ အသင့်ယူလာသော ကတ်ကြေးဖြင့် ဦးကြည်မောင်အားထိုးရာ ဦးကြည်မောင်က လုံးထွေးရှောင်တိမ်းရင်း ဦးကြည်မောင်၏ လက်သူကြွယ်ထိပ်၊ ညာတံတောင်ဆစ်နှင့် ညာ ဘက်ဒူးတို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ကိုသက်ဦးအပေါ် အရေးယူပေးရန် ဦးကြည်မောင်က တိုင်ကြားရာမှ ပေါ်ပေါက်လာ သည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ကိုသက်ဦးသည် အရက် အလွန်အကျွံသောက်သဖြင့် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊

အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ငယ်ပါကို ကိုယ်တိုင်လှီးဖြတ်ခဲ့သောကြောင့် ဒဏ်ရာရရှိပြီး ဆေးကုသခဲ့ရကြောင်း၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန်နှင့် ဒေါက်တာစိုးမောင်တို့က ကိုသက်ဦးသည် အရက်ကြောင့် စိတ်ရောဂါခံစားနေရသော လက္ခဏာများတွေ့ရှိရသည်ဟု ထွက်ဆိုထားကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်သောကြောင့် ကိုသက်ဦးအား တရားရုံးအဆင့်ဆင့်က ပြစ်မှုထင်ရှားစီရင်သည့်အမိန့်ကိုပယ်ဖျက်၍ အမှုများမှ အပြီးအပြတ်လွှတ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ ဦးကြည်မောင်၏ နေအိမ်ခြံဝင်းအတွင်းသို့ အိမ်နီးချင်းဖြစ်သူကိုသက်ဦးမှ ဝင်ရောက်ပြီး ဘာမှမပြောဘဲ ဦးကြည်မောင်အား ကတ်ကြေးဖြင့်ရန်ပြုရာ ဦးကြည်မောင်၏ ညာဘက်လက်နှင့် ဒူးတို့တွင် သာမန်ဒဏ်ရာများရရှိခဲ့သည်ဟု ထင်ရှားပေါ်ပေါက်ကြောင်း၊ ကိုသက်ဦးက ၎င်းသည် အရက်ကြောင့် စိတ်ဖောက်ပြန်ဝေဒနာခံစားရလေ့ရှိကြောင်း၊ အချင်းဖြစ်သည်ကို မမှတ်မိတော့ကြောင်း ထုချေခဲ့ကြောင်း၊ ဦးလှဝင်း (လိုပြ-၂) က ကိုသက်ဦးသည် အချင်းဖြစ်ပြီး ၎င်း၏ငယ်ပါကိုလှီးဖြတ်၍ ကုသခဲ့ရကြောင်း၊ ကိုသက်ဦးသည် ၎င်း၏မိခင်ကိုလည်း လည်ပင်းညှစ်ဘူးကြောင်း၊ ဒေါ်ခင်စန်းမြင့် (ခံပြ-၃) နှင့် ဒေါက်တာစိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် လွန်ခဲ့သော (၇) နှစ်ခန့်ကပင် အရက်ကြောင့် စိတ်ဝေဒနာဖြစ်၍ ဆေးကုရကြောင်း၊ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးအား ဆေးကုသခဲ့သူ ဒေါက်တာသူရကိုကို (ခံပြ-၂) က ကိုသက်ဦးသည် အရက်ကြာရှည်စွာသောက်သုံး၍ စိတ်ဝေဒနာခံစားရကြောင်းဖြင့် ထွက်ဆို

ထားကြကြောင်း၊ ကိုသက်ဦး၏ အချင်းမဖြစ်မီ၊ အချင်းဖြစ်ချိန်နှင့် အချင်းဖြစ်ပြီးနောက် ပြုမူချက်များအရ သက်ဦးသည် ပြစ်မှုကျူးလွန်စဉ်က မိမိ၏ပြုလုပ်မှုသည် မည်သည့်သဘောရှိသည်၊ မတော်မမှန်သည်ကိုမသိဘဲ စိတ်ဖောက်ပြန်နေကြောင်း ပေါ်ကြောင်း၊ သက်ဦးသည် စိတ်ရောဂါဝေဒနာ ခံစားနေရသူဖြစ်ကြောင်း သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေးစာကို နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိသည်မှအပ အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်းနှင့် ဤအထူးအယူခံမှုအားလက်ခံ၍ တရားရုံးအဆင့်ဆင့်၏အမိန့်ကိုပယ်ဖျက်ပြီး သက်ဦးအား အမှုမှအပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်လဲသည်။

မူလမှုတွင် ဦးကြည်မောင် (လိုပြ-၁)၊ ကိုဝင်းဇော် (လိုပြ-၃) နှင့် ဒေါ်တင်ဦး (လိုပြ-၆) တို့၏ထွက်ချက်အရ အချင်းဖြစ်နေ့နံနက်က အယူခံတရားလို ကိုသက်ဦးသည် ဦးကြည်မောင်၏နေအိမ်ခြံဝမှနေ၍ကြည့်နေသဖြင့် ဦးကြည်မောင်က အလျှုခံထင်၍ ငါ့ညီဒီနေရာမှာနေနေတာ ပိုက်ဆံတောင်းချင်ရင် ဟိုဘက်သွားရန်ပြောရာ ကိုသက်ဦးက ထွက်မသွားဘဲ အိမ်ခြံဝင်းအတွင်းသို့ဝင်လာပြီး မည်သို့မျှမပြောဆိုဘဲ အသင့်ပါလာသည့်ကတ်ကြေးဖြင့် အိမ်တံစက်မြိတ်အောက်တွင် ဦးကြည်မောင်အား ၃ ကြိမ်ထိုးရာ ဦးကြည်မောင်၏ လက်သူကြွယ်ထိပ်၊ ညာတံတောင်ဆစ်နှင့် ညာဘက်ဒူးတို့တွင် သာမန်ဒဏ်ရာများရရှိခဲ့ကြောင်း ပေါ်ပေါက်သည်။ ဒေါ်တင်နွဲ့ (လိုပြ-၇) ၏ အော်သံကြောင့် ရောက်လာကြသည့် ကိုဝင်းဇော် (လိုပြ-၃)၊ ကိုဖုန်းကျော် (လိုပြ-၅) တို့အား ကိုသက်ဦး က မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုတ်နဲ့၊ မဆိုင်သူရှေ့မတိုးနဲ့ဟု ပြော၍ ခြံထဲမှထွက်သွားကြောင်း

ပေါ်ပေါက်သည်။

ကိုသက်ဦးက ၄င်းသည် အရက်ကြောင့် စိတ်ဝေဒနာခံစားနေရကြောင်း၊ ၄င်း၏ခြံထဲတွင် နှင်းဆီပန်းကိုင်းများဖြတ်ရင်း စိတ်ဖောက်ပြန်သွား၍ ဦးကြည်မောင်ကို မည်သို့ပြုလုပ်မိသည်ကိုမသိကြောင်း၊ ၄င်းအား ကုသသည့်ဆရာဝန်များကို သက်သေပြ၍ ထုချေခဲ့သည်။ ဒေါက်တာသူရကိုကို (ခံပြ-၂) နှင့် ဒေါက်တာစိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် အရက်အလွန်အကျွံသောက်၍ စိတ်ကြောင်ရောဂါကြောင့် စိတ်ဖောက်ပြန်သည့်လက္ခဏာရှိကြောင်း ထွက်ဆိုသော်လည်း အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဖောက်ပြန်ခြင်းရှိ မရှိ မသိနိုင်ကြောင်း၊ စိတ်ရောဂါအထူးကုဆရာဝန်သာ သိရှိနိုင်ကြောင်း ထွက်ဆိုချက်အရ အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားပေါ်လွင်ခြင်းမရှိပေ။

တစ်ဖန် ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့် ထိုးပြီးနောက် အနီးသို့ရောက်လာသည့် ဦးကြည်မောင်၏ အလုပ်သမားများအား မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုတ်နဲ့ မဆိုင်သူရှေ့မတိုးနဲ့ ဟု ပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့် အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ငယ်ပါကို လျှိုဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန် စိတ်ပေါ့သွပ်နေသူဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေးစာအား နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိသည့်ပြင်

အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရသူတစ်ဦး ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကင်းလွတ်ခွင့် ရနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုအား ပလပ်သည်။ ကိုသက်ဦး အား ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
ဩဂုတ်လ
၄ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော
ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့၏ရှေ့တွင်**

**ဒေါ်အီမတ်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က- အမှုဆက်လက် စစ်ဆေးမည်ဆိုပါက ပြစ်မှုဆိုင်ရာတရားစီရင်ရေး ယန္တရားကို အလွဲအသုံးပြုရာရောက်သည့် အခြေ အနေတွင် တရားရုံးချုပ်က အမှုတွဲချေဖျက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ တရားရုံး၏ ဆောင်ရွက်ပိုင်ခွင့်များကို အလွဲသုံး စားပြုခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ မတရား မမျှတမှု မဖြစ်စေရန်အတွက်လည်းကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကိုကျင့်သုံး၍ သင့်လျော်သည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

---

* ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၈။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၉ တွင် ချမှတ်သော ၁-၆-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်အီမတ် စွဲဆိုထားသော တာချီလိတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၂၀၀၇ ကို ဆက်လက်စစ်ဆေးမည် ဆိုလျှင်လည်း ရာဇဝတ်တရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာ ရောက်နိုင်သည့် အခြေအနေတွင် တရားရုံးချုပ်က ယင်းအမှုအား ချေဖျက်သည့်အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးဇမာ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဒေါ်သင်းသင်းမြ<br>ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးမြင့်သွင်<br>တရားရုံးချုပ်ရှေ့နေ |

တာချီလိတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၂၀၀၇ တွင် တရားလို ဒေါ်အီမတ်က တရားခံ ဒေါ်ညိုညိုဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုခဲ့ရာ တရားလိုပြသက်သေများကို စစ်ဆေးလျက်ရှိစဉ် တရားခံ ဒေါ်ညိုညိုဝင်းက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ယင်းအမှုအား ချေဖျက်ပေးပါရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၉/၂၀၀၇ ကို လျှောက်ထားရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က တာချီလိတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၂၀၀၇ အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်သည့် အမိန့်ချမှတ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်အား တရားလို

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်အီမတ်ကမကျေနပ်၍ အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၃၀/၂၀၀၇ ကိုတင်သွင်းခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> " တရားလိုနှင့် တရားလိုပြသက်သေ ၂ ဦးကိုသာစစ်ဆေးရသေးသည့် အခြေအနေတွင် တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဒေါ်ညိုညိုဝင်းအနေဖြင့် အချင်းဖြစ်မြေအား မိမိပိုင်ဖြစ်သည်ဟု မှတ်ယူနိုင်သောအခြေအနေမျိုးတွင် ဒေါ်အီမတ်ထံ ရောင်းချခဲ့ခြင်းမှာ မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်ရောင်းချခဲ့ခြင်းဖြစ်သည်ဟု မဆိုနိုင်ကြောင်းသုံးသပ်၍ အမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၁-က အရ ချေဖျက်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်းရှိ မရှိ။"

အမှုမှာ တာချီလိတ်မြို့၊ ဆန်ဆိုင်း (အောက်) ရပ်ကွက်နေ ဒေါ်အီမတ် (ခ) ဒေါ်နန်းညှက်က တာချီလိတ်မြို့၊ တာလော့ရပ်ကွက်နေ ဒေါ်ညိုညိုဝင်းသည် လွန်ခဲ့သော ၆-၄-၁၉၉၈ ရက်နေ့က တာချီလိတ်မြို့၊ ဆန်ဆိုင်းရပ်ကွက်၊ အမှတ် (၁၄) ဦးပိုင်အမှတ် (၄၅/၁) ဧရိယာ (၀. ၁၉၀) ဧကရှိ မြေကွက်အား အမှန်တကယ်ပိုင်ဆိုင်ခြင်းမရှိဘဲ ဘတ်ငွေ (၁၀) သိန်း၊ (၅) သောင်းဖြင့် လိမ်လည်ရောင်းချခဲ့သည့်အတွက် ဒေါ်ညိုညိုဝင်းအား အရေးယူပေးရန် တာချီလိတ်မြို့နယ်ရဲစခန်းသို့ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ဒေါ်ညိုညိုဝင်းသည် အချင်းဖြစ်မြေကွက်ကို ဦးသန်းနိုင်ထံမှ ဝယ်ယူခဲ့သည့် ၄င်းပိုင်သောမြေကွက်အဖြစ် ဒေါ်အီမတ်ထံ ရောင်းချခဲ့ကြောင်း၊ တာချီလိတ်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁/၂၀၀၁ တွင် ဦးသန်းနိုင်နှင့်

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ဒေါ်ညိုညိုဝင်းတို့ပြုလုပ်သည့် စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ကြောင်းနှင့် အချင်းဖြစ်မြေကွက်သည် ဦးသန်းနိုင်ပိုင်ဆိုင်သော မြေကွက်ဖြစ်သည်ဟုဆုံးဖြတ်ခဲ့ကြောင်း၊ ဦးသန်းနိုင်သည် အချင်းဖြစ်မြေကွက်တွင် အိမ်ဆောက်လုပ်ခဲ့ပြီး ဒေါ်အီမတ်သည် မြေယာပုံစံ ၁၀၅ ကို မြေစာရင်းသို့ ပြန်လည်ပေးအပ်ခဲ့ရသောကြောင့် ဒေါ်အီမတ်သည် ဒေါ်ညိုညိုဝင်းအပေါ် ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃/၂၀၀၆ ဖြင့် နစ်နာကြေးငွေနှင့် လျော်ကြေးငွေရလိုမှု စွဲဆိုခဲ့ရကြောင်း၊ ဒေါ်ညိုညိုဝင်းသည် မိမိအမှန်ပိုင်ဆိုင်ခြင်းမရှိသော မြေကွက်ကို ပိုင်ဆိုင်သည်ဟု ဒေါ်အီမတ်အား ယုံကြည်အောင်လှည့်ဖြားပြောဆို၍ ဟန်ဆောင်အရောင်းအဝယ်စာချုပ်အားပြသကာ ရောင်းချကြောင်း၊ ပြစ်မှုကြောင်းအရ အရေးယူနိုင်သောသက်သေခံချက်များရှိပါလျက် ဒေါ်ညိုညိုဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲဆိုသည့်အမှုအား တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိ၍ ဤအထူးအယူခံမှုကိုခွင့်ပြုပြီး တရားရုံးချုပ်၏အမိန့်အား ပယ်ဖျက်ပေးပါရန် လျှောက်လဲသည်။

အယူခံတရားခံ၏ရှေ့နေက မူလရုံးအမှုတွဲပေါ်ပေါက်ချက်အရ မူလရုံးတရားလို ဒေါ်အီမတ်သည် ဒေါ်ညိုညိုဝင်းအပေါ် အချင်းဖြစ်မြေကွက်ကိစ္စနှင့်စပ်လျဉ်း၍ တရားမကြောင်းအရ နစ်နာကြေးငွေရရှိရန် တရားစွဲဆိုပြီး အနိုင်ဒီကရီရရှိခဲ့ပြီးဖြစ်ကြောင်း၊ တရားမကြောင်းအရစွဲဆိုရုံမျှဖြင့် ပြစ်မှုကြောင်းစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိသည့်တိုင် ဒေါ်ညိုညိုဝင်းသည် ဒေါ်အီမတ်ထံ အချင်းဖြစ်မြေကို ရောင်းချစဉ်က ဒေါ်ညိုညိုဝင်းနှင့် ဦးသန်းနိုင်တို့ချုပ်ဆိုထားသည့် မှတ်ပုံတင်အရောင်းစာချုပ်သည် အတည်ဖြစ်လျက်ရှိ၍ ဒေါ်ညိုညိုဝင်းသည် အချင်းဖြစ်မြေအား ပိုင်ဆိုင်ခွင့်ရှိသည်ဟု မှတ်ယူ

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

နိုင်ကြောင်း၊ ဦးသန်းနိုင်နှင့် ဒေါ်ညိုညိုဝင်းသည် အခြားငွေရေးကြေးရေး ဆက်ဆံမှုများရှိသည့်တိုင် အငြင်းပွားမှုများရှိသည်ဟု ပေါ်ပေါက်ခြင်းမရှိ၍ အချင်းဖြစ်မြေအား ဒေါ်ညိုညိုဝင်းက ဒေါ်အီမတ်ထံသို့ ရောင်းချခြင်းသည် မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားရောင်းချသည်ဟု မဆိုနိုင်ကြောင်း၊ ဒေါ်အီမတ်သည် ဒေါ်ညိုညိုဝင်းအပေါ် တရားမကြောင်းဖြင့်စွဲဆိုပြီးချိန်တွင် ပြစ်မှုဖြင့်ထပ်မံစွဲဆိုခဲ့ခြင်းသည် တရားမျှတမှုရှိသည်ဟုမဆိုနိုင်၍ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့် ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုအားချေဖျက်ခြင်းသည် ဥပဒေနှင့်မှန်ကန်သောကြောင့် အထူးအယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ဒေါ်ညိုညိုဝင်းသည် ၄င်းထံ ဦးသန်းနိုင်က ပေါင်နှံထားသည့်မြေကွက်ကို တရားဝင်ပိုင်ဆိုင်ခြင်းမရှိဘဲ ပိုင်ဆိုင်သည်ဟု သွေးဆောင်ပြောဆိုကာ ဒေါ်အီမတ်အား လိမ်လည်ရောင်းချခဲ့ကြောင်း တရားလို ဒေါ်အီမတ်၏ထွက်ဆိုချက်ကို တရားလိုပြသက်သေ ကိုငယ်ထွန်းက ထောက်ခံထွက်ဆိုထားကြောင်း၊ မူလရုံးတွင် တရားလိုပြသက်သေ (၆) ဦးစစ်ရန်ကျန်ရှိကြောင်း၊ မူလပိုင်ရှင် ဦးသန်းနိုင်က အချင်းဖြစ်မြေကွက်ကို ဒေါ်ညိုညိုဝင်းထံ အပေါင်ထား၍ ငွေချေးရာတွင် အာမခံအနေဖြင့် ဟန်ဆောင်စာချုပ်ချုပ်ဆိုပေးခဲ့ကြောင်း၊ ယင်းစာချုပ်သည် တရားဝင်မှတ်ပုံတင်ထားသော်လည်း ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းပေါ်ပေါက်ပြီး ယင်းဟန်ဆောင်စာချုပ်ကို ဒေါ်ညိုညိုဝင်းက ဒေါ်အီမတ်အားပြသ၍ မြေကိုပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည့်အခြေအနေတွင် တရားရုံးချုပ်က အမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိသည်ဟု မဆိုနိုင်၍ အထူး

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

အယူခံမှုအားလက်ခံပေးရန် လျှောက်လဲသည်။

မူလရုံးအမှုတွဲပေါ်ပေါက်ချက်အရ ဒေါ်ညိုညိုဝင်းသည် ဦးသန်းနိုင်ထံမှ အချင်းဖြစ်မြေကွက်ကို တာချီလိတ်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၉-၉-၁၉၉၅ တွင် စာချုပ်အမှတ် ၁၁၃/၉၅ ဖြင့် မှတ်ပုံတင်အရောင်းစာချုပ် (သက်သေခံ ဂ-၁) ချုပ်ဆိုဝယ်ယူခဲ့သည်။ အချင်းဖြစ်မြေကို ဒေါ်အီမတ်သို့ ၆-၄-၁၉၉၈ ရက်နေ့တွင် အရပ်စာချုပ် (သက်သေခံ-၁) ပြုလုပ်ပြီး ၂-၅-၂၀၀၀ နေ့တွင် စာချုပ်အမှတ် ၁၁၄/၂၀၀၀ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် သက်သေခံ (ဂ-၂) ဖြင့် ဒေါ်ညိုညိုဝင်းက ရောင်းချခဲ့သည်။

အချင်းဖြစ်မြေကွက်ကို ဝယ်ယူသူ ဒေါ်ညိုညိုဝင်းနှင့် ရောင်းချသူ ဦးသန်းနိုင်တို့နှစ်ဦး လက်မှတ်ရေးထိုးပြီး မှတ်ပုံတင်အရောင်းစာချုပ် သက်သေခံ (ဂ-၁) ချုပ်ဆိုထားသဖြင့် တာချီလိတ်မြို့နယ်တရားရုံးက တရားမကြီးမှုအမှတ် ၁/၂၀၀၁ တွင် အမိန့်ချမှတ်ခြင်း မပြုမီအချိန်ထိ ယင်းစာချုပ်သည် အရောင်းအဝယ်အတည်ဖြစ်လျက်ရှိနေသည်။ ယင်းမှတ်ပုံတင်အရောင်းစာချုပ်အရ ဦးသန်းနိုင်သည် ဒေါ်ညိုညိုဝင်း ထံသို့ အချင်းမြေကိုရောင်းချပြီးဖြစ်၍ ဒေါ်ညိုညိုဝင်းက မှတ်ပုံတင် အရောင်းစာချုပ်သက်သေခံ (ဂ-၁) အားပြသ၍ ဒေါ်အီမတ်ထံ အချင်းဖြစ်မြေကွက်ကို ရောင်းချခြင်းဖြစ်သည့်အပြင် ဒေါ်ညိုညိုဝင်း က ဒေါ်အီမတ်သို့ရောင်းသည့် အရောင်းစာချုပ်ကို ၂-၅-၂၀၀၀ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၁၁၄/၂၀၀၀ ကိုပင် ချုပ်ဆို လွှဲပြောင်းပြီးဖြစ်သည်။ သို့ဖြစ်၍ ဒေါ်ညိုညိုဝင်းအနေဖြင့် မိမိပိုင်ဆိုင်ခြင်းမရှိသောမြေကို ဒေါ်အီမတ်ထံ မမှန်မကန်လိမ်လည် ရောင်းချ ခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူရန်အကြောင်းမရှိချေ။ တရားမကြီးမှု ၁/၂၀၀၁ ၏စီရင်ချက် ဒီကရီချမှတ်လိုက်သဖြင့် အဆိုပါဒီကရီရရှိရန်အတွက် စွဲဆိုခြင်းမပြုမီက ဆောင်ရွက်ချက်ကို

၂၀၀၈
ဒေါ်အီမတ်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

နောက်ကြောင်းပြန်ကောက်ယူ၍ လိမ်လည်သည်ဟု မှတ်ယူရန်လည်း မသင့်ပေ။

သို့ဖြစ်ရာ အမှုတွင် ဒေါ်ညိုညိုဝင်းသည် အချင်းဖြစ်မြေကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူရရှိခဲ့သူဖြစ်သဖြင့် မိမိပိုင်ဖြစ်သည်ဟု မှတ်ယူပြီး ဒေါ်ညိုညိုဝင်းက မှတ်ပုံတင်စာချုပ်ချုပ်ဆို ရောင်းချခြင်းမှာ ဒေါ်အီမတ်အား မမှန်မကန် လိမ်လည်ရောင်းချခဲ့သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

တရားရုံး၏ ဆောင်ရွက်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ မတရား မမျှတမှုမဖြစ်စေရန် အတွက်လည်းကောင်း တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကိုကျင့်သုံး၍ သင့်လျော်သည့် အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

ဒေါ်အီမတ်စွဲဆိုထားသော တာချီလိတ်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁/၂၀၀၇ ကို ဆက်လက်စစ်ဆေးမည် ဆိုလျှင်လည်း ရာဇဝတ်တရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာ ရောက်နိုင်သည့် အခြေအနေတွင် တရားရုံးချုပ်က ယင်းအမှုအား ချေဖျက်သည့်အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုအား ပလပ်လိုက်သည်။

+ ၂၀၀၈
ဖေဖော်ဝါရီလ
၂၅ ရက်

## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်
ဦးချစ်လွင်တို့၏ရှေ့တွင်

ဦးအောင်ငွေ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်း သက်သေထင်ရှားခြင်းမရှိသည့် သက်သေခံပစ္စည်းအား သံသယဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ဤအမှုတွင် (ည/၈၅၂၂) ကားပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား ၂ ချောင်း တင်ဆောင်ထားကြောင်း သံသယကင်းစွာဖြင့် ကောက်ယူဆုံးဖြတ်ရန် ခိုင်မာသော သက်သေခံအထောက်အထားမရှိသောကြောင့် သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်သည် အချင်းဖြစ်ထင်းပုံဆိပ်ကမ်းသို့ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်ရန် ရောက်ရှိကြောင်း၊ ပြစ်မှု

---

*** ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၇။**

**+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅၀(ခ) တွင် ချမှတ်သော၁၅-၃-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

ကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ပါက ထင်ကြေးဖြင့် အပြစ်ပေးသည့်သဘောသက်ရောက်ပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမြလှိုင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံအတွက် | - | ဒေါ်ကျင်စန်း<br>ညွှန်ကြားရေးမှူး<br>ရှေ့နေချုပ်ရုံး |

မန္တလေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄၃/၂၀၀၆ တွင် တရားခံ သန်းအောင်အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်၊ ကျန်တရားခံ သန်းထွန်းနောင် (ခ) မောင်ပေါက်၊ ကျော်ကျော်ထွေး၊ သိန်းဦးနှင့် ဝင်းမြင့်တို့အပေါ် ယင်းဥပဒေပုဒ်မ ၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ ထောင် (၁၀) နှစ်စီချမှတ်ပြီး သက်သေခံကျွန်းခွဲသားဆိုဒ်စုံ (၁၂၄) ချောင်း (၇. ၄၀၀၄) တန်၊ အင်ခွဲသားဆိုဒ်စုံ (၅) ချောင်း (၀. ၃၀၈၈) တန်နှင့် ည/၈၅၂၂ ဟီးနိုးရိန်းဂျားဘတ်စ် (၁) စီးတို့အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ချမှတ်ခဲ့သည်။

သက်သေခံ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်အပေါ် ယာဉ်ပိုင်ရှင် ဦးအောင်ငွေကမကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇/၂၀၀၇ တင်သွင်းရာ ပလပ်ခဲ့သည်။ ဦးအောင်ငွေက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၅၀ (ခ)/၂၀၀၇ ဖြင့် ပြင်ဆင်မှု

ဆက်လက်ဝင်ရောက်ရာ ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) အမိန့်အပေါ် အထူးအယူခံဝင်ခွင့်ရရန် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၅၅/၂၀၀၇ ဖြင့် လျှောက်ထားရာ အောက်ဖော်ပြပါ ပြဿနာရပ်အား စဉ်းစားဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " အမှုတွဲတွင်ပေါ်ပေါက်နေသော သက်သေခံချက်များအရ ယာဉ်အမှတ်- ည/၈၅၂၂ ဟီးနိုးရိန်းဂျား အပြာရောင်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်ဖြစ်ကြောင်း သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှန်ကန်မှုရှိ မရှိ။"

အယူခံတရားလို၏ရှေ့နေက မူလရုံးအမှုတွဲတွင် နှစ်ဖက်သက်သေခံချက်များအရ မန္တလေး ထင်းပုံဆိပ်တွင် ဆိုက်ကပ်ထားသည့် သစ်လုံးတင်ရေယာဉ် (အယ်လ်-၆-၅၁၂၇) သင်္ဘော၏ဝမ်းဗိုက်အတွင်းမှ ကျွန်းသစ်ခွဲသား (၁၂၄) ချောင်း၊ အင်သစ်ခွဲသား (၅) ချောင်း တွေ့ရှိရကြောင်း တရားလိုပြသက်သေများက ထွက်ဆိုသော်လည်း ဆိပ်ကမ်းတွင်ရပ်တန့်ထားသည့် ဟီးနိုးယာဉ်အမှတ် (ည/၈၅၂၂) ပေါ်မှ သစ်တစ်စုံတစ်ရာ ဖမ်းဆီးရမိခြင်းမရှိဟု သစ်တောဦးစီးဌာန၊ တောအုပ် ဦးခင်မောင်လွင် (လိုပြ-၂) ၏ ထွက်ဆိုချက်အရ သက်သေခံကား (ည/၈၅၂၂) သည် တရားမဝင်သစ်များ သယ်ဆောင်ရန် ရောက်ရှိနေသောကားဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်ကြောင်း သုံးသပ်အပြစ်ပေးခြင်းသည် ထင်ကြေးဖြင့် အပြစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားရုံးအဆင့်ဆင့်က ယာဉ်အမှတ် (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်ဖြစ်ကြောင်းသုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှန်ကန်မှုမရှိကြောင်း

ဖြေဆို၍ တရားရုံးအဆင့်ဆင့်၏အမိန့်ကို ပယ်ဖျက်ပြီး သက်သေခံကား (ည/၈၅၂၂) အား အယူခံတရားလို ဦးအောင်ငွေသို့ ပြန်လည်ပေးအပ်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိမှ ညွှန်ကြားရေးမှူးက အမှုတွင် တရားခံ ဦးသန်းအောင်သည် ရေယာဉ်မှူးဖြစ်ပြီး ထီးချိုင့်မြို့နယ်၊ ကျက်တကောင်းဆိပ်ကမ်းတစ်ဖက်တွင်ရှိသော ရေလယ်ကျွန်းတွင် ကျောက်ချရပ်နားစဉ် အောင်အောင်ဆိုသူက မန္တလေးမြို့သို့ ကျောင်းဆောက်ရန် သစ်များတင်ဆောင်လိုကြောင်း လာရောက်ညှိနှိုင်း၍ သင်္ဘောပေါ်သို့ သစ်များတင်ဆောင်ခဲ့ကြောင်း၊ အချင်းဖြစ် ကျွန်းသစ်များကို ရေယာဉ်ပေါ်မှ မြို့ပေါ်သို့သယ်ဆောင်ရန်အတွက် ကားကိုအသုံးပြုရမည်ဖြစ်ပါကြောင်း၊ ရှာဖွေသက်သေ ဦးကျော်ဌေးနှင့် ဦးမြင့်ဦးတို့၏ ထွက်ဆိုချက်အရ သင်္ဘောဝမ်းဗိုက်အတွင်းမှ အပေါ်ပိုင်းသို့တင်နေသည့် သစ်ခွဲသားလက်စများတွေ့ရပြီး သင်္ဘောအနီး လမ်းပေါ်တွင် (ည/၈၅၂၂) ကားတစ်စီးတည်းကိုသာ တွေ့ရှိရသည်ဟု ပေါ်ပေါက်ကြောင်း၊ သင်္ဘောပေါ်မှ တရားမဝင်သစ်ချောင်း (၂) ချောင်းမှာ ကားပေါ်တင်ဆောင်ထားသည်ကို ဖမ်းဆီးချိန်ကတွေ့ရှိသဖြင့် သက်သေခံကားသည် တရားမဝင်သစ်များတင်ဆောင်ရန် ရောက်ရှိနေသောကားဖြစ်ပြီး တချို့တစ်ဝက်တင်ဆောင်ပြီးဖြစ်၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ကားဖြစ်သည်မှာ ထင်ရှားကြောင်း၊ သက်သေခံပစ္စည်း မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်ချမှတ်သော မန္တလေးခရိုင်တရားရုံး၏ အမိန့်သည် လည်းကောင်း၊ ယင်းအမိန့်ကို ဆက်လက်အတည်ပြုသည့် မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့၏ အမိန့်များသည်လည်းကောင်း မှန်ကန်သဖြင့် လျှောက်ထားသူ ဦးအောင်ငွေ၏

ပြစ်မှုဆိုင်ရာအထူးအယူခံမှုကို ပလပ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျားဘတ်စ်ကားသည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းဟုတ်မဟုတ် အဓိကစဉ်းစားသုံးသပ်ရန် ဖြစ်သည်။

အချင်းဖြစ်နေ့က မန္တလေး၊ ဧရာဝတီမြစ်ဘေး၊ ထင်းပုံဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် အစိုးရပိုင်သစ်လုံးတင်သင်္ဘော (အယ်လ်-၆-၅၁၂၇) သင်္ဘောဝမ်းဗိုက်တွင်းမှ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ (၁၂၄) ချောင်း (၇. ၄၀၀၄) တန် ဖမ်းဆီးရရှိကြောင်း၊ ယင်းဆိပ်ကမ်းတွင် သက်သေခံကား (ည/၈၅၂၂) ဆိုက်ကပ်ထားကြောင်း အငြင်းမပွား ထင်ရှားပေါ်ပေါက်သည်။ သို့သော် ရဲအုပ်တင်စိုး (လိုပြ-၁)၊ ဒုရဲအုပ်စိုးမြင့် (လိုပြ-၃)၊ ရှာဖွေသက်သေ ဦးမြင့်ဦး (လိုပြ-၆) တို့က သက်သေခံကား (ည/၈၅၂၂) ပေါ်တွင် ကျွန်းသစ် (၂) ချောင်းတွေ့ရကြောင်း ထွက်ဆိုသော်လည်း ရှာဖွေရာတွင် ပါဝင်ခဲ့သူ မဟာအောင်မြေမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးခင်မောင်လွင် (လိုပြ-၂) က သက်သေခံကား (ည/၈၅၂၂) ပေါ်တွင် မည်သည့်သစ်မျှ တင်ထားခြင်းမရှိကြောင်း ထွက်ဆိုခဲ့သဖြင့် အချင်းဖြစ်ချိန်က (ည/၈၅၂၂) ကားပေါ်တွင် ကျွန်းသစ် (၂) ချောင်း တင်ထားခြင်းရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွင် ရှာဖွေပုံစံ (သက်သေခံ-က) အမှတ်စဉ် (၃) (ည/၈၅၂၂) ဟီးနိုးရိန်းဂျားကားပြာ (၁) စီး (ကျွန်းသစ်ခွဲသား ၂ ချောင်းတင်ဆဲ) ဟု ဖော်ပြထားသော်လည်း ရှာဖွေပုံစံတွင် ကားမောင်းသူ အောင်ငွေ (အယူခံတရားလို) က လက်မှတ်ရေးထိုးပေးအပ်မှုမရှိခြင်း၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးခင်မောင်လွင် (လိုပြ-၂) က ရုံးရှေ့တွင်ဖမ်းဆီးရမိသည့် တရားမဝင်ကျွန်းသစ်ခွဲသား

များအတိုင်း စာရင်း (သက်သေခံ-ဂ မှ ဂ-၃ ထိ) တင်ပြထွက်ဆိုရာတွင် သင်္ဘောဝမ်းဗိုက်အတွင်းမှ ဖမ်းဆီးရမိသော ကျွန်းသစ်ခွဲသား (၁၂၄) ချောင်းနှင့်စပ်လျဉ်း၍သာ စာရင်းတင်ပြထွက်ဆိုပြီး သက်သေခံကား (ည/၈၅၂၂) ကားပေါ်မှ ဖမ်းဆီးရမိသည်ဆိုသော ကျွန်းသစ်ခွဲသား (၂) ချောင်းနှင့်စပ်လျဉ်း၍ တင်ပြထွက်ဆိုခြင်းမရှိသည့်အပြင် အရေးယူဆောင်ရွက်မှုမရှိခြင်း၊ ကျွန်းသစ်ခွဲသား (၂) ချောင်း တင်ဆောင်ထားသည်ဆိုသော သက်သေခံကား (ည/၈၅၂၂) ၏ ယာဉ်မောင်း အောင်ငွေကိုလည်း အမှုဖွင့်အရေးယူခဲ့ခြင်းမရှိခြင်းတို့ကြောင့် သက်သေခံကား (ည/၈၅၂၂) ပေါ်မှ ကျွန်းသစ်ခွဲသား (၂) ချောင်းတွေ့ရှိရမိခြင်းရှိ မရှိဟူသောအချက်သည် သံသယဖြစ်ဖွယ်ရာရှိသည်။

**ဦးကျော် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**(၁) တွင် ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းရှင်းစွာ မယူဆနိုင်ဘဲ စွပ်စွဲခံရသူအပေါ် အပြစ်ပေးခြင်းသည် ထင်ကြေးဖြင့်အပြစ်ပေးသည့်သဘောမျိုး သက်ရောက်သည်ဟု လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

ဤအမှုတွင် (ည/၈၅၂၂) ကားပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသား (၂) ချောင်း တင်ဆောင်ထားကြောင်း သံသယကင်းစွာဖြင့် ကောက်ယူဆုံးဖြတ်ရန် ခိုင်မာသောသက်သေခံ အထောက်အထားမရှိသောကြောင့် သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်သည် အချင်းဖြစ် ထင်းပုံဆိပ်ကမ်းသို့ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်ရန်ရောက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောကားဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ပါက ထင်ကြေးဖြင့်

---

**(၁) ၁၉၇၆ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး) စာ - ၁။**

၂၀၀၈
ဦးအောင်ငွေ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အပြစ်ပေးသည့်သဘော သက်ရောက်ပေသည်။

ဤအခြေအနေတွင် ယာဉ်အမှတ် (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်ဖြစ်ကြောင်းသုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုအား ခွင့်ပြုသည်။ သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် မန္တလေးခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့ကြသည့် တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များအား ပယ်ဖျက်လိုက်သည်။ သက်သေခံကား (ည/၈၅၂၂) ဟီးနိုးရိန်းဂျား အပြာရောင်အား ဦးအောင်ငွေသို့ ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

+ ၂၀၀၈
စက်တင်ဘာလ
၂၉ ရက်

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးချစ်လွင်တို့၏ရှေ့တွင်**

**မောင်အောင်နိုင်ထွန်း**
**နှင့်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုမပြုခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ လိမ်လည်မှုမမြောက်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် မောင်အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် တစ်လခန့်ပေါင်းသင်းပြီး နှစ်ဖက်မိဘအဆင်မပြေ၍ မသွဲ့သွဲ့ဝင်းသည် ၎င်း၏မိဘများနေအိမ်သို့ပြန်လည်နေထိုင်ကာ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား

---

***  ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၈။**
**+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၆ (ခ) တွင် ချမှတ်သော ၁၃-၆-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။**

ကန့်ဘလူမြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်စာချုပ်ပြု လုပ် လက်မှတ်ရေးထိုးလက်ထပ်ခဲ့ကြောင်း၊ လူကြီးမိဘများရှေ့တွင် လက်ထပ်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း ထင်ရှား ပေါ်ပေါက်သဖြင့် မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ်ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကိုလိမ်လည် ရယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင် နှင့်မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သောကိစ္စရပ်သာဖြစ်၍ ပြစ်မှုမြောက်သောကိစ္စရပ် မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးတင်နု
တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံ (၁) အတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး
အယူခံတရားခံ (၂) အတွက် - ဦးဇမာ
တရားရုံးချုပ်ရှေ့နေ

ကန့်ဘလူမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၁၄/၂၀၀၆ တွင် တရားခံ အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ အောင်နိုင်ထွန်းကမကျေနပ်၍ စစ်ကိုင်းတိုင်း တရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၇၂/၂၀၀၆ ဖြင့် အယူခံ

၂၀၀၈
မောင်အောင်နိုင်ထွန်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

တင်သွင်းရာ ပလပ်ခြင်းခံရသည်။ တရားခံ အောင်နိုင်ထွန်းက တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၆ (ခ)/၂၀၀၇ ဖြင့် ပြင်ဆင်မှုဝင်ရောက်သော်လည်း ပလပ်ခြင်း ခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၂၂၇/၂၀၀၇ ဖြင့် လျှောက်ထားခဲ့ရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည် ကြားနာဆုံးဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

"အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ လျှောက်ထားသူ အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်သည့် မူလမြို့နယ်တရားရုံး၏အမိန့်ကို ဆက်လက်အတည်ပြုသည့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ မရှိ။"

အမှုမှာ ကန့်ဘလူမြို့နယ်၊ သပြေသာလေးကျေးရွာနေ မောင်အောင်နိုင်ထွန်းသည် တစ်ရွာတည်းနေ မသွဲ့သွဲ့ဝင်းအား အတည်တကျ လက်ထပ်ပေါင်းသင်းနေထိုင်ပါမည်ဟု ယုံကြည် အောင်ပြောကာ ကာမရယူပြီး လက်ထပ်ပေါင်းသင်းပြီးကာမှ အတူတကွ လင်မယားအဖြစ် ပေါင်းသင်းရန်ပျက်ကွက်သည့်အတွက် မောင်အောင်နိုင်ထွန်းအပေါ် အရေးယူပေးပါရန် မသွဲ့သွဲ့ဝင်းက ဦးတိုက်လျှောက်ထားသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ဤအမှုတွင် အောင်နိုင်ထွန်း သည် မသွဲ့သွဲ့ဝင်းနှင့် တရားရုံးတွင် ကျမ်းကျိန်လက်ထပ်ခဲ့ပြီး ကျေးရွာ တွင် အခမ်းအနားဖြင့် မင်္ဂလာဆောင်၍ လက်ထပ်ခြင်းလည်းပြုခဲ့ ကြောင်း၊ ထိုမင်္ဂလာပွဲ၌ ကျေးရွာခလေ့ကန်တော့ကြေးငွေ အနည်း အများတွင် အငြင်းပွားကြပြီး နှစ်ဖက်မိဘ မသင့်ဖြစ်ခဲ့ကြောင်း၊

အတူနေထိုင်ပေါင်းသင်းခဲ့ရာမှ တစ်လခန့်အကြာတွင် လင်မယားချင်း အဆင်မပြေသဖြင့် တရားလို မသွဲ့သွဲ့ဝင်းက နေအိမ်မှ မိဘအိမ်သို့ ဆင်းသွားပြီးနောက်ပိုင်း မပေါင်းသင်းတော့ကြောင်း ထင်ရှားပေါ် ပေါက်ကြောင်း၊ အောင်နိုင်ထွန်းက မသွဲ့သွဲ့ဝင်းအပေါ် မယားခေါ် လိုမှု လျှောက်ထားသကဲ့သို့ မသွဲ့သွဲ့ဝင်းကလည်း လင်မယားကွာရှင်း ပြတ်စဲလိုမှုနှင့် နစ်နာကြေးရလိုမှု စွဲဆိုခဲ့ကြောင်း၊ တရားဝင်လက်ထပ် ပြီးနောက် လင်မယားအဖြစ် ပေါင်းသင်းခြင်းမပြုဘဲနေခြင်းသည် မသွဲ့သွဲ့ဝင်းတွင် ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာစေသကဲ့သို့ အောင်နိုင်ထွန်းတွင်လည်း ကိုယ်စိတ်နှစ်ပါး ထိခိုက်နေသည်မှာ အငြင်းမပွားမြင်သာပါကြောင်း၊ လင်မယားအဖြစ် ဆက်လက် ပေါင်းသင်းမှုမပြုခြင်းသည် လင်မယားအကြား ပေါ်ပေါက်သောကိစ္စ သာလျှင်ဖြစ်ကြောင်း၊ ပြစ်မှုမြောက်သောကိစ္စဟု သတ်မှတ်ခြင်း၊ ဆုံးဖြတ်ခြင်း မပြုသင့်ကြောင်းနှင့် မူလကန့်ဘလူမြို့နယ်တရားရုံးက အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှု ထင်ရှားစီရင်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များသည် ဥပဒေနှင့်ညီညွတ်မှန်ကန် ခြင်းမရှိဖြေဆိုပြီး အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်သည့် မူလမြို့နယ် တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုသော တရားရုံးအဆင့်ဆင့်၏ အမိန့်ကိုပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ် ပေးရန် လျှောက်လဲသည်။

အယူခံတရားခံ မသွဲ့သွဲ့ဝင်း၏ရှေ့နေက ဤအမှုတွင် အဓိကပေါ်ပေါက်နေသည့်အချက်မှာ အောင်နိုင်ထွန်းက မသွဲ့သွဲ့ဝင်း အား ခိုးပြေးခဲ့စဉ်က မိမိတို့ရပ်ရွာဓလေ့အတိုင်း မိန်းကလေးမိဘများ ကို ပြောဆိုပြီး မိရာဖရာကန်တော့ လက်ထပ်ပွဲကျင်းပကာ ရိုးမြေကျ

ပေါင်းသင်းမည်ဖြစ်ကြောင်း၊ အကြိမ်ကြိမ်ကတိပြုခဲ့ကြောင်း၊ မိန်းကလေးက သဘောတူလက်ခံ၍ ခိုးပြေးခဲ့သည်ဟု သတ်မှတ်နိုင်ရန် အင်္ဂါထောင့်ကျေးရွာ (ရယက) ဥက္ကဋ္ဌထံတွင်လည်းကောင်း၊ ကန့်ဘလူမြို့နယ်တရားသူကြီး ရှေ့မှောက်တွင်လည်းကောင်း၊ လက်ထပ်စာချုပ်များ ချုပ်ဆိုခဲ့သော်လည်း ဝါဆိုလပြည့်နေ့တွင် လက်ထပ်ပွဲကျင်းပရာ၌ မိန်းကလေးမိဘများကို မိရာဖရာအနေဖြင့် ပင့်ဖိတ်ခဲ့ခြင်း၊ ကန်တော့ခဲ့ခြင်း မပြုခဲ့ကြောင်း၊ မိန်းကလေးဘက်မှ ငွေကျပ် (၃) သိန်းနှင့် ကန်တော့ပွဲ (၈) ပွဲတောင်းခံကြောင်း အကြောင်းပြသော်လည်း ယောကျ်ားလေးအိမ်၌ပင် မင်္ဂလာပွဲကျင်းပကာ မိန်းကလေးမိဘများကိုပင့်ဖိတ်ပြီး မိရာဖရာကန်တော့မှု မပြုခဲ့ခြင်းသည်ပင်လျှင် ခိုးပြေးခဲ့စဉ်ကတည်းက ထိုသို့ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်မရှိဘဲ မိန်းကလေးအား ပေါင်းသင်းခွင့်ရအောင် လှည့်ဖြား၍ အကြင်လင်မယားအဖြစ်သို့ရောက်ရှိအောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပြီး လိမ်လည်လှည့်ဖြား၍ လင်မယားအရာရောက်အောင် ပြုခဲ့ကြောင်း၊ လက်ထပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပေါင်းသင်းခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း ပေါ်ပေါက်ကြောင်းနှင့် အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ကျခံစေရန် ချမှတ်ခဲ့သည့် မူလမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်သည် ဥပဒေအရ မှန်ကန်ကြောင်းဖြေဆို၍ ဤအထူးအယူခံကို ပလပ်ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် ကန့်ဘလူမြို့နယ်တရားသူကြီး၏ရှေ့မှောက်တွင် လက်ထပ်ခြင်း၊

အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင် လက်ထပ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့သော်လည်း အောင်နိုင်ထွန်းနှင့် ခိုးရာလိုက်ခဲ့သည့် မသွဲ့သွဲ့ဝင်းကို ၎င်း၏မိဘများကျေနပ်အောင် ရပ်ရွာဓလေ့ထုံးတမ်းနှင့်အညီ တောင်းရမ်းလက်ထပ်ဆောင်ရွက် မပေးခဲ့ခြင်း၊ နှစ်ဖက်ညှိနှိုင်းမှုမရယူခြင်း၊ မသွဲ့သွဲ့ဝင်းအား ပေါင်းသင်း ဆက်ဆံမှုမပြုလုပ်ခြင်း၊ ထိမ်းမြားသည့်နေ့တွင် မသွဲ့သွဲ့ဝင်း၏မိဘ များက ရဲစခန်းသို့တိုင်ခဲ့၍ အောင်နိုင်ထွန်းကစိတ်ဆိုးပြီး အောင်နိုင်ထွန်းသည် ဦးလေးအိမ်တွင်သွားနေခြင်း၊ အောင်နိုင်ထွန်း ၏မိခင်က မသွဲ့သွဲ့ဝင်းအား အိမ်ပေါ်မှနှင်ချခြင်း၊ ပြန်လည် ဆက်သွယ်မှု၊ ခေါ်ယူမှုမရှိခဲ့ခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် (ရယက) ဥက္ကဋ္ဌတို့က ညှိနှိုင်းသည်ကိုပင် လက်မခံခြင်းစသည့် ပေါ်ပေါက်ချက်များအရ အောင်နိုင်ထွန်း၏အပြုအမူသည် မသွဲ့သွဲ့ဝင်းအား အတည်တကျ ပေါင်းသင်းရန်ဆန္ဒမရှိကြောင်း ပေါ်လွင်ခြင်းကြောင့် လက်ထပ်ခဲ့ခြင်းတစ်ခုကိုသာ ကြည့်ရှုဆုံးဖြတ် ရန်မဟုတ်ဘဲ အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းထံမှ ကာမရယူစဉ် က လိမ်လည်လှည့်ဖြားရယူပြီးမှ အမှန်တကယ် ပေါင်းသင်းရန်ဆန္ဒ မရှိ၍သာ အမှန်တကယ် ပေါင်းသင်းခြင်းမပြုဘဲ ပစ်ပယ်ထားခဲ့ ကြောင်း၊ မသွဲ့သွဲ့ဝင်း၏ ကိုယ်စိတ်ဂုဏ်သရေထိခိုက်နစ်နာကြောင်း ပေါ်ပေါက်သောကြောင့် အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၇ အရ ပြစ်မှုထင်ရှားစီရင်သည့် မူလရုံးအမိန့်နှင့် ယင်းအမိန့် ကိုအတည်ပြုသည့် တရားရုံးအဆင့်ဆင့်၏အမိန့်တို့သည် ဥပဒေနှင့် ညီညွတ်ကြောင်းဖြေဆိုပြီး အထူးအယူခံအားပလပ်သင့်ကြောင်း လျှောက်လဲသည်။

အမှုတွင် မသွဲ့သွဲ့ဝင်း (လိုပြ-၁) နှင့် မောင်အောင်နိုင်ထွန်း (ခံပြ-၁) တို့၏ ထွက်ချက်များအရ ၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း (၆)

ရက်နေ့ည ၁၂ နာရီခန့်က မောင်အောင်နိုင်ထွန်းခေါ်ရာသို့ မသွဲ့သွဲ့ဝင်းလိုက်ပါသွားပြီး ဝါဆိုလဆန်း (၉) ရက်နေ့တွင် ကန့်ဘလူမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် (သက်သေခံ-၁) လက်ထပ်စာချုပ်ပြုလုပ် လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြသည်မှာ အငြင်းမပွား ပေါ်ပေါက်နေသည်။ ဦးကျန် (လိုပြ-၂)၊ မသဲဝင်း (လိုပြ-၃)၊ နွဲ့နွဲ့အေး (လိုပြ-၄)၊ မမြင့် (လိုပြ-၅)၊ ဦးဝင်းမောင် (လိုပြ-၆) တို့၏ ထွက်ချက်များနှင့် (သက်သေခံ-၂ မှ ၉) ဓါတ်ပုံများအရ မောင်အောင်နိုင်ထွန်း၏မိဘများနေအိမ်တွင် မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့၏ လက်ထပ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပြုလုပ်ကျင်းပခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။

မောင်အောင်နိုင်ထွန်း (ခံပြ-၁)၊ ဦးတင်ဝင်းလှိုင် (ခံပြ-၂)၊ ဒေါ်ပုတုမ (ခံပြ-၃)၊ ဒေါ်စီ (ခံပြ-၄)၊ ဒေါ်ကောက်တေး (ခံပြ-၅)၊ ဖိုးဖြူ (ခံပြ-၆)၊ ကိုတင်မင်း (ခံပြ-၇)၊ အောင်ဇော်ဝင်း (ခံပြ-၈)၊ မခင်ရှမ်း (ခံပြ-၉)၊ ဦးဘိုရေး (ခံပြ-၁၀)၊ ဒေါ်ကြည်ကြည်မြင့် (ခံပြ-၁၁)၊ ဒေါ်ကြည်ညွန့် (ခံပြ-၁၂)၊ ကိုစိုးမြင့် (ခံပြ-၁၃)၊ ဦးအောင်မြင့် (ခံပြ-၁၄) နှင့် ဦးဘိုလေး (ခံပြ-၁၅) တို့၏ထွက်ချက်အရ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့၏မင်္ဂလာကိစ္စအတွက် မသွဲ့သွဲ့ဝင်း၏မိဘများထံ စကားကမ်းလှမ်းခဲ့ရာ မိန်းကလေးဘက်မှ ငွေကျပ် (၃) သိန်းတင်စေလိုသော်လည်း ယောကျ်ားလေးဘက်မှ ငွေကျပ် (၅) သောင်းသာတင်နိုင်သဖြင့် အဆင်မပြေခဲ့ကြောင်း၊ မင်္ဂလာပွဲတွင် မိန်းကလေးဘက်မှ မင်္ဂလာပွဲသို့ မလာရောက်ခဲ့ကြောင်း၊ ယောကျ်ားလေး၏နေအိမ်တွင် မင်္ဂလာပွဲပြုလုပ်သည့်နေ့၌ မိန်းကလေးမိဘများမှ ရဲစခန်းသို့တိုင်ခဲ့၍ ယောကျ်ားလေးဘက်မှ မကျေမနပ်ဖြစ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ပါသည်။ မောင်အောင်နိုင်ထွန်းနှင့် မသွဲ့သွဲ့ဝင်းတို့သည် မောင်အောင်နိုင်ထွန်း၏ မိဘများနေအိမ်တွင်

တစ်လခန့်ပေါင်းသင်းပြီး နှစ်ဖက်မိဘအဆင်မပြေ၍ မသွဲ့သွဲ့ဝင်းသည် ၄င်း၏မိဘများနေအိမ်သို့ ပြန်လည်နေထိုင်ကာ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိတော့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား ကန့်ဘလူမြို့နယ်တရားသူကြီးရှေ့မှောက်တွင် လက်ထပ်စာချုပ်ပြုလုပ်လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြောင်း၊ လူကြီးမိဘများရှေ့တွင် လက်ထပ်မင်္ဂလာ အခမ်းအနားကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထင်ရှားပေါ်ပေါက်သဖြင့် မောင်အောင်နိုင်ထွန်းသည် မသွဲ့သွဲ့ဝင်းအား လက်ထပ်ပေါင်းသင်းပါမည်ဟု လှည့်ဖြားပြောဆို၍ ကာမကိုလိမ်လည်ရယူခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိသောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ နှင့် ငြိစွန်းကြောင်း ကောက်ယူနိုင်ခြင်းမရှိပေ။ ရာသက်ပန်ရိုးမြေကျ ပေါင်းသင်းမှုပြုခြင်း၊ မပြုခြင်းကိစ္စသည် လင်နှင့်မယားနှစ်ဦးအကြားတွင် ပေါ်ပေါက်သောကိစ္စရပ်သာဖြစ်၍ ပြစ်မှုမြောက်သောကိစ္စရပ်မဟုတ်ပေ။

ဤအခြေအနေတွင် မောင်အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လချမှတ်သည့် ကန့်ဘလူမြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်တို့၏အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုသည်။ မောင်အောင်နိုင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ထောင်ဒဏ် (၆) လချမှတ်ခဲ့သည့် ကန့်ဘလူမြို့နယ်တရားရုံးအမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်များအား ပယ်ဖျက်လိုက်ပြီး မောင်အောင်နိုင်ထွန်းအား အမှုမှအပြီးအပြတ်လွှတ်လိုက်သည်။

+ ၂၀၀၈
နိုဝင်ဘာလ
၂၁ ရက်

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်း၏ရှေ့တွင်

**ဦးအောင်ဝင်း**

**နှင့်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ ***

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သူ တရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သည့် ပြစ်မှုအမျိုးအစားဖြစ်သည်ကို တွေ့ရသည်။ မောင်မိုးလေး၏အသက်ကို ရဲစွဲချက်ပုံစံတွင် (၁၇) နှစ်ဟု ဖော်ပြထားသဖြင့် ၎င်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြထားသောအသက် (၂၁) နှစ်ထက်ငယ်သူဖြစ်သည်မှာ မှန်သော်လည်း ၎င်းကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သော ပြစ်မှုဖြစ်သည့်အားလျော်စွာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြ

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃၉ (ခ)။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၃ တွင်ချမှတ်သော ၁၂-၆-၂၀၀၈ ရက်စွဲပါ မကွေးခရိုင်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ထားသောအချက်များနှင့် အကျုံးမဝင်သဖြင့် မူလခရိုင်တရားရုံးက ယင်းပုဒ်မအရ တရားခံအား ခံဝန်ချုပ်ဆိုစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မောင်မိုးလေးကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိုက်သင့်သောပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ပေးရမည်ဖြစ်ပေသည်။ မောင်မိုးလေးသည် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂ (ခ) အရ လူငယ်တစ်ဦးဖြစ်သဖြင့် ၎င်းအား ထောင်ဒဏ်ချမှတ်လျှင် ယင်းဥပဒေပုဒ်မ ၇၁ (ခ) အရ (၁၀) နှစ်ထက်ပို၍ ထောင်ဒဏ်ချမှတ်ခြင်း မပြုနိုင်ချေ။ ယင်းပြစ်ဒဏ် အတိုင်းအတာအတွင်း ထောင်ဒဏ်ကို သတ်မှတ်နိုင်သည်။

လျှောက်ထားသူအတွက် - ဦးဂျစ်တူး
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူ(၁)အတွက် - ဦးခင်မောင်ညို
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံးခွဲ၊ မန္တလေးမြို့

လျှောက်ထားခံရသူ(၂)အတွက် - ဦးမြင့်သိန်း
တရားရုံးချုပ်ရှေ့နေ

မကွေးခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၃/၂၀၀၇ တွင် တရားခံ မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ အပြစ်ရှိ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ (၃) နှစ်ကာလအတွင်း ငွေကျပ် (၁၀) သိန်းတန်ခံဝန်သူ

နှစ်ဦးဖြင့် ကောင်းမွန်စွာနေထိုင်စေရန် ခံဝန်ချုပ် ချုပ်ဆိုစေသည့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ကွယ်လွန်သူ သီဟအောင်၏ ဖခင် ဦးအောင်ဝင်းက ကျေနပ်မှုမရှိ၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ (၂၀-၈-၂၀၀၇) ရက်နေ့က မကွေးမြို့ သိင်္ဂါရပ် သုခလမ်းနေ သီဟအောင်သည် အရက်အလွန်အကျွံသောက်၍ သေဆုံးနေကြောင်း သတင်းအရ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက် ရာမှ ဦးခေါင်းတွင်ရရှိသောဒဏ်ရာကြောင့် သေဆုံးကြောင်း ပေါ်ပေါက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် ပြောင်းလဲစစ်ဆေး ပြီး တရားခံ မောင်မိုးလေး (ခ) ဖုန်းသော်ဟန်နှင့် မိုးကြီး (ခ) မိုးသော်ဟန်တို့အပေါ် ဥပဒေအရ အရေးယူပေးရန် ရဲအုပ်မြင့်သိမ်း က တရားလိုပြုလုပ် တိုင်တန်းသောအမှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တရားလိုပြသက်သေများက သေသူ သီဟအောင်မှာ အရက်မူးပြီးရန်စသဖြင့် မိုးကြီး၊ မောင်မိုးလေးတို့ ညီအစ်ကိုနှင့်ရန်ဖြစ်ရာမှ အရက်သောက်သည့် ကိုင်းပါသောဖန်ခွက်ကြီးနှင့်ရိုက်၍ ဦးခေါင်း၌ဒဏ်ရာရရှိပြီး သေဆုံး ကြောင်း ထွက်ဆိုထားသော်လည်း ဒေါက်တာစိုးမင်းနိုင်၏ထွက်ချက် တွင် သီဟအောင်မှာ အရက်သောက်ထားကြောင်း ထွက်ဆိုထား ခြင်းမရှိကြောင်း၊ ထိုအချက်အရ သီဟအောင်မှာ အရက်မူးနေ၍ ရန်စသည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ အောင်ခိုင်က တစ်ဦးနှင့် တစ်ဦး လက်ချင်းဖမ်းဆုပ်နေကြသည်ဟု ထွက်ဆိုထား၍ သီဟအောင်က မိုးကြီး၏လည်ပင်းကိုညှစ်သည်ဟု တထစ်ချယူဆ နိုင်ခြင်းမရှိကြောင်း၊ သီဟအောင်ကို တမင်ရိုက်သတ်ခဲ့ခြင်းဖြစ် ကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ စွဲချက် တင်၍ အပြစ်ပေးရမည့်အမှုမျိုးဖြစ်ကြောင်း၊ မောင်မိုးလေး၏အသက်

မှာ (၁၆) နှစ်နှင့် (၂) လသာရှိသေး၍ လူငယ်တစ်ဦးဖြစ်နေသဖြင့် ပြစ်ဒဏ်ကို သက်ညှာသင့်သော်လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ဖြင့် ထားခြင်းမှာ ပြစ်ဒဏ်ပေးထားသည်ဟု မဆိုနိုင်ကြောင်း၊ ထိုက်သင့် သည့်ပြစ်ဒဏ် ချမှတ်ရန်လိုအပ်ကြောင်း၊ ယခုအမှုမှာ တစ်သက် တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀) နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင် ကြောင်း၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၁ အရ လူငယ်ကို ထောင်ဒဏ် (၁၀) နှစ်ထိ ချမှတ်နိုင်ကြောင်း၊ သို့ဖြစ်၍ လူငယ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်နှင့်လွှတ်ထားခြင်းမှာ မှားယွင်းနေ၍ မူလမကွေးခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး မောင်မိုးလေးအပေါ် ထိုက်သင့်သောပြစ်ဒဏ် ပြောင်းလဲချမှတ်ပေး ရန် လျှောက်လဲသည်။

လျှောက်ထားခံရသူ အမှတ် (၂) မောင်မိုးလေး၏ရှေ့နေက ဆရာဝန်၏ထွက်ချက်တွင် သီဟအောင်မှာ အရက်သောက်ထား ကြောင်း ထွက်ဆိုချက်မရှိသော်လည်း သီဟအောင်နှင့် အရက်အတူ သောက်သော အောင်ခိုင် အပါအဝင် မျက်မြင်သက်သေအားလုံးက သီဟအောင်မှာ အရက်မူးနေ၍ ရန်စခဲ့ကြောင်းထွက်ဆိုခဲ့ကြောင်း၊ အချင်းဖြစ်နေ့က ကျန်လူအားလုံး အရက်သောက်ကြသော်လည်း မောင်မိုးလေးမှာ အရက်မသောက်ဘဲ ဂစ်တာတီး၍ အဖော်အဖြစ် နေပေးခြင်းသာဖြစ်ကြောင်း၊ ၎င်း၏အသက်မှာ (၁၆) နှစ်နှင့် (၂) လသာရှိ၍ (၁၀) တန်းစာမေးပွဲဖြေဆိုရန် ပညာသင်ကြားနေသူ ဖြစ်ကြောင်း၊ ၎င်းမှာ ယခင်က ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ဘူးခြင်း မရှိကြောင်း၊ ပထမအကြိမ် ပြစ်မှုကျူးလွန်သော လူငယ်အရွယ်ဖြစ်၍ ပြစ်ဒဏ်ချမှတ်လျှင် ၎င်း၏ဘဝ၌ အမဲစက်စွန်းထင်းကျန်ရစ်စေမည် ဖြစ်၍ ၎င်း၏အကျိုးကိုမျှော်ကိုးကာ မူလခရိုင်တရားရုံးက ဆုံးဖြတ်

ထားခြင်းဖြစ်၍ တရားမျှတပြီး ဥပဒေနှင့်ညီညွတ်သောအမိန့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလမကွေးခရိုင်တရားရုံး၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး ဤပြင်ဆင်မှုအား ပလပ်ပေးရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲပါ သက်သေခံချက်များအရ သေသူ သီဟအောင်နှင့် မိုးကြီး၊ မောင်မိုးလေးတို့ ညီအစ်ကို အချင်းဖြစ်ပွားခဲ့ကြောင်း၊ မောင်မိုးလေးမှာ အရက်ဝိုင်းတွင်ရောက်နေကြောင်း ပေါ်ပေါက်ကြောင်း၊ သီဟအောင်က ရန်စ၍ မိုးကြီးက နှစ်ယောက်မလိုဘူးဟု ပြောဆိုခဲ့ကြောင်း၊ အောင်ခိုင်၏ထွက်ချက်တွင် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဖမ်းဆုပ်နေကြသည်ဟု ထွက်ဆိုထားသဖြင့် သီဟအောင်က မိုးကြီး၏လည်ပင်းကိုညှစ်သည်ဟု တထစ်ချမယူဆနိုင်ကြောင်း၊ အချင်းဖြစ်နေရာတွင် မောင်မိုးလေး အပါအဝင် လူ (၆) ဦးရှိကြောင်း၊ မိုးကြီးအပေါ်မှ သီဟအောင်က လုံးလျက်ရှိစဉ် ကျန်လူများကဝိုင်းဆွဲနေပါလျက် မောင်မိုးလေးက အရက်ဝိုင်းမှဖန်ခွက်ဖြင့် သီဟအောင်၏ဦးခေါင်းကို အားထည့်၍ အရှိန်ပြင်းပြင်းဖြင့်ရိုက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် မောင်မိုးလေး၏ ပြုလုပ်မှုကြောင့် သီဟအောင်သေဆုံးရခြင်းဖြစ်ကြောင်း၊ မောင်မိုးလေး၏ အသက်မှာ (၁၆) နှစ်နှင့် (၂) လဖြစ်၍ ကလေးသူငယ်မဟုတ်ဘဲ လူငယ်ဖြစ်နေကြောင်း၊ မူလမကွေးခရိုင်တရားရုံးက မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ အပြစ်ရှိကြောင်း သုံးသပ်ထားကြောင်း၊ ယင်းဥပဒေပုဒ်မ ၃၀၄ မှာ တစ်သက်တစ်ကျွန်းဒဏ်ထိ ချမှတ်နိုင်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ် ချုပ်ဆိုစေရန် မညွှန်ကြားနိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်နေသည့် မောင်မိုးလေးအပေါ် မူလမကွေးခရိုင်တရားရုံး

က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းနေကြောင်း၊ သို့ဖြစ်၍ ယင်းအမိန့်ကိုပယ်ဖျက်ပြီး မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ထိုက်သင့်သည့်ပြစ်ဒဏ်တစ်ရပ် ပြင်ဆင်ချမှတ်ပေးရန် လျှောက်လဲသည်။

မူလမကွေးခရိုင်တရားရုံးက မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ထိုက်သင့်သည့်ပြစ်ဒဏ် ပေးရန်ဖြစ်သော်လည်း ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၁ (ခ) အရ လူငယ်အား ထောင်ဒဏ်ချမှတ်လျှင် အများဆုံးထောင်ဒဏ်ကာလသည် (၁၀) နှစ်ထက်မပိုစေရဟု ပြဋ္ဌာန်းထားသည်ဟူ၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ချမှတ်နိုင်သောအမြင့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် (၁၀) နှစ်သာဖြစ်ပြီး မူလပြဋ္ဌာန်းချက်အတိုင်း တစ်သက်တစ်ကျွန်းဒဏ် မထိုက်သင့်သောပြစ်မှုဖြစ်သည်ဟူ၍လည်းကောင်း ဖော်ပြသုံးသပ်ပြီး မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ (၃) နှစ်အတွင်း (၁၀) သိန်းတန်ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မူလမကွေးခရိုင်တရားရုံး အမှုတွဲအား စိစစ်ကြည့်ရှုရာ အချင်းဖြစ်သည့် (၂၀-၈-၂၀၀၇) ရက်နေ့ည (၈) နာရီခန့်တွင် မကွေးမြို့၊ သိင်္ဂါရပ်၊ သီရိမင်္ဂလာလမ်းနေ အောင်ခိုင် (လိုပြ-၃) ၏ နေအိမ်တွင် အောင်ခိုင်၊ မျိုးမင်းထွန်း (ခ) သကြား (လိုပြ-၂)၊ ချစ်ကိုကို (လိုပြ-၈)၊ မိုးကြီး (ခ) မိုးသော်ဟန်နှင့် သော်ဇင်လတ်တို့ အရက်သောက်နေသည့်နေရာအနီးတွင် မောင်မိုးလေးက ဂီတာတီးနေသည်။ ထိုစဉ် သီဟအောင် (သေသူ) ရောက်လာပြီး ၄င်းနှင့်စစ်သားများ ရန်ဖြစ်လာ၍ ၄င်းနှင့်အတူလိုက်ခဲ့ရန် မျိုးမင်းထွန်း (ခ) သကြား

အားခေါ်သည်။ မျိုးမင်းထွန်း (ခ) သကြားကမလိုက်လိုကြောင်းနှင့် ၎င်းတို့နှင့်အတူ အရက်သောက်ရန် သီဟအောင်ကိုပြောသဖြင့် ၎င်းတို့အဖွဲ့နှင့်အတူ အရက်သောက်ရာမှ သီဟအောင်က မိုးကြီး၊ မောင်မိုးလေးတို့အားချမလားဟု စိန်ခေါ်သည်။ မိုးကြီးက နှစ်ယောက်မလိုဘူးဟုပြန်ပြောသဖြင့် သီဟအောင်က မိုးကြီးကိုလက်သီးနှင့် စတင်ထိုးလိုက်ရာ မိုးကြီးမှာ ထိုင်နေရာမှလဲကျသွားသည်။ သီဟအောင်က မိုးကြီးအပေါ်မှခွပြီး လုံးထွေးနေကြစဉ် အနီးတွင် ဂစ်တာတီးနေသော မောင်မိုးလေးက ကိုင်းပါသောဖန်ခွက်နှင့် တစ်ချက်ရိုက်လိုက်ရာ သီဟအောင်၏ဦးခေါင်းကိုထိမှန်ပြီး ဖန်ခွက်မှာ အစိတ်စိတ်အမွှာမွှာကွဲသွားသည်။ သီဟအောင်၏ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာရရှိပြီး ဒဏ်ရာမှ သွေးထွက်နေသောကြောင့် အောင်ခိုင်နှင့် မျိုးမင်းထွန်း (ခ) သကြားတို့က သီဟအောင်အား ၎င်းအလုပ်လုပ်သည့် "တောင်ပံရိုင်း" လက်ဖက်ရည်ဆိုင်သို့ လိုက်ပို့ခဲ့ကြသည်။ ဆိုင်ရှင်ဖြစ်သူ ကိုသန်းလွင် (ခ) အရှည်ကြီးအား သီဟအောင်မှာရန်ဖြစ်လာ၍ ခေါင်းပေါက်သွားကြောင်းပြောပြခဲ့ပြီး သီဟအောင်ကို အိပ်ရာထဲထိ လိုက်ပို့ပေးခဲ့ကြသည်။

နောက်တစ်နေ့နံနက် (၄) နာရီခန့်တွင် သီဟအောင်သေဆုံးကြောင်းသိရသဖြင့် မကွေးမြို့၊ အမှတ် (၁) ရဲစခန်းမှ ရဲအုပ်မြင့်သိမ်း (လိုပြ-၁) က သေမှုသေခင်းဖွင့်လှစ်ပြီးနောက် သီဟအောင်၏ ဆေးစာအရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် ပြောင်းလဲ၍ တရားစွဲဆိုခဲ့ပြီး ရှာဖွေပုံစံ (သက်သေခံ-ဃ) ပါ သက်သေခံပစ္စည်း (၅) မျိုးကို သိမ်းဆည်းခဲ့သည်။

ဒေါက်တာစိုးမင်းနိုင် (လိုပြ-၅) ၏ထွက်ချက်နှင့် သီဟအောင်၏ဆေးစာ (သက်သေခံ-ခ) တို့အရ သီဟအောင်မှာ ဦးခေါင်းတွင် ရရှိသောဒဏ်ကြောင့် ဦးနှောက်မြှေးပါးအောက်တွင် သွေးသွန်၍

သွေးခဲများဖိပြီး ဦးနှောက်ကြီးပိညှပ်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

မောင်မိုးလေး (ခံပြ-၁) က အချင်းဖြစ်ည (၇) နာရီခန့်က အောင်ခိုင်၏နေအိမ်တွင် အောင်ခိုင်၊ မိုးကြီး၊ မျိုးမင်းထွန်း (ခ)သကြားတို့အရက်သောက်နေ၍ ၎င်းမှာဂီတာတီးနေကြောင်း၊ ထိုစဉ် သီဟအောင်ရောက်လာပြီး စစ်သားများနှင့်ရန်ဖြစ်လာ၍ မျိုးမင်းထွန်း (ခ) သကြားအားခေါ်ရာ လိုက်ပါခြင်းမပြု၍ ၎င်းကအားလုံးကို မကျေမနပ်ဖြစ်နေကြောင်း၊ ထို့နောက် မိုးကြီးကိုစိန်ခေါ်ပြီး လက်သီးနှင့်ထိုးရာ မိုးကြီးလဲအကျတွင် အပေါ်မှခွ၍ လည်ပင်းကိုညှစ်ထားကြောင်း၊ မိုးကြီး၏အသက်အန္တရာယ်စိုးရိမ်နေရသဖြင့် ၎င်းက သီဟအောင်၏ ဦးခေါင်းကို အနီးတွင်ရှိသောအရက်ဝိုင်းမှ ဖန်ခွက်ဖြင့် တစ်ချက်ရိုက်လိုက်ကြောင်း၊ အောင်ခိုင်တို့က ဝိုင်းဝန်းဆွဲပြီး သီဟအောင်အား အိမ်ပြန်ခိုင်းကြောင်း၊ ၎င်း၏အစ်ကို အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားကြောင့် ကာကွယ်သည့်အနေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်၍ အပြစ်မရှိကြောင်း ထုချေထားသည်။

အချင်းဖြစ်ညက အောင်ခိုင်၏နေအိမ်သို့ သေသူ သီဟအောင်ရောက်လာကြောင်းနှင့် ၎င်းမှ မိုးကြီးကိုစတင်စိန်ခေါ်၍ လက်သီးနှင့်ထိုးခဲ့ကြောင်း၊ နှစ်ဘက်အငြင်းမပွားပေ။ ထို့အတူ သီဟအောင်သေဆုံးရခြင်းမှာ မောင်မိုးလေး၏ ပြုလုပ်မှုကြောင့်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်၍ မောင်မိုးလေး၏ ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ ပါပြဋ္ဌာန်းချက်အရ ရန်ပြုသူအား သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးပိုင်ခွင့်ရှိ မရှိသုံးသပ်ရန်ရှိပေသည်။ အချင်းဖြစ်ပွားစဉ်က သီဟအောင်နှင့် မိုးကြီးတို့ လုံးထွေးသတ်ပုတ်ကြရာ မိုးကြီးအပေါ်မှ သီဟအောင်က ခွလျက်အနေအထား သတ်ပုတ်ကြကြောင်း ပေါ်ပေါက်သော်လည်း မောင်မိုးလေး

ထုချေသကဲ့သို့ မိုးကြီး၏လည်ပင်းကို သီဟအောင်က ညှစ်ထားကြောင်း မထင်ရှားပေ။ အိမ်ရှင်ဖြစ်သူ အောင်ခိုင်က သီဟအောင်မှ မိုးကြီးကို လက်သီးနှင့်ထိုးရာ မိုးကြီးမှာထိုင်နေရာမှလဲကျသွားကြောင်း၊ လဲနေသည့်မိုးကြီးအပေါ်မှ သီဟအောင်က ဆက်လက်လုံးထွေးရိုက်နှက်ပါသည်ဟု ထွက်ဆိုထားသည့်ပြင် ပြန်လှန်စစ်မေးရာ၌လည်း သီဟအောင်မှ မိုးကြီးအား လည်ပင်းကိုဖျစ်ညှစ်၍ မထနိုင်အောင်ပြုလုပ်ထားသည်ဆိုလျှင် မဟုတ်ပါ၊ တစ်ဦးနှင့်တစ်ဦး လက်ချင်းဖမ်းဆုပ်နေကြပါသည်ဟု ထွက်ဆိုထားသဖြင့် မောင်မိုးလေး၏ထုချေချက်ကို ထောက်ခံထားခြင်းမရှိပေ။

သို့ဖြစ်၍ မိုးကြီးနှင့် သီဟအောင်တို့ လုံးထွေးသတ်ပုတ်နေကြသည်မှာ မှန်သော်လည်း မောင်မိုးလေးအနေဖြင့် ၎င်း၏အစ်ကိုမိုးကြီးအား အပေါ်မှခွထားသူ သီဟအောင်ကိုဆွဲ၍ ဖျန်ဖြေနိုင်သည့်အခွင့်အရေးရှိသည်။ ထို့ပြင် အချင်းဖြစ်နေရာအနီးတွင် အောင်ခိုင်၊ မျိုးမင်းထွန်း (ခ) သကြား၊ သော်ဇင်လတ်တို့ရှိနေပြီး ၎င်းတို့ကလည်း ဝိုင်းဝန်းဖျန်ဖြေနိုင်မည့် အခြေအနေရှိ၍ မိုးကြီးတွင် သေဘေးကိုဖြစ်စေ၊ အပြင်းအထန် နာကျင်စေမည့်ဘေးကိုဖြစ်စေ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ပေါ်နေသည်ဟု တထစ်ချမဆိုနိုင်ပေ။ ဤအခြေအနေတွင် မောင်မိုးလေးက သီဟအောင်၏ ဦးခေါင်းကိုရွေးချယ်ပြီး အနီးတွင်ရှိသော အရက်ဝိုင်းမှ ကိုင်းပါသောဖန်ခွက်နှင့် ရိုက်ခဲ့သည်။ ထိုသို့ရိုက်ရာတွင် ရိုက်ချက်မှာ ပြင်းထန်လွန်းအားကြီးသဖြင့် ဖန်ခွက်မှာ အပိုင်းအပိုင်း အစစ (ရှာဖွေပုံစံပါဖော်ပြချက်အရ အပိုင်းအစ (၃၆) စ) ကွဲသွားခဲ့သည်။ ယင်းအချက်ကို ထောက်ချင့်ခြင်းအားဖြင့် တရားခံက သေသူအားသေစေရန်အကြံဖြင့်ပြုလုပ်သည်ဟု ဆိုရပေမည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၇ ပထမအချက်အရ လူကိုယ်ကို

၂၀၀၈
ဦးအောင်ဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ ၂

ထိခိုက်ကျူးလွန်သည့်ပြစ်မှုကို တားဆီးရန် မိမိကိုယ်နှင့် အခြားသူ၏ ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ သို့ရာတွင် မောင်မိုးလေးက သီဟအောင်၏ ဦးခေါင်းထိပ်သို့ ရိုက်လိုက်ခြင်းမှာ အခြားသူ၏ ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်အရ ပြုလုပ်သည်မှာမှန်သော်လည်း အထက်တွင် သုံးသပ်ဖော်ပြချက်များအရ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ ပါ ပြဋ္ဌာန်းချက်များတွင် အကျုံးမဝင်သဖြင့် ရန်မူသူအား သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့်မရှိပေ။ ထိုမူသဘောကို **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် စန်းလှိုင်အမှု**[၁] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်၍ မောင်မိုးလေးသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက် ပိုမိုသုံးစွဲခဲ့၍ ၎င်း၏ပြုလုပ်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၉ (၂) (ခ) ပါ ပြဋ္ဌာန်းချက်အတွင်း ကျရောက်သဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဆက်လက်၍ မူလမကွေးခရိုင်တရားရုံးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်သူ တရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ ခံဝန်ချုပ် ချုပ်ဆိုစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ရန်လိုပေမည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(၁) အသက်နှစ်ဆယ့်တစ်နှစ်ထက်မငယ်သူ မည်သူကိုမဆို ထောင်ဒဏ် ခုနှစ်နှစ်ထက်မပိုသောပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုနှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ သို့မဟုတ်

---

(၁) ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၀၆

အသက်နှစ်ဆယ့်တစ်နှစ်ထက်ငယ်သူ မည်သူကိုမဆို၊ သို့မဟုတ် မည်သည့်မိန်းမကိုမဆို သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် မထိုက်သင့်သည့် ပြစ်မှုနှင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ထို့ပြင် ပြစ်မှုကျူးလွန်သူမှာ ယခင်က ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ဖူးကြောင်း မထင်ရှားသည့်အခါ ၎င်းအား ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးက ပြစ်မှုကျူးလွန်သူ၏အသက်၊အကျင့်စာရိတ္တ၊ သို့မဟုတ် ယခင်ကအခြေအနေများနှင့် ပြစ်မှုကျူးလွန်ရင်း အကြောင်းအချက်များကို ထောက်ထား၍ ပြစ်မှုကျူးလွန်သူကို ကောင်းမွန်စွာကျင့်ကြံနေထိုင်စေရန် အစမ်းသဘောလွှတ်ထားသင့်သည်ဟုထင်မြင်လျှင် အဆိုပါ တရားရုံးသည် ပြစ်မှုကျူးလွန်သူအပေါ် ချက်ချင်းပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်မည့်အစား ဆင့်ဆိုသည့်ကာလ (သုံးနှစ်ထက်မပိုသည့်) အတွင်း တရားရုံးက ညွှန်ကြားသည့်အခါ တရားရုံးသို့ ရောက်ရှိ၍ ပြစ်ဒဏ်ချမှတ်ခြင်းကို လက်ခံပါမည်၊ ထို့ပြင် ထိုကာလအတွင်း ငြိမ်ဝပ်စွာနှင့် ကောင်းမွန်စွာ နေထိုင်ပါမည်ဟူ၍ အာမခံသူများပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခံဝန်ချုပ်ဆိုစေလျက် ၎င်းအား လွှတ်စေရန် ညွှန်ကြားနိုင်သည်ဟူ၍ ဖြစ်သည်။

ထို့အတူ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**၃၀၄**။ မည်သူမဆို၊ လူသတ်မှုမမြောက်သည့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော လူသေမှုကိုကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင်

ငွေဒဏ်လည်း ချမှတ်နိုင်သည်။

သို့ဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်သည့် ပြစ်မှုအမျိုးအစားဖြစ်သည်ကို တွေ့ရသည်။ မောင်မိုးလေး၏အသက်ကို ရဲစွဲချက်ပုံစံတွင် (၁၇) နှစ်ဟု ဖော်ပြထားသဖြင့် ၎င်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြထားသော အသက် (၂၁) နှစ်ထက်ငယ်သူဖြစ်သည်မှာမှန်သော်လည်း ၎င်းကျူးလွန်သည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ သည် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်သောပြစ်မှုဖြစ်သည့်အားလျော်စွာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) တွင် ဖော်ပြထားသောအချက်များနှင့် အကျုံးမဝင်သဖြင့် မူလခရိုင်တရားရုံးက ယင်းပုဒ်မအရ တရားခံအား ခံဝန်ချုပ်ဆိုစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိချေ။ ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိုက်သင့်သောပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ပေးရမည်ဖြစ်ပေသည်။ မောင်မိုးလေးသည် ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေပုဒ်မ ၂ (ခ) အရ လူငယ်တစ်ဦးဖြစ်သဖြင့် ၎င်းအား ထောင်ဒဏ်ချမှတ်လျှင် ယင်းဥပဒေပုဒ်မ ၇၁ (ခ) အရ (၁၀) နှစ်ထက်ပို၍ ထောင်ဒဏ်ချမှတ်ခြင်းမပြုနိုင်ချေ။ ယင်းပြစ်ဒဏ်အတိုင်းအတာအတွင်း ထောင်ဒဏ်ကိုသတ်မှတ်နိုင်သည်။

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ မောင်မိုးလေးအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁) အရ (၃) နှစ်ကာလအတွင်း ကောင်းမွန်စွာနေထိုင်စေရန်အတွက် ငွေကျပ် (၁၀) သိန်းတန်ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆိုစေသည့် မူလမကွေးခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၎င်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် (ငါးနှစ်) ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်များအား ထောင်ဒဏ်မှထုတ်နုတ်ခံစားခွင့်ပြုသည်။

# ၂၀၀၈ ခုနှစ်

# တရားမဆိုင်ရာအမှုများ

# ၂၀၀၈ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## တရားမဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ-

- စာချုပ်စာတမ်းများမှတ်ပုံတင်အက်ဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- မြန်မာဓလေ့ထုံးတမ်းဥပဒေ
- ဟိန္ဒူဥပဒေ
- အမွေဆက်ခံရေးအက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ

**စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ) မှတ်ပုံတင်ထားခြင်းမရှိသည့် စွန့်လွှတ်မှုသည် အထမြောက် မမြောက်၊ ပိုင်ဆိုင်မှုကို စွန့်လွှတ်ခြင်း မရှိဘဲ စွန့်လွှတ်ပြီးဖြစ်သည်ဟု လိမ်လည်လှည့်ဖြားရယူသည့် ဒီကရီသည် အမှုတွင်မပါဝင်သူတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ စွန့်လွှတ်စာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေ ၁၇ (၁) (ခ) အရ မှတ်ပုံမတင်သဖြင့် စွန့်လွှတ်မှု မမြောက်ကြောင်း၊ **ဒေါ်ညွှန့် နှင့် မအမြဲနာအမှု**[၁] တွင် လမ်းညွှန်ထားသည်။ သက်သေခံ (စ) စွန့်လွှတ်စာချုပ်သည် စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ထားခြင်းမရှိသဖြင့် စွန့်လွှတ်မှုသည် အထမမြောက်သောကြောင့် ဒေါ်ကျင်ယုံသည် အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုရှိနေပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ ၏ အဆိုလွှာတွင် ဦးကျော်ညွှန့်သည် ကွယ်လွန်ခြင်းမပြုမီက အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကိုစွန့်လွှတ်ပြီး ဖြစ်၍ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့သည် အချင်းဖြစ် အိမ်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး တစ်ဝက်စီခွဲဝေ ပေးရန် အဆိုပြုသည်။ ဒေါ်ခင်သိန်းဝင်း ပါ ၇တို့က ချေလွှာတွင် ဝန်ခံခဲ့သဖြင့် ရန်ကုန်တိုင်းတရားရုံးက ပြေငြိမ်းဒီကရီ ချမှတ်ခဲ့သည်။ ဦးကျော်ညွှန့်က အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကို စွန့်လွှတ်ခြင်းမရှိဘဲ စွန့်လွှတ်ပြီး ဖြစ်သည်ဟု လိမ်လည်လှည့်ဖြား၍ အဆိုပြုကာ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့က ဒီကရီကို ရယူခဲ့သည်။ ထို့ကြောင့် ယင်းဒီကရီသည် ဦးတိတ်မွန်တို့အပေါ် အကျိုးသက်ရောက်မှုမရှိပေ။ | စာမျက်နှာ

ဒေါ်စောစိန် (၄င်း၏ကိုယ်စားလှယ် စာရသူ ဒေါ်ခင်ပြုံးလှိုင်) ပါ ၈ နှင့် ဦးတိတ်မွန်ပါ ၅ | ၄၈

**အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ကွယ်လွန်သူ အမွေရှင်၏ အမွေစားအမွေခံအားလုံးကို အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရန်လိုအပ်ခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၉ ပြဋ္ဌာန်းချက်အရလိုအပ်သည်ဟု ထင်မြင်ယူဆသော အမှုသည်များကို ထည့်သွင်းခြင်း မပြုရုံမျှဖြင့် အမှုကိုပလပ်ရန် မသင့်ခြင်း၊ တရားရုံးသည် မပါသောအမှုသည်များကို ထည့်သွင်းရန်အတွက် တရားလိုအားအဆိုလွှာပြင်ဆင်ရန် အခွင့်အလမ်းပေးရမည်ဖြစ်ပြီး တရားလိုက အမှုသည်ထပ်ထည့်ရန် ငြင်းဆန်လျှင်မှ အမှုကို**

**ပလပ် နိုင်ခြင်း၊ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထားခြင်းသည် မှန်ကန်မှုမရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ ကွယ်လွန်သူကျန်ရစ်သည့် အမွေပုံပစ္စည်းကို ရုံးမှစီမံခန့်ခွဲပေးရန် စွဲဆိုသည့်အမှုတွင် ကွယ်လွန်သူ၏အမွေစား အမွေခံအားလုံးကို အမှုသည်များအဖြစ်ထည့်သွင်းစွဲဆိုရန်လိုသည်။ အမွေစား အမွေခံအားလုံး၊ အမှုသည်များအဖြစ်ပါဝင်ခြင်းမရှိလျှင် အမွေပုံပစ္စည်းကို ရုံးမှစီမံအုပ်ထိန်းရန်အတွက် ဒီကရီချမှတ် ပေးနိုင်မည် မဟုတ်ပေ။ **ကျီအိပ်ချ်နာခူးဒါး နှင့် ဒေါ်အိုင်ရှာဘီဘီပါ ၃ အမှု**[(၁)] တွင်ကြည့်ပါ။

ကွယ်လွန်သူ၏ အမွေစားအမွေခံတို့အား အမွေခွဲဝေပေးပြီး၊ မပြီးဆိုသောအချက်မှာလည်း အမှု၌တရားပြိုင်များ အဖြစ်ထည့်သွင်း ပြီးစစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်ဖြစ်သည်။ **ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃ အမှု**[(၂)] ကိုရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၉ တွင် အမှုသည်များကို မှားယွင်းပူးတွဲခြင်းကြောင့်ဖြစ်စေ၊ ပူးတွဲသင့်သော အမှုသည်များကို မပူးတွဲခြင်းကြောင့်ဖြစ်စေ၊ မည်သည့်တရားမမှုမျှ မရှုံးနိမ့်စေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ကွယ်လွန်သူအမွေရှင်၏ အမွေပစ္စည်းများကို ရုံးကစီမံခန့်ခွဲပေးရန်စွဲဆိုမှုတွင် လိုအပ်သည်ဟု ထင်မြင်ယူဆသော အမှုသည်များကို ထည့်သွင်းခြင်းမပြုရုံမျှဖြင့် ပလပ်ရန်မသင့်ဟု **မသိန်းတင်ပါ ၃ နှင့် ဒေါ်ချောအမှု**[(၃)] တွင် လမ်းညွှန်ထားသည်။

ယင်းကဲ့သို့အမှုမျိုးတွင် တရားရုံးသည် မပါသော အမှုသည် များကို ထည့်ရန်အတွက် တရားလိုအား အဆိုလွှာ ပြင်ဆင်ရန် အခွင့်အလမ်းပေးရမည်။ သို့ရာတွင် တရားလိုက အမှုသည်ထပ်ထည့် ရန် ငြင်းဆန်လျှင်မူ အမှုကိုပလပ်နိုင်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေ ပစ္စည်းကို ရထိုက်ခွင့်ရှိသူတို့အား ရထိုက်ခွင့်ရှိသည့် ဝေစုအတိုင်း စီမံခန့်ခွဲပေးရမည့်အမှုနှင့် မိဘများကျန်ရစ်သည့် အမွေပစ္စည်းအပေါ် အမြဲတမ်းတားဝရမ်းထုတ်ပေးရန် စွဲဆိုမှုတို့မှာ ဥပဒေ သို့မဟုတ် အကြောင်းခြင်းရာ ပြဿနာတစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်း မဟုတ်သည့်အပြင် တူသောပြုလုပ်မှု သို့မဟုတ် တူသောဆက်တိုက် ပြုလုပ်မှုတို့မှ ပေါ်ပေါက်လာခြင်း မဟုတ်သည်မှာ အငြင်းပွား ဖွယ်ရာမရှိချေ။

ထို့ကြောင့် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်း တားဝရမ်းရလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထား ခြင်းသည် မှန်ကန်မှုမရှိဟု သဘောရရှိသည်။

ဦးချစ်ထွေး နှင့် ဦးတင်စိုးအောင် ၁

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့တွင် ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ပြီး အမှုတစ်မှုတည်း တွင် တရားစွဲဆိုနိုင်ရန် အကြောင်းများကို မှားယွင်း ပူးတွဲတရားစွဲဆိုထားခဲ့မည်ဆိုပါက ဆောင်ရွက်ရန် နည်းလမ်း။**

စာမျက်နှာ

**ဆုံးဖြတ်ချက်**။ ။ တရားစွဲဆိုနိုင်ရန်အကြောင်းများနှင့် စပ်လျဉ်း၍ အမှုတစ်မှုတည်းတွင် ပူးတွဲသည့်ကိစ္စအား တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့တွင် ပြဋ္ဌာန်းထားရှိရာ ယင်းပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီး အမှုတစ်မှုတည်းတွင် တရားစွဲဆိုနိုင်ရန်အကြောင်းများကို မှားယွင်းပူးတွဲ တရားစွဲဆို ထားခဲ့မည်ဆိုပါက ဆောင်ရွက်ရန်နည်းလမ်းအမှန်မှာ တရားရုံးသည် အမှုကိုပလပ်ခြင်းမပြုရဘဲ တရားလို၏ အဆိုလွှာကို ပြင်ဆင်စေရန်နှင့် သက်ဆိုင်သည့်တရားပြိုင်အပေါ် အမှုကိုဆက်လက် ဆောင်ရွက်စေ ရန် တရားလိုအား အခွင့်အရေးပေးရန်သာ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမမှုတစ်မှုတည်းတွင် ပူးတွဲထား သော တရားစွဲဆိုနိုင်ရန် အကြောင်းများကို အဆင်ပြေပြေ စစ်ဆေး စီရင်ခြင်း သို့မဟုတ် တစ်ပေါင်းတည်းအဆုံးအဖြတ်ပေးခြင်း မပြု နိုင်ဟု ထင်မြင်လျှင် တရားရုံးသည် သီးခြားစစ်ဆေးစီရင်ရန် အမိန့် ကိုဖြစ်စေ၊ အခြားသင့်လျော်သည့် အမိန့်ကိုဖြစ်စေ ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်း ၆ တွင် ပြဋ္ဌာန်းထားရှိရာ တရားစွဲဆိုနိုင်ရန်အကြောင်းများကို အမှုတစ်မှုတည်းတွင် ရောထွေး၍ စွဲဆိုထားခဲ့မည်ဆိုပါက အဆိုလွှာအားပယ်ရမည်ဟု တရားမကျင့်ထုံး ဥပဒေ အမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်း ၆ အရ ဆောင်ရွက်ရန်ဖြစ်သည်ကို သတိချပ်သင့်သည်။

ဦးစန်းအောင် နှင့် ဦးဇော်မင်းပါ ၂ ၃၄

**စီရင်ချက်မချမီ ပစ္စည်းကို ဝရမ်းကပ်ခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) နှင့် ညီညွတ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝရမ်းထုတ်ပေးခြင်းမပြုမီ ဝရမ်းကိုထုတ်ပေးရန် အလွန်ပင်လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟု ယုံကြည်မှသာလျှင်ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့်ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝရမ်းကပ်ရအောင် လုံလောက်သော အကြောင်းရင်းများရှိရန် လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အပိုဒ်ခွဲ (က) အရဆိုလျှင် တရားပြိုင်သည် မိမိပေါ်ချမှတ်မည့် ဒီကရီကို ဇာရီပြုလုပ်သောအခါ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်းခြင်းပြုလုပ်ရန် စီစဉ်နေလျှင် အမှုမပြီးဆုံးမီ ပစ္စည်းဖမ်းဝရမ်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ တရားပြိုင်က ၎င်း၏ပစ္စည်းကို ထုခွဲရောင်းချရန် ပြုလုပ်နေသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ ထုခွဲရောင်းချမည်၊ မည်သူ့အား ထုခွဲရောင်းချမည်ဟု တိတိကျကျ စွပ်စွဲချက်ရှိရန် လိုပေသည်။ စာမျက်နှာ

တန်ချောင်ကီး (ခ) ဦးမင်းလွင် (၎င်း၏ နှင့် ဦးနေလင်း ၆၁
ကိုယ်စားလှယ်စာရသူ ဒေါ်ခင်နှင်းလွင်)

## အိမ်ထောင် (၃) ဆက်ရှိသူက အမွေရှင်ကျန်ရစ်သော ပစ္စည်းများကို သားရင်းသမီးရင်း ၊ မြေးများ ၊ မြစ်များ အတွက် အမွေပုံဝေစုခွဲဝေမှု အချိုးသတ်မှတ်ခြင်း။

**ဆုံးဖြတ်ချက်**။ ။ အိမ်ထောင် (၃) ဆက်ရှိသူ အမွေရှင်၏ သားသမီးများရရှိမည့် အမွေဝေစုအချိုးကို သုံးဆယ့်ခြောက်စောင်တွဲ

အမွေမှုခန်း၊ ဓမ္မသတ်ကျမ်းကြီးပုဒ်မ ၂၄၆ တွင်- စာမျက်နှာ

" ယခုသား ၃ ဦး မှာ အဘသာကွဲသည်။ အမိဆုံဖြစ်ခြင်းကြောင့် အထက်အဘပါ ဥစ္စာမှန်သမျှကို လေးစုစု၍ နှစ်စုကို အထက်လင်သားစားစေ၊ နောက်လင်နှစ်ဦးသားမှာ တစ်စုစီ စားစေ"

ဟု ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ယခုအမှုတွင် ဒေါ်နုနှင့် တတိယအိမ်ထောင် ဦးဗန်ဒူး ပေါင်းသင်းစဉ် အချင်းဖြစ်မြေကွက်ကို ဝယ်ယူသော ကြောင့် ၎င်းတို့၏သားသမီး ဒေါ်သန်းထွေးနှင့် ဒေါ်ရင်နု (၂ နှင့် ၃ တရားပြိုင်) တို့က ယင်းမြေကွက်၏ (၄) ပုံ (၂) ပုံ ရရှိမည်။ ဒေါ်နုနှင့် ဦးဗလိုင်ဂျော့တို့၏သားသမီးများက ကျန် (၂) ပုံ (၁) ပုံ၏တစ်ဝက် ဖြစ်သော (၄) ပုံ (၁) ပုံရမည်။ ဒေါ်နုနှင့် ဦးဘတင်တို့၏ သားသမီး မြေးမြစ်များကလည်း အလားတူ (၄) ပုံ (၁) ပုံ ရမည်ဖြစ်သည်။
ဒေါ်အုန်းညွှန့်ပါ ၆ နှင့် ဒေါ်ချစ်တင်ပါ ၃ ၉၇

## ဟိန္ဒူဥပဒေအရ မည်သည့်အခါ လက်ထပ်ထိမ်းမြားမှု တရားဝင်သည်ဟု ကောက်ယူရခြင်း။

**ဆုံးဖြတ်ချက်။** ။ ဦးကံလှသည် ဒေါ်မမလေးနှင့် လင်မယား တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်သည်။ ဒေါ်ချိုတီမှာလည်း ဦးကြည်နှင့် ဟိန္ဒူဓလေ့ထုံးတမ်းအရ ဘာသာရေးလူကြီးများရှေ့တွင် တရားဝင် ကွာရှင်းခဲ့ပြီးဖြစ်သည်။ ထို့နောက် ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် မြင်းမူမြို့၊ ဟိန္ဒူဘုရားကျောင်း၌ ဘာသာရေးလူကြီးများရှေ့တွင် ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ကာ နှစ်ပေါင်း ၃၀ ခန့်

လင်မယားအဖြစ် ပေါင်းသင်းကြပြီး သားသမီး ၆ ဦး ထွန်းကားကြောင်း သက်သေခံ အထောက်အထားများအရ ထင်ရှားပေါ်ပေါက်သည်ဟု ဆိုရပေမည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် နှစ်ပေါင်း ၃၀ခန့် ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် အတူ ပေါင်းသင်းနေထိုင်ခဲ့ခြင်း၊ သားသမီး ၆ ဦး ထွန်းကားခဲ့ခြင်းစသည့် အကြောင်းခြင်းရာတို့အရ ၎င်းတို့နှစ်ဦးမှာ တရားဝင်လင်မယား ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

ဒေါ်မမလေးပါ ၁၂ / ဒေါ်မမလေးပါ ၁၂ နှင့် ဒေါ်သန်းသန်းပါ ၁၅ / ဒေါ်ချိုတီပါ ၁၅ ၇၀

**အမွေဆက်ခံရေးအက်ဥပဒေ ပုဒ်မ ၂၁၈ ပြဋ္ဌာန်းချက်အရ အမွေထိန်းလက်မှတ်စာထုတ်ပေးရာတွင် မြန်မာဓလေ့ ထုံးတမ်းဥပဒေ အမွေခံအစီအစဉ်အတိုင်း အမွေ ဆက်ခံသည့် လမ်းကြောင်းပေါ်တွင်ရှိသည့် အမွေ ဆက်ခံသူတို့ကို အမွေထိန်းလက်မှတ်စာ ထုတ်ပေး နိုင်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ မြန်မာဓလေ့ထုံးတမ်းဥပဒေ အမွေခန်းဥပဒေ အရ ကွယ်လွန်သူတွင် ခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ်အစရှိသော တိုက်ရိုက်အဆက်အနွယ်များ၊ ကတ္တိမသားသမီး၊ လင်ပါ မယားပါ သမီးနှင့် ကိဋ္ဌိတသားသမီးအစရှိသော သူများမရှိလျှင် ထိုသူ၏ အမွေပစ္စည်းများကို ဆက်ခံခွင့်ရှိကြသည့် ဆွေမျိုး သားချင်းများ၏ အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ညီအစ်ကိုမောင်နှမများ၊                                                   စာမျက်နှာ

၂။ မိဘများ၊

၃။ ဘိုးဘွားများ၊

၄။ တူ၊ တူမများ၊

၅။ ဘကြီး၊ ဘထွေး၊ ဦးရီး (ဦးကြီး)၊ ဦးလေး၊ အရီးကြီး၊
အရီးလေး၊ မိကြီး၊ မိထွေး (အဒေါ်) များ၊

၆။ တူ၊ တူမများ၏သားသမီးများ၊

၇။ × × ×

၈။ × × ×

၁၂။ × × ×

အထက်ဖော်ပြပါ အမွေခံတို့၏ အစီအစဉ်အရဆိုလျှင် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ ကျန်ရစ်သောပစ္စည်းများကို တူဖြစ်သော ဦးအောင်စိန်၏သားသမီးများထက် တူ၊ တူမများဖြစ်ကြသော ဒေါ်ကြွေ၊ ဒေါ်ခင်မေနှင့် ဒေါ်ခင်ရွှေတို့က ဦးစားပေးအစီအစဉ်အရ ဆက်ခံခွင့်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အမွေဆက်ခံရေးအက်ဉပဒေပုဒ်မ ၂၁၈ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

" **ပုဒ်မ ၂၁၈**။ (၁) ကွယ်လွန်သူသည် သေတမ်းစာမရေးဘဲ ကွယ်လွန်ခဲ့၍ ဟိန္ဒူ၊ မဟာမေဒင်၊ ဗုဒ္ဓဘာသာဝင်ဖြစ်

(ကည)　　　　　　　　　ညွှန်းချက်

> လျှင် ၎င်းတို့၏ အမွေထိန်းသိမ်းခွင့်ကို ထိုကွယ်လွန်သူ၏ အမွေကိုခွဲဝေရာ၌ သက်ဆိုင်သည့်ဥပဒေသများအရ ကွယ်လွန်သူ၏အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်မည့်သူအား ခွင့်ပြုနိုင်သည်။”

စာမျက်နှာ

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်နှင့်ဆက်စပ်ကြည့်လျှင် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမွေထိန်းလက်မှတ်စာကို လျှောက်ထားကြသည့် ဦးမြင့်စိုးသည်လည်းကောင်း၊ ဦးသန်းစိုးသည်လည်းကောင်း၊ အမွေခံအစီအစဉ်အရ အမွေဆက်ခံသည့်လမ်းကြောင်းတွင် ရှိကြသူများဖြစ်သည်ဟု ဆိုရန်ခဲယဉ်းသည်။

ဦးမြင့်စိုး　　　နှင့်　　ဦးသန်းစိုးပါ ၄　　　　　　　　　　　　　၈၄

**အိမ်ငှားဖြစ်သူ တရားပြိုင်ကို အခန်းတစ်ခန်း ပြန်ပေးရန် တရားပြိုင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပဋိညာဉ်ပြုလုပ်ထားသဖြင့် တရားရုံးက တရားလိုကို အခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ပေးခြင်းမှာ မှန်ကန်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ တိုက်ခန်း၌ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ နေထိုင်သည်မှာ နှစ်ပေါင်း (၂၀) ကျော်ခြင်း၊ (၈) နှစ်ခန့် အိမ်လခပေးခဲ့သည်ဟု ကောက်ယူနိုင်ခြင်းတို့ကို ပေါင်းစပ်သုံးသပ်ပါက ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ကို အိမ်ရှင် ဦးကျော်မြင့်၏ အိမ်ငှားအဖြစ်အသိအမှတ်ပြုလျှင် မှားယွင်းမည် မဟုတ်ဟု ကျွန်ုပ်တို့

ယူဆသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်**။ ။ ခြုံငုံသုံးသပ်ရလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တရားပြိုင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်အား တိုက်သစ်မှ အခန်းတစ်ခန်းပြန်ပေးရန် စီမံခန့်ခွဲရေးလမ်းကြောင်းအရ ပဋိညာဉ်တစ်ရပ် ပြုလုပ်ထားသည်။ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် ဦးကျော်မြင့်၏ အိမ်ငှားဟု ကောက်ယူဖွယ်ရာ သက်သေအထောက်အထားများလည်းရှိသည်။ သို့ဖြစ်ရာ တရားရုံးချုပ်က မြေရှင် ဦးကျော်မြင့်၊ ဒေါ်ခင်ညွန့်တို့၏ ပစ္စည်းနှင့်ပတ်သက်သော အခွင့်အရေးကို ထိခိုက်မည်ဟု အကြောင်းပြပြီး ဒေါ်ခင်ညွန့်တို့ စွဲဆိုသည့်အတိုင်း တိုက်ခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် နှင့် ဒေါ်ခင်ညွန့်ပါ ၆ ၁၅
(၄င်း၏အထွေထွေကိုယ်စားလှယ်စာ
ရသူ ဦးဇော်ဝင်း)

+ ၂၀၀၈
ဇန်နဝါရီ
၂၈ ရက်

# တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်း၏ရှေ့တွင်

ဦးချစ်ထွေး
နှင့်
ဦးတင်စိုးအောင်*

အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ကွယ်လွန်သူ အမွေရှင်၏ အမွေစားအမွေခံအားလုံးကို အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရန်လိုအပ်ခြင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၉ ပြဋ္ဌာန်းချက်အရလိုအပ်သည်ဟု ထင်မြင်ယူဆသော အမှုသည်များကို ထည့်သွင်းခြင်း မပြုရုံမျှဖြင့် အမှုကိုပလပ်ရန် မသင့်ခြင်း၊ တရားရုံးသည် မပါသောအမှုသည်များကို ထည့်သွင်းရန်အတွက် တရားလိုအားအဆိုလွှာပြင်ဆင်ရန် အခွင့်အလမ်းပေးရမည်ဖြစ်ပြီး တရားလိုက အမှုသည်ထပ်ထည့်ရန် ငြင်းဆန်လျှင်မှ အမှုကိုပလပ် နိုင်ခြင်း၊ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထားခြင်းသည် မှန်ကန်မှုမရှိခြင်း။

---

* ၂၀၀၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁၆။

\+ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၈ တွင် ချမှတ်သော ၂၀-၈-၂၀၀၇ ရက်စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

**ဆုံးဖြတ်ချက်**။ ။ ကွယ်လွန်သူကျန်ရစ်သည့် အမွေပုံပစ္စည်းကို ရုံးမှစီမံခန့်ခွဲပေးရန် စွဲဆိုသည့်အမှုတွင် ကွယ်လွန်သူ၏အမွေစား အမွေခံအားလုံးကို အမှုသည်များအဖြစ်ထည့်သွင်းစွဲဆိုရန်လိုသည်။ အမွေစား အမွေခံအားလုံး အမှုသည်များအဖြစ်ပါဝင်ခြင်းမရှိလျှင် အမွေပုံပစ္စည်းကို ရုံးမှစီမံအုပ်ထိန်းရန်အတွက် ဒီကရီချမှတ်ပေးနိုင်မည် မဟုတ်ပေ။ **ဂျီအိပ်ချ်နာခူးဒါး နှင့် ဒေါ်အိုင်ရှာဘီဘီပါ ၃ အမှု**[၁] တွင်ကြည့်ပါ။

ကွယ်လွန်သူ၏ အမွေစားအမွေခံတို့အား အမွေခွဲဝေပေးပြီး၊ မပြီးဆိုသောအချက်မှာလည်း အမှု၌တရားပြိုင်များ အဖြစ်ထည့်သွင်းပြီးစစ်ဆေး၍သာ ဆုံးဖြတ်ပေးနိုင်မည်ဖြစ်သည်။ **ဦးကျော်ရှိန်ပါ ၂ နှင့် ဒေါ်ပုပါ ၃ အမှု**[၂] ကိုရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၉ တွင် အမှုသည်များကို မှားယွင်းပူးတွဲခြင်းကြောင့်ဖြစ်စေ၊ ပူးတွဲသင့်သော အမှုသည်များကို မပူးတွဲခြင်းကြောင့်ဖြစ်စေ၊ မည်သည့်တရားမမှုမျှ မရှုံးနိမ့်စေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ကွယ်လွန်သူအမွေရှင်၏ အမွေပစ္စည်းများကို ရုံးကစီမံခန့်ခွဲပေးရန်စွဲဆိုမှုတွင် လိုအပ်သည်ဟု ထင်မြင်ယူဆသော အမှုသည်များကို ထည့်သွင်းခြင်းမပြုရုံမျှဖြင့် ပလပ်ရန်မသင့်ဟု **မသိန်းတင်ပါ ၃ နှင့် ဒေါ်ချောအမှု**[၃] တွင် လမ်းညွှန်ထားသည်။

ယင်းကဲ့သို့အမှုမျိုးတွင် တရားရုံးသည် မပါသော အမှုသည်များကို ထည့်ရန်အတွက် တရားလိုအား အဆိုလွှာပြင်ဆင်ရန် အခွင့်အလမ်းပေးရမည်။ သို့ရာတွင် တရားလိုက

အမှုသည်ထပ်ထည့်ရန် ငြင်းဆန်လျှင်မူ အမှုကိုပလပ်နိုင်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေပစ္စည်းကို ရထိုက်ခွင့်ရှိသူတို့အား ရထိုက်ခွင့်ရှိသည့် ဝေစုအတိုင်း စီမံခန့်ခွဲပေးရမည့်အမှုနှင့် မိဘများကျန်ရစ်သည့် အမွေပစ္စည်းအပေါ် အမြဲတမ်းတားဝရမ်းထုတ်ပေးရန် စွဲဆိုမှုတို့မှာ ဥပဒေ သို့မဟုတ် အကြောင်းခြင်းရာ ပြဿနာတစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်း မဟုတ်သည့်အပြင် တူသောပြုလုပ်မှု သို့မဟုတ် တူသောဆက်တိုက် ပြုလုပ်မှုတို့မှ ပေါ်ပေါက်လာခြင်း မဟုတ်သည်မှာ အငြင်းပွားဖွယ်ရာမရှိချေ။

ထို့ကြောင့် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထားခြင်းသည် မှန်ကန်မှုမရှိဟု သဘောရရှိသည်။

အယူခံတရားလိုအတွက် - ဦးသန်းမြင့်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးရဲထွန်း
တရားရုံးချုပ်ရှေ့နေ

ဧရာဝတီတိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၈ တွင် ဦးချစ်ထွေးက ဦးတင်စိုးအောင်အပေါ် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးစေလိုမှု စွဲဆိုရာ အဆို၊ အချေအရပဏာမ ငြင်းချက် ၄ ရပ်အပါအဝင်

ရုံးငြင်းချက်များ ထုတ်ဆင့်ခဲ့သည်။ တိုင်းတရားရုံးက ပဏာမငြင်းချက် ၄ ရပ်အား ဦးစွာကြားနာပြီးနောက် စွဲဆိုသည့်အမှုပုံစံ မှားယွင်းသည်ဟုဆိုကာ အမှုကိုပလပ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးချစ်ထွေးက ကျေနပ်မှုမရှိသဖြင့် ဤတရားမအယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် မိဘများဖြစ်ကြသော ဦးပန်းအောင်၊ ဒေါ်မယ်ဆင်တို့၌ ဒေါ်အေးမြိုင်နှင့် တရားလိုဦးချစ်ထွေးတို့ မွေးဖွားကြောင်း၊ တရားလိုမိသားစုသည်ယခင်က မြန်အောင်မြို့နယ်၊ ညောင်ဝင်းကျေးရွာ၌နေထိုင်ပြီး ဖခင်ဦးပန်းအောင်သည် လွန်ခဲ့သော နှစ် ၄၀ ကျော်က ညောင်ဝင်းကျေးရွာ၌ ကွယ်လွန်ကြောင်း၊ ဖခင်ကွယ်လွန်သည့်အခါ မိခင်နှင့်အစ်မတို့က ညောင်ဝင်းကျေးရွာရှိ ခြံမြေကိုရောင်းချပြီး မြန်အောင်မြို့၊ ဘုတလင်ရပ်ကွက်၌ ခြံမြေဝယ်ယူကာ ယခင်အိမ်ဟောင်းမှ သယ်ယူလာသောပစ္စည်းများနှင့် သွပ်မိုး၊ ပျဉ်ထောင်နှစ်ထပ်အိမ် ဆောက်လုပ်ပြီး ၁၉၆၈ ခုနှစ်မှ စတင်နေထိုင်ခဲ့ကြောင်း၊ တရားလိုသည် ၁၉၆၁ ခုနှစ်တွင် အိမ်ထောင်ပြုပြီး ရန်ကုန်မြို့တွင် စီးပွားရှာနေထိုင်ခဲ့ကြောင်း၊ အစ်မ ဒေါ်အေးမြိုင်သည် ဦးသန်းညွန့်နှင့် အိမ်ထောင်ကျပြီး မိခင်နှင့်အတူ မြန်အောင်မြို့နေအိမ်၌ နေထိုင်ခဲ့ကြောင်း၊ ၁၉၇၈ ခုနှစ်တွင် ဦးသန်းညွန့်ကွယ်လွန်ပြီးနောက် ဒေါ်အေးမြိုင်သည် ဦးကျော်ငြိမ်းဆိုသူနှင့် ထပ်မံအိမ်ထောင်ပြုပြီး ပေါင်းသင်းနေထိုင်စဉ် ဦးကျော်ငြိမ်းနှင့် ဆွေမျိုးတော်သည့်တရားပြိုင် ကိုတင်စိုးအောင်သည် ကျောင်းတက်ရန် ဦးကျော်ငြိမ်း၊ ဒေါ်အေးမြိုင်တို့နှင့်အတူ လာရောက်နေထိုင်ကြောင်း၊ ဦးကျော်ငြိမ်းကွယ်လွန်သည့်အခါ ဒေါ်အေးမြိုင်က အဖော်မရှိသဖြင့် ကိုတင်စိုးအောင်အား ၄င်းနှင့်ဆက်လက်နေခွင့်ပြုခဲ့ပြီး ၁၉၉၉ ခုနှစ်၊ ဧပြီလအတွင်း၌

မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ကတ္တိမသားအဖြစ် မွေးစားခဲ့ကြောင်း၊ မိခင် ဒေါ်မယ်ဆင်သည် ၂၈-၁-၁၉၈၅ နေ့တွင် ကွယ်လွန်ပြီး မိခင်ကွယ်လွန်သည့်အခါ အမွေပစ္စည်းအိမ်မြေကို တရားလိုနှင့်အစ်မ ဒေါ်အေးမြိုင်တို့ တစ်ဝက်စီအမွေဆက်ခံ ပိုင်ဆိုင်လာသော်လည်း ခွဲဝေယူခြင်းမပြုဘဲ ညီညွတ်စွာ နေထိုင်ခဲ့ကြောင်း၊ အစ်မ ဒေါ်အေးမြိုင်သည် ၁၀-၉-၂၀၀၅ နေ့တွင် ကွယ်လွန်ခဲ့သဖြင့် အမွေဝေစုထက်ဝက်ရရှိရန် ဤအမှုကို စွဲဆိုရခြင်းဖြစ်ကြောင်း၊ အမှုစွဲဆိုထားစဉ်အတွင်း နစ်နာဆုံး ရှုံးမှုများ မပေါ်ပေါက်စေရန် အတွက် အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ချေပလွှာတွင် ဒေါ်အေးမြိုင်နှင့်ဦးချစ်ထွေးအပြင် ဖတူမိကွဲ အစ်ကို ဦးမောင်ရွှေအား အမှု၌ထည့်သွင်းစွဲဆိုထားခြင်းမရှိ၍ အမွေဆိုင်မစုံကြောင်း၊ မြန်အောင်မြို့ရှိနေအိမ်ကို ၁၉၇၀ ခုနှစ်တွင် ဦးသန်းညွန့်မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တရားပြိုင်အား ၁၉၉၀ ခုနှစ်မှစ၍ မြန်အောင်မြို့တွင် ကျောင်းခေါ်ထားခြင်းဖြစ်ကြောင်း၊ ဦးကျော်ငြိမ်းကွယ်လွန်ပြီး ဒေါ်အေးမြိုင်နှင့် တရားပြိုင်တို့အတူတကွ နေထိုင်လုပ်ကိုင်စားသောက်ကြရာမှ ဒေါ်အေးမြိုင်က ကိတ္တိမ သားအဖြစ်မွေးစားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မယ်ဆင်ကွယ်လွန်ပြီး ရက်လည်သည့်နေ့တွင် ဒေါ်အေးမြိုင်နှင့် တရားလိုတို့ အမွေခွဲဝေ ခဲ့ပြီးဖြစ်၍ အချင်းဖြစ်ဥပစာကို တရားပြိုင်တစ်ဦးတည်းသာ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း၊ အမှုတွင်တရားလိုနှင့် ဖတူမိကွဲအစ်ကို ဦးမောင်ရွှေမပါ၍ အမွေဆိုင်မစုံခြင်း၊ အမွေစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးစေလိုမှုကို တစ်မှုတည်း၌ ပူးတွဲ စွဲဆိုထားခြင်းတို့ကြောင့် ဤပုံစံအတိုင်း စွဲဆိုနိုင်မည် မဟုတ်ကြောင်း

ထုချေသည်။

တိုင်းတရားရုံးက အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် ထာဝရတားဝရမ်းရလိုမှုတို့သည် တရားစွဲဆိုရန်အကြောင်းမတူ၊ ကွဲပြားခြားနားကြောင်း၊ တသီးတခြား အကျိုးသက်ရောက်ခွင့် ရှိသော တရားစွဲဆိုရန်အကြောင်းများဖြစ်၍ တစ်မှုတည်းတွင် ပေါင်း၍စွဲဆိုခြင်းမပြုနိုင်သဖြင့် အမှုပုံစံမှားယွင်းကြောင်း၊ အမွေဆိုင် စုံလင်ခြင်းလည်းမရှိကြောင်းသုံးသပ်၍ အမှုပုံစံမှားယွင်းသဖြင့် အမှုကိုပလပ်သည့် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၅၄ မှ ၅၇ ပြဋ္ဌာန်းချက်များတွင် အမွေမှုနှင့် ပူးတွဲမစွဲနိုင်ဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၃ (၁) ပြဋ္ဌာန်းချက်အရ တရား စွဲဆိုရန်အကြောင်းများကို တစ်မှုတည်းတွင် စုပေါင်း စွဲဆိုနိုင်ကြောင်း၊ ထာဝရတားဝရမ်းထုတ်ပေးသင့် မသင့်ကိစ္စမှာ နှစ်ဖက် သက်သေခံ ချက်များရယူပြီးမှ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း၊ ဖခင်ဦးပန်းအောင် မကွယ်လွန်မီကပင် ဖတူမိကွဲဦးမောင်ရွှေကို အပြီးပြတ်အမွေခွဲဝေ ပေးပြီးဖြစ်၍ အမွေဆိုင်မစုံလင်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း၊ အစ်မဖြစ်သူဒေါ်အေးမြိုင်ကွယ်လွန်ပြီးမှ တရားပြိုင်က အမွေပစ္စည်း အပေါ် ငြင်းဆန်လာခြင်းဖြစ်၍ စွဲဆိုမှုသည် ကာလစည်းကမ်း သတ်ကျော်လွန်မှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက အမိန့် ၂ နည်း ၃ နှင့် သက်ဆိုင်စေရန်တူသော ဥပဒေ သို့မဟုတ် အကြောင်းခြင်းရာ ပြဿနာ ရှိရမည်ဖြစ်သည့်အပြင် သက်သာခွင့်ရထိုက်ခွင့်

ပေါ်ပေါက်သော တူသောပြုလုပ်မှုသို့မဟုတ် ဆောင်ရွက်မှုသို့မဟုတ် တူသောဆက်တိုက်ပြုလုပ်မှုများရှိရမည် ဖြစ်ကြောင်း၊ အမိန့် ၂၊ နည်း ၃ ပြဋ္ဌာန်းချက်မှာ မလွဲမသွေ၊ မလိုက်နာဘဲ နေ၍မရသော ပြဋ္ဌာန်းချက်မဟုတ်ကြောင်း၊ ဦးမောင်ရွှေအား ဖခင်မကွယ်လွန်မီကပင် အမွေအပြတ်ခွဲဝေပေးပြီး ဖြစ်သည်ဟု ဆိုသောအချက်နှင့် စပ်လျဉ်း၍ အဆိုလွှာ၌ အဆိုပြုထားခြင်းလည်း မရှိကြောင်း၊ ဦးမောင်ရွှေမှာ ဦးပန်းအောင်၏ အမွေခံတစ်ဦးအဖြစ် ထင်ရှားပေါ်ပေါက်နေသဖြင့် အမွေဆိုင် မစုံလင်သည်မှာလည်း အငြင်းမပွားကြောင်း၊ ထို့ကြောင့် အယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွဲကို စိစစ်လေ့လာရာတွင် တိုင်းတရားရုံးသည် ပဏာမ ငြင်းချက် ၄ ရပ်အပေါ်ဦးစွာ ကြားနာပြီးနောက်ကာလ စည်းကမ်းသတ်နှင့် စပ်လျဉ်းသည့်ပဏာမ ငြင်းချက်အမှတ် ၄ အား ဖြေကြားခြင်းမပြုဘဲ အမှုပုံစံမှားယွင်းသည်ဟုဆိုကာ ပလပ်ခဲ့ခြင်း ဖြစ်သည်။

> အမှုတွင် မူလရုံးတရားပြိုင်ဘက်မှချေလွှာစာပိုဒ်၁၄ (က)၌ " အမှုတွင်တရားလိုနှင့် ဖတူမိကွဲအစ်ကိုဦးမောင်ရွှေမပါဝင်၍ အမွေဆိုင်မစုံလင်သော ဤအမှုမှာ စွဲဆိုပုံလွဲမှားနေပါသည်" ဟုလည်းကောင်း၊ စာပိုဒ် ၁၄ (ခ) တွင် " အမွေပုံပစ္စည်းစီမံခန့်ခွဲ ပေးစေလိုမှုနှင့် အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးစေလိုမှု တစ်မှုတည်းတွင် စွဲဆိုထား၍ ဤအမှုကို ဤပုံစံဖြင့်စွဲဆို၍ မရပါ" ဟု လည်းကောင်း ချေပထားသည်။

ထို့ကြောင့် ဤအယူခံမှုတွင် အမွေဆိုင် မစုံလင်သော

ကြောင့် အမှုပုံစံလွဲမှားမှု ရှိ မရှိ၊ အမွေပစ္စည်းစီမံခန့်ခွဲ ပေးစေလိုမှုနှင့် အမြဲတမ်းတားမြစ်မိန့်ထုတ်ပေးစေလိုမှုကို တစ်မှုတည်းတွင် ပူးတွဲစွဲဆိုထားခြင်းကြောင့် အမှုပုံစံ မှားယွင်းမှုရှိမရှိ၊ စိစစ်ရမည် ဖြစ်သည်။

အဆို၊ အချေနှင့် နှစ်ဖက်ရှေ့နေများ လျှောက်လဲ တင်ပြချက်တို့အရ ဖခင် ဦးပန်းအောင်နှင့် မိခင် ဒေါ်မယ်ဆင်တို့မှ ဒေါ်အေးမြိုင်နှင့် မူလရုံးတရားလို ဦးချစ်ထွေးတို့ကို မွေးဖွားခဲ့ ကြောင်း၊ ဦးပန်းအောင်နှင့် ဒုတိယဇနီး ဒေါ်ညိုစိမ့်တို့မှ ဦးမောင်ရွှေ ကို မွေးဖွားခဲ့ကြောင်း၊ ဒေါ်ညိုစိမ့်သည် ဦးမောင်ရွှေငယ်စဉ်ကပင် ကွယ်လွန်ကြောင်း တွေ့ရှိရသည်။

မူလရုံးတရားလို ဦးချစ်ထွေးနှင့် ဖတူမိကွဲ ဦးမောင်ရွှေ ရှိခဲ့သည့်အချက်ကို အမှု၌ဦးချစ်ထွေးဘက်မှ ငြင်းဆိုတင်ပြခြင်း မရှိချေ။ ဦးမောင်ရွှေအားအမှု၌ ထည့်သွင်းမထားခြင်းမှာ ဖခင် ဦးပန်းအောင်မကွယ်လွန်မီက အမွေခွဲဝေပေးပြီးဖြစ်သည်ဟု အကြောင်းပြသည်။

ကွယ်လွန်သူကျန်ရစ်သည့် အမွေပုံပစ္စည်းကို ရုံးမှစီမံခန့်ခွဲ ပေးရန်စွဲဆိုသည့်အမှုတွင် ကွယ်လွန်သူ၏အမွေစား အမွေခံ အားလုံးကို အမှုသည်များအဖြစ် ထည့်သွင်းစွဲဆိုရန်လိုသည်။ အမွေစား အမွေခံအားလုံး၊ အမှုသည်များအဖြစ်ပါဝင်ခြင်းမရှိလျှင် အမွေပုံပစ္စည်းကို ရုံးမှစီမံအုပ်ထိန်းရန်အတွက် ဒီကရီချမှတ် ပေးနိုင်မည် မဟုတ်ပေ။ **ကျီအိပ်ချ်နာခူးဒါး နှင့် ဒေါ်အိုင်ရှာဘီဘီပါ ၃ အမှု**[၁] တွင်ကြည့်ပါ။

(၁) ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၄

ကွယ်လွန်သူ၏ အမွေစားအမွေခံတို့အား အမွေခွဲဝေပေးပြီး၊ မပြီးဆိုသောအချက်မှာလည်း အမှု၌ တရားပြိုင်များအဖြစ်ထည့်သွင်းပြီး စစ်ဆေး၍သာဆုံးဖြတ် ပေးနိုင်မည်ဖြစ်သည်။ **ဦးကျော်ရှိန်ပါ၂ နှင့် ဒေါ်ပုပါ၃ အမှု**[(၂)] ကိုရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၉ တွင်အမှုသည်များကို မှားယွင်းပူးတွဲခြင်းကြောင့်ဖြစ်စေ၊ ပူးတွဲသင့်သောအမှုသည်များကို မပူးတွဲခြင်းကြောင့်ဖြစ်စေ၊ မည်သည့်တရားမမှုမျှ မရှုံးနိမ့်စေရဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ကွယ်လွန်သူအမွေရှင်၏ အမွေပစ္စည်းများကို ရုံးကစီမံခန့်ခွဲပေးရန် စွဲဆိုမှုတွင်လိုအပ်သည်ဟုထင်မြင်ယူဆသော အမှုသည်များကိုထည့်သွင်းခြင်း မပြုရုံမျှဖြင့်ပလပ်ရန်မသင့်ဟု **မသိန်းတင်ပါ၃ နှင့် ဒေါ်ချောအမှု**[(၃)] တွင်လမ်းညွှန်ထားသည်။

ယင်းကဲ့သို့အမှုမျိုးတွင် တရားရုံးသည်မပါသော အမှုသည်များကိုထည့်ရန်အတွက် တရားလိုအား အဆိုလွှာ ပြင်ဆင်ရန်အခွင့်အလမ်းပေးရမည်။ သို့ရာတွင် တရားလိုက အမှုသည်ထပ်ထည့်ရန်ငြင်းဆန်လျှင်မူ အမှုကိုပလပ်နိုင်သည်။

အယူခံတရားပြိုင်၏ရှေ့နေ ကိုးကားတင်ပြသော **မောင်စောကျော်နိုင်ပါ ၅ နှင့် ဒေါ်စောသိဂီပါ ၄ အမှု**[(၄)]မှာ

---

**(၂) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁**

**(၃) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၅၉**

**(၄) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၅**

၂၀၀၈
ဦးချစ်ထွေး
နှင့်
ဦးတင်စိုးအောင်

အမွေဆိုင်တစ်ဦးအား အမှုတွင်အမှုသည်တစ်ဦးအဖြစ် ထည့်သွင်းမထားသည်ကတစ်ကြောင်း၊ အမွေပစ္စည်းများမှာ အမှုသည်အဖြစ်ပါဝင်ခြင်းမရှိသူ၊ အမွေဆိုင်တစ်ဦး၏ လက်ရှိ ဖြစ်နေသဖြင့် ၄င်းမပါဘဲထိရောက်သောဒီကရီ မချမှတ်နိုင်သည်က တစ်ကြောင်းကြောင့် စွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအမှုဖြစ်ရပ်နှင့် တူညီခြင်းမရှိ၍ **မောင်စောကျော်နိုင် အမှု**[၄] သည် ဤအမှုအတွက် အဖြေမဖြစ်နိုင်သည်မှာ ထင်ရှားသည်။

ဤအမှုတွင် မူလတိုင်းတရားရုံးသည် လိုအပ်သောအမှုသည် ထည့်သွင်းရန်အတွက် တရားလိုအားအဆိုလွှာ ပြင်ဆင်ရန်အခွင့် အလမ်းမပေးဘဲ အမှုကိုပလပ်ခဲ့ခြင်းဖြစ်ရာ ယင်းအချက်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဆက်လက်၍ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်းတားဝရမ်းထုတ်ပေးစေလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထားခြင်းသည် မှန်ကန်မှုရှိ မရှိ၊ စိစစ်ရပေမည်။

တရားစွဲဆိုရန်အကြောင်းများကို ပူးပေါင်းခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> " အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး တရားလိုတစ်ဦးသည် တရားပြိုင်တစ်ဦးတည်းအပေါ်ဖြစ်စေ၊ တရားပြိုင်များအပေါ်ပူးတွဲ၍ဖြစ်စေ၊ တရားစွဲဆိုနိုင်ရန်အကြောင်းများကို တရားမမှုတစ်မှုတည်းတွင် စုပေါင်း၍စွဲဆိုနိုင်သည်။ ထို့ပြင် တရားပြိုင်တစ်ဦးတည်းအပေါ်ဖြစ်စေ၊ တရားပြိုင်များအပေါ် ပူးတွဲ၍ဖြစ်စေ တရားစွဲဆိုနိုင်ရန်အကြောင်းများကို ယင်းတို့

တွင်ပူးတွဲ၍ အကျိုးသက်ဆိုင် ခွင့်ရှိသော တရားလိုတို့သည် တရားမမှုတစ်မှုတည်းတွင်စုပေါင်း၍စွဲဆိုနိုင်သည်။"

အထက်ပါပြဋ္ဌာန်းချက်အရ တရားလိုတစ်ဦးသည် တရားပြိုင် တစ်ဦးတည်းအပေါ် တရားစွဲဆိုနိုင်ရန်အကြောင်းများကို ပူးတွဲစွဲဆို ခွင့်ပြုထားသည်။ ယင်းကဲ့သို့တရားစွဲဆိုနိုင်ရန် တူသောဥပဒေ သို့မဟုတ် အကြောင်းခြင်းရာပြဿနာရှိရမည်။ ထို့ပြင် သက်သာခွင့် ရထိုက်ခွင့်ပေါ်ပေါက်သော တူသောပြုလုပ်မှု သို့မဟုတ် ဆောင်ရွက်မှု သို့မဟုတ် တူသောဆက်တိုက်ပြုလုပ်မှုများ သို့မဟုတ် ဆောင်ရွက်မှု များ ရှိရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း အမိန့် ၂၊ နည်း ၃ (၁) ပြဋ္ဌာန်းချက်မှာ မလွဲမသွေမလိုက်နာဘဲ နေ၍မရသော ပြဋ္ဌာန်းချက် မဟုတ်ပေ။ **ဒေါ်မြ နှင့် ကိုမောင်သန်း အမှု**[၅] တွင်ကြည့်ပါ။

အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် တရားလိုနှင့် တရားပြိုင်တို့သည် အမွေဆိုင်များဟုတ် မဟုတ်၊ ခွဲဝေရန် အမွေ ပစ္စည်းကျန်ခဲ့ခြင်းရှိ မရှိ၊ တရားလိုသည် အမွေဝေစု မည်မျှ ရထိုက်သည်ဆိုသောအချက်များကို စိစစ်ရသည်။

အမြဲတမ်းတားဝရမ်းထုတ်ပေးစေလိုမှုသည် သီးခြား သက်သာခွင့်အက်ဥပဒေအရ စွဲဆိုခြင်းဖြစ်ပြီး တရားပြိုင်သည် ပစ္စည်း၌ တရားလို၏အခွင့်အရေးကိုဖြစ်စေ၊ အကျိုးခံစားခွင့် ကိုဖြစ်စေ၊ ထိပါးလျှင်၊ ထိပါးရန်ခြိမ်းခြောက်လျှင် ထာဝရတားဝရမ်း ခွင့်ပြုနိုင်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေပစ္စည်းကို ရထိုက် ခွင့်ရှိသူတို့အား ရထိုက်ခွင့်ရှိသည့်ဝေစုအတိုင်း စီမံခန့်ခွဲပေးရမည့်

(၅) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၅၄

အမှုနှင့် မိဘများကျန်ရစ်သည့် အမွေပစ္စည်းအပေါ် အမြဲတမ်းတားဝရမ်းထုတ်ပေးရန် စွဲဆိုမှုတို့မှာ ဥပဒေ သို့မဟုတ် အကြောင်းခြင်းရာ ပြဿနာတစ်ရပ်တည်းမှ ပေါ်ပေါက်လာခြင်း မဟုတ်သည့်အပြင် တူသောပြုလုပ်မှု သို့မဟုတ် တူသောဆက်တိုက် ပြုလုပ်မှုတို့မှ ပေါ်ပေါက်လာခြင်းမဟုတ်သည်မှာ အငြင်းပွားဖွယ်ရာ မရှိချေ။

ထို့ကြောင့်အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် အမြဲတမ်း တားဝရမ်းရလိုမှုတို့ကို အမှုတစ်မှုတည်း၌ ပူးတွဲတရားစွဲဆိုထား ခြင်းသည် မှန်ကန်မှုမရှိဟု သဘောရရှိသည်။

သို့ရာတွင် အမှုဖြစ်အကြောင်းအရာနှစ်ခုကို တစ်မှုတည်း၌ ရောထွေးစွဲဆိုထားသည့်အမှုများအား ပယ်ရမည်ဟုတရားမကျင့်ထုံး ဥပဒေအမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိချေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ ပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင်လည်း ထိုသို့အမှုဖြစ်အကြောင်းအရာများပူးတွဲ၍ စွဲဆို ထားသည့်အမှုများတွင် တစ်မှုစီခွဲ၍စွဲဆိုစေရန် သော်လည်းကောင်း၊ သင့်တော်မည်ဟု ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ တရားရုံးကချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ **ဦးချစ်မောင်ပါ ၂ နှင့် ဒေါ်အုန်းသွင်အမှု**[၆] နှင့် **ဦးသောင်း နှင့် မတင်တင်ဦးပါ ၆ အမှု**[၇] တို့တွင်ကြည့်ပါ။

ထို့ကြောင့် ပူးတွဲထားသော တရားစွဲဆိုနိုင်ရန် အကြောင်း များကို စုပေါင်း၍စစ်ဆေးစီရင်ခြင်းမပြုနိုင်သဖြင့် တရားရုံးက

**(၆) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၃၃**

**(၇) ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၁၄**

သီးခြားစစ်ဆေး စီရင်စေရန်အမိန့်ချမှတ်နိုင်သည်။

ဤအမှုတွင် တိုင်းတရားရုံးက အမှုပုံစံမှားယွင်းသည်ဟု ပဏာမငြင်းချက်အားဖြေဆို၍ အမှုကိုပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိချေ။ တိုင်းတရားရုံးသည် တရားစွဲဆိုရန်အကြောင်း နှစ်ရပ်ကို တစ်မှုစီခွဲ၍စွဲဆိုစေရန်နှင့် အမွေပစ္စည်းစီမံခန့်ခွဲပေး စေလိုမှုတွင် အမွေဆိုင်စုံလင်စွာပါရှိရေးအတွက် မပါမဖြစ် ပါဝင်ရမည့်အမှုသည်များထည့်သွင်းနိုင်ရန်၊ အဆိုလွှာကိုလိုအပ်သလို ပြင်ဆင်တင်ပြစေရေးအတွက် ညွှန်ကြားဆောင်ရွက်သင့်သည်။

အထက်ပါအကြောင်းများကြောင့် ဤတရားမအယူခံမှုကို ခွင့်ပြုပြီး တိုင်းတရားရုံး၏ ၂၀-၈-၂၀၀၇ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည်။

တိုင်းတရားရုံးသည် အမှုကို မူလအမှုနံပါတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ မူလရုံးတရားလိုအား အဆိုလွှာကို လိုအပ်သလို ပြင်ဆင် တင်ပြရန်ဦးစွာညွှန်ကြားရမည်။ မူလရုံးတရားလိုက အဆိုလွှာ ပြင်ဆင်တင်ပြလာပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားအမိန့်ချမှတ် လိုက်သည်။

အကယ်၍ မူလရုံးတရားလိုက ရုံးမှညွှန်ကြားသည့်အတိုင်း အဆိုလွှာပြင်ဆင်တင်ပြခြင်းမရှိပါက တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန်ဖြစ်သည်။

ဤအယူခံမှုတွင် အယူခံတရားလို ထမ်းဆောင်ထားသော

ရှုံးခွန်များ ပြန်လည်ထုတ်ယူနိုင်ရန်အတွက် သက်သေခံလက်မှတ်ထုတ်ပေးစေ။

ဤအယူခံမှုအတွက် တရားစရိတ်ခွင့်မပြု။

+ ၂၀၀၈
ဇွန်
၆ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင် တို့၏ရှေ့တွင်**

**ဒေါ်ချိုကျက်သင်း(ခ) ဒေါ်သင်းသင်းနိုင် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း)**
**နှင့်**
**ဒေါ်ခင်ညွန့်ပါ-၆***

**အိမ်ငှားဖြစ်သူ တရားပြိုင်ကို အခန်းတစ်ခန်း ပြန်ပေးရန် တရားပြိုင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီ တို့ ပဋိညာဉ်ပြုလုပ်ထားသဖြင့် တရားရုံးက တရားလိုကို အခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ပေးခြင်းမှာ မှန်ကန်မှုရှိ၊မရှိ။**

**ဆုံးဖြတ်ချက်။** ။ တိုက်ခန်း၌ ဒေါ်ချိုကျက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ နေထိုင်သည်မှာ နှစ်ပေါင်း(၂၀) ကျော်ခြင်း၊ (၈) နှစ်ခန့် အိမ်လခပေးခဲ့သည်ဟု ကောက်ယူနိုင်ခြင်းတို့ကို

---

* ၂၀၀၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃။
\+ ၂၀၀၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၁ တွင် ချမှတ်သော ၃၀-၇-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်ရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကိုအထူးအယူခံမှု။

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ပေါင်းစပ်သုံးသပ်ပါက ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ကို အိမ်ရှင်ဦးကျော်မြင့်၏ အိမ်ငှားအဖြစ်အသိအမှတ်ပြုလျှင် မှားယွင်းမည်မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ခြုံငုံသုံးသပ်ရလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တရားပြိုင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်အား တိုက်သစ်မှ အခန်းတစ်ခန်းပြန်ပေးရန် စီမံခန့်ခွဲရေးလမ်းကြောင်းအရ ပဋိညာဉ်တစ်ရပ် ပြုလုပ်ထားသည်။ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် ဦးကျော်မြင့်၏ အိမ်ငှားဟု ကောက်ယူဖွယ်ရာ သက်သေအထောက်အထားများလည်းရှိသည်။ သို့ဖြစ်ရာ တရားရုံးချုပ်က မြေရှင် ဦးကျော်မြင့်၊ ဒေါ်ခင်ညွန့်တို့၏ ပစ္စည်းနှင့်ပတ်သက်သော အခွင့်အရေးကို ထိခိုက်မည်ဟု အကြောင်းပြပြီး ဒေါ်ခင်ညွန့်တို့ စွဲဆိုသည့်အတိုင်း တိုက်ခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးဝင်းမြင့်၊ |
| | တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - ဦးခင်မောင်ထွန်း၊ |
| | တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂၉၁/၂၀၀၃ တွင် အယူခံတရားပြိုင် ဒေါ်ခင်ညွန့်ပါ ၆ ဦးက အယူခံတရားလို

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်အပေါ် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ လက်ရှိနေထိုင်လျက်ရှိသည့် တိုက်ခန်းမှာ မိမိတို့ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု နှင့် လက်ရောက်ရလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက တိုက်ခန်း ပိုင်ကြောင်းမြွက်ဟကြေညာပေးပြီး လက်ရောက်ရရှိရန်စွဲဆိုမှုကို ပလပ်သည်။ အဆိုပါ ဒီကရီကို ဒေါ်ခင်ညွန့်တို့က မကျေနပ်၍ တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၁/၂၀၀၇ တွင် အယူခံဝင်ရာ ဒေါ်ခင်ညွန့်တို့စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေး သည်။

တရားရုံးချုပ်၏ဒီကရီကို ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် (၎င်း၏ကိုယ်စားလှယ်စာရသူ- ဦးဇော်ဝင်း) က မကျေနပ်၍ ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ (၇) အရ တရားရုံးချုပ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၈၃/၂၀၀၇ တွင် လျှောက်ထားရာ တရားရုံးချုပ်၊ အထူးခုံရုံးက အောက်ပါပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုသည်-

> "တရားပြိုင် လက်ရှိနေထိုင်လျက်ရှိသည့် မူလအဆောက် အအုံကို ဖြိုဖျက်ပြီးနောက် အသစ်ဆောက်လုပ်ရန်ရှိသည့် အဆောက်အအုံ၌ တရားပြိုင်အား အခန်းတစ်ခန်းပြန်လည် ပေးအပ်ရန်အတွက် တရားပြိုင်နှင့် မြို့တော်စည်ပင် သာယာရေးကော်မတီတို့အကြား ပဋိညာဉ်ပြုလုပ်ထားရှိ သည့်အခြေအနေတွင် တရားရုံးချုပ်က တရားလိုများနှင့် တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှားမဟုတ်ဆိုသောအချက် ကို အကြောင်းပြု၍ တရားလိုများသည် အချင်းဖြစ် တိုက်ခန်း ကို လက်ရောက်ရထိုက်ကြောင်း ဒီကရီချထားပေးသည်မှာ

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွှန့်ပါ ၆

တရားမျှတမှုနှင့် မှန်ကန်မှုရှိမရှိ”

မူလရုံးတရားလို ဒေါ်ခင်ညွှန့်တို့၏အဆိုလွှာတွင် ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၂) ရပ်ကွက် ၊ အမှတ်-၁၁၇/၁၁၉ စဥ့်အိုးတန်း ဟုခေါ်သည့်မြေနှင့် ယင်းမြေပေါ်ရှိ (၄) ခန်းတွဲ (၃) ထပ် တိုက်၏ ပိုင်ရှင်များမှာ အမှတ် (၁၊ ၂၊ ၆) တရားလိုများ၏ ဖခင်၊ အမှတ်(၃၊ ၄၊ ၅) တရားလိုများ၏အဘိုး ဦးခူဆွန်အင်း (ခ) ဦးဆန်နီ နှင့် အမှတ် (၁၊ ၂၊ ၆) တရားလိုများ၏ဘကြီး၊ အမှတ် (၃၊ ၄၊ ၅) တရားလိုများ၏ အဘိုးများဖြစ်သော ဦးခူဆွန်ကြောင်း၊ ဦးခူဆွန်ချိန်နှင့် ဦးခူဆွန်သီတို့ဖြစ်ကြကြောင်း၊ ၎င်းတို့သည် ဖခင် ဦးခူကြင်ကြူးထံမှ မှတ်ပုံတင်စာချုပ်များအရ အချင်းဖြစ်မြေနှင့် အဆောက်အအုံများကို အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ အမှတ်-၁၁၇ ၏ မြေရင်းဘက် မြေညီထပ်မှ အပေါ်ဆုံးထပ်ထိ ဥပစာကို မိမိတို့ဖခင်၊ ဘကြီး၊ အဘိုးတို့က ဦးအဝိုင်မိသားစုကို အငှားချထားခဲ့ကြောင်း၊ ဦးအဝိုင် ကွယ်လွန်ရာ သားဖြစ်သူ ဦးရိမိန်နှင့် ဇနီးဒေါ်ကျင်ထွေးကို ဆက်လက် အငှားချထားကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ဦးရိမိန်တို့ ပြောင်းရွှေ့ ထွက်ခွာသွားရာ ယင်းဥပစာကို တရားပြိုင်များမိသားစုက တရားမဲ့ သိမ်းပိုက် ဝင်ရောက်နေထိုင်ခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်တွင် မြို့တော်စည်ပင်ကိုတင်ပြ၍ အချင်းဖြစ်ဥပစာနေရာ၌ အဆောက် အအုံသစ် ဆောက်လုပ်ရန်စီစဉ်ရာ တရားပြိုင်များက ၎င်းတို့ပိုင် ဥပစာဖြစ်ကြောင်းပြုမူခြင်းဖြင့် မိမိတို့ပိုင်ဆိုင်ခွင့်ကို ထိပါး နှောင့်ယှက်ကြောင်း၊ သို့ဖြစ်၍ တရားပြိုင်များ လက်ရှိနေသော တိုက်ခန်းသည် တရားလိုများပိုင်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီနှင့် တိုက်ခန်းလက်ရောက်ရရှိရန် တရားစွဲဆိုရကြောင်း ဖော်ပြအဆိုပြုသည်။

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

မူလရုံးတရားပြိုင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်၏ ချေပလွှာတွင် အချင်းဖြစ်မြေနှင့် မြေပေါ်ရှိအဆောက်အအုံကို တရားလိုများအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် လက်ရှိထားစီမံခန့်ခွဲကြောင်းကိုသက်သေပြရန်လိုကြောင်း၊ အချင်းဖြစ်အခန်းကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက နိုင်ငံခြားပြန်အခန်းဟု သတ်မှတ်ပြီး၊ တရားပြိုင်၏ခင်ပွန်းကို တရားဝင်နေထိုင်ခွင့် ပေးထားကြောင်း၊ ၁၉၉၃ ခုနှစ်တွင် မိမိတို့တရားမဲ့ ဝင်ရောက်နေထိုင်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ခင်ပွန်းကွယ်လွန်ကြောင်း၊ တရားလိုဦးကျော်မြင့်က အချင်းဖြစ်အိမ်ခန်းလခကောက်သဖြင့် တရားပြိုင်ကလစဉ် ပေးချေခဲ့၍ အိမ်ငှားအဖြစ်နေထိုင်လာခဲ့ကြောင်း၊ အချင်းဖြစ်အိမ်မြေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပိုင်ဆိုင်မှုမခိုင်မြဲသော အိမ်မြေအဖြစ်သတ်မှတ်ပြီး၊ ၎င်းတို့၏ စီမံခန့်ခွဲပိုင်ခွင့်အာဏာအရ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အချင်းဖြစ်အခန်းမှ တရားပြိုင်အား ဖယ်ရှားသွားစေခြင်း၊ အဆောက်အအုံသစ် ဆောက်လုပ်ပြီးက အခန်းစားတစ်ခန်း ပြန်ပေးရန် စီစဉ်ခြင်းကိစ္စမှာ ရန်ကုန်မြို့တော်စည်ပင်၏ စီမံခန့်ခွဲမှုအာဏာအရ လုပ်ဆောင်နေခြင်းဖြစ်၍ တရားရုံးမှ စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်မှ အချင်းဖြစ်အန္တရာယ်ရှိသော အဆောက်အအုံမှ ထွက်ခွာဖယ်ရှားခိုင်း၍ တရားပြိုင်သည် နေထိုင်ခြင်းမရှိတော့ကြောင်း၊ တရားလိုများက တိုက်သစ်ဆောက်ပြီးပါက တရားပြိုင်အား အခန်းတစ်ခန်း ပြန်လည်နေရာချထားပေးရမည့်အချက်ကို ကြိုတင်ကာကွယ်ပြီး မမှန်မကန် အမှုဆင်စွဲဆိုခြင်းဖြစ်ကြောင်း၊ တရားလို၏ အမှုကိုပလပ်သင့်ကြောင်း ဖော်ပြထုချေသည်။

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ရန်ကုန်တိုင်းတရားရုံးက တရားလိုစွဲဆိုသော တိုက်ဟောင်းအား ရန်ကုန်မြို့တော်စည်ပင်မှ ဥပဒေနှင့်အညီ ဖြိုချပြီးဖြစ်၍ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ တိုက်ဟောင်း၏ တတိယထပ်တွင် တရားပြိုင် ဒေါ်ချိုက်သင်း(ခ) ဒေါ်သင်းသင်းနိုင်တို့က အိမ်ငှားအဖြစ်နေထိုင်လာခဲ့ကြောင်း၊ တရားလိုဒေါ်ခင်ညွန့်ပါ-၆ ဦးအား တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးပြီး တိုက်ခန်းလက်ရောက်ရရှိရန်စွဲဆိုမှုကို ပလပ်သည်။

တရားရုံးချုပ်က ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် အိမ်ငှားဖြစ်ကြောင်း၊ အိမ်လခပေးကြောင်း ထင်ရှားပေါ်ပေါက်မှုမရှိကြောင်း၊ တရားစွဲဆိုချိန်တွင် အချင်းဖြစ်တိုက်ခန်းမရှိတော့သဖြင့် ဒေါ်ချိုက်သင်းအား လသာမြို့နယ် ပြည်သူ့ကောင်စီမှ နေထိုင်ခွင့်ပြုခဲ့ခြင်းမှာ ကုန်ဆုံးပြတ်စဲသွားကြောင်း၊ အသစ်ပြန်လည်ဆောက်လုပ်မည့်အဆောက်အအုံတွင် ဒေါ်ချိုက်သင်း တို့အား အခန်းတစ်ခန်းအစားပြန်ပေးမည်ဆိုပါက မြေရှင်မူလရုံး တရားလိုဒေါ်ခင်ညွန့်တို့၏ ပစ္စည်းနှင့်ပတ်သက်သော အခွင့်အရေးကို ထိခိုက်မည်ဖြစ်ကြောင်း သုံးသပ်၍ မူလရုံးတရားလို စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးသည်။

အယူခံတရားလို ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်၏ ရှေ့နေက ကန်ထရိုက်တာမြေရှင်ဌာနမှူး (ယာ/အုံ) နှင့် တရားပြိုင်တို့သည် အဆောက်အအုံသစ်ဆောက်လုပ်ပြီးပါက မူလနေထိုင်သောအခန်းနေရာ၌ပင် အခန်းစားတစ်ခန်းပေးရန် ပဋိညာဉ်ပြုထားကြောင်း၊ အယူခံတရားပြိုင် ဦးကျော်မြင့် (မူလရုံးတရားလို)သည် အမွေထိန်းစာရသူဖြစ်သော်လည်း ၎င်းအမည်ပေါက်မြေပုံကို မတင်ပြနိုင်ကြောင်း၊ အချင်းဖြစ်ယခင်

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

တိုက်ခန်းဟောင်းတွင် ၁၉၉၃ ခုနှစ်က ဒေါ်ချိုက်သင်းတို့ ကျူးကျော်ဝင်ရောက်သိမ်းပိုက် နေထိုင်သည် ဆိုသော်လည်း (၁၀) နှစ်ခန့်ကြာမှ ယခုအမှုကို စွဲဆိုခြင်းဖြစ်ကြောင်း၊ မူလရုံး တရားလိုဦးကျော်မြင့်က မြေညီထပ်၊ ပထမထပ်နှင့် အပေါ်ဆုံးထပ် (ဒေါ်ချိုက်သင်းတို့နေသောအထပ်) အတွက် ကျသင့်သောတစ်လ (၁၄၅) ကျပ်ကို လစဉ် ကောက်ယူသည်ဟု ဝန်ခံထွက်ဆိုထားကြောင်း၊ သက်သေခံအမှတ် (၃၀) နှင့် (၃၀-က) အိမ်လခပြေစာတွဲများကို ဦးကျော်မြင့်က ထုတ်ပေးထားခြင်းဖြစ်ကြောင်း၊ အိမ်ရှင်အိမ်ငှား အဖြစ်ခံယူရာ၌ ကိုယ်အမူအရာဖြင့်ပင် အိမ်ရှင်အိမ်ငှားအဖြစ် ရောက်ရှိနိုင်ကြောင်း၊ **၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၄၅** တွင်ညွှန်ပြထားကြောင်း၊ တရားလိုများက အမွေထိန်းစာအရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုသည့်အခန်းမှာ တရားပြိုင်နေသောအခန်းဟောင်း ဖြစ်ကြောင်း၊ တရားလိုသည် အမွေထိန်းစာအရ အဆောက်အအုံသစ်ကို ပိုင်ရှင်အဖြစ် လွှဲပြောင်း ပေးရန် တောင်းဆိုရရှိထားခြင်း မရှိသေးကြောင်း၊ သက်သေခံ (၃၉) ပဋိညာဉ်စာချုပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာက စီမံ ခန့်ခွဲပိုင်ခွင့်အာဏာအရ ပြုလုပ်ထားခြင်းဖြစ်၍ ယင်းပဋိညာဉ်အရ စည်ပင်သာယာဌာနမှူးက ဒေါ်ချိုက်သင်းအား အခန်းတစ်ခန်း ပြန်ပေးရန် တာဝန်ရှိကြောင်း၊ အထူးအယူခံခုံရုံး၏ ပြဿနာအပေါ် မူလရုံးတရားပြိုင်များဘက်သို့ အသာပေးဖြေဆိုကာ တရားရုံးချုပ်၊ တရားမပထမအယူခံမှု ၁၇၁/ ၂၀၀၇ ၏ အမိန့်ကို ပြင်ဆင်ပယ်ဖျက် ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ဒေါ်ခင်ညွန့်တို့၏ရှေ့နေက မူလရုံး တရားလို ဦးကျော်မြင့်သည် အမွေထိန်းစာရရှိသူဖြစ်၍ သူတစိမ်း

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

လက်ဝယ်ရှိ အမွေဆိုင်ပစ္စည်းကို လက်ရောက်ရရန် တရားစွဲဆိုခွင့်ရှိကြောင်း၊ တရားပြိုင်ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် လက်ရှိတိုက်ခန်းကို အပျောက်စနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ မဟုတ်သည့်ပြင် တစ်စုံတစ်ရာ အခွင့်အရေးမရှိဘဲ နေထိုင်သူဖြစ်ကြောင်း၊ ဒေါ်ချိုက်သင်း၏ အခွင့်ရကိုယ်စားလှယ် ဦးဇော်ဝင်း ထွက်ချက်ကို စိစစ်ပါကတွေ့ရှိနိုင်ကြောင်း၊ ၄င်းတို့သည် တရားလို၏ အိမ်ငှား/တစ်ဆင့်ခံအိမ်ငှားအဖြစ် နေထိုင်ခြင်း မဟုတ်ကြောင်း၊ ဆိုင်ရေးဆိုင်ခွင့်အရ ဝယ်ယူနေထိုင်ခြင်း မဟုတ်ကြောင်း၊ တရားပြိုင်ဘက်မှ ထုချေထွက်ဆိုချက်မှာ သက်သေခံ (၅) စာဖြင့် အမှတ်-၁၁၇၊ ဒုတိယထပ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ် (၂) ရပ်ကွက်၊ လသာမြို့နယ်ဟု ခေါ်တွင်သည့်တိုက်ခန်းတွင် မြို့နယ်ကောင်စီမှ နေထိုင်ခွင့်ပြုခဲ့သည်ဆိုခြင်းပင်ဖြစ်ကြောင်း၊ ယခုတရားစွဲဆိုချိန်တွင် ယင်းအဆောက်အအုံမှာ တည်ရှိမှု မရှိတော့သဖြင့် တရားပြိုင် ဒေါ်ချိုက်သင်းအား လသာမြို့နယ်၊ ပြည်သူ့ကောင်စီမှ နေထိုင်ခွင့်ပြုခဲ့ခြင်းသည်လည်း ကုန်ဆုံးရပ်စဲသွားကြောင်း၊ ဤမူသဘောကို **တရားရုံးချုပ်၊ တရားမအထူး အယူခံမှုအမှတ် ၁၇/၂၀၀၅၊ ဦးသန်းလွင်နှင့် ဒေါ်ခင်ညွန့်ပါ ၆** အမှုတွင် လိုက်နာဆုံးဖြတ်ထားကြောင်း၊ အချင်းဖြစ် အဆောက်အုံနှင့် မြေတို့အတွက် ဦးကျော်မြင့်က အမွေထိန်းစာ ရရှိထားပြီးဖြစ်၍ တရားလိုတို့တွင် ပိုင်ရေးပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပိုင်ရှင်အစစ်အမှန်မှာ သက်သေခံ (ဂ) တရားမအထူးအယူခံမှုအမှတ် ၁/၂၀၀၃ ၏ စီရင်ချက်အရ တရားလိုတို့သာဖြစ်ကြောင်း၊ သက်သေခံ (၃၉) ပဋိညာဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် တရားပြိုင်တို့အကြား ပြုလုပ်ထားသော်လည်း၊ ပိုင်ဆိုင်ခွင့်အပေါ်အခြေခံ၍ ပြုလုပ်ခြင်းမဟုတ်ကြောင်း၊ တရားပြိုင်

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

၏လက်ရှိထားပိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြု ချုပ်ဆိုထားခြင်း ဖြစ်ကြောင်း၊ ဦးကျော်မြင့်အပါအဝင် တရားလိုတို့၏ပိုင်ရေးပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်များကို သက်သေခံ (၃၉) ပဋိညာဉ်က လွှမ်းမိုး ချေဖျက်နိုင်ခြင်းမရှိကြောင်း၊ ယင်းပဋိညာဉ်သည် တရားလိုတို့၏ ပစ္စည်းကို ထိခိုက်နစ်နာစေခြင်းဖြစ်ပေါ်သဖြင့် ပဋိညာဉ်ဥပဒေပုဒ်မ ၂၃ အရ တရားဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ **ဒေါ်စပ်ချစ်ဦး (ကွယ်လွန်သူဒေါ်စပ်လိပ်လုံ၏ တရားဝင်ကိုယ်စားလှယ်) ပါ ၉** နှင့် **ဦးစိုင်းရီအမှု**[(၁)] ကို ကိုးကားလိုကြောင်း၊ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီသည် တရားမျှတမှုနှင့်ကန်သဖြင့် ဤအထူး အယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

အမှုကိုစိစစ်ကြည့်ရှုရာတွင် ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၂) ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ်-၁၁၇/၁၁၉ ဟု ခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်တွင် ယခင်ရှိခဲ့သော (၄) ခန်းတွဲ (၃) ထပ်တိုက်ကို ဦးခူကြင်ကြူးက (၃၀-၁-၁၉၁၄) နေ့စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် (သက်သေခံ ဆ) ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့သည်။ ၄င်းကွယ်လွန်ရာ မြေနှင့်တိုက်ကို သားများဖြစ်သော ဦးခူဆွန်သီ၊ ဦးခူဆွန်ကြောင်း၊ ဦးခူဆွန်အင်း နှင့် ဦးခူဆွန်ချိန်တို့က (၅-၁၀-၁၉၃၄) ရက်စွဲပါ မှတ်ပုံတင်စာချုပ် (သက်သေခံ-ဇ)အရ အမွေဆက်ခံပိုင်ဆိုင်သည်။

ဦးခူဆွန်သီတို့ညီအစ်ကိုများသည် ၁၉၇၀ ခုနှစ်မတိုင်မီကပင် ကွယ်လွန်ပြီးနောက်၊ ကျန်ရစ်သူသားသမီးများမှ ဦးကျော်မြင့် (မူလရုံးအမှတ် ၆ တရားလို)က ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တိုင်း၊

---

**(၁) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၀ (စုံညီ)**

၂၀၀၈
ဒေါ်ချိုကြူသင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွှန့်ပါ ၆

အနောက်ပိုင်းခရိုင်တရားရုံး၌ အမွေထိန်းလက်မှတ်စာ လျှောက်ထား ရရှိခဲ့သည်။

ဦးကျော်မြင့် (တရားလိုဒေါ်ခင်ညွှန့်တို့၏ အထွေထွေ ကိုယ်စားလှယ်စာရသူ) က အချင်းဖြစ်ဥပစာတစ်ခြမ်းကို မိမိတို့၏ ဖခင်၊ ဘကြီး၊ အဘိုးများက ဦးအဝိုင်မိသားစုကို အငှားချထား ခဲ့ကြောင်း၊ ဦးအဝိုင်ကွယ်လွန်ရာ သားဦးရိမိန်နှင့် ဇနီးတို့ကို ဆက်လက်ငှားခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ဦးရိမိန်နှင့် ဇနီးတို့နိုင်ငံခြားသို့အပြီးအပိုင်ပြောင်းသွားချိန် တရားပြိုင်မိသားစုက အပေါ်ဆုံးထပ်အခန်းကို တရားမဲ့သိမ်းပိုက်ဝင်ရောက်နေထိုင်ခြင်း ဖြစ်ကြောင်းထွက်ဆိုတင်ပြသည်။

တရားပြိုင် ဒေါ်ချိုကြူသင်း (ခ) ဒေါ်သင်းသင်းနိုင်က တိုက်ခန်းတွင် မိမိ၏ခင်ပွန်း ဦးဌေးဝင်းကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့က တရားဝင်နေထိုင်ခွင့်ပေး၍နေခြင်းဖြစ်ကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ဦးဌေးဝင်းကွယ်လွန်ကြောင်း၊ မိမိတို့သည် ဦးကျော်မြင့်အား လစဉ်အိမ်လခများပေးနေသော အိမ်ငှားများဖြစ်ကြောင်း၊ တရားမဲ့ ဝင်ရောက်နေထိုင်ခြင်းမဟုတ်ကြောင်း ခုခံချေပသည်။ ဒေါ်ချိုကြူသင်း (ခ) ဒေါ်သင်းသင်းနိုင်၏မောင် ဦးဇော်ဝင်းက အထွေထွေ ကိုယ်စားလှယ်စာရသူအဖြစ်ထွက်ဆိုရာ၌ ၁၉၇၈ ခုနှစ်တွင် ဦးဌေးဝင်းအား ရန်ကုန်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က အချင်းဖြစ်အခန်းတွင် နေခွင့်ပြုခဲ့သည်ဟုဆိုသည်။

ဦးဇော်ဝင်းတင်ပြသော ၁၉၈၀ ခုနှစ်က အိမ်ထောင်စုစာရင်း (သက်သေခံ-၂) တွင် ဒေါ်သင်းသင်းနိုင်၏ အမည်ပါရှိသည်။ လသာမြို့နယ်၊ ပြည်သူ့ကောင်စီကရေးသောစာ (သက်သေခံ-၃)

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

တွင်လည်းကောင်း၊ ယင်းအခန်းတွင် နောက်တိုးဝင်ရောက်နေထိုင်ခွင့်ပြုသည့် တိုင်းပြည်သူ့ကောင်စီ၏စာ (သက်သေခံ-၅)၌လည်းကောင်း၊ ဒေါ်သင်းသင်းနိုင်၏ အမည်မပါရှိချေ။ သို့ဖြစ်၍ ဦးဇော်ဝင်းတင်ပြသော စာရွက်စာတမ်းများသည် အချင်းဖြစ်တိုက်ခန်းတွင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်ကို နေထိုင်ခွင့်ပြုသည့်အထောက်အထားမဟုတ်ဘဲ၊ နေထိုင်မှုကို အသိအမှတ်ပြုသည့် သက်သေခံချက်သာဖြစ်သည်။

ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်က ဦးကျော်မြင့်ကို အိမ်လခပေးကြောင်း ပြေစာများ (သက်သေခံ-၁၀ နှင့် ၁၀-က) ကို တင်ပြသော်လည်း ပြေစာများတွင်ဖော်ပြသည့် အိမ်ငှားနေသူအမည်မှာ ဦးအဝိုင်ဖြစ်ပြီး၊ ဒေါ်ချိုက်သင်းသို့မဟုတ် ၎င်း၏ခင်ပွန်းအမည်မဟုတ်ချေ။

အယူခံတရားပြိုင် ဦးကျော်မြင့်၏ရှေ့နေက ဒေါ်ချိုက်သင်းနှင့် တရားလိုတို့ကြား အိမ်ရှင်အိမ်ငှားစာချုပ်မရှိခြင်း၊ အိမ်လခပြေစာများကို ဦးကျော်မြင့်အားပြ၍ ဦးကျော်မြင့်လက်မှတ်ဖြစ်ကြောင်းပြန်လှန်မေးမြန်းမှုမရှိခြင်း၊ ငှားရမ်းခကြီးကြပ်ရေးဝန်ထံ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃ (၁) နှင့် ၂၇ (၁) တို့အရ လျှောက်ထားမှုမရှိခြင်း၊ အချင်းဖြစ်အခန်းသည် နိုင်ငံခြားပြန်အခန်းဖြစ်ကြောင်းအထောက်အထားမပြနိုင်ခြင်းစသော အချက်များသည် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်၏ အခွင့်ရကိုယ်စားလှယ် ဦးဇော်ဝင်း ထွက်ချက်အရ ပေါ်ပေါက်ကြောင်းလျှောက်ထားသည်။

ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်းက အချင်းဖြစ်အခန်းသို့ ၁၉၇၈

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ခုနှစ်ကပင်ရောက်ရှိကြောင်း၊ အိမ်ရှင်ဦးကျော်မြင့် ကျေနပ်လောက်အောင် အိမ်လခပေး၍ နေထိုင်လာခဲ့သည်မှာ အဆောက်အုံဖျက်သည်အထိဖြစ်ကြောင်း၊ ကျသင့်သောအိမ်လခကို ယခင်အိမ်ငှားဦးအဝိုင်အမည်ဖြင့် ဦးကျော်မြင့်က ပြေစာပေး၍ ကောက်ခံခဲ့ကြောင်း ထွက်ဆိုတင်ပြသည်။ အချင်းဖြစ်တိုက် မြေညီထပ်တွင်နေသော ဦးကျန်ဆွေးရန် (ပြိုင်ပြ-၃) က နောက်ဖေးထပ်ခိုးတွင် ဒေါ်ကျင်ထွေး (ဦးအဝိုင်၏ချွေးမ) နှင့် ဦးရိမိန် နေကြောင်း၊ အိမ်လခကို ဒေါ်ကျင်ထွေးအားပေးကြောင်း၊ အပေါ်ထပ်နေ ကိုသန်းလွင်နှင့် အပေါ်ဆုံးထပ်နေ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့က လည်း အိမ်လခပေးကြောင်း၊ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် ကို ထောက်ခံထွက်ဆိုသည်။

အချင်းဖြစ်တိုက် မြေညီထပ်ရှေ့ပိုင်းတွင်နေထိုင်သော ဒေါ်မြင့် (ပြိုင်ပြ-၆) က မိမိမှအပ တိုက်နောက်ခန်းတွင်နေသော ဦးကျန်ဆွေးရန်မိသားစု၊ ပထမထပ်တွင်နေသော ဦးသန်းလွင် မိသားစုနှင့် အပေါ်ထပ်တွင်နေသော ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ မိသားစုတို့က ဦးကျော်မြင့်အား (၁) ခန်းလျှင် (၆၀) ကျပ်စီပေး၍ ဦးကျော်မြင့်ကယူသည်ကို မိမိတွေ့ကြောင်း၊ မူလအိမ်ငှားအမည်မှာ ဦးအဝိုင်ဖြစ်ကြောင်း၊ အိမ်လခပေးသူများက ၄င်းတို့အမည်ဖြင့် အိမ်လခပြေစာများပေးရန်ပြောသော်လည်း ဦးကျော်မြင့်က အမည်ပြောင်းပေးမည်မဟုတ်ကြောင်း၊ ဦးအဝိုင် အမည်ဖြင့် ရပါတယ်ဟု ပြောပြီးအိမ်လခကောက်ကြောင်း၊ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်ကို ထောက်ခံထွက်ဆိုထား သည်။ ဒေါ်မြင့် ထွက်ဆိုချက်များမမှန်ကြောင်း ဦးကျော်မြင့် ဘက်မှ ပြန်လည်မေးမြန်းသော်လည်း ပျက်ပြယ်မှုမရှိချေ။ဦးကျော်မြင့်

၏ထွက်ဆိုချက်တွင် -

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

“ မြေညီထပ်၊ အပေါ်ဆုံးထပ်၊ ပထမထပ်နှင့်အချင်းဖြစ် အပေါ်ဆုံးထပ်ပေါင်းပြီး တစ်လအိမ်လခ ၁၄၅/- ကောက်ခံပါသည်။ အိမ်ငှားအမည်ကို ဦးအဝိုင်အမည်ဖြင့် ဖော်ပြပြီး အိမ်ရှင်အမည်ကို ကျွန်တော်ဦးကျော်မြင့်အမည်ဖြင့်ထားပါသည်။ ဦးရိမိန်ရှိစဉ်က လခများကို ၎င်းထံမှလည်းကောင်း၊ နောက်ပိုင်းဒေါ်ကျင်ထွေးထံမှလည်းကောင်း လခတောင်းပြီး အိမ်လခပြေစာများကို ဒေါ်ကျင်ထွေးအားပေးပါသည်။

၁၉၉၃ ခုနှစ်နောက် ဒေါ်ကျင်ထွေး နိုင်ငံခြားသို့ပြန်သွား သည်ဆိုသောနောက်ပိုင်းတွင် လခပြေစာဖြတ်ပိုင်းများကို မည်သူ့အား ကျွန်တော်ပေးသလဲဆိုက ပထမထပ်နေ ဦးသန်းလွင် အားပေးပါသည်။ ဒေါ်ကျင်ထွေးကိုယ်စား ဦးသန်းလွင်က တောင်းသဖြင့် ဦးသန်းလွင်အား အိမ်လခပြေစာများကို ဦးအဝိုင်အမည်ဖြင့်ပေးခဲ့ပါသည်။ ထိုသို့ ကျွန်တော်အိမ်လခပြေစာပေးလာခဲ့သည်မှာဤအမှုဖြစ်သည်အထိဆိုလျှင် အန္တရာယ်ရှိ အဆောက်အအုံအဖြစ် သတ်မှတ်သည့်၂၀၀၁ ခုနှစ်အထိတော့ ကျွန်တော်အိမ်လခပြေစာများပေးပြီး ဦးသန်းလွင်ထံမှ လခကောက်ပါသည်။ ယင်းနောက်မကောက်တော့ပါ။ ဤသို့လစာ ပြေစာပေးပြီး လခကောက်သည်ဆိုခြင်းမှာ မြေညီထပ်၊ ပထမထပ်၊ အပေါ်ဆုံးထပ် (၃) ခန်းလုံးအတွက် ကျသင့်သော တစ်လ ၁၄၅/- ကို ကျွန်တော်လစဉ်ကောက်ယူခြင်းဖြစ်ပါသည်။

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

အဆိုပါ ၁၄၅/- ကို မြေညီထပ်၊ ပထမထပ်နှင့် အချင်းဖြစ် အပေါ်ဆုံးထပ်အခန်းနေသူများက စုပြီးပေးကြခြင်းဖြစ်ပါသည်ဆိုလျှင် မဟုတ်ပါ။ (၃) ခန်းလုံးအတွက် ၁၄၅/- ပေးခြင်းဖြစ်ပါသည်။"

ဟူ၍ ပါရှိသည်။

အထက်ပါ ဦးကျော်မြင့်ထွက်ချက်မှာ အိမ်လခရခြင်းကို ဝန်ခံပြီး ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်ကို အိမ်ငှားအဖြစ် အသိအမှတ်မပြုကြောင်း၊ ၄င်းထံမှ အိမ်လခလည်းမယူကြောင်း ဆိုလိုခြင်းဖြစ်သည်ဟုယူဆသည်။ သို့သော်လည်း ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် ၁၉၈၀ ခုနှစ်ထက်နောက်မကျဘဲ အချင်းဖြစ်တိုက်အပေါ်ဆုံးတိုက်ခန်းတွင် နေထိုင်လာခဲ့ကြောင်း ပေါ်လွင်သည်။ အချင်းဖြစ်တိုက်ခန်းတွင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့မိသားစုက တရားမဲ့ဝင်ရောက်နေထိုင်သည် ဟု စွပ်စွဲချက်မှာလည်း ဦးကျော်မြင့်အပြောသာရှိသည်။ ယခုအမှု မဖြစ်မီ (၁၀) နှစ်ခန့်အတွင်း ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့အား ဖယ်ရှားထွက်ခွာပေးရန် တစ်စုံတစ်ရာအရေးဆို ဆောင်ရွက်မှု မပြုခဲ့ချေ။ တိုက်ခန်းများတွင်နေသူများထံမှ ဦးကျော်မြင့် အိမ်လခကောက်သည်မှာ ၁၉၉၃ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ (၈) နှစ်မျှ ကြာခဲ့သဖြင့် ၎င်းကာလအတွင်းအခြားအိမ်ငှား များထံမှ အိမ်လခယူပြီး ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် ထံမှ အိမ်လခမယူဟုဆိုလျှင် ယုတ္တိမရှိသောကြောင့် လက်ခံရန် မထိုက်ချေ။

အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုရှိ မရှိနှင့်စပ်လျဉ်းသော

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

စီရင်ထုံးကို ဤသို့တွေ့ရှိရသည်။

**ဗြိတိသျှနှင့် နိုင်ငံခြားသမာကျမ်းစာအသင်း နှင့် ဦးတင်မောင်အမှု**[၂] တွင် ကိုယ်အမူအရာနှင့်ပင် အိမ်ရှင် အိမ်ငှားအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ နောက်ပိုင်းတွင် အယူခံတရားလိုအား မည်သည့်တရား ဥပဒေမျှ ချုပ်ချယ်ခြင်းမရှိဘဲလျက် အချင်းဖြစ် အိမ်ခန်းကို ပြန်လည် ရရှိရန် မဆောင်ရွက်သည်သာမက (၁၉၆၁ ခုနှစ်ရောက်မှ အိမ်ခန်းရရန် စွဲဆိုသည်)၊ အယူခံတရားခံထံ တောင်းသည့် အိမ်လခ ဘီ (လ်) များပင် ပို့သည်ကိုလည်းကောင်း၊ ယင်းသို့တောင်းခံသည့် အိမ်လခကို အယူခံတရားခံ ပေးဆောင်သောအခါရရှိကြောင်း ပြေစာ များပေးခဲ့သည်ကိုလည်းကောင်း၊ ထောက်၍ အယူခံတရားခံအား အိမ်ငှားအဖြစ် လက်ခံသည်ဟု ဆုံးဖြတ်သည်မှာအခြေအမြစ်မရှိ၊ ယုတ္တိမတန်ဟု ဆိုရန်ခဲယဉ်းကြောင်း၊ အဆိုပါအဆောက်အအုံတွင် အခြားအိမ်ငှားများလည်းရှိသဖြင့် အယူခံတရားခံအား အိမ်ငှားတစ်ဦး အဖြစ် လက်ခံခဲ့သည်ဟု ယူဆရန်အကြောင်း ထပ်လောင်းပေါ်လွင် ခဲ့ကြောင်း သုံးသပ်ဆုံးဖြတ်ထားသည်။

အထက်ပါစီရင်ထုံးလမ်းညွှန်ချက်နှင့် တိုက်ခန်း၌ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် တို့နေထိုင်သည်မှာ နှစ်ပေါင်း (၂၀) ကျော်ခြင်း၊ (၈) နှစ်ခန့်အိမ်လခပေးခဲ့သည်ဟု ကောက်ယူ နိုင်ခြင်းတို့ကို ပေါင်းစပ်သုံးသပ်ပါက ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်တို့ကို အိမ်ရှင် ဦးကျော်မြင့်၏အိမ်ငှားအဖြစ် အသိအမှတ်ပြုလျှင် မှားယွင်းမည်မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

---

**၂။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၄၄၅**

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ထို့ပြင် အချင်းဖြစ်တိုက်ကို အန္တရာယ်ရှိသည့်တိုက်အဖြစ် ရန်ကုန်မြို့တော်စည်ပင်က ၂၀၀၁ ခုနှစ်တွင် သတ်မှတ်ပြီး၊ ကန်ထရိုက်ဖြင့်တိုက်သစ်ဆောက်ရန်ဆောင်ရွက်ခဲ့သည်။ (၁-၇-၂၀၀၄) ရက်စွဲပါကန်ထရိုက်တာ၊ အိမ်ရှင်နှင့် နေထိုင်သူတို့၏ အခန်းပေးအခန်းယူ၊ ငွေပေးငွေယူသဘောတူပဋိညာဉ်စာချုပ် (သက်သေခံ-၃၉) တွင် တိုက်ဆောက်ပြီးသောအခါ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်ကို တိုက်ခန်းတစ်ခန်းပေးရန် ဖော်ပြထားပြီး၊ ကန်ထရိုက်တာ၊ ဌာနမှူးနှင့် ဒေါ်သင်းသင်းနိုင်တို့ လက်မှတ်ထိုးထား သည်။

အထက်ဖော်ပြပါ ပဋိညာဉ်စာချုပ်တွင် အဆောက်အအုံ အသစ်၏ယာယီပိုင်ရှင်ဖြစ်သော မြို့တော်စည်ပင်ဌာနမှူး (ယာ/အုံ) က လက်မှတ်ရေးထိုးကြောင်း၊ ဌာနမှူးတွင် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ မြို့တော်စည်ပင်မှ ဌာနစုမှူး (အင်ဂျင်နီယာ) ဒေါ်နုထွေးထွေးအောင် (ပြိုင်ပြ-၄) က ထွက်ဆိုတင်ပြသည်။

အယူခံတရားပြိုင် ဦးကျော်မြင့်တို့၏ရှေ့နေက မြို့တော် စည်ပင်ကချုပ်ပေးသော ပဋိညာဉ်သည်တရားဥပဒေနှင့် မညီကြောင်း **ဒေါ်စပ်ချစ်ဦးအမှု**[၁]ကို ကိုးကားတင်ပြသည်။ ယင်းအမှုတွင် အရောင်းအဝယ်စာချုပ်ချုပ်ရာ၌ အမြတ်ခွန်သက်သာစေရန် တန်ဖိုးလျှော့ပြသဖြင့် ဥပဒေနှင့်မညီကြောင်း ဆုံးဖြတ်ခြင်းဖြစ်သည်။ ယခုအမှု၏ပဋိညာဉ်မှာ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ မြို့တော်စည်ပင်က တိုက်ခန်းပေးမည့် ပဋိညာဉ်ဖြစ်၍ ဥပဒေနှင့်ညီညွတ်ပေသည်။

သို့ဖြစ်ရာ ဦးကျော်မြင့် (မူလရုံးတရားလို) အား တိုက်ခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ပေးလျှင်

၂၀၀၈
ဒေါ်ချိုက်သင်း(ခ) ဒေါ်သင်းသင်းနိုင် (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာ ရသူဦးဇော်ဝင်း) နှင့် ဒေါ်ခင်ညွန့်ပါ ၆

ရန်ကုန်မြို့တော်စည်ပင်က ပဋိညာဉ်စာချုပ်ချုပ်၍ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်အား တိုက်ခန်းပေးထားခြင်းနှင့် ဝိရောဓိ ဖြစ်သွားမည်ဖြစ်သည်။ တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေး ကဏ္ဍတို့ ညီညွတ်မျှတစွာပေါင်းစပ်ဆောင်ရွက်ရန် လိုကြောင်း၊ **ဦးစံဝင်းထိန် / ဦးစံဝင်းထိန် နှင့် ဦးကံစိန် / ဦးတင်လှိုင်ထွန်းပါ ၂ အမှု**[၃] တွင် ထုံးဖွဲ့လမ်းညွှန် ချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။

အယူခံတရားပြိုင် ဦးကျော်မြင့်၏ရှေ့နေက တရားရုံးချုပ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၀၅ (ဦးသန်းလွင်နှင့် ဒေါ်ခင်ညွန့် ပါ-၆) ကို ကိုးကား၍ တိုက်ခန်းလက်ရောက် ရသင့် ကြောင်း တင်ပြသည်။ ဦးသန်းလွင်အမှုတွင် ဦးသန်းလွင်သည် ဦးကျော်မြင့်၏ အိမ်ငှားမဟုတ်ကြောင်း၊ လသာမြို့နယ်ပြည်သူ့ ကောင်စီမှ ဦးသန်းလွင်အား တိုက်ဟောင်းတွင် နေခွင့်ပြုခဲ့ခြင်း မှာလည်း ကုန်ဆုံးရပ်စဲသွားကြောင်း၊ ၎င်းသည်အိမ်ရှင်မရှိဟု ကြေညာပြီး အဆောက်အအုံကို လွှဲပြောင်းရောင်းချရန်အထိ ဆောင်ရွက်ခဲ့သည့် ထွက်ချက်များရှိကြောင်းသုံးသပ်၍ ဦးကျော်မြင့် တို့ကို အနိုင်ပေးခြင်းဖြစ်သည်။ ယခုအမှုတွင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်သည် ဦးကျော်မြင့်၏ အိမ်ငှားဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိပြီး ၎င်းအားမြို့တော် စည်ပင်က တိုက်သစ်တွင် အခန်းပေးသည့် ပဋိညာဉ်သည် အတည်ဖြစ်လျက်ရှိသောကြောင့် အမှုနှစ်မှု၏ဖြစ်စဉ်မှာ မတူချေ။ ဤအမှုတွင် ပေါ်ပေါက်ချက်အတိုင်း လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ရှိပေသည်။

ခြုံငုံသုံးသပ်ရလျှင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး

---

**၃။ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁၃ (စုံညီ)**

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွန့်ပါ ၆

ကော်မတီက တရားပြိုင် ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင်အား တိုက်သစ်မှ အခန်းတစ်ခန်းပြန်ပေးရန် စီမံခန့်ခွဲရေး လမ်းကြောင်းအရ ပဋိညာဉ်တစ်ရပ်ပြုလုပ်ထားသည်။ ဒေါ်ချိုက်သင်း (ခ) ဒေါ်သင်းသင်းနိုင် သည် ဦးကျော်မြင့်တို့၏ အိမ်ငှားဟု ကောက်ယူဖွယ်ရာ သက်သေအထောက်အထားများလည်းရှိသည်။ သို့ဖြစ်ရာ တရားရုံးချုပ်က မြေရှင်ဦးကျော်မြင့်၊ ဒေါ်ခင်ညွန့်တို့၏ ပစ္စည်းနှင့် ပတ်သက်သော အခွင့်အရေးကို ထိခိုက်မည်ဟု အကြောင်းပြပြီး ဒေါ်ခင်ညွန့်တို့စွဲဆိုသည့်အတိုင်း တိုက်ခန်းလက်ရောက်ရထိုက်ကြောင်း ဒီကရီချမှတ်ခြင်းမှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့်ဤအထူးအယူခံခုံရုံး၏ ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

" တရားပြိုင်လက်ရှိနေထိုင်လျက်ရှိသည့် မူလအဆောက်အအုံကို ဖြိုဖျက်ပြီးနောက်အသစ် ဆောက်လုပ်ရန် ရှိသည့် အဆောက်အအုံ၌ တရားပြိုင်အား အခန်းတစ်ခန်းပြန်လည် ပေးအပ်ရန်အတွက် တရားပြိုင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီတို့အကြား ပဋိညာဉ်ပြုလုပ်ထားရှိသည့် အခြေအနေတွင် တရားရုံးချုပ်က တရားလိုများနှင့် တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှား မဟုတ်ဆိုသောအချက်ကို အကြောင်းပြု၍တရားလိုများသည်အချင်းဖြစ်တိုက်ခန်းကို လက်ရောက်ရထိုက်ကြောင်း ဒီကရီချထားပေးသည်မှာ တရားမျှတမှုနှင့် မှန်ကန်မှု မရှိကြောင်း၊"

၎င်းနောက် ဤအထူးအယူခံမှုကိုခွင့်ပြု၍ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ကာ ရန်ကုန်တိုင်းတရားရုံး၏

စီရင်ချက်နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခ ၃၀၀ဝိ/- ကျပ် သတ်မှတ်သည်။

၂၀၀၈
ဒေါ်ချိုက်သင်း(ခ)
ဒေါ်သင်းသင်းနိုင်
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာ
ရသူဦးဇော်ဝင်း)
နှင့်
ဒေါ်ခင်ညွှန့်ပါ ၆

+ ၂၀၀၈
ပြေ
၃၀ ရက်

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးစန်းတင့်ရီ၏ရှေ့တွင်

ဦးစန်းအောင်
နှင့်
ဦးဇော်မင်းပါ ၂ *

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့တွင် ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ပြီး အမှုတစ်မှုတည်းတွင် တရားစွဲဆိုနိုင်ရန် အကြောင်းများကို မှားယွင်းပူးတွဲ တရားစွဲဆိုထားခဲ့မည်ဆိုပါက ဆောင်ရွက်ရန်နည်းလမ်း။**

**ဆုံးဖြတ်ချက်**။ တရားစွဲဆိုနိုင်ရန်အကြောင်းများနှင့် စပ်လျဉ်း၍ အမှုတစ်မှုတည်းတွင် ပူးတွဲသည့်ကိစ္စအား တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့တွင် ပြဋ္ဌာန်းထားရှိရာ ယင်းပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီး အမှုတစ်မှုတည်းတွင် တရားစွဲဆိုနိုင်ရန်အကြောင်းများကို မှားယွင်းပူးတွဲ တရားစွဲဆို ထားခဲ့မည်ဆိုပါက ဆောင်ရွက်ရန်နည်းလမ်းအမှန်မှာ တရားရုံးသည် အမှုကိုပလပ်ခြင်းမပြုရဘဲ တရားလို၏ အဆိုလွှာကို ပြင်ဆင်စေရန်နှင့်

---

* ၂၀၀၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၆။

\+ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၀၆ တွင် ချမှတ်သော ၁၄-၁-၂၀၀၈ ရက်စွဲပါ မန္တလေးတိုင်းတရားရုံး ၏ အမိန့်ကို ပြင်ဆင်မှု။

သက်ဆိုင်သည့်တရားပြိုင်အပေါ် အမှုကိုဆက်လက် ဆောင်ရွက်စေရန် တရားလိုအား အခွင့်အရေးပေးရန်သာ ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ တရားမမှုတစ်မှုတည်းတွင် ပူးတွဲထားသော တရားစွဲဆိုနိုင်ရန် အကြောင်းများကို အဆင်ပြေပြေ စစ်ဆေးစီရင်ခြင်း သို့မဟုတ် တစ်ပေါင်းတည်းအဆုံးအဖြတ်ပေးခြင်း မပြုနိုင်ဟု ထင်မြင်လျှင် တရားရုံးသည် သီးခြားစစ်ဆေးစီရင်ရန် အမိန့်ကိုဖြစ်စေ၊ အခြားသင့်လျော်သည့် အမိန့်ကိုဖြစ်စေ ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၂၊ နည်း ၆ တွင် ပြဋ္ဌာန်းထားရှိရာ တရားစွဲဆိုနိုင်ရန်အကြောင်းများကို အမှုတစ်မှုတည်းတွင် ရောထွေး၍ စွဲဆိုထားခဲ့မည်ဆိုပါက အဆိုလွှာအားပယ်ရမည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် တရားမကျင့်ထုံးဥပဒေ အမိန့် ၂ နည်း ၆ အရ ဆောင်ရွက်ရန်ဖြစ်သည်ကို သတိချပ်သင့်သည်။

| | |
|---|---|
| လျှောက်ထားသူအတွက် | - ဒေါ်ကြူကြူနွယ်<br>တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)အတွက် | - ဦးမျိုးအောင်<br>တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူ(၂)အတွက် | - ဦးတင်ညွန့်<br>တရားရုံးချုပ်ရှေ့နေ |

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၀၆ တွင် တရားလို ဦးဇော်မင်းက (၁) တရားပြိုင် ဒေါ်လှလှညွန့် (၂) တရားပြိုင် ဦးစန်းအောင်တို့အပေါ် " မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ညောင်ဦးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏

(၃-၇-၂၀၀၆) ရက်စွဲပါ မှတ်ပုံတင်အပေးစာချုပ်အမှတ် ၂၆/၂၀၀၆ ကို ပယ်ဖျက်ပေးပါရန်နှင့် ကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးပါရန်နှင့် လက်ရောက်ရလိုမှု"စွဲဆိုသည်။ တိုင်းတရားရုံးက အဆိုလွှာနှင့် ချေလွှာတို့အရ ရုံးငြင်းချက် (၅) ရပ် ထုတ်နုတ်ခဲ့ပြီးနောက် အမှတ် (၁) ငြင်းချက်ဖြစ်သော မှတ်ပုံတင် အပေးစာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ကတိအတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်နှင့် လက်ရောက်ရလိုမှုတို့မှာ အမှုဖြစ်စဉ် အကြောင်းခြင်းရာတူညီခြင်းမရှိသည့်အတွက် ပူးတွဲ တရားစွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလားဆိုသည့် ငြင်းချက်ကို ပဏာမငြင်းချက်အဖြစ်သတ်မှတ်၍ ပထမဦးစွာ ကြားနာစေခဲ့သည်။ ထို့နောက် တိုင်းတရားရုံးက မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ပေး ရန်နှင့် ကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေး ရန်နှင့် လက်ရောက်ရလိုမှုတို့မှာ အမှုဖြစ်စဉ်အကြောင်းခြင်းရာ တူညီခြင်းမရှိသည့်အတွက် ပူးတွဲတရားစွဲဆိုခွင့်မရှိဆိုသည်မှာ မမှန်ကြောင်း ဖြေကြားဆုံးဖြတ်လျက် ကျန်အကြောင်းခြင်းရာဆိုင်ရာ ငြင်းချက်များကို ဖြေကြားဆုံးဖြတ်နိုင်ရန်အတွက် သက်သေခံ ချက်ရယူရန်အမှုအား ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် အမိန့်ကို မူလရုံးအမှတ် (၂) တရားပြိုင် ဦးစန်းအောင်က ကျေနပ်မှုမရှိ၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤတရားမပြင်ဆင်မှုကို တင်သွင်း လာခြင်းဖြစ်သည်။

တိုင်းတရားရုံးက မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက် ပေးရန် တောင်းဆိုခြင်းသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရ စွဲဆိုခြင်းဖြစ်ပြီး ကတိအတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုမှာ တရားလိုနှင့် (၁)

တရားပြိုင်တို့အကြားထားရှိသည့် ပဋိညာဉ်အပေါ် အခြေခံ၍ စွဲဆိုခြင်း ဖြစ်သကဲ့သို့ လက်ရောက်ရလိုမှုမှာ ပစ္စည်းလွှဲပြောင်းမှုအပေါ်အခြေခံ၍ စွဲဆိုခြင်းဖြစ်ရာ ယင်းအမှုများတွင် ပေါ်ပေါက်သော တရားစွဲဆိုရန်အကြောင်းများသည် တူညီမှု မရှိကြောင်း၊ သို့ရာတွင် ယင်းသက်သာခွင့် (၃) ခုစလုံးနှင့် သက်ဆိုင်သည့်ပစ္စည်းမှာ ညောင်ဦးမြို့၊ ပုဂံမြို့သစ်၊ ကျန်စစ်သား ရပ်ကွက်၊ အမှတ် (၃) ရွှေလောင်းအရှေ့ရှိ အခန်း (၂၀) ပါ ယွန်းမြို့သူမိုတယ်နှင့် မိုတယ်တည်ရှိရာမြေဖြစ်သည်မှာ အငြင်းမပွား ပေါ်လွင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၂ တွင် တရားစွဲဆိုနိုင်ရန် အကြောင်းတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ တောင်းဆိုခွင့်ရှိသော သက်သာခွင့်အရပ်ရပ်ကို တစ်မှုတည်းတွင် အလုံးစုံတောင်းဆိုရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်ရာ အချင်းဖြစ်မိုတယ်နှင့် မိုတယ်တည်ရှိရာမြေကို ကတိအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပြီး လက်ရောက်ရလိုမှု စွဲဆိုခြင်းနှင့် ပေးကမ်းခြင်းစာချုပ်ကို ပယ်ဖျက်ပေးရန် စွဲဆိုသော အမှုများတွင် အမှုဖြစ်အကြောင်းခြင်းရာချင်း မတူညီသော်လည်း အချင်းဖြစ်ပစ္စည်းတူညီခြင်းနှင့် သက်သာခွင့်တစ်ခုနှင့်တစ်ခုတို့မှာ ဆက်စပ်ပေါ်ပေါက်လာသော ကိစ္စရပ်များဖြစ်ခြင်းကြောင့် တစ်မှု တည်းတွင်စစ်ဆေးခြင်းဖြင့် အမှုပွားများခြင်းကို ပိတ်ပင်ရာရောက် သည့်အပြင် အမိန့် ၂၊ နည်း ၆ အရ တရားစွဲဆိုရန်အကြောင်းများကို စစ်ဆေးပြီး တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးနိုင်ခြင်းတို့ကြောင့် တစ်မှုတည်းတွင် ပူးတွဲတရားစွဲဆိုခွင့်ရှိသည်ဟု သဘောရရှိကြောင်း၊ ထို့ကြောင့် မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး

လက်ရောက်ရလိုမှုမှာ အမှုဖြစ်စဉ်အကြောင်းအရာတူညီခြင်း မရှိသော်လည်း ပူးတွဲတရားစွဲဆိုခွင့်မရှိဆိုသည်မှာ မမှန်ကြောင်း ဖြေကြားဆုံးဖြတ်ကာ ကျန်အကြောင်းခြင်းရာဆိုင်ရာ ငြင်းချက်များ အတွက် သက်သေခံချက်များရယူနိုင်ရန် အမှုအား ဆက်လက် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက (၁၂-၁-၂၀၀၆) ရက်စွဲပါအရောင်းအဝယ်ကတိစာချုပ်အရ ရောင်းသူမှာ ဒေါ်လှလှညွန့်ဖြစ်ပြီး ဝယ်သူမှာဦးဇော်မင်းဖြစ်၍ အရောင်းအဝယ် ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လက်ရောက် ရလိုမှုအတွက်တရားစွဲဆိုမည်ဆိုပါက ရောင်းသူနှင့် ဝယ်သူတို့သာ တရားစွဲဆိုရမည်ဖြစ်ရာ အရောင်းအဝယ်ကတိစာချုပ်တွင် ပါဝင်ခြင်း မရှိသူ ဦးစန်းအောင်ကို အမှုသည်အဖြစ် ထည့်သွင်းတရားစွဲရန် အကြောင်းမရှိဘဲ ပူးတွဲတရားစွဲဆိုထားသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ (၃-၇-၂၀၀၆) ရက်စွဲပါ မှတ်ပုံတင်အပေးစာချုပ်အမှတ် ၂၆/၂၀၀၆ သည် အချင်းဖြစ်ပစ္စည်းကို အမှန်ပိုင်ဆိုင်သူ ဒေါ်လှလှညွန့်က ဦးစန်းအောင်သို့ တရားဝင်ချုပ်ဆိုပေးကမ်းထား သော စာချုပ်တစ်ရပ်ဖြစ်၍ ဦးဇော်မင်းအနေဖြင့် အဆိုပါ အပေးစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှု တရားစွဲဆိုပိုင်ခွင့်လည်း ရှိမည်မဟုတ်ကြောင်း၊ (၁၂-၁-၂၀၀၆) နေ့စွဲပါစာချုပ်အရ တရားစွဲ ဆိုရန်အကြောင်း ပေါ်ပေါက်သည့်နေ့ရက်မှာ (၁၂-၇-၂၀၀၆) ရက်နေ့ဖြစ်ပြီး (၃-၇-၂၀၀၆) ရက်စွဲပါ စာချုပ်အရ ယင်းစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုအတွက် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက် သည့်နေ့ရက်မှာ (၃-၇-၂၀၀၆) ရက်နေ့ဖြစ်သဖြင့် တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်လာသည့်နေ့ရက်များလည်း တူညီမှုမရှိသည်

ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့သည် ပဋိညာဉ်ဥပဒေ၊ ပစ္စည်းလွှဲပြောင်းရေးဥပဒေတို့အရ ဆုံးဖြတ်ရမည့်ပြဿနာဖြစ်ပြီး မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုသည် သီးခြားသက်သာခွင့်ဥပဒေအရ ဆုံးဖြတ်ရမည့်ပြဿနာဖြစ်ကြောင်း၊ ထိုကဲ့သို့အမှုသည်မတူ၊ အမှုဖြစ်အကြောင်းခြင်းရာမတူ၊ တရားစွဲဆိုရန် နေ့ရက်မတူ၊ ဆုံးဖြတ်ရမည့်ဥပဒေပြဿနာမတူသောကိစ္စရပ်များကို ပူးတွဲတရားစွဲဆိုထားခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁ နှင့် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိပါဘဲလျက် မူလရုံးကပူးတွဲတရားစွဲဆိုခွင့်မရှိဆိုသည်မှာမမှန်ကြောင်း ဆုံးဖြတ်ထားခဲ့ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း၊ မူလရုံးက ကိုးကားဆုံးဖြတ်ခဲ့သော စီရင်ထုံးများသည် တရားစွဲဆိုထားသောအမှုနှင့် သက်ဆိုင်ခြင်းမရှိ၍ ဤအမှုအတွက် အဖြေမဟုတ်ကြောင်း၊ ဦးစန်းအောင်ကို အမှုသည်အဖြစ် ထည့်သွင်းတရားစွဲဆိုရန် အကြောင်းမရှိဘဲ ပူးတွဲတရားစွဲဆိုထားခြင်းမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၊ နည်း ၃ နှင့် ညီညွတ်မှုမရှိ၍ ဥပဒေအရ အထင်အရှားမှားယွင်းကြောင်း၊ အပေးစာချုပ်ပယ်ဖျက်ပေးစေလိုမှုနှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး လက်ရောက်ရလိုမှုတို့ကို ပူးတွဲတရားစွဲဆိုထားခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ အရ တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးခြင်းပြုနိုင်မည် မဟုတ်ကြောင်း၊ **ဒေါ်သင်းသင်းမင်း နှင့် ဒေါက်တာမြတ်မိုရ်ပါ ၂ အမှု**[၁] ပါ စီရင်ထုံးပြုလမ်းညွှန်ချက်နှင့်အညီ အမှုဖြစ်အကြောင်းခြင်းရာ မတူညီသည်ကို

---

**၁။ ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၅**

၂၀၀၈
ဦးစန်းအောင်
နှင့်
ဦးဇော်မင်းပါ ၂

ပူးတွဲတရားမစွဲဆိုနိုင်သကဲ့သို့ အမှုတွင် မပါဝင်သင့်သူ ဦးစန်းအောင် ကို အမိန့် ၁၊ နည်း ၁၀ (၂) အရ အမှုမှထုတ်ပယ်စေသင့်သည့်အမိန့် ပြင်ဆင်ချမှတ်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၁) ပြင်ဆင်မှုလျှောက်ထားခံရသူ၏ ရှေ့နေက အမှုကိစ္စတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ အမှုသည်များအကြား အငြင်းပွားလျက်ရှိသော အကြောင်းအရာတစ်ရပ်ရပ်ကို ဖြစ်နိုင်သမျှ တစ်မှုတည်းတွင် အဆုံးအဖြတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၁ နှင့် ၂ တို့တွင် အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ **ဦးအောင်သန်းပါ ၂ နှင့် ဦးသာစိန်အမှု**[၂] တွင်လည်း အမှုပွားများခြင်းကို တားဆီးနိုင်ရန်ရည်ရွယ်ပြီး ကွဲပြားသော၊ သီးခြားဖြစ်သော တရားစွဲဆိုနိုင်ရန် အကြောင်းအပေါ်အခြေခံ၍ စွဲဆိုသောအမှုကို အမိန့် ၂၊ နည်း ၁ နှင့် ၂ တို့အရ ပိတ်ပင်ခြင်းမပြုဟု လမ်းညွှန်ဆုံးဖြတ်ထားကြောင်း၊ အငြင်းပွားသည့် အကြောင်းအရာများဆိုသည့်စကားရပ်၏ အဓိပ္ပာယ်နှင့်စပ်လျဉ်းပြီး တရားစွဲဆိုရန်အကြောင်း သို့မဟုတ် တရားဆိုင်သည့်အမှုဖြစ် အကြောင်းအရာဆိုသည်မှာ အမှုသည်တစ်ဦးက အခြားသူတစ်ဦးအပေါ် အရေးဆိုကာ တရားရုံး၏အဆုံးအဖြတ်ကို ခံယူနိုင်သော အခွင့်အရေးကို ဆိုလိုသည်ဟု **မမြပါ ၂ နှင့် မမြဲအမှု**[၃] တွင် လမ်းညွှန်ထားကြောင်း၊ ထို့အတွက် တရားမမှုတိုင်းတွင် တရားစွဲဆိုနိုင်ရန် အကြောင်းနှင့်စပ်လျဉ်း၍ တရားလိုရထိုက်ခွင့်ရှိသမျှကို ထည့်သွင်းပါဝင်ရမည်မှာ ပေါ်လွင်ကြောင်း၊ ယခုအမှုတွင် အချင်းဖြစ် ယွန်းမြို့သူ မိုတယ်နှင့် မိုတယ်တည်ရှိရာ မြေကွက်တို့ကို အမှတ် (၁) တရားပြိုင်က တရားလိုသို့ (၁၂-၁-၂၀၀၆) ရက်စွဲပါစာချုပ်ဖြင့် လွှဲပြောင်း

၂။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၀
၃။ ၁၈၉၇-၀၁ ၊ အတွဲ-၂၊ အထက်မြန်မာပြည်စီရင်ထုံး၊ စာ-၂၂၉

၂၀၀၈
ဦးစန်းအောင်
နှင့်
ဦးဇော်မင်းပါ ၂

ရောင်းချထားခဲ့ပြီး (၆) လအတွင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန်နှင့် လက်ရောက်အပ်ပေးရန်ဖြစ်သော်လည်း ပျက်ကွက်ခဲ့သည့်အပြင် အမှတ် (၁) တရားပြိုင်က အမှတ် (၂) တရားပြိုင်သို့ အချင်းဖြစ်ပစ္စည်းကို မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့သောကြောင့် တရားလိုက မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ကတိအတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စေပြီး လက်ရောက်ပေးအပ်စေရန် သက်သာခွင့်တောင်းဆိုထားခြင်းဖြစ်ရာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၊ နည်း ၁ နှင့် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိကြောင်း၊ အငြင်းပွားသည့် အကြောင်းအရာများကို အပြီးအပြတ်ဆုံးဖြတ်ရန်နှင့် နောက်ထပ်တရားတစ်ထုံးထပ်မံစွဲဆိုခြင်းမရှိစေရန် ရည်ရွယ်စွဲဆိုထားခြင်းဖြစ်ကြောင်း၊ **ဦးဇော်ဖေ နှင့် ဒေါ်ခင်သန်းအမှု**[၄] တွင်လည်း ထိုသို့တရားစွဲဆိုနိုင်သည်ဟု လမ်းညွှန်ဆုံးဖြတ်ထားကြောင်း၊ အရောင်းစာချုပ်ချုပ်ဆိုခြင်းမှ အကျိုးသင့်အကြောင်းသင့် ဆက်စပ်ပေါ်ပေါက်လာသော ကိစ္စရပ်တို့အပေါ် အမှုတစ်မှုတည်းတွင် ပူးတွဲစစ်ဆေးစီရင်နိုင်ကြောင်း **ဦးခင်မောင်ကြည်ပါ ၂ နှင့် ဒေါ်အောင်စောနုအမှု**[၅] တွင်လည်း လမ်းညွှန်ထားကြောင်း၊ အမှုတစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းအားဖြင့် အချိန်ကုန်သက်သာခြင်း၊ စရိတ်စကသက်သာခြင်းစသည့် အကျိုးများဖြစ်ထွန်းနိုင်သည့်အပြင် အမှုပွားများခြင်းကိုလည်း ပိတ်ပင်ရာရောက်ရှိစေသည့်အတွက် တစ်ဘက်အမှုသည်ကိုလည်း နစ်နာမှုမဖြစ်ပေါ်စေနိုင်သဖြင့် မူလရုံးက အမှတ် (၁) ငြင်းချက်ဖြစ်သည့်ပဏာမငြင်းချက်ကို မူလရုံးတရားလိုဘက်သို့ အသာပေးဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုသာကြောင်း၊ သီးခြားဖြစ်သည့် ဆက်ကာဆက်ကာ ပြုလုပ်သောအမှုကိစ္စများတွင်

---

**၄။ ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၉**
**၅။ ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၃ (စုံညီ)**

တရားစွဲဆိုနိုင်ရန် အကြောင်းတစ်ခုတည်းအဖြစ် မှတ်ယူသင့်သည်ဟု **ကေ၊ အီး၊ အေ၊ ကေအာမက်ဆဟစ်နှင့် ကုမ္ပဏီ နှင့် အမ်ကေပကီးမဟာမက်ရောက်သာအမှု**[၆] တွင် လမ်းညွှန်ထားကြောင်း၊ သို့ပါ၍ မူလတိုင်းတရားရုံး၏ စီရင်ချက်နှင့်အမိန့် သည် ဥပဒေအရမှားယွင်းမှုမရှိသဖြင့် ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) ပြင်ဆင်မှုလျှောက်ထားခံရသူ၏ ရှေ့နေက မူလရုံးတရားလို ဦးဇော်မင်းအနေဖြင့် မူလရုံး အမှတ် (၁) တရားပြိုင် ဒေါ်လှလှညွှန့်နှင့် (၁၂-၁-၂၀၀၆) ရက်စွဲဖြင့် ချုပ်ဆိုထားသော အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တောင်းဆိုထားမှုသည် ပဋိညာဉ်ဥပဒေအရ စွဲဆိုခြင်း ဖြစ်ပြီး အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရလိုမှု တောင်းဆိုခြင်းသည် ပစ္စည်းလွှဲပြောင်းရေးဥပဒေအရ စွဲဆိုခြင်းဖြစ်ရာ ရောင်းသူနှင့်ဝယ်သူ အကြား ပဋိညာဉ်ဥပဒေနှင့် ပစ္စည်းလွှဲပြောင်းရေးဥပဒေတို့အရ အငြင်းပွားမှုကို ပူးတွဲဆုံးဖြတ်နိုင်မည်ဖြစ်သော်လည်း မူလရုံးအမှတ် (၁) တရားပြိုင်က အမှတ် (၂) တရားပြိုင်ဦးစန်းအောင်သို့ တရားဝင် မှတ်ပုံတင်ပြုလုပ်ပေးကမ်းထားသည့် စာချုပ်ကိုမူ ပယ်ဖျက်ပေးရန် ပူးတွဲတရားစွဲဆိုခွင့် ရှိနိုင်မည်မဟုတ်သဖြင့် ဦးစန်းအောင်ကို ပူးတွဲတရားစွဲဆိုထားခြင်းအား ခွင့်ပြုခဲ့သော မူလရုံး၏အမိန့်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ အမှုသည်များကို မှားယွင်း ပူးတွဲထားလျှင် မပါဝင်သင့်သူကို ဖယ်ထုတ်ရန်နှင့် တရားစွဲဆိုရန် အကြောင်းခြင်းရာ ကွဲပြားခြားနားသောကိစ္စရပ်များကို တစ်မှုတည်း တွင် ပူးတွဲစွဲဆိုခွင့်မရှိကြောင်း၊ **ဒေါ်သင်းသင်းမင်းနှင့် ဒေါက်တာမြတ်မိုရ်ပါ ၂ အမှု**[၁] တွင် လမ်းညွှန်ထုံးပြုထား

၆။ **အတွဲ- ၁၊ ရန်ကုန်စီရင်ထုံး၊ စာ-၆၉၄**

ကြောင်း၊ မူလရုံးတရားလို၏ အဆိုလွှာပိုဒ် (၁၃) ပါ ဖော်ပြချက်အရ အမှတ် (၁) တရားပြိုင် ဒေါ်လှလှညွန့်ကို တရားစွဲဆိုရန်အချင်းဖြစ် အကြောင်းအရာပေါ်ပေါက်သောနေ့မှာ (၁၂-၇-၂၀၀၆) နေ့ ကုန်ဆုံးချိန်မှ စတင်ပေါ်ပေါက်ကြောင်း အဆိုပြုထားသော်လည်း အမှတ် (၂) တရားပြိုင် ဦးစန်းအောင်အား တရားစွဲဆိုရန် အချင်းဖြစ် နေ့ရက် ပေါ်ပေါက်သည်ကို ဖော်ပြအဆိုပြုထားခြင်းမရှိခဲ့ကြောင်း၊ ထိုသို့တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်သူ ဦးစန်းအောင်ကို ပူးတွဲတရားစွဲဆိုခွင့်ပြုသော မူလရုံး၏အမိန့်သည် မှားယွင်းကြောင်း၊ သို့ပါ၍ မူလရုံး၏ ပဏာမငြင်းချက်အပေါ် ချမှတ်ထားခဲ့သည့် အမိန့်ကို ပယ်ဖျက်ပြင်ဆင်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၀၆ တွင် မူလရုံးတရားလို ဦးဇော်မင်းက မူလရုံးအမှတ် (၁) တရားပြိုင်ဒေါ်လှလှညွန့်နှင့် အမှတ် (၂) တရားပြိုင် ဦးစန်းအောင် တို့ (၂) ဦးအပေါ် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ညောင်ဦးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၃-၇-၂၀၀၆) ရက်စွဲပါ မှတ်ပုံတင် အပေးစာချုပ်အမှတ် (၂၆/၂၀၀၆) ကို ပယ်ဖျက်ပေးစေလိုမှု၊ ကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု နှင့် လက်ရောက်ရလိုမှုစွဲဆိုရာ မှတ်ပုံတင်စာချုပ်ဖျက်ပေးစေလိုမှု အတွက် ရုံးခွန်တော်ကျပ် ၁၅၀၀၀ိ/- နှင့် ကတိအတိုင်း အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပြီး လက်ရောက်ရလိုမှုအတွက် ရုံးခွန်တော်ကျပ် ၁၅၀၀၀ိ/- သီးခြားစီထမ်းဆောင်ကာ တရားစွဲဆို ထားခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

ထို့အတူ မူလရုံးတရားလိုက မူလရုံးတရားပြိုင်များထံမှ တရားစွဲဆိုတောင်းဆိုထားသည့် ပစ္စည်းသည် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ကျန်စစ်သားရပ်ကွက်၊ အမှတ် (၃)

ရွှေလောင်းအရှေ့၊ ဦးပိုင်အမှတ် (၄၀၊ ၄၁၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈) ဟု ခေါ်တွင်သော မြေကွက်များနှင့် ယင်းမြေကွက်များပေါ်တွင် တည်ရှိသည့် အခန်း (၂၀) ပါ ယွန်းမြို့သူမိုတယ်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်ဖြစ်ရာ တရားစွဲသက်သာခွင့် တောင်းဆိုထားသည့် အငြင်းပွားပစ္စည်းသည် တစ်ခုတည်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ မူလရုံးတရားလိုက ညောင်ဦးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အပေးစာချုပ်အမှတ် ၂၆/၂၀၀၆ အားပယ်ဖျက်ပေးစေလိုသော စာချုပ်ပါပစ္စည်းနှင့် ကတိအတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုစေပြီးလက်ရောက်ပေးအပ်စေလိုသော ပစ္စည်းသည် ယွန်းမြို့သူ မိုတယ်နှင့်မိုတယ်တည်ရှိရာ မြေတို့သာဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည့်အတွက် တရားစွဲဆိုရန်အမှုဖြစ်အကြောင်းခြင်းရာတို့သည် တူညီမှုမရှိလင့်ကစား တရားမမှုတိုင်းတွင်တရားစွဲဆိုနိုင်ရန်အကြောင်းနှင့်စပ်လျဉ်း၍ တရားလိုရထိုက်ခွင့်ရှိသမျှကို ထည့်သွင်းပါဝင်စေရမည်ဆိုသည့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၂ (၁) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အမှုတစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းသည် မှားယွင်းလျက်ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃ (၁) တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး တရားလိုတစ်ဦးသည် တရားပြိုင်တစ်ဦးတည်းအပေါ်ဖြစ်စေ၊ တရားပြိုင်များအပေါ် ပူးတွဲ၍ဖြစ်စေတရားစွဲဆိုနိုင်ရန်အကြောင်းများကို တရားမမှုတစ်မှုတည်းတွင်စုပေါင်း၍ စွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိသည်။

ထို့အတူ တရားမမှုတစ်မှုတည်းတွင် ပူးတွဲထားသော

တရားစွဲဆိုနိုင်ရန်အကြောင်းများကို အဆင်ပြေပြေစစ်ဆေး စီရင်ခြင်း သို့မဟုတ် တစ်ပေါင်းတည်း အဆုံးအဖြတ်ပေးခြင်းမပြုနိုင်ဟု ထင်မြင်လျှင် တရားရုံးသည် သီးခြားစစ်ဆေးစီရင်ရန် အမိန့်ကိုဖြစ်စေ၊ အခြားသင့်လျော်သည့်အမိန့်ကိုဖြစ်စေ ချမှတ်နိုင်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ တွင် ပြဋ္ဌာန်းထားရှိရာ တရားစွဲဆိုနိုင်ရန်အကြောင်းများကို အမှုတစ်မှုတည်းတွင် ရောထွေး၍ စွဲဆိုထားခဲ့မည်ဆိုပါက အဆိုလွှာအားပယ်ရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၁၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၆ အရ ဆောင်ရွက်ရန် ဖြစ်သည်ကို သတိချပ်သင့်သည်။

မူလရုံးက ပထမဦးစွာ ဖြေကြားဆုံးဖြတ်ခဲ့သည့် ပဏာမငြင်းချက်သည် မှတ်ပုံတင်အပေးစာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ကတိအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်နှင့် လက်ရောက်ရလိုမှုတို့မှာ အမှုဖြစ်စဉ် အကြောင်းခြင်းရာတူညီခြင်း မရှိသည့်အတွက် ပူးတွဲတရားစွဲဆိုခွင့်မရှိဆိုသည်မှာ မှန်သလားဆိုသည့် ငြင်းချက်ဖြစ်ရာ အမှုဖြစ်စဉ်အကြောင်းခြင်းရာ တူညီခြင်း မရှိသည့် အမှုကိစ္စများအတွက် ပူးတွဲတရားစွဲဆိုခွင့် ရှိ/မရှိအပေါ် ဖြေကြားဆုံးဖြတ်ရန် ထုတ်နုတ်ထားခဲ့သည့် ငြင်းချက်တစ်ရပ် အဖြစ်သာပေါ်ပေါက်နေပြီး အမှုသည်အား ဖယ်ထုတ်သင့်/မသင့် အတွက် ဖြေကြားဆုံးဖြတ်စေရန် ထုတ်နုတ်ထားခဲ့သည့်ငြင်းချက် မဟုတ်သည့်အလျောက် မူလတိုင်းတရားရုံးက ပြင်ဆင်မှုလျှောက်ထားသူ ဦးစန်းအောင်အား အမှုမှ အမှုသည်အဖြစ် ဖယ်ထုတ်မှုမပြုခဲ့ခြင်းသည် မှန်ကန်သည်ဟု ဆိုရပေမည်။

ထို့အပြင် ပြင်ဆင်မှုလျှောက်ထားသူ ရှေ့နေ၏ ကိုးကားလျှောက်လဲတင်ပြခဲ့သည့် **ဒေါ်သင်းသင်းမင်း နှင့် ဒေါက်တာ**

၂၀၀၈
ဦးစန်းအောင်
နှင့်
ဦးဇော်မင်းပါ ၂

**မြတ်မိုရ်ပါ ၂ အမှု**[၁] ပါ စီရင်ထုံးလမ်းညွှန်ဆုံးဖြတ်ချက် သည်လည်း ဤအမှုအတွက် အဖြေမဟုတ်တန်ချေရာ ပြင်ဆင်မှု လျှောက်ထားသူအနေဖြင့် မူလရုံးက ထုတ်နုတ်ဖြေကြား ဆုံးဖြတ်ခဲ့ သည့် ပဏာမငြင်းချက်တွင် ပေါ်ပေါက်ခြင်းမရှိသည့်အချက်ကို ယခုပြင်ဆင်လျှောက်ထားမှုတွင် လျှောက်လဲတင်ပြနေမှုအပေါ် ပြင်ဆင်မှုရုံးမှ လက်ခံခွင့်ပြုရန်အကြောင်းရှိနိုင်မည် မဟုတ်ချေ။

တရားစွဲဆိုနိုင်ရန် အကြောင်းများနှင့်စပ်လျဉ်း၍ အမှု တစ်မှုတည်းတွင် ပူးတွဲသည့်ကိစ္စအား တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့တွင် ပြဋ္ဌာန်းထားရှိရာ ယင်းပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီး အမှုတစ်မှုတည်းတွင် တရားစွဲဆိုနိုင်ရန်အကြောင်းများကို မှားယွင်းပူးတွဲ တရားစွဲဆိုထားခဲ့မည်ဆိုပါက ဆောင်ရွက်ရန် နည်းလမ်းအမှန်မှာ တရားရုံးသည် အမှုကိုပလပ်ခြင်းမပြုရဘဲ တရားလို၏အဆိုလွှာကို ပြင်ဆင်စေရန်နှင့် သက်ဆိုင်သည့် တရားပြိုင်အပေါ် အမှုကိုဆက်လက် ဆောင်ရွက်စေရန် တရားလို အား အခွင့်အရေးပေးရန်သာဖြစ်သည်။

သို့ဖြစ်ရာ ယခုအမှုတွင် မူလရုံးတရားလိုက မူလရုံးအမှတ် (၁) တရားပြိုင်နှင့် ကတိရှိခဲ့သည့် အချင်းဖြစ်မိုတယ်အဆောက်အုံနှင့် မိုတယ်အဆောက်အအုံတည်ရှိရာမြေကို မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးရန်နှင့် လက်ရောက်အပ်ပေးစေရန် တရားစွဲဆို တောင်းဆိုထားသကဲ့သို့ အချင်းဖြစ်မိုတယ်အဆောက်အအုံနှင့် မိုတယ်အဆောက်အအုံ တည်ရှိရာမြေကို အမှတ် (၁) တရားပြိုင်က အမှတ် (၂) တရားပြိုင်သို့ တရားဝင်မှတ်ပုံတင်ပြုလုပ် ချုပ်ဆို ပေးကမ်းထားသည့် စာချုပ်သည်လည်း ပျက်ပြယ်အတည်မဖြစ် ကြောင်း သို့မဟုတ် လွှဲရှောင်ပျက်ပြယ်ခွင့်ရှိကြောင်း ပယ်ဖျက်စေ လျက် တရားရုံးက အဆုံးအဖြတ်ပေးနိုင်ရန်အတွက် တရားစွဲ

တောင်းဆိုထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိရာ မူလရုံး တရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၊ နည်း ၃၊ ၄၊ ၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ အမှုတစ်မှုတည်းတွင် တရားစွဲ ဆိုနိုင်ရန် အကြောင်းများကို မှားယွင်းပူးတွဲ တရားစွဲဆိုထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

ထိုအခြေအနေတွင် မူလတိုင်းတရားရုံးက အမှတ် (၁) ငြင်းချက်ဖြစ်သော ပဏာမငြင်းချက်ဖြစ်သည့် မှတ်ပုံတင်အပေး စာချုပ်ကို ပယ်ဖျက်ပေးရန်နှင့် ကတိအတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးရန်နှင့် လက်ရောက်ရလိုမှုတို့မှာ အမှုဖြစ်စဉ် အကြောင်းခြင်းရာ တူညီခြင်းမရှိသည့်အတွက် ပူးတွဲတရားစွဲဆိုခွင့် မရှိဆိုသည်မှာ မမှန်ကြောင်း ဖြေကြားဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့် အမိန့်သည် ဥပဒေနှင့်မညီ မှားယွင်းမှုရှိနေသည်ဟု မဆိုသာသည့် အလျောက် မူလရုံး၏ စီရင်ချက်နှင့်အမိန့်အပေါ် ပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက် တည့်မတ်ပြင်ဆင်ပေးရန် အကြောင်းရှိနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် မူလမန္တလေးတိုင်းတရားရုံး၏ အမှတ် (၁) ငြင်းချက်ဖြစ်သော ပဏာမငြင်းချက်အပေါ် ဖြေကြားဆုံးဖြတ်ခဲ့သည့် စီရင်ချက်နှင့်အမိန့်ကို အတည်ပြု၍ ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၂၀ဝိ/- သတ်မှတ်သည်။

\+ ၂၀၀၈
ဖေဖော်ဝါရီ
၁၈ ရက်

## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်၏ရှေ့တွင်

**ဒေါ်စောစိန်**
**(၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်ခင်ပြုံးလှိုင်) ပါ ၈**
**နှင့်**
**ဦးတိတ်မွန်ပါ ၅ ***

**စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ) မှတ်ပုံတင်ထားခြင်းမရှိသည့် စွန့်လွှတ်မှုသည် အထမြောက် မမြောက်၊ ပိုင်ဆိုင်မှုကို စွန့်လွှတ်ခြင်း မရှိဘဲ စွန့်လွှတ်ပြီးဖြစ်သည်ဟု လိမ်လည်လှည့်ဖြား ရယူသည့် ဒီကရီသည် အမှုတွင်မပါဝင်သူတို့အပေါ် တွင် အကျိုးသက်ရောက်မှုရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ စွန့်လွှတ်စာချုပ်ကို စာချုပ်စာတမ်းများ မှတ်ပုံတင် အက်ဥပဒေ ၁၇ (၁) (ခ) အရ မှတ်ပုံမတင်သဖြင့် စွန့်လွှတ်မှု မမြောက်ကြောင်း၊ **ဒေါ်ညွန့် နှင့် မအမြီနာအမှု**[၁] တွင် လမ်းညွှန် ထားသည်။ သက်သေခံ (စ) စွန့်လွှတ်စာချုပ်သည် စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ထားခြင်းမရှိ

* ၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၄၃။
\+ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၆၂ တွင် ချမှတ်သော ၂၅-၉-၂၀၀၇ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက် ဒီကရီကိုအယူခံမှု။

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

သဖြင့် စွန့်လွှတ်မှုသည် အထမမြောက်သောကြောင့် ဒေါ်ကျင်ယုံသည် အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုရှိနေပေသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ ၏ အဆိုလွှာတွင် ဦးကျော်ညွန့်သည် ကွယ်လွန်ခြင်းမပြုမီက အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကိုစွန့်လွှတ်ပြီး ဖြစ်၍ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့သည် အချင်းဖြစ်အိမ်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး တစ်ဝက်စီခွဲဝေပေးရန် အဆိုပြုသည်။ ဒေါ်ခင်သိန်းဝင်းပါ ၇တို့က ချေလွှာတွင် ဝန်ခံခဲ့သဖြင့် ရန်ကုန်တိုင်းတရားရုံးက ပြေငြိမ်းဒီကရီ ချမှတ်ခဲ့သည်။ ဦးကျော်ညွန့်က အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကို စွန့်လွှတ်ခြင်းမရှိဘဲ စွန့်လွှတ်ပြီးဖြစ်သည်ဟု လိမ်လည်လှည့်ဖြား၍ အဆိုပြုကာ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ- ၇ တို့က ဒီကရီကို ရယူခဲ့သည်။ ထို့ကြောင့် ယင်းဒီကရီသည် ဦးတိတ်မွန်တို့အပေါ် အကျိုးသက်ရောက်မှုမရှိပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးသန်းအောင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဦးကျော်မြင့်<br>တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ်တရားမကြီးမှုအမှတ် ၃၆၂ တွင် အယူခံတရားပြိုင် ဦးတိတ်မွန်၊ ဒေါ်သီသီအေး၊ မောင်ပြည့်ဖြိုးပိုင်၊ မောင်ဇေမိုးပိုင်၊ ဦးဆွေမွန်တို့က အယူခံတရားလို ဒေါ်စောစိန်၊ ဒေါ်ခင်သိန်းဝင်း၊ ဒေါ်သိန်းကြည်၊ ဒေါ်စန်းရီ၊ ဦးဟန်စိန်၊ ဦးကျင်ဝမ်၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်အေးအေးခိုင်

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

တို့အပေါ် ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၆၈ ၏ ဒီကရီသည် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းခွဲဝေပေးစေလိုမှုစွဲဆိုရာ တိုင်းတရားရုံးက ဒီကရီသည် အကျိုး သက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပြီး ဦးတိတ်မွန်ပါ ၅ သို့ အချင်းဖြစ်မြေနှင့်အိမ်၏ ၄ ပုံ ၁ ပုံကို ခွဲဝေပေးရန် ဒီကရီချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဒေါ်စောစိန်ပါ ၈ တို့က ဤတရားမပထမ အယူခံမှုအား တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် အယူခံတရားပြိုင် ဦးတိတ်မွန်ပါ ၅ က ဦးတိတ်မွန်၊ ဒေါ်သီသီအေး၊ ဦးဆွေမွန်တို့၏ ဖခင် ဦးကျော်ညွန့် (ခ) ဦးဘွန်ကော်၊ ဒေါ်ကျင်၊ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်း၊ ဒေါ်သိန်းကြည်၊ ဒေါ်စန်းရီ၊ ဦးဟန်စိန်၊ ဦးကျင်ဝမ်၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်အေးအေးခိုင်တို့၏မိခင် ဒေါ်ကျင်စိန်တို့သည် ဦးကျန်နားနှင့် ဒေါ်ညိမ်းသွယ်တို့၏ သားသမီးများဖြစ်ကြကြောင်း၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ လူနေရပ်ကွက်အမှတ် ၂၇ စီ၊ မြေကွက်အမှတ် ၄၂၊ ဧရိယာ ၀. ၀၅၅ ဧကရှိ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၂၆ ဟုခေါ်တွင်သော နှစ်ထပ်အိမ်ကို ဦးကျော်ညွန့်အပါအဝင် မောင်နှမ ၄ ဦး၏အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ဦးကျော်ညွန့်သည် ဒေါ်စောစိန်မိသားစုကို အချင်းဖြစ်အိမ်တွင် နေထိုင်စေခဲ့ကြောင်း၊ ဦးကျော်ညွန့်သည် ၁၄-၉-၁၉၇၇ နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဒေါ်ကျင်နှင့် ဒေါ်ကျင်စိန် တို့မှာလည်း ကွယ်လွန်ပြီးဖြစ်ကြောင်း၊ ဦးကျော်ညွန့် ကွယ်လွန် သောအခါ ဇနီးဒေါ်ကျင်ယုံနှင့် သားသမီး ၅ ဦး ကျန်ရစ်ကြောင်း၊ သမီးဒေါ်မိုးမိုးအေးနှင့် သားဦးညီမွန်တို့ကွယ်လွန်ပြီးဖြစ်ကြောင်း၊

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
နှင့်
ဦးတိတ်မွန်ပါ ၅

မောင်ပြည့်ဖြိုးပိုင်နှင့် မောင်ဇေမိုးပိုင်တို့သည် ဒေါ်မိုးမိုးအေးသားများဖြစ်ကြ၍ ဒေါ်ကျင်ယုံ၏ အမွေမမီမြေးများဖြစ်ကြကြောင်း၊ ဦးညီမွန်ကွယ်လွန်သောအခါ အမွေစားအမွေခံ ဇနီးသားသမီး ကျန်ရစ်ခြင်းမရှိကြောင်း၊ ဒေါ်ကျင်ယုံသည် ၄-၁၀-၂၀၀၀ နေ့တွင် ကွယ်လွန်သောအခါ အချင်းဖြစ်အိမ်တွင် ဦးတိတ်မွန်ပါ ၅ က အမွေဆက်ခံခဲ့ကြောင်း၊ ဒေါ်ကျင်ကွယ်လွန်သောအခါ ဦးခွန်နားကျန်ရစ်ကြောင်း၊ ဒေါ်ကျင်စိန်ကွယ်လွန်သောအခါ ဒေါ်ခင်သိန်းဝင်းပါ ၇ တို့ကျန်ရစ်ကြောင်း၊ ဒေါ်ကျင်စိန်ကွယ်လွန်ပြီးနောက် ဒေါ်စောစိန်က ဒေါ်ကျင်စိန်၏ သားသမီးများအပေါ် ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ တွင် အချင်းဖြစ်မြေနှင့်အိမ်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းခွဲဝေစေလိုမှုစွဲဆိုခဲ့ကြောင်း၊ ဒေါ်စောစိန်က အဆိုလွှာတွင် ဦးကျော်ညွန့်သည် မကွယ်လွန်မီကပင် မြေနှင့်အိမ်တွင် ၄င်း၏ပိုင်ဆိုင်မှုကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း အဆိုပြုပြီး ဒေါ်ခင်သိန်းဝင်းပါ ၇ တို့က ဝန်ခံချေလွှာတင်သွင်းခဲ့ကြောင်း၊ ထိုအမှုတွင် ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့သည် မြေပေါ်မှမူလအိမ်ကိုဖျက်ပြီး အဆောက်အအုံဆောက်လုပ်၍ တိုက်ခန်းများကို တစ်ဝက်စီရယူရန် စာချုပ်ကိုတင်ပြပြီး ပြေငြိမ်းဒီကရီကို ရယူခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၆၈ ၏ဒီကရီသည် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပြီး အချင်းဖြစ်အိမ်၏ ၄ ပုံ ၁ ပုံကိုခွဲဝေပေးရန် အဆိုပြုသည်။

ချေလွှာတွင် အယူခံတရားလို ဒေါ်စောစိန်ပါ ၈ က ဦးကျန်နားနှင့် ဒေါ်ညိမ်းသွယ်တို့၏ငွေကြေးဖြင့် အချင်းဖြစ်အိမ်ကို ဝယ်ယူခဲ့ခြင်းဖြစ်ပြီး သားသမီးများဖြစ်ကြသော ဦးကျော်ညွန့်ပါ ၄ မှာ အမည်ခံသာဖြစ်ကြောင်း၊ ထို့ကြောင့် အိမ်နှင့်ပတ်သက်၍

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုရမည်ဖြစ်ပြီး ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုခြင်းမပြုနိုင်သဖြင့် စွဲဆိုသောအမှုပုံစံမှာမှားယွင်းနေကြောင်း၊ ဦးအောင်ကြည်သည် ဦးကျန်နားနှင့်ဒေါ်ညိမ်းသွယ်တို့၏သမီး ဒေါ်ရွှေ၏သားဖြစ်သောကြောင့် အမွေဆိုင်တစ်ဦးဖြစ်သော်လည်း အမှု၌ထည့်သွင်း တရားစွဲဆိုထားခြင်းမရှိသဖြင့် အမှုသည်မစုံလင်ကြောင်း၊ ဦးခွန်နားနှင့် ဒေါ်ကျင်တို့မှာကွယ်လွန်သွားသဖြင့် ဒေါ်ကျင်၏တူ၊ တူမများက အမွေဆက်ခံခွင့်ရှိကြောင်း၊ အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရမည်ဖြစ်၍ အဆိုလွှာအား ပလပ်ပေးပါရန် ထုချေသည်။

ရန်ကုန်တိုင်းတရားရုံးက မှတ်ပုံတင်အရောင်းစာချုပ် (သက်သေခံ ဃ နှင့် ၂) အရ အချင်းဖြစ်အိမ်ကို ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်စောစိန်၊ ဒေါ်ကျင်စိန်အမည်ဖြင့် ဝယ်ယူခဲ့ပြီး သက်သေခံ (၃) မြေငှားဂရန်တွင် ၎င်းတို့ ၄ ဦးအမည်ပေါက်နေကြောင်း၊ ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ တွင် ဒေါ်စောစိန်က ဒေါ်ခင်သိန်းဝင်းပါ ၇ အပေါ် အချင်းဖြစ်အိမ်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုခဲ့ကြောင်း၊ ထိုအမှုမှ အဆိုလွှာ (သက်သေခံ- ဇ) တွင် အချင်းဖြစ်အိမ်ကို ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်စောစိန်၊ ဒေါ်ကျင်စိန်တို့ ၄ ဦးက အတူဝယ်ယူပြီး ပူးတွဲပိုင်ဆိုင်ကြသည်ဟု အဆိုပြုခဲ့ကြောင်း၊ ဒေါ်ခင်သိန်းဝင်း ပါ ၇ ဦး ချေလွှာ (သက်သေခံ- ဈ) တွင်လည်း ယင်းအချက်ကို ဝန်ခံထားကြောင်း၊ သို့ဖြစ်၍ ဒေါ်စောစိန်တို့က ဦးကျော်ညွန့်ပါ ၄ ဦး တို့သည် အိမ်ကိုပူးတွဲပိုင်ဆိုင်ကြခြင်းမရှိဟု ငြင်းဆိုခြင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ပိတ်ပင်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးကျော်ညွန့်ပါ မောင်နှမ ၄ ဦးက အချင်းဖြစ်အိမ်ကို

ဝယ်ယူခဲ့သည်မှာ မှန်ကန်ကြောင်း၊ ထိုအမှုတွင် ဦးကျော်ညွန့်သည် မကွယ်လွန်မီက ၎င်း၏ပိုင်ဆိုင်မှုအစုကို စွန့်လွှတ်ခဲ့သည်ဟုဆိုသော်လည်း အထောက်အထားများကို တင်ပြခဲ့ခြင်းမရှိကြောင်း၊ ယင်းအမှုတွင် ဦးကျော်ညွန့်၏ အမွေစားအမွေခံများကိုသော်လည်းကောင်း၊ ဒေါ်ကျင်၏ခင်ပွန်း ဦးခွန်နားကိုသော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ထိန်ချန်၍တရားစွဲဆိုခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ ဒေါ်စောစိန်တို့သည် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့နှင့် ပူးပေါင်းကာ မမှန်မကန်လိမ်လည်ဖော်ပြပြီး ပြေငြိမ်းဒီကရီကို ရယူခဲ့ကြောင်း၊ အချင်းဖြစ်အိမ်တွင် ဦးကျော်ညွန့်၏ဝေစုဖြစ်သော ၄ ပုံ ၁ ပုံကို ဦးတိတ်မွန်ပါ ၅ တို့က ရထိုက်ကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ ၏ ပြေငြိမ်းဒီကရီသည် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပြီး အချင်းဖြစ်အိမ်တွင် ဦးတိတ်မွန်ပါ ၅ တို့က ၄ ပုံ ၁ ပုံ ရထိုက်ကြောင်း ဒီကရီချမှတ်သည်။

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

အယူခံတရားလို၏ရှေ့နေက အမှတ် ၈၃၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ်အိမ်အား ဦးကျော်ညွန့်၏ဇနီး ဒေါ်ကျင်ယုံနှင့် ဒေါ်ရွှေ၏သား ဦးအောင်ကြည်တို့အားလည်းကောင်း၊ အမှတ် ၂၆၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်အိမ်အား ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန်တို့ ၃ ဦးအားလည်းကောင်း သတ်မှတ်၍ အမွေခွဲဝေပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေါ်ကျင်ယုံက အမှတ် ၂၆၊ စမ်းချောင်းလမ်း အိမ်အား သက်သေခံ (၅) စွန့်လွှတ်စာချုပ်ဖြင့် စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုစွန့်လွှတ်စာချုပ်ကို သက်သေခံတင်ပြရာ မူလတရားရုံးက သက်သေခံအဖြစ်လက်ခံခဲ့သဖြင့် ဦးတိတ်မွန် ပါ ၅ တို့က တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း တရားရုံးချုပ်က ပြင်ဆင်မှုကို ပလပ်ခဲ့ကြောင်း၊ အမှတ် ၂၆၊ စမ်းချောင်းလမ်း အိမ်အား

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ဦးကျော်ညွန့်ပါ ၄ ဦး၏ အမည်ပါဝင်နေသော်လည်း အမွေရှင် ဦးကျန်နား၏ငွေကြေးဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး၊ ဦးကျော်ညွန့် ပါ ၄ တို့က ငွေကြေးထည့်ဝင်ပြီး ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်း၊ ဦးကျော်ညွန့်နှင့် ဒေါ်စောစိန်တို့သည် အချင်းဖြစ်အိမ်အား အမွေဆိုင်ပစ္စည်းအဖြစ်သတ်မှတ်ပြီး သက်သေခံ (၅) (၆) (၇) (၈) (၉) တို့အရ ခွဲယူပြီးသည်မှာ ထင်ရှားကြောင်း၊ အချင်းဖြစ်အိမ်တွင် ဦးတိတ်မွန်တို့က ပူးတွဲလက်ရှိဖြစ်ပြီး ပူးတွဲအကျိုးခံစားနေခြင်း မဟုတ်ကြောင်း၊ ပစ္စည်းခွဲဝေပေးစေလိုမှုတွင် တရားလိုနှင့် တရားပြိုင်တို့သည် အခွင့်အရေးအညီအမျှရှိရန် လိုအပ်သည့်အပြင် ပစ္စည်းကိုအညီအမျှလက်ရှိဖြစ်ရန် လိုအပ်ကြောင်း၊ ရန်ကုန်တိုင်း တရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ တွင် ဒေါ်စောစိန် က ဒေါ်ခင်သိန်းဝင်းပါ ၇ အပေါ် ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုခဲ့ရာ ဒေါ်ခင်သိန်းဝင်းပါ ၇ တို့က မှန်ကန်ကြောင်းဝန်ခံသဖြင့် တရားရုံးက ပြေငြိမ်းဒီကရီချမှတ်ခဲ့ခြင်းမှာ ပူးပေါင်း၍လိမ်လည်ရယူခဲ့ခြင်း မဟုတ်ကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆိုင် အချင်းချင်းသည် နှုတ်ဖြင့်အမွေခွဲဝေခွင့်ရှိကြကြောင်း၊ မူလတရားရုံး က စာချုပ်စာတမ်းများနှင့် နှုတ်သက်သေခံချက်များကို သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းမပြုသည်မှာ မှားယွင်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ မူလတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဦးတိတ်မွန်ပါ ၅ တို့ စွဲဆိုသောအမှုအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက ဒေါ်စောစိန်ပါ ၈ တို့၏ ချေလွှာတွင် စာချုပ်များမှာ အဖိုးစားနားပေး၍ စွန့်လွှတ်ခြင်း မဟုတ်သည့်အတွက် တရားမဝင်ကြောင်း ထုချေထားကြောင်း၊ သို့ဖြစ်၍ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၈၃ အိမ်ကို ဒေါ်ကျင်ယုံနှင့် ဦးအောင်ကြည်တို့အတွက် သတ်မှတ်၍ အမွေ

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ခွဲဝေခဲ့သည်ဆိုခြင်းမှာ နောက်မှအကြံရကာ ချေလွှာနှင့်ကွဲလွဲဆန့်ကျင်၍ တင်ပြခြင်းဖြစ်ကြောင်း၊ ဒေါ်ကျင်ယုံက အချင်းဖြစ်အိမ်ကို စွန့်လွှတ်သည့်စာချုပ်ကို မူလတရားရုံးက သက်သေခံ (၅) အဖြစ်လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဦးတိတ်မွန်ပါ ၅ တို့က တရားရုံးချုပ်သို့ ၂၀၀၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၀၇ ကို တင်သွင်းခဲ့ရာ တရားရုံးချုပ်က ပြင်ဆင်မှုကိုပလပ်ခဲ့ကြောင်း၊ စာချုပ်စာတမ်းတစ်ရပ်ကို သက်သေခံအဖြစ်လက်ခံရုံမျှဖြင့် သက်သေခံဝင်သော စာချုပ်စာတမ်းဖြစ်မလာကြောင်း၊ သက်သေခံအက်ဥပဒေ၊ စာချုပ်စာတမ်းအက်ဥပဒေနှင့်အညီ သက်သေပြရန်လိုအပ်ကြောင်း၊ ဒေါ်ကျင်ယုံက စွန့်လွှတ်စာချုပ် (သက်သေခံ-၅) ကို ချုပ်ဆိုခဲ့သော်လည်း ထိုစာချုပ်မှာ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသဖြင့် ပျက်ပြယ်လျက်ရှိကြောင်း၊ ဒေါ်စောစိန်တို့က ချေလွှာတွင် ဒေါ်ကျင်ယုံအား အမွေခွဲဝေပေးပြီးဖြစ်၍ အမွေခံစားခွင့်မရှိတော့ကြောင်း ချေပထားခြင်းမရှိသည့်အတွက် အမွေခွဲဝေပေးပြီးခြင်းရှိ မရှိ ငြင်းချက်ထုတ်ခဲ့ခြင်းမရှိကြောင်း၊ ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ တွင် ဒေါ်စောစိန်က ဒေါ်ခင်သိန်းဝင်းပါ ၇ အပေါ် တရားစွဲဆိုရာတွင် အဆိုလွှာအပိုဒ် (၁) ၌ အချင်းဖြစ်အိမ်ကို ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန်တို့ မောင်နှမ ၄ ဦး ပူးတွဲပိုင်ဆိုင်ကြောင်း အဆိုပြုထားသဖြင့် ယင်းအိမ်သည် အမွေဆိုင်ပစ္စည်းမဟုတ်ကြောင်း၊ ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုရန်အတွက် တရားလိုများသည် အချင်းဖြစ်ပစ္စည်းကို ပူးတွဲပိုင်ဆိုင်ခြင်း၊ ပစ္စည်းလက်မဲ့ဖြစ်ကာ အကျိုးခံစားခွင့်မရခြင်းတို့နှင့် ညီညွတ်ရန် လိုအပ်ကြောင်း၊ ဒေါ်စောစိန်တို့က အချင်းဖြစ်အိမ်သည် ဦးကျော်ညွန့်တို့မောင်နှမ ၄ ဦး ပူးတွဲပိုင်ဆိုင်ကြောင်း အဆိုပြုပြီး

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ပြေငြိမ်းဒီကရီရယူခဲ့ပြီးဖြစ်သဖြင့် သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ဦးကျော်ညွှန့်သည် ပိုင်ဆိုင်ခွင့်မရှိကြောင်း ငြင်းဆိုပိုင်ခွင့်မရှိကြောင်း၊ ဒေါ်ကျင်ယုံက အချင်းဖြစ်အိမ်၌ စွန့်လွှတ်ရန်သဘောတူညီခြင်းကို ဦးတိတ်မွန်၊ ဦးဆွေမွန်၊ ဒေါ်သီသီအေးတို့က သိရှိသဘောတူညီခြင်းမရှိကြောင်း၊ ဒေါ်စောစိန်တို့က ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ စွဲဆိုစဉ်က ဦးကျော်ညွှန့်တို့၏ အမွေစားအမွေခံများအား ထိန်ချန်၍ ဒီကရီရယူခဲ့ကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး ဤတရားမအယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ဦးကျန်နားနှင့် ဒေါ်ညိမ်းသွယ်တို့တွင် ဒေါ်ကျင်၊ ဦးကျော်ညွှန့် (ခ) ဦးဘွန်ကော်၊ ဒေါ်စောစိန်၊ ဒေါ်ကျင်စိန်တို့ကို မွေးဖွားခဲ့သည်။ ဦးကျန်နားနှင့် ဒေါ်ညိမ်းသွယ်တို့သည် ကွယ်လွန်ကြပြီးဖြစ်သည်။ ဦးကျော်ညွှန့်နှင့် ဇနီးဒေါ်ကျင်ယုံတို့တွင် ဦးတိတ်မွန်၊ ဒေါ်သီသီအေး၊ ဒေါ်မိုးမိုးအေး၊ ဦးဆွေမွန်၊ ဦးညီမွန်တို့ကို မွေးဖွားခဲ့သည်။ ဦးကျော်ညွှန့်သည် ၁၄-၉-၁၉၇၇ နေ့တွင်လည်းကောင်း၊ ဒေါ်ကျင်ယုံသည် ၄-၁၀-၂၀၀၀ နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သည်။ ဒေါ်မိုးမိုးအေး ကွယ်လွန်သောအခါ သားမောင်ပြည့်ဖြိုးပိုင်နှင့် မောင်ဇေမိုးပိုင်တို့ ကျန်ရစ်သည်။ ဦးညီမွန်သည် ကွယ်လွန်ပြီးဖြစ်သည်။ ဒေါ်ကျင်မှာ ကွယ်လွန်ပြီးဖြစ်သည်။ ဒေါ်ကျင်စိန်ကွယ်လွန်သောအခါ သားသမီးများဖြစ်ကြသော ဒေါ်ခင်သိန်းဝင်း၊ ဒေါ်သိန်းကြည်၊ ဒေါ်စန်းရီ၊ ဦးဟန်စိန်၊ ဦးကျင်ဝမ်၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်အေးအေးခိုင်တို့ ကျန်ရစ်သည်။

ဒေါ်စောစိန်တို့က မိဘများဖြစ်ကြသော ဦးကျန်နားနှင့် ဒေါ်ညိမ်းသွယ်တို့၏ ကျန်ရစ်သောအမွေပစ္စည်းများ ခွဲဝေပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။ သို့ရာတွင် ဒေါ်စောစိန်တို့က

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ချေလွှာတွင် အမွေခွဲဝေပြီးဖြစ်၍ ဤအမှုကိုစွဲဆိုခွင့်မရှိကြောင်း တိတိကျကျ ထုချေထားခြင်းမရှိသဖြင့် မူလတရားရုံးက အမွေခွဲဝေပေးပြီးခြင်းဟုတ် မဟုတ် ငြင်းချက်ထုတ်ခဲ့ခြင်းမရှိချေ။

အမှတ် (၂) အယူခံတရားပြိုင်ဒေါ်သီသီအေးက ဦးကျော်ညွန့်သည် ဆန်လုပ်ငန်းလုပ်ကိုင်ရရှိသော ငွေများဖြင့် ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်စောစိန်၊ ဒေါ်ကျင်စိန်တို့ မောင်နှမ ၄ ဦးအမည်ဖြင့် အချင်းဖြစ် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၂၆ အိမ်ကို ဝယ်ယူခဲ့ကြောင်း ထွက်ဆိုသည်။

သက်သေခံ (ဃ) (၂) မှတ်ပုံတင်အရောင်းစာချုပ်တွင် ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန်တို့က အမှတ် ၂၆၊ စမ်းချောင်းလမ်းအိမ်ကို ဝယ်ယူခဲ့ကြောင်း ဖော်ပြထားသည်။

အယူခံတရားလိုဒေါ်စောစိန်တို့က အချင်းဖြစ်အိမ်ကို မိဘများ၏ငွေကြေးဖြင့် ဦးကျော်ညွန့်ပါ ၄ ဦးတို့အမည်ဖြင့် ဝယ်ယူခဲ့ကြောင်း တင်ပြသည်။

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ တွင် ဒေါ်စောစိန်က ဒေါ်ခင်သိန်းဝင်း၊ ဒေါ်သိန်းကြည်၊ ဒေါ်စန်းရီ၊ ဦးဟန်စိန်၊ ဦးကျင်ဝမ်၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်အေးအေးခိုင်တို့အပေါ် အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းခွဲဝေပေးစေလိုမှု စွဲဆိုသည်။

ထိုအမှုမှ သက်သေခံ (ဇ) အဆိုလွှာအပိုဒ် (၁) တွင် အမှတ် ၂၆၊ စမ်းချောင်းလမ်းအိမ်ကို ဦးကျော်ညွန့်၊ ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန်တို့ ညီအစ်ကိုမောင်နှမများ အတူဝယ်ယူပြီး ပူးတွဲပိုင်ဆိုင်ကြောင်း ဖော်ပြထားသည်။ ထိုအမှုချေလွှာ (သက်သေခံ-ဈ) အပိုဒ် (၁)၊ အဆိုလွှာပိုဒ် (၁) မှန်ကန်ကြောင်း ဝန်ခံထားသည်။ ဒေါ်စောစိန်တို့က အချင်းဖြစ်အိမ်သည် ဦးကျော်ညွန့်ပါ ၄ ဦးတို့

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

အတူပိုင်ဆိုင်ကြောင်းဝန်ခံခဲ့သဖြင့် တိုင်းတရားရုံးကလည်း ပြေငြိမ်း ဒီကရီချမှတ်ခဲ့သည်။ ထို့ကြောင့် ဒေါ်စောစိန်တို့က အချင်းဖြစ်အိမ်သည် ဦးကျော်ညွန့်တို့ မောင်နှမ ၄ ဦး ပိုင်ဆိုင်မှုမရှိကြောင်း ငြင်းဆိုခြင်းမှာ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၁၅ အရ ပိတ်ပင်ပြီး ဖြစ်သည်။

ဒေါ်စောစိန်တို့က ဦးကျော်ညွန့်၏ဇနီး ဒေါ်ကျင်ယုံသည် အချင်းဖြစ်အိမ်၌ မိမိ၏ဝေစုကိုစွန့်လွှတ်ပြီးဖြစ်၍ ပိုင်ဆိုင်ခွင့် မရှိတော့ကြောင်း တင်ပြသည်။

သက်သေခံ (၅) စွန့်လွှတ်စာချုပ်တွင် ဦးကျော်ညွန့်၏ ဇနီး ဒေါ်ကျင်ယုံက အမှတ် ၂၆၊ စမ်းချောင်းလမ်းအိမ်ရှိ မိမိ၏ဝေစုကို လွှဲပြောင်းပေးကြောင်း ဖော်ပြထားသည်။ သို့ရာတွင် ထိုစာချုပ်မှာ မှတ်ပုံတင်ထားခြင်းမရှိပေ။

စွန့်လွှတ်စာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံမတင်သဖြင့် စွန့်လွှတ်မှုမမြောက်ကြောင်း **ဒေါ်ညွန့် နှင့် မအမြီနာအမှု**[(၁)] တွင် လမ်းညွှန်ထားသည်။ သက်သေခံ (စ)စွန့်လွှတ်စာချုပ်သည် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ထားခြင်းမရှိသဖြင့် စွန့်လွှတ်မှုသည် အထမမြောက်သောကြောင့် ဒေါ်ကျင်ယုံသည် အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုရှိနေပေသည်။

ရန်ကုန်တိုင်းတရားရုံးက စွန့်လွှတ်စာချုပ်ကို သက်သေခံ (၅) အဖြစ် လက်ခံခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်၍ ဦးတိတ်မွန်ပါ ၅ တို့က တရားရုံးချုပ်သို့ ၂၀၀၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၃၀၇ ကို တင်သွင်းခဲ့သော်လည်း တရားရုံးချုပ်က

---

**(၁) ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၈ (၃၀)**

၂၀၀၈
ဒေါ်စောစိန်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ပြင်ဆင်မှုကိုပလပ်ခဲ့သည်။ စာချုပ်စာတမ်းတစ်ရပ်ကို သက်သေခံလက်ခံအဖြစ်လက်ခံရုံမျှဖြင့် တန်ဖိုးရှိသော စာချုပ်စာတမ်းဖြစ်မလာပေ။ သက်သေခံအက်ဥပဒေနှင့် စာချုပ်စာတမ်းများမှတ်ပုံတင်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေပြရန်လိုအပ်ပေသည်။

ဒေါ်စောစိန်တို့၏ ချေလွှာအပိုဒ် (၁၂) တွင် ဒေါ်ကျင်ယုံနှင့် ဒေါ်ကျင်၊ ဒေါ်ကျင်စိန်၊ ဒေါ်စောစိန်တို့၏ အပြန်အလှန်စွန့်လွှတ်စာချုပ်များသည် အဖိုးစားနားပေး၍ စွန့်လွှတ်ခြင်းမျိုးမဟုတ်သဖြင့် ဥပဒေအရ တရားမဝင်ကြောင်းထုချေထားသည်။ သို့ဖြစ်၍ဒေါ်စောစိန်တို့ကပင် သက်သေခံ (၅) စွန့်လွှတ်စာချုပ်၊ သက်သေခံ (၆) မြေနှင့်အိမ်အပြီးအပိုင်လွှဲပြောင်းခြင်းစာချုပ်၊ သက်သေခံ (ဂ) စွန့်လွှတ်စာချုပ်၊ သက်သေခံ (င) စွန့်လွှတ်ကြောင်း ကတိသစ္စာပြုလွှာတို့သည် ဥပဒေအရ တရားမဝင်ကြောင်း ထုချေထားသည်ကိုတွေ့ရသည်။

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၈ ၏ အဆိုလွှာတွင် ဦးကျော်ညွန့်သည် ကွယ်လွန်ခြင်းမပြုမီကအချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကိုစွန့်လွှတ်ပြီးဖြစ်၍ ဒေါ်စောစိန်နှင့်ဒေါ်ခင်သိန်းဝင်းပါ ၇ တို့သည် အချင်းဖြစ်အိမ်ကို ပူးတွဲပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး တစ်ဝက်စီခွဲဝေပေးရန် အဆိုပြုသည်။ ဒေါ်ခင်သိန်းဝင်းပါ ၇ တို့က ချေလွှာတွင် ဝန်ခံခဲ့သဖြင့် ရန်ကုန်တိုင်းတရားရုံးက ပြေငြိမ်းဒီကရီချမှတ်ခဲ့သည်။ ဦးကျော်ညွန့်က အချင်းဖြစ်အိမ်၌ ပိုင်ဆိုင်မှုကိုစွန့်လွှတ်ခြင်းမရှိဘဲ စွန့်လွှတ်ပြီးဖြစ်သည်ဟုလိမ်လည်လှည့်ဖြား၍ အဆိုပြုကာ ဒေါ်စောစိန်နှင့် ဒေါ်ခင်သိန်းဝင်းပါ ၇ တို့က ဒီကရီကိုရယူခဲ့သည်။ ထို့ကြောင့် ယင်းဒီကရီသည်ဦးတိတ်မွန်တို့အပေါ် အကျိုးသက်ရောက်မှုမရှိပေ။

၂၀၀၈
ဒေါ်စောစိန်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်ပြုံးလှိုင်)
ပါ ၈
နှင့်
ဦးတိတ်မွန်ပါ ၅

ထို့ကြောင့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်သည် မှားယွင်းခြင်းမရှိပေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံး၏ ၂၅-၉-၂၀၀၇ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကိုအတည်ပြုပြီး ဤတရားမ ပထမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ငွေ ၂၀၀ ကျပ်သတ်မှတ်သည်။

+၂၀၀၈
ဖေဖော်ဝါရီ
၁၈ ရက်

## တရားမပြင်ဆင်မှု

### တရားရုံးချုပ်တရားသူကြီး ဦးသက်ထွန်း၏ရှေ့တွင်

**တန်ချောင်ကီး (ခ) ဦးမင်းလွင်**
**(၎င်း၏ကိုယ်စားလှယ်စာရသူဒေါ်ခင်နှင်းလွင်)**
**နှင့်**
**ဦးနေလင်း ***

**စီရင်ချက်မချမီ ပစ္စည်းကို ဝရမ်းကပ်ခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) နှင့် ညီညွတ်ရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝရမ်းထုတ်ပေးခြင်းမပြုမီ ဝရမ်းကိုထုတ်ပေးရန် အလွန်ပင်လိုအပ်ပြီး လုံလောက်သော အကြောင်းရှိသည်ဟု ယုံကြည်မှသာလျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့်ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝရမ်းကပ်ရအောင် လုံလောက်သော အကြောင်းရင်းများရှိရန်လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) (က) သို့မဟုတ် (ခ) တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အပိုဒ်ခွဲ

---

*** ၂၀၀၇ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၇၆။**

**+ ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၃၀ တွင် ချမှတ်သော ၃၁-၈-၂၀၀၇ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။**

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

(က) အရဆိုလျှင် တရားပြိုင်သည် မိမိပေါ်ချမှတ်မည့် ဒီကရီကို ဇာရီပြုလုပ်သောအခါ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်းခြင်းပြုလုပ်ရန် စီစဉ်နေလျှင် အမှုမပြီးဆုံးမီ ပစ္စည်း ဖမ်းဝရမ်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ တရားပြိုင်က ၎င်း၏ပစ္စည်းကို ထုခွဲရောင်းချရန် ပြုလုပ်နေသည်ဆိုခြင်းနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ ထုခွဲရောင်းချမည်၊ မည်သူ့အား ထုခွဲ ရောင်းချမည်ဟု တိတိကျကျ စွပ်စွဲချက်ရှိရန် လိုပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးဌေးမောင် တရားရုံးချုပ်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဦးခင်ဇော် တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၃၀ တွင် ဦးနေလင်းက တန်ချောင်ကီး (ခ) ဦးမင်းလွင် အပေါ် ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈၉ ၌ ဦးမင်းလွင်ရရန်ရှိသည့် အမွေဝေစု ၆ ပုံ ၁ ပုံ၏တန်ဖိုးငွေကို တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ဝရမ်းစွဲကပ် ပေးပါရန် လျှောက်ထားရာ လျှောက်ထားချက်ကို လက်ခံခွင့်ပြုပြီး ဦးမင်းလွင်ရရှိမည့်ဝေစုငွေ၏ ကျပ်သိန်း ၃၉၀၀၀၀၀၀/- ကို ဝရမ်းစွဲကပ်ရန် အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ဆုံးဖြတ်ချက်ကို တန်ချောင်ကီး (ခ) ဦးမင်းလွင်က ကျေနပ်မှုမရှိသဖြင့် ဤတရားမ ပြင်ဆင်မှုကို တင်သွင်းသည်။

တန်ချောင်ကီး (ခ) ဦးမင်းလွင်၏ရှေ့နေက အမှုကို

မကြားနာမီ မူလတိုင်းတရားရုံး၏အမိန့်အပေါ် တရားရုံးချုပ်သို့ အထွေထွေအယူခံမှု တင်သွင်းရမည့်အစား ပြင်ဆင်မှုအဖြစ် မှားယွင်း တင်သွင်းမိပါသဖြင့် ဤပြင်ဆင်မှုလျှောက်လွှာကို အထွေထွေ အယူခံမှုအဖြစ် ပြောင်းလဲဆုံးဖြတ်ပေးပါရန် ဦးစွာတင်ပြသည်။ ထို့နောက် လျှောက်ထားသူ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ အပိုဒ် (၁)၊ အပိုဒ်ခွဲ (က) သို့မဟုတ် (ခ) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ကိုက်ညီမှုသာ ပစ္စည်းဖမ်း ဝရမ်းထုတ်ဆင့်ခွင့်ရှိကြောင်း၊ လျှောက်ထားခံရသူက မူလရုံး၌ တင်သွင်းခဲ့သည့်လျှောက်လွှာနှင့် ကျမ်းကျိန်လွှာပါ ဖော်ပြချက်များ သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည့်အပြင် လက်ဝယ်ရရှိ ခြင်းမရှိသေးသည့် ငွေသားအပေါ်တောင်းဆိုထားခြင်းဖြစ်၍ ဥပဒေအရ လက်မခံ သင့်ကြောင်း၊ တိုင်းတရားရုံး ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိ၍ ပြင်ဆင်ပယ်ဖျက်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၈၊ နည်းဥပဒေ ၅ ပြဋ္ဌာန်းချက်ပါ ပစ္စည်းဆိုသည်မှာ တရားပြိုင်ပိုင်ဆိုင်လျက် ၄င်းကစီမံခန့်ခွဲခွင့်ရှိသော တည်ဆဲပစ္စည်း ကိုသာဆိုလိုကြောင်း၊ ဝရမ်းကပ်မိန့်ချမှတ်ခဲ့သော ပစ္စည်းမှာ လျှောက်ထားသူရရှိပြီးဖြစ်သည့် အမွေဝေစု ၆ ပုံ ၁ ပုံကိုစွဲမှီလျက် အရောင်းအဝယ်တန်ဖိုးငွေအပေါ် လျှောက်ထားခဲ့ခြင်း သာဖြစ် ကြောင်း၊ လျှောက်ထားသူက ၆ ပုံ ၁ ပုံ အမွေဆက်ခံရရှိပြီးဖြစ်သည့် အမွေဆိုင်မြေကွက်ကြီးတစ်ခုလုံးအား ထုခွဲရောင်းချရန် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသဖြင့် တိုင်းတရားရုံးသည် ဥပဒေနှင့် အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွဲကို စိစစ်ကြည့်ရှုရာ ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၄

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၄ တွင် တန်ချောင်ကီး (ခ) ဦးမင်းလွင်သည် ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် ၆ ရပ်ကွက်၊ မြေကွက်အမှတ် ၁၈၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ ဧရိယာ ၅. ၀၀၄ ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တွင် အမွေဝေစု ၆ ပုံ ၁ ပုံ ခွဲဝေခံစားစေရန် အနိုင်ဒီကရီရရှိထားသည်။ ယင်းအနိုင်ဒီကရီ ကို ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၈၉ တွင် အတည်ပြုဆောင်ရွက်လျက်ရှိရာ အမွေပစ္စည်းတစ်ရပ်လုံးကို လေလံတင်ရောင်းချရန် ဆောင်ရွက်ဆဲဖြစ်သည်။

ယင်းကဲ့သို့သောအခြေအနေတွင် ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၃၀ ၌ ဦးနေလင်းက တန်ချောင်ကီး (ခ) ဦးမင်းလွင်အပေါ် အရောင်းအဝယ်စာချုပ်ကို ပယ်ဖျက်၍ ရောင်းဖိုးငွေကျပ် သိန်း ၃၀၀၀ နှင့် နစ်နာကြေးငွေကျပ်သိန်း ၉၀၀ စုစုပေါင်း ငွေကျပ်သိန်း ၃၉၀၀ ရလိုမှုစွဲဆိုခဲ့သည်။

အဆိုပါအမှုတွင် ဦးနေလင်းက တရားမကျင့်ထုံးဥပဒေ အမိန့် ၃၈၊ နည်းဥပဒေ၅ အရ ဇာရီမှုအမှတ် ၈၉/၂၀၀၇ ၌ ဦးမင်းလွင်အမွေဆက်ခံရရှိထားသည့် အမွေဝေစု ၆ ပုံ ၁ ပုံအပေါ် ဝရမ်းစွဲကပ်သည့်အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

မည်သည့်အတွက် ယင်းကဲ့သို့လျှောက်ထားရခြင်းဖြစ်ကြောင်း ဦးနေလင်းက ၆-၇-၂၀၀၇ ရက်စွဲပါ ၎င်း၏ကျမ်းကျိန်လွှာ၌ အောက်ပါအတိုင်း အကြောင်းပြထားသည်-

" တန်ချောင်ကီး (ခ) ဦးမင်းလွင်အနေဖြင့် ၎င်း၏အမွေဝေစု မြေ ၆ ပုံ ၁ ပုံ ၏ တန်ဖိုးငွေကို ထုတ်ယူရရှိသွားမည်ဆိုပါက ကျွန်တော်အနေဖြင့် စွဲဆိုထားသည့်ငွေဒီကရီ၏ အသီးအပွင့်ကို ခံစားခွင့်ရရှိတော့မည်မဟုတ်ဘဲ ကုစား၍မရနိုင်

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

သော နစ်နာဆုံးရှုံးမှုခံရမည် ဖြစ်ပါသည်။"

တိုင်းတရားရုံးက အောက်ပါအတိုင်းသုံးသပ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်း ဥပဒေ ၅အရ ဝရမ်းစွဲကပ်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်-

"တရားမဇာရီမှုအမှတ် ၈၉/၀၇ တွင် လျှောက်ထားခံရသူ အကျိုးခံစားခွင့်ရှိသည့်ဥပစာ၏ ၆ ပုံ ၁ ပုံ အပါအဝင် လေလံတင်ရောင်းချရန် ဆောင်ရွက်နေသဖြင့် လျှောက်ထားခံရသူပိုင်ပစ္စည်းကို စီမံထုခွဲမည့် အခြေအနေတွင်ရှိသည်ဟုဆိုနိုင်သည်။ အဆိုပါ လေလံတင်ရောင်းချမည့်ပစ္စည်းမှ လျှောက်ထားခံရသူ၏ အမွေဝေစုအပေါ် တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) အရ အရေးယူဆောင်ရွက်ရန် လိုအပ်မည်ဟု ယူဆသည်။ သို့ဖြစ်၍ တရားမဇာရီမှုအမှတ် ၈၉/၀၇ တွင် လေလံတင်ရောင်းချ၍ အောင်မြင်ပါက ယင်းငွေမှလျှောက်ထားခံရသူရရှိမည့် ဝေစုငွေ၏ကျပ်သိန်း သုံးထောင့်ကိုးရာကို တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ဝရမ်းစွဲကပ်ရန် အမိန့်ချမှတ်လိုက်သည်။"

တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်းဥပဒေ ၁ တွင် အယူခံဝင်ခွင့်ရှိသည့်အမိန့်များကို ဖော်ပြထားရာ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ တရားရုံးမှချမှတ်သော အမိန့်သည် အယူခံဝင်နိုင်သည်ဟု ဖော်ပြထားသည့် အမိန့်များတွင် မပါဝင်ချေ။ အမိန့် ၃၈၊ နည်းဥပဒေ ၆ အရ ချမှတ်သည့်အမိန့်ကိုသာ အယူခံဝင်ခွင့်ရှိသည်ဟု အမိန့် ၄၃၊ နည်းဥပဒေ ၁ အမှတ်စဉ် **(ထ)** တွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် တိုင်းတရားရုံးက ချမှတ်ထားသည့်အမိန့်သည်

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ချမှတ်ခဲ့ခြင်း ဟုတ် မဟုတ် စိစစ်ရန်လိုပေသည်။

စီရင်ချက်မချမီ ပစ္စည်းကိုဝရမ်းကပ်ခြင်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" အမှုတစ်မှု၏ မည်သည့်အဆင့်တွင်မဆို၊ တရားပြိုင်သည် မိမိအပေါ် ချမှတ်မည့် ဒီကရီတစ်ရပ်ရပ်အတည်ပြုခြင်းကို ဟန့်တားရန်သို့မဟုတ် နှောင့်နှေးစေရန် ရည်ရွယ်၍-

(က) မိမိပိုင်ပစ္စည်းအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ဒေသကို စီမံထုခွဲမည့်ဆဲဆဲဖြစ်ကြောင်း သို့မဟုတ်

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်ဒေသအတွင်းမှ မိမိပိုင်ပစ္စည်းအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ဒေသကို ရွှေ့ပြောင်းမည့်ဆဲဆဲဖြစ်ကြောင်း၊

ကျမ်းကျိန်လွှာအရဖြစ်စေ၊ အခြားနည်းဖြစ်စေ ကျေနပ်လျှင် တရားရုံးသည် မိမိသတ်မှတ်သည့် အချိန်အတွင်း ဆိုခဲ့သည့်ပစ္စည်းကိုဖြစ်စေ၊ ယင်းပစ္စည်း၏ တန်ဘိုးကိုဖြစ်စေ၊ ဒီကရီကိုကျေအေး ပြေငြိမ်းစေရန် လုံလောက်သည့် ထိုပစ္စည်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုအပ်သည့်အခါ တရားရုံးသို့ တင်ပြပေးအပ်ရန်အတွက် အမိန့်တွင် သီးခြားဖော်ပြထားသည့်ငွေကို အာမခံအဖြစ် တင်သွင်းစေရန်သော်လည်းကောင်း၊ မည်သည့်အတွက် အာမခံမတင်သွင်းသင့်ကြောင်း အကြောင်းပြထုချေရန် အလို့ငှာတရား ရုံးသို့ လာရောက်စေရန်သော်လည်းကောင်း တရားပြိုင်အား ညွှန်ကြားနိုင်သည်။"

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

အထက်ပြဋ္ဌာန်းချက်အရ တရားရုံးသည် စီရင်ချက်များ မချမှတ်မီ ပစ္စည်းကို ချက်ချင်းဝရမ်းကပ်နိုင်မည်မဟုတ်ပေ။ ပစ္စည်းကို တင်ပြရန်အတွက် အာမခံတင်သွင်းရန်ဖြစ်စေ၊ အာမခံမပေးသွင်းသင့်ကြောင်း တရားပြိုင်အား အကြောင်းပြစေရန်ဖြစ်စေ၊ တရားရုံးက ပထမအမိန့်ချမှတ်ရမည်။ တရားရုံးက အာမခံတင်သွင်းရန် အမိန့်ချမှတ်ထားပြီး တရားပြိုင်က ပေးသွင်းခြင်းမပြုမှသာ ဝရမ်းကပ်စေရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သည်။

ယင်းသို့တရားပြိုင်က အကြောင်းမပြ၊ မထုချေသောအခါ သို့မဟုတ် အာမခံမတင်သွင်းသောအခါ တရားရုံးက ပစ္စည်းကို ဝရမ်းကပ်ရန်အမိန့်ချမှတ်နိုင်ကြောင်း နည်းဥပဒေ ၆ ၏ အပိုဒ်ခွဲ ၁ တွင် အောက်ပါအတိုင်း ဆက်လက်ပြဋ္ဌာန်းထားသည်-

> " တရားရုံးက သတ်မှတ်သည့်အချိန်ကာလအတွင်း တရားပြိုင်သည် မည်သည့်အတွက် အာမခံမတင်သွင်းထိုက်ကြောင်း၊ အကြောင်းပြထုချေရန်သော်လည်းကောင်း၊ လိုအပ်သည့် အာမခံကို တင်သွင်းရန်သော်လည်းကောင်း၊ ပျက်ကွက်လျှင် တရားရုံးသည် သီးခြားဖော်ပြထားသည့် ပစ္စည်းကိုဖြစ်စေ၊ အမှုတွင်ချမှတ်မည့် ဒီကရီတစ်ရပ်ရပ်ကို ကျေအေးပြေငြိမ်းစေလောက်သည်ဟု ထင်မြင်သော ယင်း ပစ္စည်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝရမ်းကပ်ရန် အမိန့်ချမှတ်နိုင်သည်"

တိုင်းတရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ ကို ကိုးကားဆုံးဖြတ်ခဲ့သော်လည်း အထက်ပြဋ္ဌာန်းချက်များအရ အမိန့် ၃၈၊ နည်းဥပဒေ ၆ (၁) အရ ချမှတ်သော အမိန့်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ယင်းအမိန့်သည် အယူခံဝင်နိုင်သော အမိန့်ဖြစ်သည်ဟု ဆိုရပေမည်။

သို့ဖြစ်၍ ဤတရားမပြင်ဆင်မှုအား တရားမအထွေထွေ

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၄င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

အယူခံမှုအဖြစ် ပြောင်းလဲကြားနာခြင်းက ပိုမိုဆီလျော်မှု ရှိပေလိမ့်မည်။

တရားရုံးများသည် အမှုမပြီးဆုံးမီအတွင်း ပစ္စည်းဖမ်းဝရမ်းထုတ်ပေးခြင်းမပြုမီ ဝရမ်းကိုထုတ်ပေးရန် အလွန်ပင်လိုအပ်ပြီးလုံလောက်သောအကြောင်းရှိသည်ဟု ယုံကြည်မှသာလျှင် ထုတ်ပေးသင့်သည်။ လွယ်လွယ်နှင့်ထုတ်ပေးခြင်း မပြုသင့်ချေ။ ဝရမ်းကပ်ရအောင် လုံလောက်သော အကြောင်းရင်းများရှိရန်လိုသည်။ လုံလောက်သောအကြောင်းဆိုသည်မှာ တရားမကျင့်ထုံးအမိန့် ၃၈၊ နည်းဥပဒေ (၅) (၁) (က) သို့မဟုတ် (ခ) တို့တွင် ဖော်ပြထားသည့်ပြဋ္ဌာန်းချက်နှင့် ကိုက်ညီရမည်ဖြစ်သည်။ အပိုဒ်ခွဲ (က) အရဆိုလျှင်တရားပြိုင်သည် မိမိပေါ်ချမှတ်မည့်ဒီကရီကို ဇာရီပြုလုပ်သောအခါနှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ပစ္စည်းအားလုံး သို့မဟုတ်တစ်စိတ်တစ်ဒေသကို ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်းခြင်းပြုလုပ်ရန်စီစဉ်နေလျှင် အမှုမပြီးဆုံးမီ ပစ္စည်းဖမ်းဝရမ်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ တရားပြိုင်က ၎င်း၏ပစ္စည်းကို ထုခွဲရောင်းချရန်ပြုလုပ်နေသည်ဆိုခြင်းနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံ ထုခွဲရောင်းချမည်၊ မည်သူအား ထုခွဲရောင်းချမည်ဟု တိတိကျကျ စွပ်စွဲချက်ရှိရန် လိုပေသည်။ ပစ္စည်းကို ထုခွဲရောင်းချရန် အစီအစဉ်ပြုလုပ်နေသည်ဟုယေဘုယျ စွပ်စွဲချက်ဖြင့် မလုံလောက်ချေ။ ထို့အတူ တရားရုံး၏စီရင်ပိုင်ခွင့်အတွင်းမှ ထုတ်ယူသွားရန် စီစဉ်နေသည်ဆိုလျှင်လည်းယင်းအချက်ကို သက်သေထင်ရှားပြသရန် လိုအပ်သည်။

ဤအမှု၌ ဦးနေလင်းဘက်မှ တင်ပြထားသည့် ကျမ်းကျိန်လွှာအရဆိုလျှင် ဦးနေလင်းတင်ပြသည့်အကြောင်းပြချက်များမှာတရားမကျင့်ထုံးဥပဒေအမိန့် ၃၈၊ နည်းဥပဒေ ၅ ၏ အပိုဒ်ခွဲ (က)နှင့် (ခ) တွင် အကျုံးမဝင်သော အကြောင်းပြချက်များဖြစ်ကြောင်း

၂၀၀၈
တန်ချောင်ကီး
(ခ) ဦးမင်းလွင်
(၎င်း၏ကိုယ်စားလှယ်
စာရသူ
ဒေါ်ခင်နှင်းလွင်)
နှင့်
ဦးနေလင်း

ပေါ်ပေါက်လျက်ရှိသည်။

ဤကဲ့သို့သောအခြေအနေတွင် တိုင်းတရားရုံးက တန်ချောင်ကီး (ခ) ဦးမင်းလွင်လက်ဝယ်သို့ မရရှိသေးသည့် အမွေဝေစု ၆ ပုံ ၁ ပုံ၏ တန်ဖိုးငွေကျပ် သိန်း ၃၉၀၀ အပေါ် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၈၊ နည်းဥပဒေ ၅ အရ ဝရမ်းစွဲကပ်ရန် ချမှတ်သည့်အမိန့်မှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် တန်ချောင်ကီး (ခ) ဦးမင်းလွင် တင်သွင်းသည့် တရားမပြင်ဆင်မှုအား တရားမအယူခံမှုအဖြစ် ပြောင်းလဲသတ်မှတ်၍ ဤတရားမအထွေထွေအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ တိုင်းတရားရုံး၏ ၃၁-၈-၂၀၀၇ ရက်စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀/- သတ်မှတ်သည်။

+ ၂၀၀၈
―――
မေလ
၂၆ ရက်

## တရားမအထူးအယူခံမှု

**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေး နှင့် ဦးတင်အေးတို့၏ရှေ့တွင်**

**ဒေါ်မမလေးပါ ၁၂**
**ဒေါ်မမလေးပါ ၁၂**
**နှင့်**
**ဒေါ်သန်းသန်းပါ ၁၅ ***
**ဒေါ်ချိုတီပါ ၁၅**

**ဟိန္ဒူဥပဒေအရ မည့်သည့်အခါ လက်ထပ်ထိမ်းမြားမှု တရားဝင်သည်ဟု ကောက်ယူရခြင်း။**

**ဆုံးဖြတ်ချက်**။ ။ ဦးကံလှသည် ဒေါ်မမလေးနှင့် လင်မယား တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်သည်။ ဒေါ်ချိုတီမှာလည်း ဦးကြည်နှင့် ဟိန္ဒူဓလေ့ထုံးတမ်းအရ ဘာသာရေးလူကြီးများရှေ့တွင် တရားဝင် ကွာရှင်းခဲ့ပြီးဖြစ်သည်။ ထို့နောက် ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် မြင်းမူမြို့၊ ဟိန္ဒူဘုရားကျောင်း၌ ဘာသာရေးလူကြီးများရှေ့တွင် ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ကာ နှစ်ပေါင်း ၃၀ ခန့်

---

*** ၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၈ နှင့် ၂၉။**

**+ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၆၄ နှင့် ၂၇၃ တို့တွင် ချမှတ်သော ၂၃-၄-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။**

လင်မယားအဖြစ် ပေါင်းသင်းကြပြီး သားသမီး ၆ ဦး ထွန်းကားကြောင်း သက်သေခံ အထောက်အထားများအရ ထင်ရှားပေါ်ပေါက်သည်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် နှစ်ပေါင်း ၃၀ ခန့် ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် အတူပေါင်းသင်း နေထိုင်ခဲ့ခြင်း၊ သားသမီး ၆ ဦး ထွန်းကားခဲ့ခြင်း စသည့် အကြောင်းခြင်းရာတို့အရ ၎င်းတို့နှစ်ဦးမှာ တရားဝင် လင်မယားဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးဇမာ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၁မှ၈အတွက်) | - | ဦးညဏ်မြင့်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၉မှ၁၅အတွက်) | - | ဦးကျော်သန်း<br>တရားရုံးချုပ်ရှေ့နေ |

| | | |
|---|---|---|
| အယူခံတရားပြိုင် (၁မှ၇အတွက်) | - | ဦးကျော်သန်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင် (၈မှ၁၅အတွက်) | - | ဦးညဏ်မြင့်<br>တရားရုံးချုပ်ရှေ့နေ |

မန္တလေးတိုင်းတရားရုံး၊ ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၅ တွင် ဒေါ်ချိုတီပါ ၇ က ဒေါ်မမလေးပါ ၂၀ အပေါ် အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် စာချုပ်များအလိုအလျောက် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရာ တိုင်းတရားရုံး

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

က ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့သည် ဦးပိုင်အမှတ် ၃-က တွင် ၁၇ ပုံ ၃ ပုံ၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့် အဆောက်အအုံတွင် ၂၂ ပုံ ၃ ပုံ ခံစားခွင့်ရှိကြောင်း ပဏာမ ဒီကရီချမှတ်သည်။

ဒေါ်သန်းသန်းပါ ၈ တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံအမှုအမှတ် ၂၆၄ ကိုလည်းကောင်း၊ ဒေါ်မမလေးပါ ၁၂ တို့က တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၇၃ ကိုလည်းကောင်း တင်သွင်းခဲ့ရာ တရားရုံးချုပ်က ၂၀၀၆ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၆၄ကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ကာ ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့သည် ဦးပိုင်အမှတ် ၃-က မြေနှင့်အကျိုးခံစားခွင့်များတွင် ၂၂ ပုံ ၃ ပုံ၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့်အဆောက်အအုံတွင် ၂၂ ပုံ ၃ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်သည်။ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၂၇၃ ကိုပလပ်သည်။

ဒေါ်မမလေးပါ ၁၂ တို့က တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ စီရင်ချက်နှင့်ဒီကရီအပေါ် မကျေနပ်သဖြင့် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်ရရှိနိုင်ရန်အတွက် ၂၀၀၇ ခုနှစ် တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၁၇ နှင့် ၁၁၈ တို့ကို တင်သွင်းခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စီရင် ဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"မူလရုံးတရားလိုအမှတ် ၄၊ ၅၊ ၇ တို့သည် ကွယ်လွန်သူ

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဦးပြေဟ္မာဘလ၏ အမွေကိုဆက်ခံခွင့်ရှိကြောင်း၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းသည် ဟိန္ဒူဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ။”

၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၈ နှင့် ၂၉ တို့သည် မူလတရားမကြီးမှုအမှတ် ၃၃၅/၂၀၀၄ တစ်မှုတည်းမှ အဆင့်ဆင့်ပေါ်ပေါက်လာခြင်းဖြစ်သည့်အပြင် စိစစ်ရမည့် ဥပဒေပြဿနာမှာလည်း တူညီနေသဖြင့် ဤစီရင်ချက်သည် အထူးအယူခံမှု နှစ်မှုစလုံးနှင့်သက်ဆိုင်သည်။

မူလမှုအဆိုလွှာအရ ဒေါ်ချိုတီပါ ၇ က ၎င်းတို့သည် ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေနှင့်သက်ဆိုင်သည့် ပုဏ္ဏားလူမျိုးများဖြစ်ကြကြောင်း၊ ပုဏ္ဏားလူမျိုး ဦးပြေဟ္မာဘလနှင့် ဇနီး ဒေါ်ဘလီဂါ တို့တွင် ဦးကံလှ၊ ဒေါ်ညို၊ ဦးတင်မြဟူသော သားသမီး ၃ ဦး ထွန်းကားခဲ့ကြောင်း၊ ဒေါ်ညိုသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားကြောင်း၊ ဦးကံလှသည် ဒေါ်မမလေး(အမှတ်၁ တရားပြိုင်) နှင့် အိမ်ထောင်ပြုပြီး၊ ဦးအောင်ရွှေ (အမှတ် ၂ တရားပြိုင်)၊ ဦးစိန်ဝင်း (အမှတ် ၃တရားပြိုင်)၊ ဦးတင်ဝင်း(အမှတ်၄တရားပြိုင်) ဒေါ်တင်တင် (အမှတ်၅ တရားပြိုင်)၊ ဦးမြဝင်း (အမှတ် ၆တရားပြိုင်)၊ ဦးခင်မောင်ဝင်း (အမှတ် ၇ တရားပြိုင်)၊ ဦးခင်မောင်ထွန်း (အမှတ် ၈ တရားပြိုင်)၊ ဒေါ်တင်တင်ဝင်း (အမှတ် ၉ တရားပြိုင်)၊ ဦးသိန်းဝင်း (အမှတ် ၁၀ တရားပြိုင်)၊ ဒေါ်ကွယ်ညာ (ခ) ပုနော်ကွယ်ညာ(အမှတ် ၁၁ တရားပြိုင်)၊ ဦးကျော်ဆန်း (အမှတ် ၁၂ တရားပြိုင်) တို့ကို မွေးဖွားခဲ့ကြောင်း၊ ဦးကံလှသည် ဒေါ်မမလေးနှင့် တရားဝင်ကွာရှင်းပြီးနောက် ဒေါ်ချိုတီ (အမှတ်၁ တရားလို) နှင့် တရားဝင်လက်ထပ်ပြီး ဒေါ်လှလှမြင့် (အမှတ် ၂ တရားလို)၊ ဒေါ်တင်တင်ဝင်း

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

(အမှတ် ၃ တရားလို)၊ ဦးတင်အောင်သန်း (အမှတ် ၄ တရားလို)၊ ဦးစိန်ဝင်းထွန်း (အမှတ် ၅ တရားလို)၊ ဒေါ်သန်းသန်းနွယ်(အမှတ် ၆ တရားလို) နှင့် ဦးမြင့်သန်း (အမှတ် ၇ တရားလို) တို့ကို မွေးဖွားခဲ့ကြောင်း ။ ဦးတင်မြသည် ဒေါ်သန်းသန်း (အမှတ် ၁၃ တရားပြိုင်) နှင့် အိမ်ထောင်ပြုပြီး ဦးထွန်းသိန်း (အမှတ် ၁၄ တရားပြိုင်)၊ ဦးတင်ထွန်း(အမှတ် ၁၅ တရားပြိုင်)၊ မောင်ဂိုဘီ(ခ) ဦးမင်းထွန်း (အမှတ် ၁၆ တရားပြိုင်)၊ ဦးပေါ်ဦး (အမှတ်၁၇ တရားပြိုင်)၊ ဦးသိန်းဇော် (အမှတ် ၁၈ တရားပြိုင်)၊ ဦးငွေလှိုင် (အမှတ် ၁၉ တရားပြိုင်) နှင့် ဒေါ်ဝင်းသန်း (အမှတ် ၂၀ တရားပြိုင်) တို့ကို မွေးဖွားခဲ့ကြောင်း၊ ဒေါ်ချိုတီသည် ဦးကံလှနှင့် အိမ်ထောင်မပြုမီ ဦးကြည်နှင့် အိမ်ထောင်ကျခဲ့ကြောင်း၊ ဒေါ်ချိုတီသည် ဦးကြည်နှင့် တရားဝင်လင်မယားကွာရှင်းပြီးနောက် ဦးကံလှနှင့် အိမ်ထောင်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်တင်တင်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ကွယ်ညာ၊ ဒေါ်ဝင်းသန်းတို့သည် အိမ်ထောင်ပြုသွားကြသဖြင့် ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်မရှိတော့ကြောင်း ဦးပြဟ္မာဘလ ကွယ်လွန်သည့်အခါ ၄င်းအမည်ပေါက် မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၀၁ ဦးပိုင်အမှတ် ၃-ခ ဘိုးဘပိုင်မြေ ၀. ၁၉၄၁ ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှာ ဒေါ်ညို၊ ဦးကံလှ၊ ဦးအောင်ရွှေတို့ အမည်ပေါက်နေသော်လည်း ဦးအောင်ရွှေကို အမည်ခံထည့်ထား ခြင်းသာဖြစ်ကြောင်း၊ ဒေါ်ချိုတီပါ ၇ က ဦးပိုင်အမှတ် ၃-က တွင် ၂၃ ပုံ ၇ ပုံကိုလည်းကောင်း၊ ဦးပိုင်အမှတ် ၃-ခ တွင် ၃၇၆ ပုံ ၂၇၄ ပုံကိုလည်းကောင်း အသီးသီးခံစားခွင့်ရှိကြောင်း၊ မြေနှင့် အဆောက် အအုံများနှင့်ပတ်သက်၍ အမွေရပိုင်ဆိုင်ကြောင်း၊ ကြေငြာစာချုပ် အမှတ် ၃၇၀၁/၂၀၀၂ နှင့် စွန့်လွှတ်စာချုပ်အမှတ် ၃၇၀၃/၂၀၀၂၊

၃၇၀၄/၂၀၀၂၊ ၃၇၀၅/၂၀၀၂ တို့ကို တရားမဝင်ပြုလုပ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ဒေါ်ချိုတီပါ ၇ တို့သည် ဦးပိုင်အမှတ် ၃-က မြေနှင့်အဆောက်အအုံတွင် ၂၃ ပုံ ၇ ပုံကိုလည်းကောင်း၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့်အဆောက်အအုံတွင် ၇၃၆ ပုံ ၂၇၃ ပုံကိုလည်းကောင်း၊ ခွဲဝေပေးရန် အမွေရပိုင်ဆိုင်ကြောင်း၊ ကြေငြာစာချုပ်အမှတ် ၃၇၀၁/၂၀၀၂ စွန့်လွှတ်စာချုပ်အမှတ် ၃၇၀၃/၂၀၀၂၊ ၃၇၀၄/၂၀၀၂၊ ၃၇၀၅/၂၀၀၂ တို့သည် အလိုအလျောက် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးရန် ဖော်ပြအဆိုပြုသည်။

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဒေါ်မမလေးပါ ၂၀ တို့က ချေလွှာတွင် ဒေါ်ချိုတီတို့သည် ပုဏ္ဏားလူမျိုးမဟုတ်ကြောင်း၊ ဦးကံလှသည် ဒေါ်မမလေးနှင့် လင်မယား တရားဝင်ကွာရှင်းခြင်းမရှိသဖြင့် ဟိန္ဒူဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ချိုတီသည် ဦးကံလှ၏တရားဝင်ဇနီးတစ်ဦး မဟုတ်ကြောင်း၊ ဒေါ်ချိုတီသည်လည်းကောင်း၊ ဒေါ်ချိုတီသားသမီး သည်လည်းကောင်း ဦးဖြဟ္မာဘလနှင့် ဒေါ်ဘာလီဂါတို့ အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ ဦးဖြဟ္မာဘလသည် ၁၉၄၀ ပြည့်နှစ်တွင် ကွယ်လွန်ပြီးနောက် ၎င်း၏အမွေဆက်ခံသူများက ၁၉၇၈ ခုနှစ်တွင် အမွေခွဲဝေပြီးကြောင်း၊ ဦးပိုင်အမှတ် ၃-ခ ကို ဦးအောင်ရွှေကလည်း ပိုင်ဆိုင်ကြောင်း၊ ဤအမှုကို တရားစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အဆိုလွှာကို ပလပ်ပေးရန် ဖော်ပြထုချေသည်။

မန္တလေးတိုင်းတရားရုံးက မန္တလေးမြို့၊ ချမ်းအေးသာစံ မြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အမှတ် ၇၀၁၊ ဦးပိုင်အမှတ်-၃-က မြေကွက်သည် အမွေရှင် ဦးဖြဟ္မာဘလအမည်ပေါက်နေသဖြင့် ဦးဖြဟ္မာဘလကွယ်လွန်သည့်အခါ အမွေပုံပစ္စည်းကျန်ရစ်ကြောင်း ဦးကံလှနှင့် ဒေါ်ချိုတီတို့ကို လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က မြင်းမူမြို့ရှိ

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဟိန္ဒူဘုရားကျောင်းတွင် ဘာသာရေးအရ လက်ထပ်ပေး ခဲ့ကြောင်းဖြင့် ဂေါပကဥက္ကဋ္ဌ ဦးလွယ်ရန် (လိုပြ-၅) က ထွက်ဆိုကြောင်း၊ ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် ဟိန္ဒူဘုရားကျောင်း၌ လက်ထပ်ပေါင်းသင်းပြီး သားသမီး ၆ ဦး မွေးဖွားခဲ့ကြောင်းဖြင့် ဦးကျော် (လိုပြ-၇)၊ ဦးသိန်းနိုင် (လိုပြ-၁) တို့က ထွက်ဆိုထားကြောင်း၊ ပုဏ္ဏားလူမျိုးများ၏ အမွေဆက်ခံမှုမှာ ဟိန္ဒူဥပဒေနှင့်သက်ဆိုင်ကြောင်း၊ ဟိန္ဒူဥပဒေတွင် အိမ်ထောင်ကြီးအချင်းချင်းလက်ထပ်လျှင် လက်ထပ်ပွဲကျင်းပရန် မလိုကြောင်း၊ မြေးယောကျ်ားလေးများသည် မြေးမိန်းကလေးများကိုလည်းကောင်း ၊ မုဆိုးမများကိုလည်းကောင်း ဟိန္ဒူဥပဒေအရ အမွေဆက်ခံမှုအစီအစဉ်မှ ပယ်ထုတ်ကြောင်း၊ အမွေပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း (သက်သေခံ-က) စွန့်လွှတ်စာချုပ်များ (သက်သေခံ-စ၊ ဆ၊ ဇ) တို့တွင် ဦးကံလှ၏ဇနီး ဒေါ်မမလေး၊ ဦးတင်မြ၏ဇနီး ဒေါ်သန်းသန်း၊ မြေးမိန်းကလေးများက အမွေခွဲဝေယူထားကြကြောင်း၊ အမွေဆက်ခံခွင့်ရှိသော မြေးယောကျ်ားလေးများဖြစ်သည့် ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့ မပါဝင်ကြသဖြင့် ထိုစာချုပ်များသည် မူလကပင်ပျက်ပြယ်လျက်ရှိကြောင်း ၊ ထို့ကြောင့် ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့သည် ဦးဖြဟ္မာဘလ၏အမွေကို ဆက်ခံထိုက်ကြောင်း ၊ စွန့်လွှတ်စာချုပ်များ ပြုလုပ်သည့် ၂၀၀၂ ခုနှစ်မှစ၍ ကာလစည်းကမ်းသတ်ကို စတင်ရေတွက်သော် ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအပိုဒ် ၁၄၄ အရ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်း မရှိကြောင်း၊ ဒေါ်ညိုကွယ်လွန်သောအခါ ၎င်း၏အမွေဝေစုသည် ဦးကံလှ၊ ဦးတင်မြတို့ ညီအစ်ကိုနှစ်ဦးထံ သက်ဆင်းမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့သည် ဦးပိုင်အမှတ် ၃-က တွင် ၁၇

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ပုံ ၃ပုံ၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့်အဆောက်အအုံတွင် ၂၂ ပုံ ၃ ပုံ ခံစားထိုက်ကြောင်း ပဏ္ဏာမဒီကရီချမှတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဦးကံလှသည် ဒေါ်ချိုတီနှင့် မြင်းမူမြို့ ဟိန္ဒူဘုရားကျောင်း၌ ဂေါပကလူကြီး ဦးလွယ်ရန် (လိုပြ-၅) ရှေ့၌ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လက်ထပ်ပေါင်းသင်းပြီး သားသမီး ၆ ဦး ထွန်းကားခဲ့ကြောင်း၊ အမွေရပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း (သက်သေခံ-က)၊ စွန့်လွှတ်စာချုပ်များ (သက်သေခံ-စ၊ ဆ၊ ဇ) တို့တွင် ဦးကံလှ၏ဇနီး ဒေါ်မမလေး၊ ဦးတင်မြ၏ဇနီး ဒေါ်သန်းသန်း အပါအဝင် မိန်းကလေးများပါဝင်၍ စွန့်လွှတ်စာချုပ်ပြုလုပ်၍ အမွေခွဲဝေထားသည်ကို တွေ့ရှိရကြောင်း၊ ဟိန္ဒူဥပဒေအရ အမွေဆက်ခံထိုက်သူ ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဦးမြင့်သန်းတို့မပါဝင်ဘဲ စာချုပ်များပြုလုပ်ထားကြသဖြင့် ယင်းစာချုပ်များသည် မူလကပင်ပျက်ပြယ်နေကြောင်း၊ ဦးပိုင်အမှတ် ၃-က မြေနှင့် အကျိုးခံစားခွင့်များတွင် ဦးကံလှနှင့် ဦးတင်မြတို့က တစ်ဝက်စီခံစားခွင့်ရှိရာ ဦးကံလှ၏သား ၁၁ ဦးက ၂ ပုံ ၁ ပုံနှင့် ဦးတင်မြ၏သား ၆ ဦးက ၂ ပုံ ၁ ပုံ ခံစားခွင့်ရှိကြောင်း၊ သို့ဖြစ်၍ ၂ ပုံ ၁ ပုံ၏ ၁၁ ပုံ ၃ ပုံဖြစ်သော ၂၂ ပုံ ၃ ပုံကို ဦးကံလှ၏သားဖြစ်သည့် ဦးတင်အောင်သန်း ပါ-၃ ဦးက ခံစားခွင့်ရှိကြောင်း၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့်အဆောက်အအုံတွင် ဦးကံလှ၊ ဒေါ်ညို၊ ဦးတင်မြတို့က ၃ ပုံ ၁ ပုံစီ ခံစားခွင့်ရှိရာ ဒေါ်ညိုသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် ဦးကံလှသည် မိမိ၏ဝေစုအပြင် ဒေါ်ညို၏ဝေစု ၃ ပုံ ၁ ပုံ၏ ၂ ပုံ ၁ ပုံဖြစ်သော ၆ ပုံ ၁ ပုံကိုခံစားခွင့်ရှိ၍ ဦးကံလှ၏သားများဖြစ်ကြသော ဦးတင်အောင်သန်းပါ ၃ တို့က ၂၂ ပုံ ၃ ပုံ ကိုရထိုက်ကြောင်း၊ သို့ဖြစ်၍ ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း ၊ ဦးမြင့်သန်းတို့သည်

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဦးပိုင်အမှတ် ၃-က မြေနှင့်အကျိုးခံစားခွင့်တွင် ၂၂ ပုံ ၃ ပုံ၊ ဦးပိုင်အမှတ် ၃-ခ မြေနှင့်အဆောက်အအုံတွင် ၂၂ ပုံ ၃ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်လိုက်ပြီး ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၇၃ ကို ပလပ်ကြောင်း ဒီကရီချမှတ်သည်။

အယူခံတရားလိုများရှေ့နေက ဦးကံလှသည် ဒေါ်မမလေးနှင့် ကွာရှင်းပြတ်စဲပြီးမှ ဒေါ်ချိုတီနှင့် ဒုတိယအိမ်ထောင်ကျခဲ့သည်ဆိုသော တရားလိုဘက်တင်ပြချက်မှာ မှန်ကန်ခြင်းမရှိကြောင်း၊ ဦးကံလှသည် ဒေါ်မမလေးနှင့် ဒေါ်ချိုတီတို့ကို တစ်ချိန်တည်းပေါင်းသင်းခဲ့သည်ဟု ပေါ်ပေါက်နေကြောင်း၊ ထိုပေါ်ပေါက်သည့်သက်သေခံချက်များအရ ဟိန္ဒူမိန်းမသည် မိမိခင်ပွန်းသက်ရှိထင်ရှားရှိနေစဉ် အခြားယောကျ်ားနှင့် ထိမ်းမြားခွင့်မရှိကြောင်း၊ ဒေါ်ချိုတီနှင့် ဦးကံလှတို့၏ ထိမ်းမြားလက်ထပ်ခဲ့ခြင်းမှာ ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်ထိမ်းမြားလက်ထပ်ရာမရောက်ကြောင်း၊ ဒေါ်ချိုတီသည် ဦးကံလှ၏ တရားဝင်ဇနီးအဖြစ်သို့မရောက်ရှိသဖြင့် ၎င်းတို့မှမွေးဖွားသော အမှတ် (၂ မှ ၇) အထိ မိန်းကလေး ၃ ဦး၊ ယောကျ်ားလေး ၃ ဦး တရားလိုတို့မှာ ဦးကံလှ၏ တရားဝင်သားသမီးများအဖြစ်သို့ မရောက်ရှိကြောင်း၊ ထို့ကြောင့် ပုဏ္ဏားလူမျိုး ဦးဗြဟ္မာဘလ၏အမွေကို ဆက်ခံခွင့်မရှိကြောင်း၊ မူလမှုတရားလိုအမှတ် (၄) (၅) နှင့် (၇) တို့သည် ဟိန္ဒူဓလေ့ထုံးတမ်းအရ ဦးကံလှ၏အမွေကို ဆက်ခံထိုက်ကြသူများ မဟုတ်သောကြောင့် အမွေပုံ၏ ၂၂ ပုံ ၃ ပုံ ရထိုက်ကြောင်း ချမှတ်ခဲ့သည့် ပဏာမဒီကရီမှာ မှန်ကန်ခြင်းမရှိကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြသည်။

အမှတ် (၁ မှ ၈) အထိ အယူခံတရားပြိုင်များရှေ့နေက ဦးကံလှတွင် ဒေါ်မမလေးနှင့်မွေးဖွားသော တရားဝင်သား ၈ ဦး၊

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဒေါ်ချိုတီနှင့်မွေးဖွားသောသား ၃ ဦးရှိရာ စုစုပေါင်းသား ၁၁ ဦး ဖြစ်ကြောင်း၊ ၎င်းတို့အားလုံး တရားဝင်သားများဖြစ်ပါက အချင်းဖြစ် ပစ္စည်းများတွင် တစ်ဦးလျှင် ထက်ဝက် ၁၁ ပုံ ၁ ပုံစီရရှိမည်ဖြစ် ကြောင်း၊ သို့ဖြစ်၍ တစ်ဦးလျှင် ၂၂ ပုံ ၁ ပုံစီ ရရှိမည်ဖြစ်ကြောင်း၊ တရားမဝင်သားဖြစ်ပါက ၄၄ ပုံ ၁ ပုံသာ ရခွင့်ရှိမည်ဖြစ်ကြောင်း၊ မူလရုံးတရားလိုအမှတ် ( ၄၊ ၅ နှင့် ၇) တို့သည် တရားမဝင်သား များဖြစ်သောကြောင့် ၄၄ ပုံ ၃ ပုံရခွင့်ရှိမည်ဖြစ်ကြောင်း၊ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး ဦးပိုင် ၃-ကနှင့် ၃-ခ မြေနှင့်အဆောက်အအုံတို့တွင် မူလမှုတရားလိုအမှတ် (၄၊ ၅ နှင့် ၇)တို့က ၄၄ ပုံ ၃ ပုံ ရထိုက်သည်ဟု ပြင်ဆင်အဆုံးအဖြတ် ပြုသင့်ကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၉ မှ ၁၅) ထိတို့၏ရှေ့နေက ဒေါ်ချိုတီသည် ဦးကြည်နှင့် တရားဝင်ကွာရှင်းပြီးနောက်မှ ဦးကံလှနှင့် လက်ထပ်ခြင်းဖြစ်ကြောင်း၊ ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် တရားဝင် လင်မယားများဖြစ်ကြောင်း၊ ယင်းအချက်ကို မူလရုံးနှင့် တရားရုံးချုပ် တို့က ထပ်တူထပ်မျှကောက်ယူဆုံးဖြတ်ထားကြောင်း မူလရုံးနှင့် တရားရုံးချုပ်တို့၏အကြောင်းခြင်းရာအပေါ် ထပ်မံဆုံးဖြတ်ချက်ကို အတည်ပြု၍ ဤအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပေးသင့် ကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြသည်။

အမွေရှင်ဦးပြဟ္မာဘလနှင့်ဇနီး ဒေါ်ဘာလီဂါတို့သည် ပုဏ္ဏားလူမျိုး၊ ဟိန္ဒူဘာသာကိုးကွယ်ကြသူများဖြစ်ကြသည်။ ဦးပြဟ္မာဘလနှင့် ဒေါ်ဘာလီဂါတို့တွင် ဦးကံလှ၊ ဒေါ်ညို၊ ဦးတင်မြ တို့ကို မွေးဖွားခဲ့သည်။ ဒေါ်ညိုသည် အပျိုကြီးဘဝဖြင့် ကွယ်လွန် သည်။ ဦးကံလှသည် ဒေါ်မမလေးနှင့် အိမ်ထောင်ပြုပြီး ဦးအောင်ရွှေ၊ ဦးစိန်ဝင်း၊ ဒေါ်တင်ဝင်း၊ ဒေါ်တင်တင်၊ ဦးမြဝင်း၊ ဦးခင်မောင်ဝင်း၊

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

ဦးခင်မောင်ထွန်း၊ ဒေါ်တင်တင်ဝင်း၊ ဦးသိန်းဝင်း၊ ဒေါ်ကွယ်ညှာ၊ ဦးကျော်ဆန်းတို့ကို မွေးဖွားသည်။ တစ်ဖန် ဦးကံလှသည် ဒုတိယဇနီး ဒေါ်ချိုတီနှင့် ဒေါ်လှလှမြင့်၊ ဒေါ်တင်တင်ဝင်း၊ ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း၊ ဒေါ်သန်းသန်းနွယ်၊ ဦးမြင့်သန်းတို့ကို မွေးဖွားသည်။ ဦးတင်မြသည် ဒေါ်သန်းသန်းနှင့် အိမ်ထောင်ကျပြီး ဦးသိန်းထွန်း၊ ဦးတင်ထွန်း၊ မောင်ဂိုဘီ၊ ဦးပေါ်ဦး၊ ဦးသိန်းဇော်၊ ဦးငွေလှိုင်၊ ဒေါ်ဝင်းသန်းတို့ကို မွေးဖွားသည်။

မန္တလေးမြို့ ၊ ရန်မျိုးလုံရပ် ၊ အကွက်အမှတ် ၇၀၁ ၊ ဦးပိုင်အမှတ် ၃-က၊ မြေကွက်သည် ဦးပြဟ္မာဘာလအမည်ပေါက်နေကြောင်း ၊ သက်သေခံ (ဂ) ဦးပိုင်တစ်ခု၏ မြေရာဇဝင်နှင့် သက်သေခံ (ဂ-၁) မြေယာပုံစံ ၁၀၅ တို့အရ ပေါ်ပေါက်နေသဖြင့် ယင်းမြေကွက်သည် ဦးပြဟ္မာဘာလ၏ အမွေပစ္စည်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၀၁၊ ဦးပိုင်အမှတ် ၃-ခ မြေကွက်သည် သက်သေခံ (ဂ-၂) ဦးပိုင်၏ မြေရာဇဝင်အရ ဒေါ်ညို၊ ဦးကံလှ၊ ဦးအောင်ရွှေ တို့အမည်ပေါက်နေသည်။ ဒေါ်ညိုသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားသဖြင့် ယင်းမြေကွက်၏ ၂ ပုံ ၁ ပုံကို ဦးကံလှတို့က ဆက်ခံခွင့်ရှိမည်ဖြစ်သည်။

အမွေရှင်ဦးပြဟ္မာဘာလ၊ ဇနီး ဒေါ်ဘာလီဂါနှင့် သား ဦးကံလှတို့သည် ပုဏ္ဏားလူမျိုး၊ ဟိန္ဒူဘာသာကိုးကွယ်ကြသဖြင့် ယင်းတို့၏အမွေဆက်ခံရေးကိစ္စမှာ ဟိန္ဒူဥပဒေနှင့်သက်ဆိုင်ကြောင်းမှာ နှစ်ဖက်အငြင်းပွားခြင်းမရှိပေ။

ဦးမြင့်သန်းက ဖခင်ဦးကံလှသည် ဒေါ်မမလေးနှင့် တရားဝင်လင်မယားကွာရှင်းခဲ့ပြီး မိခင် ဒေါ်ချိုတီသည် ဦးကြည်နှင့်

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

တရားဝင်လင်မယားကွာရှင်းခဲ့ကြောင်း၊ ဦးကံလှနှင့် ဒေါ်ချိုတီ တို့သည် မြင်းမူမြို့ ဟိန္ဒူဘုရားကျောင်းတွင် ဟိန္ဒူဓလေ့ထုံးတမ်းအရ တရားဝင်လက်ထပ်ခဲ့ကြောင်းစသည်ဖြင့် ရုံးရှေ့တွင် ထွက်ဆိုသည်။

ဦးမန်းစိန် (လိုပြ-၂) က ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် မြင်းမူမြို့ ဟိန္ဒူဘုရားကျောင်းတွင် ၎င်းတို့ဘာသာဓလေ့ထုံးတမ်း အရ လက်ထပ်ခဲ့ပြီး သားသမီး ၆ ဦး မွေးဖွားခဲ့ကြောင်း ထွက်ဆိုသည်။ ဦးရွှေပြည့် (လိုပြ-၃)သည် မြင်းမူမြို့ အသောကရပ်ကွက် ရယက ဥက္ကဋ္ဌဖြစ်သည်။ ဦးရွှေပြည့်က ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၊ ၃၂ နှစ်ခန့်ကပင် မြင်းမူမြို့၌ လင်မယား အဖြစ် ပေါင်းသင်းလာခဲ့ကြောင်း ထွက်ဆိုသည်။ဒေါ်အေးကြည် (လိုပြ-၄) သည် ဦးကြည်၏ ညီမအရင်းဖြစ်ပြီး ဦးကြည်နှင့်အတူ နေထိုင်သည်။ ဒေါ်အေးကြည်က ဒေါ်ချိုတီ၏ ပထမအိမ်ထောင်မှာ ဦးကြည်နှင့်ဖြစ်ကြောင်း ၊ ဦးကြည်နှင့် ဒေါ်ချိုတီ တို့သည် သားသမီး ၄ ဦးရရှိပြီး လွန်ခဲ့သော ၃၃ နှစ်က လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းခဲ့ကြောင်း၊ ဦးကြည်နှင့် ဒေါ်ချိုတီတို့သည် သဘောထားခြင်း မတိုက်ဆိုင်သဖြင့် ဟိန္ဒူဓလေ့ထုံးစံအရ ဘာသာရေးလူကြီးများ ရှေ့တွင် နှစ်ဦးသဘောတူကွာရှင်းခဲ့ကြောင်း ထွက်ဆိုသည်။

ဦးဂျော်ရန် (လိုပြ-၅) က မြင်းမူမြို့ရှိ ဟိန္ဒူဘုရားကျောင်း၌ ဘုရားဂေါပကဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းနေကြောင်း၊ ဦးကံလှ နှင့် ဒေါ်ချိုတီတို့အား လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က ဟိန္ဒူဘုရား ကျောင်း၌ ဘာသာရေးအရ လက်ထပ်ပေးခဲ့ကြောင်း ထွက်ဆိုသည်။

ဒေါ်ကြည်ငွေး (လိုပြ-၆) သည် ဒေါ်ဘာလီဂါ၏ တူမဖြစ် သည်။ ဒေါ်ကြည်ငွေးက ဦးကံလှသည် ဒေါ်မမလေးနှင့် အိမ်ထောင် ပြိုကွဲပြီးနောက် မြင်းမူမြို့ရှိ ဒေါ်ချိုတီနှင့် တရားဝင်လက်ထပ် ပေါင်းသင်းနေထိုင်ကြောင်း မိမိ၏ဖခင် ဦးကံလှတို့ပြောပြ၍

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

သိရှိကြောင်းဖြင့် ထွက်ဆိုထားသည်။

ထို့ကြောင့် ဦးကံလှသည် ဒေါ်မမလေးနှင့် လင်မယား တရားဝင်ကွာရှင်းခဲ့ပြီးဖြစ်သည်။ ဒေါ်ချိုတီမှာလည်း ဦးကြည်နှင့် ဟိန္ဒူဓလေ့ထုံးတမ်းအရ ဘာသာရေးလူကြီးများရှေ့တွင် တရားဝင် ကွာရှင်းခဲ့ပြီးဖြစ်သည်။ ထို့နောက် ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် မြင်းမူမြို့၊ ဟိန္ဒူဘုရားကျောင်း၌ ဘာသာရေးလူကြီးများရှေ့တွင် ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ကာ နှစ်ပေါင်း ၃၀ ခန့် လင်မယားအဖြစ် ပေါင်းသင်းကြပြီး သားသမီး ၆ ဦး ထွန်းကားကြောင်း သက်သေခံအထောက်အထားများအရ ထင်ရှားပေါ်ပေါက်သည်ဟု ဆိုရပေမည်။

ဥပဒေပညာရှင် D.F MULLA ၏ PRINCIPLES OF HINDU LAW ပုဒ်မ ၄၃၈ တွင် ထိမ်းမြားမှုတရားဝင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" **438.** Presumption as to legality of marriage- Where it is proved that a marriage was performed in fact, the Court will presume that it is valid in law (d), and that the necessary ceremonies have been performed (e). A Hindu marriage is recognised as a valid marriage in English law (f)."

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရဆိုလျှင် ဦးကံလှနှင့် ဒေါ်ချိုတီတို့သည် ဟိန္ဒူဓလေ့ထုံးတမ်းဥပဒေအရ နှစ်ပေါင်း ၃၀ ခန့် လင်မယားအဖြစ်အတူ ပေါင်းသင်းနေထိုင်ခဲ့ခြင်း၊ သားသမီး ၆ ဦး ထွန်းကားခဲ့ခြင်းစသည့် အကြောင်းခြင်းရာတို့အရ ၎င်းတို့နှစ်ဦးမှာ တရားဝင်လင်မယားဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်သည်။ ဤသို့ဆိုလျှင် ၎င်းတို့နှစ်ဦးမှ မွေးဖွားသောသားသမီး ၆ ဦး တို့သည်

၂၀၀၈
ဒေါ်မမလေးပါ ၁၂
ဒေါ်မမလေးပါ ၁၂
နှင့်
ဒေါ်သန်းသန်းပါ ၁၅
ဒေါ်ချိုတီပါ ၁၅

တရားဝင်သားသမီးများဖြစ်ကြသည်။ ထို့ကြောင့် ဦးတင်အောင်သန်း၊ ဦးစိန်ဝင်းထွန်း နှင့် ဦးမြင့်သန်းတို့သည် အဘိုးဖြစ်သူ ဦးပြဟ္မာဘလ၏ အမွေကို ဆက်ခံခွင့်ရှိကြသူများဖြစ်ကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိဟု ဆိုရပေမည်။

သို့ဖြစ်၍ ဤအထူးအယူခံခုံရုံးက ကြားနာသည့် ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" မူလရုံးတရားလိုအမှတ် (၄၊ ၅၊ ၇) တို့သည် ကွယ်လွန်သူ ဦးပြဟ္မာဘလ၏အမွေကို ဆက်ခံခွင့်ရှိကြောင်း တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ဆုံးဖြတ်ခဲ့ခြင်းသည် ဟိန္ဒူဥပဒေနှင့် ညီညွတ်မှု ရှိကြောင်း။"

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံမှုများကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀/- စီသတ်မှတ်သည်။

+ ၂၀၀၈
ဒီဇင်ဘာ
၁၉ ရက်

## တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်
ဦးဟန်ရှိန်တို့၏ရှေ့တွင်

**ဦးမြင့်စိုး**
**နှင့်**
**ဦးသန်းစိုးပါ ၄ ***

**အမွေဆက်ခံရေးအက်ဥပဒေ ပုဒ်မ ၂၁၈ ပြဋ္ဌာန်းချက်အရ အမွေထိန်းလက်မှတ်စာထုတ်ပေးရာတွင် မြန်မာဓလေ့ထုံးတမ်းဥပဒေ အမွေခံအစီအစဉ်အတိုင်း အမွေဆက်ခံသည့် လမ်းကြောင်းပေါ်တွင်ရှိသည့် အမွေဆက်ခံသူတို့ကို အမွေထိန်းလက်မှတ်စာ ထုတ်ပေးနိုင်ခြင်း။**

**ဆုံးဖြတ်ချက်**။ ။ မြန်မာဓလေ့ထုံးတမ်းဥပဒေ အမွေခန်းဥပဒေအရ ကွယ်လွန်သူတွင် ခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ် အစရှိသော တိုက်ရိုက်အဆက်အနွယ်များ၊ ကတ္တိမသားသမီး၊ လင်ပါ မယားပါ သမီးနှင့် ကိဋ္ဌိတသားသမီးအစရှိသော သူများမရှိလျှင်

---

* ၂၀၀၈ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇။
+ ၂၀၀၇ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂ တွင် ချမှတ်သော ၃၁-၅-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

ထိုသူ၏အမွေပစ္စည်းများကို ဆက်ခံခွင့်ရှိကြသည့် ဆွေမျိုး သားချင်းများ၏အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ညီအစ်ကိုမောင်နှမများ၊

၂။ မိဘများ၊

၃။ ဘိုးဘွားများ၊

၄။ တူ၊ တူမများ၊

၅။ ဘကြီး၊ ဘထွေး၊ ဦးရီး (ဦးကြီး)၊ ဦးလေး၊ အရီးကြီး၊ အရီးလေး၊ မိကြီး၊ မိထွေး (အဒေါ်) များ၊

၆။ တူ၊ တူမများ၏သားသမီးများ၊

၇။ × × ×

၈။ × × ×

၁၂။ × × ×

အထက်ဖော်ပြပါ အမွေခံတို့၏ အစီအစဉ်အရဆိုလျှင် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ ကျန်ရစ်သောပစ္စည်းများကို တူဖြစ်သော ဦးအောင်စိန်၏သားသမီးများထက် တူ၊ တူမများဖြစ်ကြသော ဒေါ်ကြွေ၊ ဒေါ်ခင်မေနှင့် ဒေါ်ခင်ရွှေတို့က ဦးစားပေးအစီအစဉ်အရ ဆက်ခံခွင့်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

“ **ပုဒ်မ ၂၁၈**။ (၁) ကွယ်လွန်သူသည် သေတမ်းစာမရေးဘဲ ကွယ်လွန်ခဲ့၍ ဟိန္ဒူ၊ မဟာမေဒင်၊ ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် ၎င်းတို့၏ အမွေထိန်းသိမ်းခွင့်ကို ထိုကွယ်လွန်သူ၏ အမွေကိုခွဲဝေရာ၌ သက်ဆိုင်သည့်ဥပဒေသများအရ ကွယ်လွန်သူ၏အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်မည့်သူအား ခွင့်ပြုနိုင်သည်။”

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်နှင့်ဆက်စပ်ကြည့်လျှင် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမွေထိန်းလက်မှတ်စာကို လျှောက်ထားကြသည့် ဦးမြင့်စိုးသည်လည်းကောင်း၊ ဦးသန်းစိုးသည်လည်းကောင်း၊ အမွေခံအစီအစဉ်အရ အမွေဆက်ခံသည့်လမ်းကြောင်းတွင် ရှိကြသူများဖြစ်သည်ဟု ဆိုရန်ခဲယဉ်းသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမြလှိုင် |
| | | တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဦးသိန်းထွန်း |
| | | တရားရုံးချုပ်ရှေ့နေ |

မကွေးတိုင်းတရားရုံး၊ ၂၀၀၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၃ တွင် ဦးမြင့်စိုးက ကွယ်လွန်သူဒေါ်ရင်ရင် ကျန်ရစ်သော

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ အရ အမွေထိန်းစာထုတ်ပေးရန် လျှောက်ထားခဲ့ရာ ဒေါ်ယဉ်ယဉ်နု၊ ဦးသန်းစိုး၊ ဒေါ်ကြွေ၊ ဒေါ်ခင်မေနှင့် ဒေါ်ခင်ရွှေတို့က ဦးမြင့်စိုး၏ လျှောက်ထားမှုအပေါ် ကန့်ကွက်သဖြင့် ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၆ အဖြစ်ပြောင်းလဲဖွင့်လှစ်ကာ ဆက်လက်ဆောင်ရွက်သည်။ ၎င်းနောက်တိုင်းတရားရုံးက ဦးမြင့်စိုးသည် ကျပ်သိန်း ၆၀ တန် ခံဝန်ချုပ်ဆိုသူ ၂ ဦးတင်ပြနိုင်ပါက ကွယ်လွန်သူ ဒေါ်ရင်ရင်၏အမွေကို ထိန်းသိမ်းရန်အတွက် အမွေထိန်းလက်မှတ်စာထုတ်ပေးကြောင်း အမိန့်ချမှတ်သည်။

ဦးသန်းစိုးက တိုင်းတရားရုံး၏အမိန့်အပေါ် မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တွင် တရားမအထွေထွေအယူခံမှုကို တင်သွင်းခဲ့ရာ တရားရုံးချုပ်က အယူခံမှုကိုခွင့်ပြုပြီး မကွေးတိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်၍ ဦးမြင့်စိုး၏အမွေထိန်းစာ လျှောက်ထားမှုကို စရိတ်နှင့်တကွပလပ်သည်။

ဦးမြင့်စိုးက တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီအပေါ် မကျေနပ်သဖြင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ တရားရုံးချုပ် (မန္တလေးရုံးထိုင်) အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုသည်-

> " ကွယ်လွန်သူ ဒေါ်ရင်ရင်ကျန်ရစ်သည့် အမွေပစ္စည်းများကို ထိန်းသိမ်းရန်နှင့် ကွယ်လွန်သူက ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်နိုင်စေရန်အတွက် မူလမကွေးတိုင်းတရားရုံးက လျှောက်ထားသူ ဦးမြင့်စိုးအား အမွေထိန်းလက်မှတ်စာ

ထုတ်ပေးခြင်းအား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ။”

မကွေးတိုင်းတရားရုံးက တရားလို၏ဖခင် ဦးအောင်စိန်သည် ဒေါ်ရင်ရင်၏အစ်မ ဒေါ်လှသွယ်မှမွေးဖွားသည့် တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ ဦးအောင်စိန် ၆ နှစ်သားအရွယ်တွင် မိဘနှစ်ပါးကွယ်လွန်သွား၍ ဒေါ်ရင်ရင်ကခေါ်ယူမွေးစားကြောင်း၊ ဒေါ်ရင်ရင်သည် ဦးစစ်ဗိုလ်နှင့် အိမ်ထောင်ကျသောအခါတွင်လည်း ဦးအောင်စိန်အားမွေးစားခဲ့ပြီး သားအရင်းကဲ့သို့ ရှင်ပြုပေးခြင်း၊ ကျောင်းထားပေးခြင်းများပြုလုပ်ခဲ့ကြောင်း၊ ဦးအောင်စိန်သည် ဒေါ်ရင်ရင်၏ ကတ္တိမသားဖြစ်သည်မှာမှန်ကြောင်း၊ ဦးမြင့်စိုးသည် ကွယ်လွန်သူဒေါ်ရင်ရင်၏ အမွေမမီမြေးဖြစ်ပြီး ဒေါ်ရင်ရင် ပစ္စည်းများတည်ရှိရာ နတ်မောက်မြို့တွင် နေထိုင်သူတစ်ဦးဖြစ်ကြောင်း၊ အမွေထိန်းစာကို ဦးမြင့်စိုးသည် ဦးသန်းစိုး ထက်စောစွာ လျှောက်ထားပြီး ဦးသန်းစိုးသည် ဦးမြင့်စိုး နောက်မှအကြံရ၍ လျှောက်ထားခြင်းဖြစ်ကြောင်းသုံးသပ်၍ ဦးမြင့်စိုးအား အမွေထိန်းစာထုတ်ပေးကြောင်း အမိန့်ချမှတ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်) က နှစ်ဖက် သက်သေခံချက်များအရ မူလရုံးအမှုတွင် ဦးမြင့်စိုးနှင့် ဦးသန်းစိုးတို့သည် ကွယ်လွန်သူ ဒေါ်ရင်ရင်ကျန်ရစ်သောပစ္စည်းများကို ဆက်ခံခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ ၎င်းတို့သည် မြန်မာဗုဒ္ဓဘာသာ များဖြစ်ကြကြောင်း၊ မြန်မာဗုဒ္ဓဘာသာဝင်တို့အတွက် အမွေထိန်းစာမထုတ်ဘဲမနေရဟု ဥပဒေကမဆို၊ ထုတ်ပေးရန်မလိုလျှင် ထုတ်၍မပေးခြင်းကပို၍ တရားမျှတမှန်ကန်ကြောင်း၊ ယခုအမှုတွင် ကွယ်လွန်သူဒေါ်ရင်ရင်၏

အမွေပစ္စည်းများကို ဆက်ခံရရှိရေးနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိရာ ယင်းအငြင်းပွားမှုမျိုးကို အဆုံးအဖြတ်ရရန် လျှောက်ထားသည့် လျှောက်လွှာမျိုးကို အားပေးရန်မသင့်ကြောင်း၊ ဤအခြေအနေတွင် မူလတိုင်းတရားရုံးက ဦးမြင့်စိုးလျှောက်ထားသည့်အတိုင်း ဒေါ်ရင်ရင် ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းစာထုတ်ပေးကြောင်း ချမှတ်ခဲ့သောအမိန့်သည် မှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ကြောင်းစသည်ဖြင့် သုံးသပ်လျက် မူလတိုင်းတရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ ဦးမြင့်စိုး၏အမွေထိန်းစာ လျှောက်ထားမှုကို စရိတ်နှင့်တကွ ပလပ်သည်။

အယူခံတရားလိုရှေ့နေက လျှောက်ထားသူဦးမြင့်စိုးမှာ ညီအစ်ကိုမောင်နှမ ၆ ဦးအတွက်ရသင့်သည့်အမွေပစ္စည်းများကို ရရှိစေရန် အမွေထိန်းစာလျှောက်ထားခြင်းဖြစ်ကြောင်း၊ အမွေထိန်းစာ ရရှိမှသာလျှင် ကွယ်လွန်သူဒေါ်ရင်ရင်၏ အမွေပစ္စည်းများကို လက်ရောက်ရလိုမှုစွဲဆို၍ အမွေဆိုင်များကို ခွဲဝေပေးနိုင်မည်ဖြစ်ကြောင်း၊ အမွေထိန်းစာအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဦးသန်းစိုးအနေဖြင့်လည်း ဒေါ်ရင်ရင်၏မြေးတစ်ဦးအနေနှင့် ရထိုက်သည့် အမွေဝေစုကို ရရှိမည်ဖြစ်ကြောင်း၊ သို့အတွက် မကွေးတိုင်းတရားရုံးက ဦးမြင့်စိုးအား အမွေထိန်းစာထုတ်ပေးခဲ့ခြင်းမှာ တစ်စုံတစ်ရာမှားယွင်းမှုမရှိကြောင်း၊ တိုင်းတရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုပေးသင့်ကြောင်း စသည်ဖြင့်လျှောက်လဲ တင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက အမွေပုံပစ္စည်းမှာ သူတစိမ်း၏လက်ဝယ်တွင် ရောက်ရှိနေသောကြောင့် အမွေထိန်းစာ

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

တောင်းခံခြင်းဖြစ်သည်ဟု တင်ပြထားသော်လည်း ကွယ်လွန်သူ ဒေါ်ရင်ရင်တွင် အမွေပုံပစ္စည်း မည်ရွေ့မည်မျှကျန်ရစ်ခဲ့သည်၊ မည်သည့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရှိသည်စသည်တို့ မထင်ရှားဘဲ ပစ္စည်းတစ်ခုတည်းအတွက် အမွေထိန်းစာ လျှောက်ထားခြင်းကို ဥပဒေအရခွင့်မပြုသင့်ကြောင်း၊ အမွေစီမံ ခန့်ခွဲပေးစေလိုမှုများတွင် ပစ္စည်းလက်ရှိဖြစ်သူ တစိမ်းကိုပင် အမှုသည်အဖြစ် ထည့်သွင်းစွဲဆိုနိုင်ကြောင်း၊ ထို့ကြောင့် အယူခံ တရားလို တင်ပြသည့်အကြောင်းအရာ၊ ဥပဒေအချက်အလက်တို့မှာ အရေးယူလောက်သည့် ဥပဒေပြဿနာ မပေါ်ပေါက်ကြောင်း၊ တရား ရုံးချုပ်က အမွေဆိုင်များအတွင်း သူပိုင်ငါပိုင် အငြင်းပွားနေ သည့်အခြေအနေတွင် အမွေထိန်းစာထုတ်မပေးခြင်းက သင့်မြတ် သည်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ညီညွတ်မှု ရှိကြောင်းစသည်ဖြင့် လျှောက်လဲတင်ပြသည်။

မူလမှုကိုစိစစ်ကြည့်လျှင် အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် ပစ္စည်းများမှာ ကွယ်လွန်သူ ဒေါ်ရင်ရင် ကျန်ရစ်ခဲ့သောပစ္စည်းများဖြစ်သည်။

ကွယ်လွန်သူ ဒေါ်ရင်ရင်သည် ၂၃-၁၂-၂၀၀၁ ရက်နေ့တွင် သားသမီးရင်းတစ်ဦးတစ်ယောက်မျှမရှိဘဲ ကွယ်လွန်သွားခဲ့သည်။

လျှောက်ထားချက်အရ ဒေါ်ရင်ရင်တွင်မောင်နှမ ၇ ယောက် ရှိသည်။ ၄င်းတို့မှာ ဒေါ်လှအေး၊ ဒေါ်လှခင်၊ ဒေါ်လှသွယ်၊ ဦးသာညို၊ ဦးသာကြွယ်နှင့် ဒေါ်စောတင်တို့ဖြစ်ကြသည်။ ဒေါ်ရင်ရင်အပါအဝင် မောင်နှမ ၇ ယောက်ရှိကြပြီး ကျန် ၆ ယောက် တို့မှာ ဒေါ်ရင်ရင် ထက်ဦးစွာ ကွယ်လွန်သွားကြသည်။ ဒေါ်ရင်ရင်သည် ၂၃-၁၂-၂၀၀၁

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဒေါ်ရင်ရင်၏ ညီအစ်ကိုမောင်နှမများအနက် ဦးသာညိုတွင် သားသမီး ၅ ဦး၊ ဒေါ်စောတင်တွင် သားသမီး ၄ ဦး၊ ဒေါ်လှသွယ်တွင် သား ၁ ဦးကျန်ရစ်သည်။

ဒေါ်လှသွယ်၏ တစ်ဦးတည်းသောသားမှာ ဦးအောင်စိန် ဖြစ်သည်။လျှောက်ထားသူများနှင့် လျှောက်ထားခံရသူများအနက်မှ ဦးသန်းစိုးနှင့် ဦးမြင့်စိုးတို့မှာ ဒေါ်ရင်ရင်၏တူဖြစ်သူ ဦးအောင်စိန်မှ မွေးဖွားသည့်သားများဖြစ်သည်။ တစ်နည်းအားဖြင့် ဦးသန်းစိုးနှင့် ဦးမြင့်စိုးတို့မှာ ကွယ်လွန်သူဒေါ်ရင်ရင်၏တူ ဦးအောင်စိန်မှ မွေးသော သားများဖြစ်ကြသည်။

ဦးမြင့်စိုးမှာ ကွယ်လွန်သူဒေါ်ရင်ရင် ကျန်ရစ်သောပစ္စည်းများ နှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာကို လျှောက်ထားသူဖြစ်သည်။ ၄င်း၏လျှောက်ထားချက်အပေါ် ကန့်ကွက်သူများအနက် ဦးသန်းစိုး မှာ လျှောက်ထားသူနှင့် ညီအစ်ကိုအရင်းတော်စပ်သူ ဖြစ်သည်။ အခြားကန့်ကွက်သူများဖြစ်သော ဒေါ်ကြွေ၊ ဒေါ်ခင်မေ နှင့် ဒေါ်ခင်ရွှေတို့မှာ ဒေါ်ရင်ရင်၏အစ်မ ဒေါ်စောတင်၏သမီးများ ဖြစ်၍ ဒေါ်ရင်ရင်၏တူမများ ဖြစ်ကြသည်။

ကန့်ကွက်သူ ဒေါ်ယဉ်ယဉ်နုမှာ ကွယ်လွန်သူဒေါ်ရင်ရင် ကျန်ရစ်သောပစ္စည်းများကို လက်ဝယ်ရှိသူ သူတစိမ်းဖြစ်သည်။မူလမှု လျှောက်ထားသူနှင့် လျှောက်ထားခံရသူများ၏ ကွယ်လွန်သူနှင့် ဆွေမျိုးတော်စပ်မှု အခြေအနေကို ခြုံ၍ကြည့်လျှင် လျှောက်ထားသူ ဦးမြင့်စိုးနှင့် လျှောက်ထားခံရသူ ဦးသန်းစိုးတို့မှာ ကွယ်လွန်သူ ဒေါ်ရင်ရင်၏တူဖြစ်သော ဦးအောင်စိန်၏ သားသမီးများဖြစ်ကြသည်။

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

လျှောက်ထားခံရသူ ဒေါ်ကြွေ၊ ဒေါ်ခင်မေနှင့် ဒေါ်ခင်ရွှေတို့မှာ ကွယ်လွန်သူ၏တူမများဖြစ်ကြသည်။မြန်မာဓလေ့ထုံးတမ်းဥပဒေ အမွေခန်းဥပဒေအရ ကွယ်လွန်သူတွင် ခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ် အစရှိသော တိုက်ရိုက်အဆက်အနွယ်များ၊ ကိတ္တိမသားသမီး၊ လင်ပါမယားပါသမီးနှင့် ကိဋ္ဌိတသားသမီးအစရှိသောသူများမရှိလျှင် ထိုသူ၏အမွေပစ္စည်းများကို ဆက်ခံခွင့်ရှိကြသည့်ဆွေမျိုးသားချင်းများ၏ အစီအစဉ်မှာ အောက်ပါတိုင်းဖြစ်သည်-

(၁) ညီအစ်ကိုမောင်နှမများ

(၂) မိဘများ

(၃) ဘိုးဘွားများ

(၄) တူ၊ တူမများ

(၅) ဘကြီး၊ ဘထွေး၊ ဦးရီး (ဦးကြီး)၊ ဦးလေး၊ အရီးကြီး၊ အရီးလေး၊ မိကြီး၊ မိထွေး (အဒေါ်) များ

(၆) တူ၊ တူမများ၏ သားသမီးများ

(၇) × × ×

(၈) × × ×

(၁၂) × × ×

အထက်ဖော်ပြပါ အမွေခံတို့၏ အစီအစဉ်အရဆိုလျှင် ကွယ်လွန်သူဒေါ်ရင်ရင်၏ ကျန်ရစ်သောပစ္စည်းများကို တူဖြစ်သော ဦးအောင်စိန်၏သားသမီးများထက် တူ၊ တူမများဖြစ်ကြသော

ဒေါ်ကြွေ၊ ဒေါ်ခင်မေနှင့် ဒေါ်ခင်ရွှေတို့က ဦးစားပေးအစီအစဉ်အရ ဆက်ခံခွင့်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

မူလမှုတွင် လျှောက်ထားသူ ဦးမြင့်စိုးက ၄င်းသည် ကွယ်လွန်သူ ဒေါ်ရင်ရင်၏မွေးစားသားဖြစ်သူ ဦးအောင်စိန်မှ မွေးဖွားသည့် အမွေမမီမြေးဖြစ်သည်ဟုဖော်ပြ၍ အမွေထိန်း လက်မှတ်စာလျှောက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဦးအောင်စိန်သည် ဒေါ်ရင်ရင်၏အစ်မဖြစ်သူ ဒေါ်လှသွယ်မှ မွေးဖွားသောသားဖြစ်သည်။တနည်းအားဖြင့် ကွယ်လွန်သူ ဒေါ်ရင်ရင်၏တူဖြစ်သည်။ ဦးမြင့်စိုး၏ လျှောက်ထားချက်၌ ဦးအောင်စိန်ကို ဒေါ်ရင်ရင်နှင့် ဦးစစ်ဗိုလ်တို့က ၁၉၃၄ ခုနှစ်က ကိတ္တိမသားအဖြစ် မွေးစားခဲ့သည်ဟု ဖော်ပြလျှောက်ထားသည်။ သို့ရာတွင် ဦးအောင်စိန်သည် ဒေါ်ရင်ရင်၏ ကိတ္တိမသားဖြစ်သည် ဟူသောအချက်နှင့်စပ်လျဉ်း၍ သက်သေခံ အထောက်အထားများ ခိုင်ခိုင်မာမာ တင်ပြထားသည်ကို မတွေ့ရှိရပေ။ ဦးအောင်စိန် ကွယ်လွန်စဉ်က အသုဘတွင်ကမ်းသည့် ယပ်တောင်၌ ကွယ်လွန်သူ ဦးအောင်စိန်ကို ဦးစစ်ဗိုလ်၊ ဒေါ်ရင်ရင်၏သားဟူ၍ ဖော်ပြ ထားသည့်အချက်သာရှိသည်။ ယင်းယပ်တောင်ဓါတ်ပုံမိတ္တူကို သက်သေခံ (က) အဖြစ်တင်ပြထားသည်။

သက်သေခံ (က) ယပ်တောင်တွင် ဖော်ပြချက်တစ်ခု တည်းဖြင့် ဦးအောင်စိန်သည် ဒေါ်ရင်ရင်၏ ကိတ္တိမသားဖြစ်သည်ဟု တစ်ထစ်ချမှတ်ယူရန် ခဲယဉ်းသည်။

ဒေါ်ရင်ရင်မကွယ်လွန်မီက နှစ်ထပ်တိုက်နှင့်ဝိုင်းမြေကို လက်ရှိပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြုချက်တစ်ရပ် ပြုလုပ်ခဲ့

သည်။ ယင်းဝန်ခံကတိပြုချက်ကို မူလမှုတွင် သက်သေခံ (၁) အဖြစ် ဖော်ပြထားသည်။

သက်သေခံ (၁) ဝန်ခံကတိပြုချက် အပိုဒ် ၈ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> " မြေးတော်သူ မောင်သန်းစိုး၏ မိသားစုများနှင့် ယခုတိုင်အတူနေထိုင်လျက်ရှိပါသည်။ အတူနေထိုင်သော်လည်း တိုက်နှင့်အိမ်ဝိုင်းအား မောင်သန်းစိုးတို့ မိသားစုကို လွှဲပြောင်းခြင်း၊ အမွေစားအမွေခံပေးအပ်ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းထားခြင်းမရှိပါ။"

အထက်ဖော်ပြပါ ဝန်ခံကတိပြုချက်အပိုဒ် ၈ အရဆိုလျှင် မောင်သန်းစိုး မိသားစုကိုသာ မြေးတော်သူအဖြစ် ဒေါ်ရင်ရင်က ဖော်ပြထားသည့်တိုင်အောင် ၄င်းကိုလည်း အချင်းဖြစ်ပစ္စည်းများကို အမွေစားအမွေခံအဖြစ် ပေးအပ်ခြင်းမရှိကြောင်း အတိအလင်း ဖော်ပြထားသည်။ သို့ဖြစ်ပေရာ ကွယ်လွန်သူဒေါ်ရင်ရင်တွင် သားရင်း၊ သမီးရင်း၊ မြေးရင်း၊ မြစ်ရင်းစသည့် တိုက်ရိုက်အဆက်အနွယ်များ မကျန်ရစ်သည့်အပြင် ကိတ္တိမသားသမီးလည်းမရှိသည့် အခြေအနေ၌ ၄င်း၏အမွေကို အမွေခန်းဥပဒေအရ တူ၊ တူမများကသာ ဦးစွာဆက်ခံမည်ဖြစ်သည်။

အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၁၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> " **ပုဒ်မ ၂၁၈**။ (၁) ကွယ်လွန်သူသည် သေတမ်းစာမရေးဘဲ ကွယ်လွန်ခဲ့၍ ဟိန္ဒူ၊ မဟာမေဒင်၊ ဗုဒ္ဓဘာသာဝင်ဖြစ်လျှင်

၎င်းတို့၏အမွေထိန်းသိမ်းခွင့်ကို ထိုကွယ်လွန်သူ၏အမွေကို ခွဲဝေရာ၌ သက်ဆိုင်သည့် ဥပဒေသများအရ ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်မည့်သူအား ခွင့်ပြုနိုင်သည်။”

၂၀၀၈
ဦးမြင့်စိုး
နှင့်
ဦးသန်းစိုးပါ ၄

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်နှင့်ဆက်စပ်ကြည့်လျှင် ကွယ်လွန်သူ ဒေါ်ရင်ရင်၏ ပစ္စည်းများနှင့်စပ်လျဉ်းသည့် အမွေထိန်းလက်မှတ်စာကို လျှောက်ထားကြသည့် ဦးမြင့်စိုးသည်လည်းကောင်း၊ ဦးသန်းစိုးသည်လည်းကောင်း၊ အမွေခံအစီအစဉ်အရ အမွေဆက်ခံသည့်လမ်းကြောင်းတွင် ရှိကြသူများဖြစ်သည်ဟု ဆိုရန်ခဲယဉ်းသည်။

မြန်မာဗုဒ္ဓဘာသာတို့အတွက် အမွေထိန်းစာမထုတ်ဘဲ မနေရဟု ဥပဒေကမဆိုပေ၊ ထုတ်ပေးရန်မလိုလျှင် ထုတ်၍မပေးခြင်းကပို၍တရားမျှတမှန်ကန်သည်။ ကွယ်လွန်သူ ဒေါ်ရင်ရင်၏ တူဖြစ်သူ ဦးအောင်စိန်က မွေးဖွားသည့် ဦးမြင့်စိုးနှင့် ဦးသန်းစိုးတို့သည် အမွေထိန်းစာကိုအပြိုင်လျှောက်ထားကြရာ အထက်တွင် ရှင်းလင်းဖော်ပြခဲ့သည့် အမွေခံအစီအစဉ်အရ ၎င်းတို့နှစ်ဦးအနက် မည်သူ့ကိုမျှ အမွေထိန်းစာထုတ်ပေးရန်သင့်မည် မဟုတ်ပေ။ အမွေဆက်ခံပိုင်ဆိုင်သည်ဟု ယူဆသူများသည် အမွေမှုကြီးစွဲဆိုရန်သာဖြစ်သည်။

အထက်ဖော်ပြပါ မူလသဘောတရားများကို **မောင်စိန်နှင့် ဦးဖိုးတုတ်ပါ ၈ အမှု**[(၁)]၊ **မသန်းတင်ပါ ၂ နှင့် ဒေါ်လှခင် အမှု**[(၂)] တို့တွင် စီရင်ထုံးပြုညွှန်ပြထားပြီးဖြစ်သည်။

---

**(၁) ၁၉၄၇ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၃၁၂**

**(၂) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅၄**

သို့ဖြစ်၍ အထူးအယူခံခုံရုံးဖြင့် ကြားနာလျက်ရှိသည့် ပြဿနာကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

" ကွယ်လွန်သူ ဒေါ်ရင်ရင်ကျန်ရစ်သည့် အမွေပစ္စည်းများကို ထိန်းသိမ်းရန်နှင့် ကွယ်လွန်သူက ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်နိုင်စေရန်အတွက် မူလမကွေးတိုင်းတရားရုံးက လျှောက်ထားသူ ဦးမြင့်စိုးအား အမွေထိန်းလက်မှတ်စာ ထုတ်ပေးခြင်းအား တရားရုံးချုပ် (မန္တလေးရုံးထိုင်) က ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်မှုရှိကြောင်း။"

အထက်ပါအကြောင်းများကြောင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀ိ/- သတ်မှတ်သည်။

## တရားမအထူးအယူခံမှု

+ ၂၀၀၈
ဇန်နဝါရီ
၁၄ ရက်

### တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့၏ရှေ့တွင်

### ဒေါ်အုန်းညွန့်ပါ ၆
### နှင့်
### ဒေါ်ချစ်တင်ပါ ၃ *

**အိမ်ထောင် (၃) ဆက်ရှိသူက အမွေရှင်ကျန်ရစ်သော ပစ္စည်းများကို သားရင်းသမီးရင်း ၊ မြေးများ ၊ မြစ်များ အတွက် အမွေပုံဝေစုခွဲဝေမှု အချိုးသတ်မှတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အိမ်ထောင် (၃) ဆက်ရှိသူ အမွေရှင်၏ သားသမီးများရရှိမည့် အမွေဝေစုအချိုးကို သုံးဆယ့်ခြောက်စောင်တွဲ အမွေမှုခန်း၊ ဓမ္မသတ်ကျမ်းကြီးပုဒ်မ ၂၄၆ တွင်-

> " ယခုသား ၃ ဦး မှာ အဘသာကွဲသည်။ အမိဆုံးဖြစ်ခြင်း ကြောင့် အထက်အဘပါ ဥစ္စာမှန်သမျှကို လေးစုစု၍ နှစ်စုကို အထက်လင်သားစားစေ၊ နောက်လင်နှစ်ဦးသားမှာ တစ်စုစီစားစေ"

ဟု ပြဋ္ဌာန်းထားသည်။

---

*** ၂၀၀၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၁။**

**+ ၂၀၀၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၆၈ တွင် ချမှတ်သော ၁၃-၂-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန် ရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီကို အထူးအယူခံမှု။**

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

**ထပ်မံဆုံးဖြတ်ချက်**။ ။ ယခုအမှုတွင် ဒေါ်နုနှင့် တတိယအိမ်ထောင် ဦးဗန်ဒူး ပေါင်းသင်းစဉ် အချင်းဖြစ်မြေကွက်ကို ဝယ်ယူသောကြောင့် ၎င်းတို့၏သားသမီး ဒေါ်သန်းထွေးနှင့် ဒေါ်ရင်နု (၂ နှင့်၃ တရားပြိုင်) တို့က ယင်းမြေကွက်၏ (၄) ပုံ (၂) ပုံ ရရှိမည်။ ဒေါ်နုနှင့် ဦးဗလိုင်ဂျော့တို့၏သားသမီးများက ကျန် (၂) ပုံ (၁) ပုံ၏တစ်ဝက်ဖြစ်သော (၄) ပုံ (၁) ပုံရမည်။ ဒေါ်နုနှင့် ဦးဘတင်တို့၏ သားသမီးမြေးမြစ်များကလည်း အလားတူ (၄) ပုံ (၁) ပုံ ရမည်ဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးသိန်းဌေး<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်(၁၊၂အတွက်)- | | ဦးနေဝင်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်(၃အတွက်) | - | ကိုယ်တိုင် (မလာ) |

မွန်ပြည်နယ်တရားရုံး ၊ တရားမကြီးမှုအမှတ် ၄၅/၂၀၀၆ တွင် အယူခံတရားလို ဒေါ်အုန်းညွန့်ပါ-၆ ဦးက အယူခံတရားပြိုင် ဒေါ်ချစ်တင်ပါ ၃ ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ ပြည်နယ်တရားရုံးက ကွယ်လွန်သူ ဒေါ်နု ကျန်ရစ်သော မြေကွက်တွင် (၁) တရားလိုက ၁၂ ပုံ ၁ ပုံကိုလည်းကောင်း ၊ (၂) နှင့် (၆) တရားလိုတို့က ၃၆ ပုံ ၁ ပုံစီကိုလည်းကောင်း ၊ (၃) မှ (၅) ထိ တရားလိုတို့က ၃၆ ပုံ ၁ ပုံကိုလည်းကောင်း ရထိုက်ကြောင်း ဒီကရီချမှတ်သည်။

အထက်ပါဒီကရီကို ဒေါ်အုန်းညွန့်ပါ ၆ ဦးက မကျေနပ်၍ တရားရုံးချုပ် ၊ တရားမ ပထမအယူခံအမှုအမှတ် ၃၆၈/၂၀၀၆ တွင်

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

အယူခံဝင်ရာ မအောင်မြင်သဖြင့် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၉/၂၀၀၇ တွင် လျှောက်ထားရာ အထူးခုံရုံးက အောက်ပါ ပြဿနာကို ကြားနာရန်အထူးအယူခံဝင်ခွင့် ပြုခဲ့သည်-

" အမွေရှင် ဒေါ်နုကျန်ရစ်သော အမွေပုံပစ္စည်းတွင် (၁) တရားလို ဒေါ်အုန်းညွန့်က (၁၂) ပုံ (၁) ကိုလည်းကောင်း၊ (၂)တရားလို ဒေါ်အေးမြနှင့် (၆) တရားလို ကိုအောင်ကုလားတို့က (၃၆) ပုံ (၁) ပုံစီကိုလည်းကောင်း၊ (၃) (၄) (၅) တရားလိုများဖြစ်ကြသည့် မစောဉမ္မာဖြိုး၊ မစန်းမိုးအေး၊ မောင်ဇင်မင်းထက်တို့က (၃၆) ပုံ (၁) ပုံကိုလည်းကောင်း ရရှိထိုက်ကြောင်းဖြင့် တရားရုံးချုပ်က ပဏာမဒီကရီ ချထားပေးသည်မှာ မှန်ကန်မှုရှိ မရှိ။"

တရားလိုများက ဗမာ၊ ဗုဒ္ဓဘာသာဝင် ဒေါ်နုတွင် အိမ်ထောင် ၃ ဆက်ရှိကြောင်း၊ ပထမအိမ်ထောင် ဦးဘတင်နှင့်ပေါင်းသင်း၍ ဒေါ်အုန်းညွန့် (တရားလို) နှင့် ဒေါ်ငွေရတို့ထွန်းကားကြောင်း၊ ဒေါ်ငွေရကွယ်လွန်ပြီးဖြစ်ကာ ၎င်း၏သားသမီးများမှာ ဒေါ်အေးမြ (၂-တရားလို)၊ ကိုညဏ်ထွန်းနှင့် ကိုအောင်ကုလား (၆-တရားလို) တို့ဖြစ်ကြောင်း၊ ကိုညဏ်ထွန်းကွယ်လွန်ပြီးဖြစ်ကာ ၎င်း၏ သားသမီးများမှာ မစောဉမ္မာဖြိုး၊ မစန်းမိုးအေးနှင့် မောင်ဇင်မင်းထက်တို့ (၃၊ ၄၊ ၅ တရားလိုများ) ဖြစ်ကြောင်း၊ ဒေါ်နုနှင့် ဒုတိယအိမ်ထောင် ဦးဗလိုင်ဂျော့ပေါင်းသင်း၍ ဒေါ်ချစ်တင် (၁-တရားပြိုင်) ကို ထွန်းကားကြောင်း၊ တတိယ အိမ်ထောင် ဦးဗန်ဒူးနှင့် ပေါင်းသင်း၍ ဒေါ်သန်းထွေးနှင့် ဒေါ်ရင်နုတို့ (၂၊ ၃ တရားပြိုင်များ) ထွန်းကားကြောင်း၊ ခင်ပွန်းသည်များကွယ်လွန်ပြီး ဒေါ်နု ကွယ်လွန် ကြောင်း၊ တရားပြိုင် (၃) ဦး၊ အိမ်ဆောက်နေထိုင်သည့် မြေကွက်မှာ

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

ဒေါ်နုအမည်ပေါက်ဖြစ် ကြောင်း၊ ယင်းမြေကွက်၏ (၅) ပုံ (၁) ပုံကို (၁) တရားလိုရခွင့်ရှိပြီး အမှတ် (၂) မှ (၆) ထိ တရားလိုများက (၅) ပုံ (၁) ပုံရခွင့်ရှိကြောင်း အဆိုပြုတင်ပြသည်။

၁၊ ၂ တရားပြိုင်တို့က တရားလို (၂) နှင့် (၆) တို့၏ မိခင်၊ တရားလို (၃၊ ၄၊ ၅) တို့၏ အဖွားဒေါ်ငွေရသည် ဒေါ်နုထက်စော၍ ကွယ်လွန်သဖြင့် (၃၊ ၄၊ ၅) တရားလိုများသည် အမွေမမီမြေးများ ဖြစ်ကြကြောင်း၊ အမွေမမီမြေးသည် ဒေါ်နု၏သားသမီး၊ မြေးများနှင့် ယှဉ်ပြိုင်၍ အမွေတောင်းခွင့်မရှိကြောင်း၊ အချင်းဖြစ် မြေကွက်သည် ဒေါ်နုနှင့် တတိယအိမ်ထောင်တွင်ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းဖြစ်ကြောင်း၊ ၂၊ ၃ တရားပြိုင်တို့သည် ဒေါ်နု၏ အမွေ (၃) ပုံ (၂) ပုံ ရရှိမည်ဖြစ်ကြောင်း၊ ၁ တရားပြိုင်က ကျန် (၃)ပုံ (၁) ပုံ၏ တစ်ဝက်ကိုရမည်ဖြစ်ပြီး တရားလိုများက (၆) ပုံ (၁) ပုံသာရမည် ဖြစ်ကြောင်း ခုခံချေပသည်။

၃ တရားပြိုင်က ချေလွှာမတင်ပေ။

မွန်ပြည်နယ်တရားရုံးက **မနီ နှင့် မောင်ငြိမ်းပါ ၃ စီရင်ထုံး**[၁] နှင့် **ဦးယုစီ (ခ) ဦးအောင်မြတ် (ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ခင်သန့်ဇင်၏ တရားဝင်ကိုယ်စားလှယ်) နှင့် မအေးအေးမြတ်ခိုင်ပါ ၁၄ (၄င်းတို့ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ခင်သန့်ဇင်၏ တရားဝင်ကိုယ်စားလှယ်များ) စီရင်ထုံး**[၂] တို့ကိုကိုးကား၍ အမွေဆိုင်မြေကွက် (၁၂) ပုံ (၁) ပုံကို ၁ တရားလိုကလည်းကောင်း၊ (၃၆) ပုံ (၁) ပုံစီကို ၂ နှင့် ၆ တရားလိုတို့ကလည်းကောင်း၊ ၃ မှ ၅ ထိ တရားလိုတို့က (၃၆) ပုံ (၁) ပုံကိုလည်းကောင်း ရထိုက်ခွင့်ရှိကြောင်း ဒီကရီချမှတ်သည်။

---

**၁။ အတွဲ ၁၁၊ ဘီအယ်လ်အာရ်၊ စာ- ၃၇၆**

**၂။ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ- ၁၆၅**

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

တရားရုံးချုပ်ကလည်း မွန်ပြည်နယ်တရားရုံးနှင့် တစ်သဘောတည်းလက်ခံ၍ ပြည်နယ်တရားရုံးအမိန့်ကို ဆက်လက်အတည်ပြုသည်။

အယူခံတရားလိုများ၏ တရားရုံးချုပ်ရှေ့နေက ယခုအမှုမှာ အိမ်ထောင် ၃ ဆက်ကို ၁ ယောက်သေပြီးနောက် ၁ယောက် ယူခဲ့သော ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီး၏ အမွေကို ၃ ဆက်မှ ပေါက်ဖွားခဲ့ကြသည့် အမွေခံသားချင်းများအကြား အမွေတောင်းခံသည့်အမှုဖြစ်ကြောင်း၊ **ဦးယုစီ(ခ) ဦးအောင်မြတ် (ကိုယ်တိုင်နှင့် ကွယ်လွန်သူဒေါ်ခင်သန့်ဇင်၏ တရားဝင်ကိုယ်စားလှယ်) နှင့် မအေးအေးမြတ်ခိုင်ပါ ၁၄ (၄င်းတို့ကိုယ်တိုင်နှင့် ကွယ်လွန်သူ ဒေါ်ခင်သန့်ဇင်၏ တရားဝင်ကိုယ်စားလှယ်များ) အမှု**[၂]၊ မယားနှစ်ဦးမှ မွေဖွားသည့် သားချင်းများ အမွေခွဲဝေကြသည့်အမှုဖြစ်၍ ယခုအမှုနှင့် ထပ်တူကိုက်ညီသည်ဟု မဆိုနိုင်ကြောင်း၊ **မနီ နှင့် မောင်ငြိမ်းပါ ၃ အမှု**[၁]၊ အမွေဖြစ်ထွန်းစဉ် ပေါင်းသင်းသောအိမ်ထောင်မှ သားသမီးများက အခြားအိမ်ထောင်မှ မွေးဖွားသော သားသမီးများထက် ၂ ဆ ရရှိကြောင်း အဓိကထားဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကြီး၊ အခန်း ၁၁၊ ပုဒ်မ ၂၄၆ အရ အမွေပစ္စည်းဖြစ်ထွန်းသည့် မိဘနှင့်မွေးဖွားသော သားသမီးက လေးပုံနှစ်ပုံနှင့် ကျန်လင် ၂ ဦးနှင့် မွေးဖွားသော သားသမီးများက လေးပုံတစ်ပုံစီ ရရှိကြမည်ဖြစ်ကြောင်း၊ အမွေပစ္စည်းတစ်ခုသာ ရှိသောအမှုဖြစ်၍ တရားရုံးချုပ်က ပဏ္ဏာမဒီကရီအဖြစ် ပြောင်းလဲချမှတ်ခြင်းမှာလည်း မှားယွင်းနေကြောင်း၊ အယူခံတရားလိုများ၏ အမွေဝေစုလေးပုံတစ်ပုံ ခွဲဝေပေးစေရန် အမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

အယူခံတရားပြိုင် (၁) နှင့် (၂) တို့၏ တရားရုံးချုပ်ရှေ့နေက ဦးယုစီ (ခ) ဦးအောင်မြတ်အမှုမှာ အမွေရှင်အိမ်ထောင် ၂ ဆက်အမှု ဖြစ်သည်မှာမှန်သော်လည်း အမွေမှုခန်းဓမ္မသတ်ကျမ်းကြီး ပုဒ်မ ၂၃၇ တွင်ဖော်ပြထားသော ဓမ္မသတ်အများစုက နောက်အိမ်ထောင်တွင် ဖြစ်ထွန်းသော ပစ္စည်း၏သုံးပုံတစ်ပုံကို အထက်သားသမီးများက လည်းကောင်း၊ ကျန်သုံးပုံနှစ်ပုံကို အောက်သားသမီးများက လည်းကောင်း ရထိုက်သည်ဟု ပြဆိုထားကြောင်း၊ အိမ်ထောင်၂ ဆက်ဖြစ်စေ၊ ၃ ဆက်ဖြစ်စေ အိမ်ထောင်သက်မည်မျှပင်ရှိသည့်တိုင် လင်မယား၂ဦး လက်ထက်ပွားပစ္စည်းကို ထိုလင်မယား ၂ ဦးမှ ရရှိသည့် သားသမီးများကို အခွင့်အရေးပိုမိုပေးအပ်၍ အမွေပုံ သုံးပုံနှစ်ပုံ ခွဲဝေယူစေခြင်းအားဖြင့် အစဉ်တစိုက်မျှတမှုကို ဖြစ်နိုင်စေကြောင်း၊ အမွေမှုခန်းဓမ္မသတ်ကျမ်းကြီး ပုဒ်မ ၂၃၇ မှာ အထက်သားနှင့် နှစ်ပါးစုံအောက်သားတို့ ခွဲဝေရာသောတရားဖြစ်၍ ၎င်းတွင် လင်နှင့်မယားနှစ်ပါးစုံမှ မွေးဖွားသောသားသမီးများကို အမွေဝေစု၏သုံးပုံနှစ်ပုံ ခံစားခွင့်ပေးထားသည့်အတိုင်း ခွဲဝေ ပေးခြင်းအား မတရားနစ်နာမှုများ မဖြစ်ပေါ်နိုင်ဟုယူဆ ကြောင်း၊ **မနှင်းဇံနှင့်အခြား နှင့် မမြိုင်နှင့်အခြားအမှု**[၃] တွင် ဓမ္မသတ် များကိုသာမက လက်ရှိကျင့်သုံးနေသော ဓလေ့ထုံးတမ်းများနှင့် စီရင်ထုံးကို ကိုးကားထောက်ထားရန် လမ်းညွှန်ထားကြောင်း၊ ဦးယုစီ (ခ) ဦးအောင်မြတ်စီရင်ထုံးသည် ပုဒ်မ ၂၃၇ ကိုပါကိုးကားဖော်ပြ ဆုံးဖြတ်ခြင်းပြုခဲ့ရာရောက်ကြောင်း တွေ့မြင်နိုင်၍ ယင်းစီရင်ထုံးကို လိုက်နာဆုံးဖြတ်ခဲ့သော တရားရုံးချုပ်၏ ပထမအယူခံမှုတွင် ချမှတ်သော ဒီကရီသည် ဓမ္မသတ်နှင့် စီရင်ထုံးပါ ညွှန်ပြချက်များနှင့်

---

၃။ ၁၃ ရန်ကုန် စာ- ၄၈၇

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

လုံးဝကိုက်ညီခြင်းမရှိဟု ဆိုရန်ခဲယဉ်းကြောင်း၊ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

အယူခံတရားပြိုင်အမှတ် (၃)သည် လာရောက်လျှောက်လဲ တင်ပြခြင်းမရှိပေ။

မွန်ပြည်နယ်တရားရုံးက မနီစီရင်ထုံးနှင့် ဦးယုစီ (ခ) ဦးအောင်မြတ်စီရင်ထုံးများမှာ လင်ကမယား ၂ ဆက်ရှိ၍ ထိုလင်နှင့်မယား၊ မိဘများအားလုံးသေဆုံးပြီး ၄င်းတို့မှာ အိမ်ထောင်အသီးသီး မွေးဖွားသော သားသမီးများ အမွေခွဲဝေမှုကိစ္စဖြစ်၍ ဤအမှုနှင့် တိုက်ရိုက်သက်ဆိုင်ကြောင်း သုံးသပ်သည်။

တရားရုံးချုပ် တရားမပထမအယူခံရုံးက မနီအမှုနှင့် ဦးယုစီ (ခ) ဦးအောင်မြတ်အမှုတို့ကိုကိုးကား၍ လက်ရှိအိမ်ထောင်၌ ဖြစ်ထွန်းသောပစ္စည်းတွင် အထက်သားသမီးများက သုံးပုံတစ်ပုံ၊ အောက်သားသမီးများက သုံးပုံနှစ်ပုံရကြောင်း ဖော်ပြသည်။ ကွယ်လွန်သူအမွေရှင် ဒေါ်နုတွင် အိမ်ထောင် ၃ ဆက်ရှိခဲ့ရာ တတိယအိမ်ထောင် ဦးဗန်ဒူးနှင့်ပေါင်းသင်းစဉ် အချင်းဖြစ်မြေကွက်ကို ဝယ်ယူပိုင်ဆိုင်ခဲ့သောကြောင့်၊ ၄င်းတို့မှမွေးဖွားသော ဒေါ်သန်းထွေး (၂ တရားပြိုင်) နှင့် ဒေါ်ရင်နု (၃ တရားပြိုင်) တို့သည် အချင်းဖြစ်မြေကွက်၏ သုံးပုံနှစ်ပုံရရှိကြောင်း၊ ဒေါ်နုနှင့် ဦးဗလိုင်ဂျော့မှ မွေးဖွားသော သားသမီးများက သုံးပုံတစ်ပုံ၏ထက်ဝက် ခြောက်ပုံတစ်ပုံရရှိကြောင်း၊ အလားတူပင် ဒေါ်နုနှင့် ဦးဘတင်တို့မှ မွေးဖွားသော သားသမီးများက ခြောက်ပုံတစ်ပုံရရှိကြောင်းဖြင့် အမွေပုံခွဲဝေသတ်မှတ်ပေးသည်။

သို့သော်လည်း မွန်ပြည်နယ်တရားရုံး နှင့် တရားရုံးချုပ်က ကိုးကားသော မနီနှင့် မောင်ငြိမ်းအမှုနှင့် ဦးယုစီ (ခ) ဦးအောင်မြတ် နှင့် မအေးအေးမြတ်ခိုင်ပါ ၁၄ အမှုတို့တွင် အိမ်ထောင် ၂ ဆက်

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

ရှိသော အမွေရှင်၏သားသမီးများ အမွေခွဲဝေပုံကို ပြဆိုထားခြင်းဖြစ်သည်။ ယခုအမှုတွင် အမွေရှင်ဒေါ်နု၌ အိမ်ထောင် ၃ ဆက်ရှိသောကြောင့် အထက်ပါအမှု (စီရင်ထုံး) များနှင့် မသက်ဆိုင်ပေ။

အိမ်ထောင်၃ ဆက်ရှိသူ အမွေရှင်၏သားသမီးများရရှိသည့် အမွေဝေစုအချိုးကို သုံးဆယ့်ခြောက်စောင်တွဲအမွေမှုခန်း ဓမ္မသတ်ကျမ်းကြီး ပုဒ်မ ၂၄၆ တွင်-

> " ယခုသား ၃ ဦးမှာ အဘသာကွဲသည်၊ အမိဆုံဖြစ်ခြင်းကြောင့် အထက်အဘပါ ဥစ္စာမှန်သမျှကို လေးစုစု၍ နှစ်စုကို အထက်လင်သားစားစေ ၊ နောက်လင်နှစ်ဦးသားမှာ တစ်စုစီစားစေ။"

ဟု ပြဋ္ဌာန်းထားသည်။

ထို့ပြင် **မိစိုး၊ မရွှေ နှင့် ချစ်မဦးနှင့်အခြားအမှု**[၄] တွင် ပစ္စည်းဖြစ်ထွန်းချိန်ပေါင်းသင်း၍ရသော သားသမီးက ၄ စုမှ ၂ စုရ၍ ကျန်သားသမီးက တစ်စုစီရကြောင်း အောက်ပါအတိုင်း ပြဆိုသည်-

> " On a partition between children of the three different marriages of the parents, the children of the marriage during which the property was acquired get two out of four shares, and the children of each of the other two marriages take one share per stirpes."

ယခုအမှုတွင် ဒေါ်နုနှင့် တတိယအိမ်ထောင် ဦးဗန်ဒူးပေါင်းသင်းစဉ် အချင်းဖြစ်မြေကွက်ကို ဝယ်ယူသောကြောင့် ၎င်းတို့၏သားသမီးဒေါ်သန်းထွေးနှင့် ဒေါ်ရင်နု (၂ နှင့်၃တရားပြိုင်) တို့က ယင်းမြေကွက်၏ (၄) ပုံ (၂) ပုံရရှိမည်။ ဒေါ်နုနှင့် ဦးဗလိုင်ဂျော့

---

၄။ အတွဲ ၁၁၊ ဘီအယ်လ်တီ၊ စာ- ၂၅၂

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

တို့၏ သားသမီးများက ကျန် (၂) ပုံ (၁) ပုံ၏ တစ်ဝက်ဖြစ်သော (၄) ပုံ (၁) ပုံရမည်။ ဒေါ်နုနှင့် ဦးဘတင်တို့၏ သားသမီးမြေးမြစ်များကလည်း အလားတူ (၄) ပုံ (၁) ပုံရမည်ဖြစ်သည်။

တရားလိုတစ်ဦးစီ၏ အမွေပုံအခွင့်အရေးမှာ ဒေါ်နုနှင့် ဦးဘတင်၏ သမီး ၁ တရားလိုဒေါ်အုန်းညွန့်က အမွေပစ္စည်း (၄) ပုံ (၁) ပုံ၏ တစ်ဝက်ဖြစ်သော (၈) ပုံ (၁) ပုံကိုလည်းကောင်း၊ မြေး ၂ ယောက်ဖြစ်သော ၂ နှင့် ၆ တရားလို ဒေါ်အေးမြနှင့် ကိုအောင်ကုလားတို့က (၈) ပုံ (၁) ပုံ၏ (၃) ပုံ (၁) ပုံစီဖြစ်သော (၂၄) ပုံ (၁) ပုံစီကိုလည်းကောင်း၊ မြစ် ၃ ယောက်ဖြစ်သော (၃၊ ၄၊ ၅) တရားလို မစောဥမ္မာဖြိုး၊ မစန်းမိုးအေးနှင့် မောင်ဇင်မင်းထက် (၄င်းတို့၏ နီးစပ်ရာမိတ်ဆွေ မစောဥမ္မာဖြိုး) တို့က ကျန် (၂၄) ပုံ (၁) ပုံ၏ (၃) ပုံ (၁) ပုံ ဖြစ်သော (၇၂) ပုံ (၁) ပုံစီကိုလည်းကောင်း ရထိုက်ကြောင်း ကျွန်ုပ်တို့သုံးသပ်ရရှိသည်။

အထက်ပါအချိုးများအတိုင်း ခွဲဝေရမည့်အမွေပုံပစ္စည်းမှာ အချင်းဖြစ်မြေကွက်တစ်ကွက်သာဖြစ်ရာ တရားရုံးချုပ်က ပဏာမ ဒီကရီချမှတ်ခြင်းကို လက်ခံပါက အမှုကြန့်ကြာမည်ဟု ယူဆသည်။ အပြီးသတ်ဒီကရီ တိုက်ရိုက်ချပေးခြင်းဖြင့် မှန်ကန်မြန်ဆန်မှုရှိနိုင်ပေသည်။

ထို့ကြောင့် ဤအထူးအယူခံ၏ ပြဿနာအပေါ် အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

"အမွေရှင် ဒေါ်နုကျန်ရစ်သော အမွေပုံပစ္စည်းတွင် (၁) တရားလို ဒေါ်အုန်းညွန့်က (၁၂) ပုံ (၁) ပုံကိုလည်းကောင်း၊ (၂) တရားလို ဒေါ်အေးမြနှင့် (၆) တရားလို ကိုအောင်ကုလားတို့က (၃၆) ပုံ (၁) ပုံစီကိုလည်းကောင်း၊ (၃) (၄) (၅) တရားလိုများ ဖြစ်ကြသည့် မစောဥမ္မာဖြိုး၊ မစန်းမိုးအေး၊ မောင်ဇင်မင်းထက်တို့က (၃၆) ပုံ (၁) ပုံ ကိုလည်းကောင်း

၂၀၀၈
ဒေါ်အုန်းညွန့်
ပါ ၆
နှင့်
ဒေါ်ချစ်တင်
ပါ ၃

ရရှိထိုက်ကြောင်းဖြင့် တရားရုံးချုပ်က ပဏာမဒီကရီချထား ပေးသည်မှာ မှန်ကန်မှုမရှိကြောင်း”

ထို့နောက် ဤအထူးအယူခံမှုကို ခွင့်ပြုသည်။ ဒေါ်နုကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်သည့် သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ် (၁၇-ခ)၊ ဦးပိုင်အမှတ် ၆၃၊ ဧရိယာ (၀. ၁၄၈) ဧကရှိ မြေကွက်၏ (၈) ပုံ (၁) ပုံကို တရားလို ဒေါ်အုန်းညွန့်ကလည်းကောင်း၊ ဒေါ်အေးမြနှင့် ကိုအောင်ကုလားတို့က (၂၄) ပုံ (၁) ပုံစီကို လည်းကောင်း၊ မစောဥမ္မာဖြိုး၊ မစန်းမိုးအေးနှင့် မောင်ဇင်မင်းထက် (၎င်းတို့၏နီးစပ်ရာမိတ်ဆွေ မစောဥမ္မာဖြိုး) တို့က (၇၂) ပုံ (၁) ပုံစီကို လည်းကောင်း ရထိုက်ကြောင်း အပြီးသတ်ဒီကရီချမှတ်လိုက်သည်။

တရားစရိတ်များကို အမွေပုံမှ ကျခံစေ။

ရှေ့နေစရိတ် ၃၀၀၀/- ကျပ် သတ်မှတ်သည်။